SILVER STAR
FASHION SHOP

The VOICE
Weekly
Vol.13 / No.19
Monday, June 12 - 18, 2017




http://www.thevoicemyanmar.com




## မမျှော်လင့်သော ညွှေသည်များ

နှစ်ရက်တာ

လေယာဉ်ပျက်ရှာပုံတော်

အချုပ်ပို A

## “ကျွန်တော်တို့ကိုလည်း ဝိုင်းသမကြပါတယ်”

Myanmar Trade Center

အထွေထွေမန်နေဂျာ

ဦးကျော်စွာသိမ်းနှင့် တွေ့ဆုံခြင်း

စာ 9

## ရေတိုင်းက ကြွက်ပုံပြင်

စာ 38

## သမိုင်းဆိုတာ တစ်ပတ်လည်တတ်တယ်

မန်းငြိမ်းမောင် (KNU)

စာ 17

# မြေအခက်





# Contents

## EDITORIAL

20 လေယာဉ်ပျံ
ပျံတက်လိုလျှင်

## NEWS ANALYSIS

36 ၂၀၁၇ ကန့်လန့်ကာ၊
မြန်မာ့ပကတိစီးပွားနှင့်
ခါးပတ်များ



## PERSPECTIVE

35 တန်ဆေးလွန်ဘေး
စီးပွားရေးဖက်ဒရယ်




ဒုတိယနှစ် စာမျက်နှာသစ်အဖွင့်

## BUSINESS

14 မြန်မာပြည်တွင် ထုတ်လုပ်မည်

## SPECIAL REPORT

B Y-8 အကြောင်း တစေ့တစောင်း

www.thevoicemyanmar.com Like us on

The VOICE Weekly
The Product of Myanmar Partners
Think Tank Group
(A Sister Publication of
Living Color Magazine)

**Chief Editor**
Kyaw Min Swe

**Deputy Chief Editor**
Zeya Thu

**Editor in-Charge**
Thu Rein Hlaing@Khunn Thu

**Managing Editor**
Kyaw Naing

**Contributor**
Nathan Maung

**Senior Executive Editors**
Khine Cho Zaw Win Tin,
Zin Zin Thaw,
Mya Hnin Aye,
Aung Myint Htun,
Naw Ko Ko, Ye Naing Oo

**Proof Editor**
U Nine Bu

**Photo Editor**
Moe Kyaw Lwin

**Foreign Affairs**
Aung Nyein Chan

**Editors**
Sid Nyein Thu,
Aung Myo Htet

**Contributing Writer**
Khet Zaw, Yin Yin Hnoung

**Graphic Editors**
Hein Tint, Ei Mon Kyaw

**Reporters**
Ohmar Lwin, Naing Lin Aung,
Ya Lay, Khine Khine

**Editorial Assistant**
Swe Nyein Aye,
Su Eindray Oo

**Photographer**
Tun Tun Myint

**Mandalay**
Myat (Kalay)

**TRADE MARK CAUTION**

HEY-SONG CORPORATION, of 3F, 296 Sec. 4, Hsin-Yi Road Taipei, Taiwan, is the Owner and Sole Proprietor of the following Trademarks:-

HEY SONG

Reg. No. 4/192/1996 Reg. No. 4/193/1996

in respect of "beer, fruit juices, aerated water, mineral water, soda water, sarsaparilla, tomato juice, lemonades, vegetable juices, non-alcoholic beverages."

Any fraudulent imitation or unauthorized use of the said Trademarks will be dealt with according to law.

For HEY-SONG CORPORATION
U Nyunt Tin Associates, Intellectual Property Law Firm
Tel: 959 4500 59 247, Email: info@untlaw.com Dated: 12 June, 2017.

YANMAKHA
Technology Solution Provider
No. 155, West Race Course Rd, Bahan Tsp, Yangon.
E-Mail : contact@yanmakha.com
Phone : (09) 45 33 888 77, 45 33 888 88, 45 33 888 99.

TELTONIKA
GPS Tracker

ဥရောပနိုင်ငံထုတ် GPS Tracker များဖြင့် ဝန်ဆောင်မှုပေးနေပါသည်။

alhua
CCTV

အရည်အသွေးကောင်း၍ အာမခံရှိသော CCTV Camera များ

# မြေအခက်

**နိုင်လင်းအောင်**

မြေကြီးရရေးက မလွယ်လှပေ။

မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမည့် လုပ်ငန်းများအတွက် အဓိကအကျဆုံး အဟန့်အတားမှာ စီးပွားရေးလုပ်ရန် မြေနေရာဖြစ်သည်။ မြေနေရာတံတိုင်းက စီးပွားရေးလုပ်ငန်းများကို ယနေ့ထိ ကာဆီးနေဆဲဖြစ်သည်။

ယင်း အဟန့်အတားကြောင့်ပင် တပ်ပြန်ခေါက်သွားကြသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကိုကြည့်ကာ ငိုချင်လျက် လက်တို့နေရသည်။ အရှေ့တောင်အာရှတွင် ဈေးအမြင့်ဆုံးဟုဆိုသည့် ရန်ကုန်မြို့မြေဈေးသည် စီးပွားရေးလုပ်ငန်းများ ဝင်ရောက်ရင်းနှီးမြှုပ်နှံမှုအပေါ် ခြိမ်းခြောက်လျက်ရှိသည်။

ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဆွေးနွေးပွဲများတွင်လည်း နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများ အဓိကထောက်ပြသည့်အချက်မှာ မြေဈေးနှုန်းများ ကြီးမြင့်နေခြင်းဖြစ်ကြောင်း စီးပွားရေးနှင့် လူမှုဖွံ့ဖြိုးရေးအဖွဲ့(CESD)၏ အကြီးတန်းနည်းပညာနှင့် မူဝါဒဆိုင်ရာလေ့လာသုံးသပ်သူ ဦးမင်းဇာနည်လင်းက ဆိုသည်။

"ဒီမြေကိစ္စကို (နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများက) Blame အမြဲလုပ်တာရှိတယ်။ မြန်မာနိုင်ငံရဲ့မြေက အာဆီယံမှာ ဈေးအကြီးဆုံးဖြစ်တယ်။ ရန်ကုန်မြေဈေးက နယူးယောက်က မြေဈေးထက်ပိုကြီးနေတယ်။ ဒါက စီးပွားရေးလုပ်ငန်းတွေအတွက် အခက်အခဲပဲ" ဟု ၎င်းက ဆိုသည်။

ဘဏ္ဍာရေး၊ မြေနေရာ၊ လုပ်သားအရင်းအမြစ်၊ လျှပ်စစ်မီး၊ စီးပွားရေးဆိုင်ရာမူဝါဒ စသည့်အချက်များကိုကြည့်ကာ စီးပွားရေးလုပ်ငန်းရင်းနှီးမြှုပ်နှံရာတွင် မြေနေရာရရှိရေးက စိန်ခေါ်မှုတစ်ခုဖြစ်သည်။

ကမ္ဘာ့ဘဏ်က ထုတ်ပြန်သည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အကဲဖြတ်မှုအစီရင်ခံစာအရလည်း မြန်မာနိုင်ငံတွင် မြေရရှိရေးမှာ ကြီးမားသည့်အခက်အခဲဖြစ်သည်ဟု ထောက်ပြထားသည်။

အဆိုပါ အတားအဆီးကို ဖြိုဖျက်ရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) အစိုးရက အားထုတ်နေသည်။ သင်တင့်သောဈေးဖြင့် မြေနေရာရစေရမည်ဟု စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးကျော်ဝင်းက အာမခံချက်ပေးလေ့ရှိသည်။ စီးပွားရေးဆိုင်ရာဆွေးနွေးပွဲများတွင် ဝန်ကြီးက အထက်ပါအတိုင်း ဆွဲဆောင်သည်။

သို့သော် သပွတ်အူကဲ့သို့ရှုပ်ထွေးသည့် မြေယာပြဿနာများစွာက အမြစ်တည်နေသည်။ လယ်ယာမြေနှင့် မြို့ပြစီမံကိန်း၊ စက်မှုဇုန်များနှင့် ကျူးကျော်ပြဿနာများက များမြောင်လှသည်။ ယင်းနှင့် ဆက်စပ်ပြီး အိမ်၊ ခြံ၊ မြေဈေးနှုန်းကလည်း လိုက်ပါဂယက်ထနေပြန်သည်။ မြေနေရာကြောင့် စီးပွားရေးလုပ်ငန်းအပေါ် ရိုက်ခတ်မှုက မည်သို့နည်း။




ဓာတ်ပုံ-မိုးကျော်ထွဋ်



ဓာတ်ပုံ-မိုးကျော်လွင်

## စီမံကိန်းနှင့် လယ်မြေသပွတ်အူ

"ဒီလယ်ကွင်းတွေပဲ" ဟု လယ်သမား ဦးရဲကျော်ဇောက ပေါင်းမြက်များစွာ ပြန့်ကျဲပေါက်ရောက်နေသည့် လယ်ကွင်းများကို ညွှန်ပြလိုက်သည်။

နေရာကား ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်၊ ဝါးတစ်ရာစက်မှုဇုန်အနီးတွင်ဖြစ်သည်။ ဧက ၁၆၀ ကျော်ရှိသော တစ်ကွင်းတစ်စပ်ထဲ လယ်ကွင်းများဖြစ်ပြီး အချို့ကွင်းများမှာ မိုးစပါးစိုက်ပျိုးရန် ထွန်ယက်လျက်ရှိသည်။

ဦးရဲကျော်ဇောကမူ မိုးစပါးစိုက်ရန်ထက် အခြားစီမံချက်တစ်ခုကို ပိုစိတ်ဝင်စားလျက်ရှိသည်။ ယင်းစီမံချက်မှာ ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း ဂယက်ရိုက်ခဲ့သည့် ဘုရင့်နောင်ကုန်စည်ဒိုင် ပြောင်းရွှေ့ရေးဖြစ်သည်။

၎င်းတို့မြေယာများပေါ်တွင် ကုန်စည်ဒိုင်ပြောင်းရွှေ့လာမည်ဟု သတင်းစကားကြားသဖြင့် ရှေ့ဆက်သွားရမည့်အနာဂတ် အစီအစဉ်များကို ၎င်းက တွက်ချက်နေသည်။ ၎င်းသည် စီမံကိန်းမြေနေရာတွင် မြေ ရှစ်ဧကခန့် ပိုင်သည်။

"စီမံကိန်းကို မကန့်ကွက်ဘူး။ ဒါပေမဲ့ လျော်ကြေး ၅၀ ရာခိုင်နှုန်း (ဂရန်ပေါက်ပြီးမြေ)ပေးဖို့ တောင်းဆိုထားတယ်" ဟု သူကဆိုသည်။

မျှော်လင့်ထားသည့်အတိုင်း လျော်ကြေးရလျှင် သူပိုင်ဆိုင်သည့် မြေရှစ်ဧကအနက် တစ်ဝက်ရမည်ဖြစ်သည်။ သို့သော် မြေတန်ဖိုးမှာမူ အဆများစွာ ပိုတက်လာမည်ဖြစ်သည်။ ၎င်းကိုယ်တိုင် လယ်ယာမြေကို အခြားမြေအဖြစ် အသုံးချခွင့် (လန ၃၉) မလျှောက်ထားရဘဲ စီမံကိန်းမြေတွင် မြေပိုင်ဆိုင်နိုင်သည်။



ဓာတ်ပုံ-မိုးကျော်လွင်

အဖိုးတန်မြေပိုင်ဆိုင်သူများတွင် သူလည်းပါဝင်လာမည်ဖြစ်သည်။ ယင်းမှာ စီမံကိန်းများကြောင့် ဖြစ်ပေါ်လာသည့် နောက်ဆက်တွဲ အကျိုးဆက်များဖြစ်သည်။ စီမံကိန်းတစ်ခုခုစတင်သည်နှင့် ယင်းနေရာရှိမြေများမှာ အလိုလိုဈေးတက်သည်မှာ မလွဲပေ။

ထိုအခြေအနေကို ကွက်ကျော်မြင်သူများနှင့် သတင်းဦးရသူတို့က မြေနေရာ လက်ဦးဝယ်ယူကြသည်။ အထင်ရှားဆုံးသာဓကဆိုလျှင် ရန်ကုန်မြို့သစ်စီမံကိန်း စတင်ရာတွင် လက်သွက်လွန်းသော လုပ်ငန်းရှင်များက မြေဝယ်ယူထားပြီးဖြစ်နေသည်။

စီးပွားရေးမဟုတ်သော စီးပွားရေးပုံစံတစ်ရပ်ကြောင့် ငွေထုပ်ပိုက်သွားသူများက ဒုနှင့်ဒေး။

စက်မှုဇုန်များတွင်လည်း အလားတူဖြစ်သည်။ ကုန်ထုတ်လုပ်ရန်ထက်



ဓာတ်ပုံ-မိုးကျော်လွင်

မြေနေရာရရန်သာ ပထမဦးစားပေးကြသည်။ ရန်ကုန်တိုင်းဒေသကြီးတွင် စက်မှုဇုန်ပေါင်း ၂၉ ခုရှိပြီး ယင်းဇုန်များ၏ အဓိကရည်ရွယ်ချက်ဖြစ်သည့် ကုန်ထုတ်လုပ်မှုကို ဖြစ်ဖြစ်မြောက်မြောက် မလုပ်နိုင်ဘဲ မြေဈေးကသာ တစ်နှစ်ထက် တစ်နှစ်ပိုမြင့်လာကြောင်း လုပ်ငန်းရှင်များက ဝေဖန်ကြသည်။

## ဇုန်အသစ်များ လာမည်

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ထိုအခြေအနေကို စဉ်းစားသုံးသပ်နေပြီး ကုန်ထုတ်လုပ်ငန်းများ အမှန်တကယ်ရင်းနှီးမြှုပ်နှံမည့် ဇုန်များဖော်ထုတ်နိုင်ရန် စီစဉ်နေသည်ဟု တိုင်းဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ဆိုသည်။

သီလဝါအထူးစီးပွားရေးဇုန်ကဲ့သို့ ဒလမြို့နယ်တွင် အခြေပြုပြီး ပင်လယ်ပြင်ကို မျက်နှာမူသည့် စီးပွားရေးဇုန်တစ်ခု အကောင်အထည်ဖော်ရန် ပြင်ဆင်နေသည်ဟု သူကဆိုသည်။ ထို့အပြင် လယ်ယာမြေများကို အခြားနည်းလမ်းဖြင့် အသုံးချခွင့် လန(၃၉) လျှောက်ကာ အိမ်ရာနှင့် အခြားစီမံကိန်းများဖော်ထုတ်မှုကို သုံးသပ်နေသည်။

လန(၃၉) ကို လယ်သမားများက မလျှောက်ဘဲ လုပ်ငန်းရှင်များကသာ လျှောက်ထားခြင်းကြောင့် ပြန်လည်သုံးသပ်ခြင်းဖြစ်သည်။ လန(၃၉) ကျလျှင် မူလလယ်မြေတန်ဖိုး သိန်း ၃၀၀ ဆိုလျှင် သိန်း ၅၀၀ မှ ၁၀၀၀ အထိ ဈေးတက်သွားသည်။

"လန ၃၉ ရပြီး လယ်မြေကိုအခြားနည်းလမ်းဖြင့် အသုံးပြုခွင့်ပြုဖို့ လိုက်လံကြိုးပမ်းနေမှုကို သေသေချာချာစိစစ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု ၎င်းကဆိုသည်။

သို့သော် စီးပွားရေးအတွက် အရေးပါသော ကုန်ထုတ်လုပ်ငန်းများ ရင်းနှီးမြှုပ်နှံရန်နေရာများဖန်တီးမည်ဟုဆို ၎င်းက ဆိုသည်။

ရန်ကုန်မြို့စည်ပင်သာယာရေး နယ်နိမိတ်ပြင်ပ ၁၂ မြို့နယ်တွင် ကုန်ထုတ်ဇုန်များခွင့်ပြုပေးနိုင်ရန် စီစဉ်လျက်ရှိသည်။ သို့ဆိုလျှင် မြေပေါလာမည်။ မြေပေါလျှင် လုပ်ငန်းများ ဝင်လာပေလိမ့်မည်။

ပြည်တွင်း၊ ပြည်ပလုပ်ငန်းရှင်များသည် စီးပွားရေးလုပ်ငန်းရင်းနှီးလုပ်ကိုင်ရာတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအရ မြေနေရာငှားရမ်း အသုံးပြုခွင့်ရှိသည်။ ပုဂ္ဂလိကမြေ၊ အစိုးရကစီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေနှင့် နိုင်ငံတော်ပိုင်မြေ သို့မဟုတ် အဆောက်အအုံများကို ငှားရမ်းအသုံးပြုနိုင်သည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ရသည့်နေ့မှ နှစ်ပေါင်း ၅၀ အထိ ငှားရမ်းအသုံးပြုနိုင်သည်။ သက်တမ်းတိုးခွင့် နှစ်ကြိမ်(တစ်ကြိမ်လျှင် ၁၀ နှစ်) ထပ်မံတိုးမြှင့်နိုင်သည်။

မြန်မာနိုင်ငံသားလုပ်ငန်းရှင်ဖြစ်ပါက ၎င်းပိုင်ဆိုင်သည့် မြေနေရာတွင် ရင်းနှီးမြှုပ်နှံနိုင်သည်။ မြေငှားရမ်းရာတွင် စာချုပ်စာတမ်းမှတ်ပုံတင်ခြင်းအက်ဥပဒေ မှတ်ပုံတင်၍ ငှားရမ်းအသုံးပြုနိုင်မည်ဖြစ်သည်။

လက်ရှိအခြေအနေမှာ မြေအတွက် အခက်အခဲမှာ ပြေလည်စပြုပြီဖြစ်ကြောင်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်(UMFCCI) ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဦးမျိုးသက်က ဆိုသည်။

သီလဝါအထူးစီးပွားရေးဇုန်တွင် SME လုပ်ငန်းများ မြေနေရာငှားရမ်းနိုင်မည့် အခွင့်အရေးများဖန်တီးထားပြီး ပြည်ပရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကိုလည်း မြေနေရာအခက်အခဲကို ဖြေရှင်းပေးမည်ဖြစ်ကြောင်း ကမ်းလှမ်းထားသည်။

သီလဝါအထူးစီးပွားရေး ဇုန်အပိုင်း (ခ)ကို ကနဦးမြေဧရိယာ ၂၅၀ ဧကပေါ်တွင် စတင်အကောင်အထည်ဖော်မည်ဖြစ်ပြီး ယခုနှစ်ဖေဖော်ဝါရီလပိုင်းက ယင်းဇုန်ကိုစတင်ဖွင့်လှစ်ခဲ့သည်။ ယင်းဇုန်၌ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ရင်းနှီးမြှုပ်နှံနိုင်မည်ဖြစ်သည်။

"(မြေနေရာရရှိရေး) အစိုးရက ဖြေရှင်းပေးမယ်ပြောနေတာပဲလေ။ ခင်ဗျားတို့ကြိုက်တာလာလုပ် ဖြေရှင်းပေးမယ်။ ဒါပေမဲ့ လာလုပ်မယ့်သူကိုက နည်းနေတာ" ဟု ဦးမျိုးသက်က ဆိုသည်။

လက်ရှိအနေအထားတွင် ရင်းနှီးမြှုပ်နှံမှုလျော့ကျလာခြင်းက မြေကြောင့်မဟုတ်ဟု ၎င်းက ယူဆထားသည်။

အစိုးရ၏ ခိုင်မာအားကောင်းသော မူဝါဒများမရှိခြင်း၊ ရှိသည့်မူဝါဒများမှာ ရှင်းလင်းတိကျမှုမရှိခြင်းနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာအခက်အခဲများကြောင့် ရင်းနှီးမြှုပ်နှံမှု လျော့ကျလာသည်ဟု ဦးမျိုးသက်က သုံးသပ်သည်။

"အစိုးရအပေါ် ယုံကြည်မှုအားနည်းတယ်။ ပြည်ပကတောင်မဟုတ်ဘူး။ ပြည်တွင်းက လုပ်ငန်းရှင်တွေတောင် ပေါ်လစီတွေ ရှင်းရှင်းလင်းလင်းမဖြစ်တော့ ဝါးတားတားဖြစ်နေတယ်" ဟု ၎င်းက မှတ်ချက်ပြုသည်။

ဦးမျိုးသက်က ထိုသို့ဆိုသော်လည်း ပြည်ပရင်းနှီးမြှုပ်နှံမှုဖိတ်ခေါ်ပွဲများ၊ ပြည်တွင်းလုပ်ငန်းရှင်များ တွေ့ဆုံပွဲများတွင် အပြောများကြသည်က မြေယာရရှိရေးပင် ဖြစ်နေပြန်သည်။

"မြေကြီးကိုင်ထားတဲ့သူက ဈေးဘာညာအော်နေတာ။ စက်မှုဇုန်တွေမှာ ဒီလောက်ကြီး Demand မဟုတ်ဘူး။ ဒီလောက်မြှုပ်နှံကြတာမရှိဘူး။ Business က Slowdown ဖြစ်နေတာလေ" ဟု



ဓာတ်ပုံ-မိုးကျော်လွင်

၎င်းက ဆိုသည်။

ဆိုလိုသည်က မြန်မာ့စီးပွားရေး အခြေအနေမကောင်းဟူ၍။

## မြင့်ဆဲ မြင့်မြဲ အိမ်၊ ခြံ၊ မြေဈေး

မြန်မာ့စီးပွားရေးနှေးလာသည်နှင့် အိမ်၊ ခြံ၊ မြေဈေးမှာလည်း နှေးသွားသည်ဟု အိမ်၊ ခြံ၊ မြေလုပ်ငန်းရှင်များက ဆိုသည်။

ပြီးခဲ့သည့် ၂၀၁၆ ခုနှစ်ဆန်း အစိုးရသစ်တက်လာချိန်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနည်းသဖြင့် ပြည်တွင်းအိမ်၊ ခြံ၊ မြေဈေးကွက်လည်း အရောင်းကျခဲ့ကြောင်း အိမ်၊ ခြံ၊ မြေ ဝက်ဘ်ဆိုက်တစ်ခုဖြစ်သော iMyanmar House.com ၏ အုပ်ချုပ်မှု ဒါရိုက်တာ ဦးနေမင်းသူကဆိုသည်။ ၂၀၁၇ ခုနှစ်တွင် အရောင်းအဝယ် ပြန်ကောင်းလာသည်။

၂၀၁၆ ခုနှစ် ပထမ ငါးလပတ်နှင့် ၂၀၁၇ ပထမ ငါးလပတ်ကာလကို နှိုင်းယှဉ်ပါက ယခုနှစ်တွင် အရောင်းအဝယ် ၁၅ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်း ပိုတက်လာသည်ဟု သူကဆိုသည်။ သို့သော် အိမ်၊ ခြံ၊ မြေဈေးနှုန်းသည် ၂၀၁၆ ခုနှစ် မတိုင်ခင် အရောင်းအဝယ်ဖြစ်သည့် ဈေးအောက် ၂၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ ကျဆင်းသွားသည်။

"ဈေးကျတာက ဈေးကွက်ထဲမှာ အိမ်ခြံမြေပိုင်တဲ့သူက ငွေလိုတယ်။ ဈေးကွက်ထဲမှာအရင်ဈေးနဲ့ရောင်းရင် မထွက်ဘူး။ ဒါကြောင့် ဈေးလျှော့ရောင်းတဲ့အတွက် အကျဘက်ဦးတည်လာတယ်" ဟု ၎င်းက ဆိုသည်။


ဓာတ်ပုံ-မိုးကျော်လွင်

၂၀၁၇ ခုနှစ်တွင် အိမ်၊ ခြံ၊ မြေဈေးကွက်ပြန်လည်ဦးမော့လာနိုင်သည်ဟု အိမ်ခြံမြေလုပ်ငန်းရှင်များက ခန့်မှန်းသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာနိုင်သည်ဟု ၎င်းတို့က မျှော်လင့်ထားပြီး အိမ်၊ ခြံ၊ မြေ အရောင်းအဝယ် ပိုသွက်နိုင်သည်။

ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာလျှင် စက်ရုံအလုပ်ရုံများအတွက် မြေလိုမည်။ ရုံးခန်းနှင့် လူနေထိုင်ရန် တိုက်ခန်းနှင့် နေအိမ်များလိုအပ်သည်။ လိုအပ်ချက်များလာသဖြင့် ဈေးကွက်လည်း ပိုကောင်းနိုင်သည်။

သို့သော် အိမ်၊ ခြံ၊ မြေလောကသားများ အထူးစိတ်ဝင်စားသည့် ကွန်ဒိုမီနီယံနည်းဥပဒေ အတည်ပြုနိုင်ရန် လိုအပ်မည်ဖြစ်ကြောင်း Your Property Finder ကုမ္ပဏီ၏ အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်ချမ်းမြသူက ဆိုသည်။

"Rule and Regulation တွေ အပိုင်းမှာ Condo Law အတည်ပြုပြီးရင်တော့ မြန်မာနိုင်ငံရဲ့ Real Estate ပိုင်းက တော်တော်လေးပွင့်လင်းမယ်။ ဝယ်သူတွေ၊ ရင်းနှီးမြှုပ်နှံသူတွေလည်း ယုံကြည်မှုရှိရှိရွေးချယ်လို့ရမယ်လို့ ယုံတယ်" ဟု ၎င်းကဆိုသည်။

ကွန်ဒိုမီနီယံဥပဒေကို ၂၀၁၅ ခုနှစ်ကုန်ပိုင်းတွင် အတည်ပြုခဲ့ပြီး နည်းဥပဒေဆက်လက်အတည်ပြုရန်ကျန်နေသေးသည်။ အဆိုပါဥပဒေတွင် နိုင်ငံခြားသားများ ကွန်ဒိုတိုက်ခန်း ဝယ်ယူပိုင်ဆိုင်ခွင့် ၄၀ ရာခိုင်နှုန်းရရှိမည် ဖြစ်သည်။

အိမ်၊ ခြံ၊ မြေ ဈေးကွက်တစ်ခုလုံး လာမည့်ကာလတွင် အကျဘက်ဦးတည်နိုင်သည်ဟု လုပ်ငန်းရှင်များက ခန့်မှန်းသည်။ သို့သော် အစိုးရက အကောင်အထည်ဖော်ရန် စီစဉ်လျက်ရှိသည့် မြို့ပြနှင့် စက်မှုဇုန်စီမံကိန်းများကြောင့် မြေယာအသုံးပြုမှု ပိုမိုမြင့်မားလာဦးမည်ဖြစ်သည်။

ယင်းအတွက် ထွက်ပေါ်လာနိုင်သည့် မြေနေရာများသည် စီးပွားရေးလုပ်ငန်းများ၏ အခက်အခဲဖြစ်နေသော မြေရရှိရေးအတားအဆီးကို ဖြေလျှော့နိုင်မည်ဟု မျှော်လင့်ရသည်။

ထို့အပြင် တိုင်းနှင့် ပြည်နယ်များရှိ လုပ်ငန်း လုံးဝအကောင်အထည်မဖော်သည့် စီမံကိန်းမြေများကို ပြန်လည်သိမ်းယူမည်ဟု အစိုးရကပြောဆိုထားခြင်းကြောင့် ယင်းလုပ်ငန်းများ တစိုက်မတ်မတ် အကောင်အထည်ဖော်နိုင်လျှင် ကုန်ထုတ်လုပ်ငန်းများအတွက် မြေနေရာများ ဖန်တီးနိုင်မည်ဟု ဦးမင်းဇာနည်လင်းက ဆိုသည်။

လက်တွေ့အခြေအနေကို ကားစောင့်ကြည့်ရပေဦးမည်။

## မြေရှိမှ ငွေချေးမယ်

စီးပွားရေးလုပ်ငန်းရှင်များသည် ၎င်းတို့လုပ်ငန်းများအတွက် ငွေချေးယူရာတွင် အိမ်၊ ခြံ၊ မြေပိုင်ဆိုင်မှုတစ်ခုခုကို ပေါင်နှံချေးယူရသည်။

အိမ်၊ ခြံ၊ မြေမပိုင်ဆိုင်သူများမှာမူ စီးပွားရေးလုပ်ရန် ဘဏ်ချေးငွေမရ၊


ဓာတ်ပုံ-မိုးကျော်လွင်




ဓာတ်ပုံ-မိုးကျော်လွင်

အပေါင်ပစ္စည်းမလိုဘဲ ငွေချေးနိုင်သည့် (Credit Guarantee Insurance CGI)ရှိသော်လည်း တွင်တွင်ကျယ်ကျယ် ဖြစ်မလာသေးပေ။

ငွေချေးရာတွင် မြေပိုင်ဆိုင်မှု အထောက်အထား(မြေဂရန်)စစ်ဆေးသည်။ ယင်းအထောက်အထားကို ဘဏ်များ၏ ရှေ့နေများက စိစစ်အတည်ပြုပြီး ပေါင်နှံမည့်ပစ္စည်းကို ရာပြတ်တန်ဖိုးသတ်မှတ်ကာ ချေးငွေပမာဏ မည်မျှထုတ်ပေးမည်ကို ဆုံးဖြတ်သည်။

ဈေးနှုန်းသတ်မှတ်ရာတွင် လက်ရှိဈေးကွက်ပေါက်ဈေး၊ ဗိုက်နာရောင်းဈေး (Forced Sale Value)စသည့်ဈေးနှုန်းများပေါ်တွင်မူတည်ပြီး ရာခိုင်နှုန်းအလိုက် ချေးငွေထုတ်ပေးခြင်းဖြစ်ကြောင်း မြန်မာအရှေ့တိုင်းဘဏ် တွင် Ex-Chairman အဖြစ်လုပ်ကိုင်ခဲ့သူ ဦးမြသန်းက ဆိုသည်။

ဘဏ်များ၏ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှု (Risk Management)အရ ဘဏ်လုပ်ငန်းနှင့် ဆက်ဆံရေးကောင်းမွန်ပြီး ချေးငွေဆပ်မှုကောင်းမွန်သူကို ရာပြတ်တန်ဖိုး၏ ၇၀ ရာခိုင်နှုန်းအထိပေးလေ့ရှိသည်။ ဥပမာ သိန်းတစ်ထောင်တန်မြေပိုင်ရှင်ကို သိန်း ၇၀၀ အထိထုတ်ချေးပေးကြောင်း ၎င်းကဆိုသည်။ ဆုံးရှုံးနိုင်ခြေရှိသည့် လုပ်ငန်းရှင်ကိုမူ ၃၀ ရာခိုင်နှုန်းသာ ထုတ်ချေးပေးသည်။ လက်ရှိတွင် စီးပွားရေး နေ့ကွေးသဖြင့် မြေအပေါင်ခံငွေကြေး အရင်းအနှီး ရယူမှုနည်းသွားသည်။

## မြေယာအရေး စိတ်မအေးသေးပါ

နိုင်ငံတစ်ဝန်းရှိ မြေယာများ၏ မူရင်းပိုင်ဆိုင်သူသည် နိုင်ငံတော်ဖြစ်ကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၃၇)က အတိအလင်းဆိုသည်။

ကိုလိုနီခေတ်အတွင်းကမူ 'မြေယာသည်သာ လွတ်လပ်ရေး' ဟူ၍ မြေယာပိုင်ဆိုင်လျှင် သူ့ကျွန်ဘဝမှလွတ်မြောက်နိုင်ကြောင်း အတွေးအခေါ်များလည်း ပေါ်ထွက်ခဲ့ဖူးသည်။ လက်ရှိတွင်လည်း လက်နက်ကိုင်များနှင့် တိုက်ပွဲသည့်သူ့ဒေသ၊ ကိုယ်ဒေသ နယ်မကျော်ရဟူသည်မှာ မြေနှင့်လည်း ဆက်စပ်ပြန်သည်။

နိုင်ငံရေးအရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်သည် မြေကိုအမှီပြု၍ တောင်းဆိုကြခြင်းပင်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းသို့မဟုတ်ဒေသ။ နောက်ဆုံးပြောရလျှင် 'ခွဲထွက်ခွင့်' စကားရပ်သည်ပင် မြေနှင့်မကင်း။

ဤမျှမကသေး။ နိုင်ငံတစ်ဝန်းလွှမ်းခြုံသည့် လယ်ယာလုပ်ငန်းခွင်ကိုကြည့်ပါ။ တစ်ဦးချင်းမှသည် ရွာလုံးကျွတ်နီးပါးဆန္ဒပြနေသည့် လယ်သမားများ၊ လယ်ပြန်ရရေး ကိုယ့်ကိုယ်ကိုယ်မီးရှို့ပြီး ဆန္ဒပြသည့် လယ်သမားများမှသည် ထောင်မကြောက်တန်းမကြောက်အထိ ပြုလုပ်နေကြသည်က မြေအတွက်ပင်။

ယနေ့ကျဆင်းနေသည့် စီးပွားရေးကဏ္ဍတွင်လည်း ရှုပါ။ လုပ်ငန်းလုပ်ရန်မြေရှားသည်။ စက်မှုဇုန်များရှိ ဂိုဒေါင်ငှားစားသူများနှင့် ဇုန်မြေပိုင်ရှင်ကြီးများလက်ထဲတွင်သာ။ အကွက်အကွင်းကို ဦးထားသည်။ သတင်းဦးအသုံးချသည်။ မြေကိုကြိုဝယ်သည်။ ပဒေသရာဇ်ခေတ် မြေရှင်များအလား။ တကယ်အလုပ်လုပ်မည့်သူက အော်ဟစ်တောင်းနေရပြန်သည်။

မြေအရေးမှာ မြန်မာအတွက် စိတ်မအေးဖွယ်ပင်။

အစိုးရသည် မြေအခက်ကို ဖြေရှင်းရန်အတွက် မည်မျှစွမ်းနိုင်မည်နည်း။ ကဏ္ဍစုံမဟုတ်သော်မှ စီးပွားရေး ကဏ္ဍမှ မြေအခက်ကိုဖြင့် ကျန်ရှိသည့် အစိုးရသက်တမ်း သုံးနှစ်ကျော်အတွင်း ဖြေရှင်းနိုင်ခဲ့လျှင်ဖြင့်...

ထိုအချက်နဲ့ပတ်သက်ပြီး ဒေါက်တာမျိုးသက်က ယခုလိုဆိုသည်။

"အထိုက်အလျောက် အပေါင်းလက္ခဏာမြင်တယ်။ အချိန်တော့ယူရဦးမယ်" ■

**နိုင်လင်းအောင်**


Billion ၏ 2017 Taiwan Excellence Award ဆွတ်ခူးရရှိထားသော
New Smart Street Lighting Controller အားမိတ်ဆက်ခြင်း

TAIWAN EXCELLENCE



LCMS - application diagram

About Taiwan Excellence

TAIWAN EXCELLENCE



# TRADEMARK CAUTION

Anhui Tiankang Medical Technology Co., Ltd a company incorporated in China at No. 228 Weiyi Road, Economic Development Zone, Tianchang City Anhui Province, P.R. China is the Owner and Sole Proprietor of the following Trademark:-

GANZHONG 三 钟

Reg: No. 4/4672/2017

In respect of : Int'l Class 10: Needles for medical purposes; Surgical apparatus and instruments; Drainage tubes for medical purposes; Injectors for medical purposes; Syringes for medical purposes; Transfusion apparatus; Water bags for medical purposes; Babies' bottles; Bandages, elastic; Radiological apparatus for medical purposes.

Any fraudulent imitation, passing off or unauthorized use or other infringements of the said Trademark shall be dealt with according to law.

U Myint Lwin, Advocate
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint-ip-law@myanmar.com.mm
myint.advocate@mptmail.net.mm
www.mipadvocate.com

U MYINT LWIN LAW OFFICE
No.162, 1st Floor, 35th Street
Kyauktada Township, Yangon
Myanmar, P.O.Box : 1126
PH : 95 1 371 990, 95 1 372 712
Fax : 95 1 371 990

12 June 2017



STARCITY

ကြယ်စင်မြို့တော်အိမ်ရာ STAR CITY တွင် ...

STAR CITY မှ ဝယ်ယူထားသော အဆင့်မြင့်တိုက်ခန်းများအား ပြန်လည်ရောင်းချ/ဝယ်ယူနိုင် ...

ဆက်သွယ်ရန် - မကြည်ကြည်လှိုင် (Tel: 09-4200 188 69)
STAR CITY Sales Gallery

# “ကျွန်တော်တို့ကိုလည်း ဝိုင်းသမကြပါတယ်”

## Myanmar Trade Center အထွေထွေမန်နေဂျာ ဦးကျော်စွာသိမ်းနှင့် တွေ့ဆုံခြင်း

ရဲနိုင်ဦး

**မြန်မာနိုင်ငံတွင် မော်တော်ယာဉ်များကို မကြာမီပြန်လည်ထုတ်လုပ်တော့မည်ဖြစ်သည်။ ယင်းသို့ထုတ်လုပ်ရန်အတွက် ပြီးခဲ့သည့် သီတင်းပတ်အတွင်းကပင် စက်မှုဝန်ကြီးဌာနအောက်ရှိ ထောက်ကြံ့အလုပ်ရုံကို Myanmar Trade Center သို့ ကာလရှည်ငှားရမ်းခဲ့သည်။ အဆိုပါကုမ္ပဏီက တောင်ကိုရီးယားနိုင်ငံရှိ နာမည်ကျော် ဒေဝူး (Daewoo) ကုမ္ပဏီ၏ နည်းပညာကိုယူ၍ ဒေဝူးဘတ်စ်ကားနှင့် မီနီဘတ်စ်များကို မြန်မာနိုင်ငံတွင် ထုတ်လုပ်သွားမည်ဖြစ်သည်။**

**မြန်မာနိုင်ငံတွင် ဘတ်စ်ကားအသုံးပြုမှုမှာ စီးရေသုံးသောင်းခန့်သာရှိရာ စီးပွားရေးအရတွက်ခြေကိုက်မှု ရှိ၊ မရှိ၊ ဝန်ကြီးဌာနများနှင့် ဆက်စပ်ခြင်း ရှိ၊ မရှိ၊ ထုတ်လုပ်မည့် ယာဉ်များအပေါ် စိတ်ချယုံကြည်ရမှုရှိ၊ မရှိတို့ကို Myanmar Trade Center အထွေထွေမန်နေဂျာ ဦးကျော်စွာသိမ်းနှင့် တွေ့ဆုံမေးမြန်းဖော်ပြလိုက်ရပါသည်။**

**Voice - ကနဦးအနေနဲ့ Myanmar Trade Center က ထုတ်မယ့် ဒေဝူးကားတွေအကြောင်း ရှင်းပြပေးပါ။**

**UKST -** ထုတ်မှာက နှစ်မျိုးရှိတယ်ဗျာ။ တစ်မျိုးက Daewoo Lester Mini Bus ပေါ့။ နောက်တစ်ခုကတော့ Daewoo BS-106 ဆိုတဲ့ဘတ်စ်ကား။ အဲဒီ ဘတ်စ်ကားကြီးကတော့ အရင်နှစ်တွေက BRT လိုင်းမှာပြေးဆွဲနေတဲ့ အဝါကြီးတွေထဲမှာ ဒေဝူးတွေအားလုံးက BS-106 တွေပဲ။ စပြီးတော့ထုတ်ဖို့ဆိုရင် ကျွန်တော်တို့က အရင်တုန်းက ထောက်ကြံ့မှာရှိတဲ့ (အရင်တုန်းကတော့) အမှတ် (၂) စက်မှုဝန်ကြီးဌာနပေါ့။ အခုတော့ စက်မှုဝန်ကြီးဌာနပေါ့။ သူ့ရဲ့စက်ရုံက လွန်ခဲ့တဲ့ နှစ်ပေါင်းလေးငါးဆယ်က တည်ဆောက်ထားတာဖြစ်တဲ့အတွက်ကြောင့် အမိုးတွေဘာတွေက တော်တော်ယိုယွင်းပျက်စီးနေပြီ။ အဲဒါတွေပြန်ပြင်ရမယ်။ ပြင်ပြီးတဲ့အချိန်မှ ကျွန်တော်တို့ သူ့ Process အတိုင်းပဲ စက်တွေထိုင်မယ်။ နောက်တစ်ခါ ထုတ်လုပ်ပြီးတဲ့ကားတွေကို စမ်းသပ်ဖို့အတွက် စမ်းသပ်မောင်းနှင်တဲ့ကွင်းတွေ၊ Brake Test တွေ၊ စတီယာရင် Test တွေ၊ Lighting Test တွေ အဲဒါတွေစီစဉ်နေတာတော့ ရှိပါတယ်ခင်ဗျ။ အဲဒါတွေ တည်ဆောက်ဖို့ရှိတဲ့အတွက်ကြောင့် အနည်းဆုံး တစ်နှစ်ကြာတဲ့အချိန်မှ ကျွန်တော်တို့ ကားစပြီးတော့ ထုတ်နိုင်မှာပါ။ ဒါက CKD ကားတွေစပြီး ထုတ်မှာပါ။ SKD အနေနဲ့ကတော့ ပစ္စည်း ဝယ်ပြီးတော့ ဆင်မယ်ဆို ဒီထက်မြန်မှာပါ။ ကျွန်တော်တို့ SKD အဆင့်ကနေ CKD အဆင့်ထိသွားဖို့ ရည်မှန်းပါတယ်။ ပြည်တွင်းမှာပဲ အစအဆုံးထုတ်ဖို့ လုပ်ထားပါတယ်။

**Voice - ပထမဆုံးစမယ့်လုပ်ငန်းက CKD လား၊ SKD လား။**

**UKST -** SKD က အမြန်ဆုံးပဲ။ SKD ကစပြီး လုပ်ရမှာပါပဲ။

**Voice - အစအဆုံးကိုထောက်ကြံ့မှာပဲထုတ်လုပ်မှာလား။**

**UKST -** ထောက်ကြံ့မှာပဲလုပ်မှာပါ။ အားလုံးက။

**Voice - အဲဒီအတွက် ပြင်ဆင်မှုတွေကရော အခြေအနေဘယ်လိုရှိလဲ။**

**UKST -** အခုလထဲမှာပဲ ကျွန်တော်တို့ MD နဲ့


ဓာတ်ပုံ-ရဲနိုင်ဦး

အဖွဲ့ (တောင်ကိုရီးယားကို) သွားပါမယ်။ ဒေဝူးနဲ့လည်း ကြိုတင်ပြီးတော့ ညှိနှိုင်းထားတာရှိပါတယ်။ အခုကတော့ အပြီးသတ် သူတို့နဲ့ စာချုပ်ချုပ်ဆိုဖို့ရာ ရှိပါတယ်။ အဲဒါပြီးရင်တော့ သူတို့ဆီကနေပြီးတော့ နည်းပညာလာမယ်။ စက်ပစ္စည်းတွေလာမယ်။ နောက် အဆောက်အအုံပိုင်းဆိုင်ရာတွေမှာလည်း သူတို့ လိုအပ်ချက်အရ တည်ဆောက်ပေးရမယ့် ပုံစံတွေဘာတွေ လာပါမယ်။

**Voice - တစ်နှစ် ဘယ်လောက်ထုတ်နိုင်မယ်လို့ မျှော်မှန်းထားလဲ။**

**UKST -** ပထမဆုံးနှစ်မှာတော့ အစီးရေတစ်ရာနဲ့ ကျွန်တော်တို့ စပြီးတော့ မှန်းထားပါတယ်။ နောက်နှစ်တွေမှာလည်း အစီးရေ တစ်ရာ တစ်ရာစီ တိုးပြီးတော့ လုပ်ဖို့ မှန်းထားပါတယ်။

**Voice - အရင်ကတော့ ကုမ္ပဏီရဲ့ အမှုဆောင်အရာရှိချုပ်က ခြောက်လအတွင်းထုတ်မယ်လို့ပြောထားတယ်နော်။**

**UKST -** ခြောက်လဆိုတာက ဒီလိုဖြစ်မယ်ဗျ။ အခုကျွန်တော်တို့ စပြီးတော့ စာချုပ်ချုပ်ပြီးတော့ဗျာ။ တည်ဆောက်ရေးကာလက သုံးလရှိဦးမယ်ဗျာ။ အဲဒါတွေ ဘာတွေပါ ဖယ်လိုက်ပြီးတော့ ပြင်ဆင်ဆဲကာလ တွေရှိဦးမယ်။ အဲဒါတွေဖယ်လိုက်ပြီးတော့မှ ခြောက်လဆိုတာဖြစ်နိုင်ပါတယ်။

**Voice - ထောက်ကြံ့စက်ရုံကိုဘယ်နနှစ်စာချုပ်နဲ့ ငှားရမ်းခဲ့တာလဲဗျ။**

**UKST -** ကနဦး ၂၅ နှစ်၊ ထပ်တိုး ငါးနှစ်။ နှစ်ကြိမ်တိုးနိုင်ပါတယ်။

**Voice - Myanmar Trade Center အနေနဲ့က ကားတင်သွင်းရောင်းချတယ်လို့သိထားပါတယ်။ ကားထုတ်လုပ်မှုအပိုင်းမှာရော အတွေ့အကြုံများ ရှိခဲ့ဖူးလား။**

**UKST -** ကားထုတ်လုပ်မှုအပိုင်းနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ ဒါကတော့ ပထမဆုံးပါပဲ။ ဒါကတော့ ဒေဝူးနဲ့ တကယ့်အသစ်စက်စက်ကားတွေ ထုတ်မှာပေါ့။ ပထမဆုံးပါပဲ။

**Voice - ကားထုတ်လုပ်မယ့် ပညာရှင်တွေက ပြည်တွင်းကလား၊ ပြည်ပကလား။**

**UKST -** ပြည်တွင်းကလည်းပါပါမယ်။ စက်မှုဝန်ကြီးဌာနကလည်း ကျွမ်းကျင်ပညာရှင်တွေကို ကျွန်တော်တို့ဆီမှာ လက်ရှိမှာဆိုရင် လာပြီးတော့ တွဲလုပ်မယ့်သူတွေဆိုရင် သူ့မူရင်းဌာနကပေးတဲ့လစာတွေဘာတွေရှိမှာပဲ။ သူတို့အသက်ခြောက်ဆယ်ပြည့်လို့ ဒါမှမဟုတ် ပင်စင်ယူတဲ့အခါကျတော့ ကျွန်တော်တို့လစာနဲ့ ကုမ္ပဏီဝန်ထမ်းအဖြစ်နဲ့ လုပ်ပါမယ်။ ဒေဝူးကနေပြီးတော့ သူ့ဆီက အရင်ဆုံး ကျွမ်းကျင်ပညာရှင်တွေ လွှတ်ပေးမယ်။ ဒီကလူတွေကို ဒီမှာလည်း Training ပေးမယ်။ ကိုရီးယားကိုလည်း လွှတ်ပြီးတော့ Training ပေးပါမယ်။ ပြီးတော့ဒီမှာ စပြီး ထုတ်လုပ်တဲ့အချိန်မှာလည်း သူတို့က Supervisor အနေနဲ့ ကြီးကြပ်ပေးပါမယ်။ ဝန်ကြီးဌာနဘက်က ပညာရှင်တွေလည်း ပါမယ်။ ပြင်ပကလူတွေလည်း ခေါ်မယ်။

**Voice - ဒေဝူးဘက်ကကျတော့ လာပြီးတော့ အုပ်ချုပ်မယ့် ပညာရှင်တွေ ဘာတွေရှိလား။**

**UKST -** ဒေဝူးက လုပ်ငန်းပိုင်းမှာတော့ နည်းပညာပိုင်းမှာပဲ ပါဝင်ပါမယ်။ ကျန်တဲ့လုပ်ငန်းအရတော့ ကျွန်တော်တို့ကုမ္ပဏီပဲ လွတ်လပ်စွာ အုပ်ချုပ်မှာပါ။

**Voice - ထုတ်လုပ်မယ့်ကားတွေက ဥရောပဒီဇိုင်းဆိုတာဟုတ်လားဗျ။**

**UKST -** ဟုတ်ပါတယ်။ အခုကို ဒေဝူးက ဒီကားတွေက ကမ္ဘာမှာ လက်ရှိလည်းထုတ်နေတဲ့ ကားတွေဖြစ်တဲ့အတွက်ကြောင့်ပါ။ ဒေဝူးက အရှေ့တောင်အာရှမှာရော၊ ကျန်တဲ့ နိုင်ငံတွေမှာရော သူ့ရဲ့စက်ရုံခွဲတွေရှိပါတယ်။ အဲဒီစက်ရုံတွေမှာလည်း အခုထုတ်နေပြီးတော့ ကမ္ဘာအရပ်ရပ်ကို ထုတ်ရောင်းနေတာပါ။

**Voice - မြန်မာပြည်ဈေးကွက်အခြေအနေက ဘတ်စ်ကားတွေထုတ်ပြီးရောင်းဖို့ အလားအလာရှိလို့လား။ ဘာလို့ဆို ဒီမှာဘတ်စ်ကားအစီးရေက သောင်းဂဏန်းဝန်းကျင်ပဲ အသုံးပြုနေတာဆိုတော့။**

**UKST -** ကျွန်တော်တို့အတွက် မျှော်မှန်းထားတာလေးတွေ ပြောပါ့မယ်ဗျာ။ ဒီမှာက မီနီဘတ်စ်ဆိုရင် ကျောင်းကြို ကျောင်းပို့ယာဉ်တွေရှိတယ်။ နောက်တစ်ခါ ဌာနဆိုင်ရာမှာလည်း ရုံးကြို ရုံးပို့တွေရှိမယ်။ နောက်ကျန်တဲ့ ဒီပုဂ္ဂလိကဝန်ထမ်းကြိုပို့ယာဉ်တွေရှိမယ်ဗျာ။ အဲဒီယာဉ်တွေအတွက်ကိုလည်း ကျွန်တော်တို့က မျှော်မှန်းထားပါတယ်။ ခုကိုပဲ စက်မှုဝန်ကြီးဌာနက ပြောပါတယ်။ ဝန်ကြီးဌာနတစ်ခုကနေပြီးတော့ အမှာစာတွေတောင် စရနေပြီပြောပါတယ်။

စာမျက်နှာ ၁၀ သို့

စာမျက်နှာ ၉ | ဦးကျော်စွာသိမ်းနှင့် တွေ့ဆုံခြင်း မှအဆက် ...

**Voice - ဘယ်ဝန်ကြီးဌာနကလဲဗျ။**

**UKST -** ဒါကိုတော့ ကြိုပြီးမပြောသေးပါဘူး။

**Voice - ဈေးကွက်အနေအထားအရ တခြားရောင်းချနိုင်မယ့်ဈေးကွက်ရှိသေးလား။**

**UKST -**နောက်ပြီး ဘတ်စ်ကားအတွက်ကလည်း အတူတူပါပဲ။ ကျွန်တော်တို့အခု ဒီမှာဗျာ စီးတီးဘတ်စ်တွေ၊ YBS တွေမှာ အစားထိုး မယ့်ကားတွေ ဘာတွေမှာလည်းပေါ့ဗျာ။ အဲဒီမှာလည်း တိုင်းဒေသကြီး အစိုးရအဖွဲ့ကနေပြီးတော့ ခွင့်ပြုသလောက် ကျွန်တော်တို့ ရောင်းချပေးမှာပါ။ နောက်ပိုင်းမှာလည်း တကယ်လို့ကားတွေ အဟောင်းတွေအစားထိုးသွားစရာတွေရှိမယ်။ အဲဒါအပြင် ကျွန်တော်တို့က ဘာတွေမှန်းထားလဲဆိုတော့ နဂိုထဲက ကျွန်တော်တို့မှာလည်း Tourism လုပ်ငန်းလည်းရှိပါတယ်။ အဲတော့ အဲဒီဟာလည်း ကျွန်တော်တို့က ဘာလုပ်ဖို့ရှိတယ်ဆိုပြီးတော့ နောက်တစ်ခါအာရှလမ်းမကြီးတွေ ဘာတွေ ပြီးသွားတဲ့အခါမှာ ကျွန်တော်တို့မှာ ရန်ကုန်၊ ဘားအံ၊ မြဝတီ၊ မဲဆောက်၊ ဘန်ကောက် အဲလိုမျိုးတွေ ကျွန်တော်တို့တိုးချဲ့ဖို့လည်း စိတ်ကူးထားပါတယ်။ ပြီးတော့ ဒေဝူးရဲ့ ဈေးကွက်အရပေါ့ဗျာ။ ဒီ ဒေဝူးကုမ္ပဏီရဲ့ ဈေးကွက်အရ အရှေ့တောင်အာရှနိုင်ငံတွေမှာ တခြားဖြန့်မယ့် ဈေးကွက်ဘာညာရှိတယ်။ အဲဒါတွေလည်း ကျွန်တော်တို့ မျှော်မှန်းထားပါတယ်။

**Voice - ကားကိုဒီမှာထုတ်မယ်ပြီး ခုနပြောသလိုတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုရောင်းမယ်ဆိုတာမျိုးက ကြိုပြီး ညှိနှိုင်းထားတာမျိုးရှိလား။**

**UKST -** အဲဒါတော့ လောလောဆယ် မရှိသေးပါဘူးဗျ။ အခုလည်းလောလောဆယ်မှာ ဘာမှ ကိုယ်က ပစ္စည်းမပြနိုင်သေးဘူးလေ။ စက်ရုံလည်း မပြနိုင်သေးဘူး။ အဲဒီအခါကျတော့လည်း သူတို့ဘက်ကလည်း ကြည့်မှာပေ့ါဗျာ။ စက်ရုံတွေပြနိုင်ပြီ၊ ပစ္စည်းတွေစပြီး စမ်းသပ်ထုတ်နိုင်ပြီဆိုရင်တော့ တစ်မျိုးပေ့ါဗျာ။

**Voice - ဒါဆိုအစိုးရအဖွဲ့ကို ရောင်းမယ်ဆိုတာက ကုမ္ပဏီရဲ့ မျှော်မှန်းချက်ပေ့ါ။**

**UKST -** မျှော်လင့်ချက်ပေ့ါ။ ဟုတ်ပါတယ်။

**Voice - တခြားကြီးကြီးမားမား ဘယ်ကိုရောင်းလို့ရနိုင်သေးလဲ၊ မြန်မာပြည်ဈေးကွက်အနေနဲ့ ဆိုရင်။**

**UKST -** တချို့ဝန်ကြီးဌာနတွေအနေနဲ့လည်းရှိပါတယ်။ နောက်ပြီး တခြားလည်း ကျွန်တော်တို့မျှော်မှန်းထားတာပေ့ါဗျာ။ ပြည်တွင်းမှာလည်း စီးတီးဘတ်စ်တွေက နောက်ပိုင်းဆိုရင်တော့ ရန်ကုန်တင်မက တခြားမြို့တွေမှာလည်း ပြည်သူအများအတွက် အကျိုးပြုတဲ့ ပို့ဆောင်ရေးတွေဖြစ်လာမယ်လို့ ကျွန်တော်တို့ ရည်မှန်းထားပါတယ်။

**Voice - ကုမ္ပဏီကဝန်ထမ်းတွေအနေနဲ့ကားထုတ်လုပ်မှုကို ကျွမ်းကျင်တာမျိုးရှိလို့လားဗျ။**

**UKST -** စက်မှု(၂) မှာက ဒီကားတွေဆင်လာခဲ့တဲ့ ဝန်ထမ်းတွေအများကြီးရှိပါတယ်။ စက်မှု (၂) မှာက အခုကားတွေမထုတ်ဘဲ ရပ်လိုက်ပေမယ့် အဲဒီလူတွေက ဟိုတုန်းက TE ဆင်ခဲ့တဲ့ လူတွေရှိတယ်။ BM ဟီးနိုးဆင်ခဲ့တဲ့လူတွေရှိတယ်။ ရိန်းဂျားတွေဆင်ခဲ့တဲ့ လူတွေရှိတယ်၊ အခြေခံသဘောတရားတွေကတော့ အတူတူပါပဲဗျ။ ဒီစက်ပစ္စည်းတွေက အခုခေတ်ပေါ်တွေနဲ့ဆိုတော့ အမျိုးအစားချင်းသာကွာသွားမယ်၊ အခြေခံကတော့ အတူတူပါပဲ။ အဲဒီကနေလာပြီးတော့ သူတို့ကလည်း လူအနေနဲ့လည်း သင်ပေးမယ်၊ ပြီးတော့ တစ်ခါ ပညာရပ်ပိုင်းအနေနဲ့လည်း သူတို့ကိုယ်တိုင်လာပြီးတော့ လုပ်ပြပေးမယ်။ ကျွန်တော်တို့လူတွေကို


ဓာတ်ပုံ-ရဲနိုင်ဦး

လည်း သင်တန်းပေးမယ်။ ကိုရီးယားကိုလည်း ပို့ပြီးတော့ သင်တန်းပေးမယ်။ ဒါကတော့ စိုးရိမ်စရာတော့ မရှိပါဘူး။

**Voice - အပြင်မှာပြောကြတာတော့ ဒီလိုကားထုတ်မယ်ဆိုတဲ့သတင်းမျိုးကြားရတဲ့အခါ အရင်စက်မှုဝန်ကြီးဌာန ခေတ်တုန်းကထုတ်ခဲ့တဲ့ ကားတွေအကြောင်း ပြန်ထောက်ပြပြီး ဒွိဟဖြစ်နေကြတယ်။ စိတ်ချရရဲ့လားပေ့ါ။**

**UKST -** ကျွန်တော်ကြားဖူးတာလေး ပြောပြတာနော်။ တချို့ဒီမှာဆင်တဲ့ ဆူဇူကီးတို့၊ ဒီမှာဆင်တဲ့ နစ်ဆန်းတို့ကို မစီးရဲပါဘူး။ နိုင်ငံခြားမှာ ဒီလောက်တောင် တိတိကျကျဆင်တာတွေတောင်မှ မှားတာယွင်းတာတွေရှိသေးတယ်။ ဒီမှာ ဒီလောက်လူတွေက ပေ့ါတိပေ့ါဆနဲ့ဆင်တာ ဘာညာတွေပေ့ါလေ။ ဒါပေမဲ့လည်းဗျာ နောက်ပိုင်းကျတော့လည်း ဒီဆူဇူကီး R- လေး၊ R+ လေးတွေ၊ မြန်မာပြည်မှာဆင်ခဲ့တဲ့ ကားလေးတွေ သိမှာပေ့ါ။ ဆူဇူကီးတွေ R- ဆိုထီကားဆိုပြီးတောင်လုပ်သေးတယ်။ မြန်မာပြည်တစ်နံတစ်လျား လျှောက်သွားနေတာ ဘာများဆိုးဆိုးရွားရွားဖြစ်တာ တွေ့ဖူးလို့လဲဗျာ။ ကျွန်တော်တို့ကိုလည်း ဝိုင်းသမကြပါတယ်။ တော်တော်ကိုသမကြပါတယ်။ ကျွန်တော်တို့အလုပ်နဲ့ပဲ သက်သေပြပါမယ်။

**Voice - စိတ်တော့မရှိပါနဲ့၊ Myanmar Trade Center အနေနဲ့ တိုက်ကြေကားတွေသွင်းလို့ Black List စာရင်းဝင်ဖူးတယ်လို့ သိရတယ်။ ဟုတ်လားဗျ။**

**UKST -** ကိစ္စက ဒီလိုဗျ။ ကျွန်တော်ဒီမှာ တာဝန်မထမ်းဆောင်ခင်က ဖြစ်သွားခဲ့တဲ့ကိစ္စ။ ဒါပေမဲ့ နောက်ပိုင်းအစအဆုံး ကျွန်တော်လုပ်ခဲ့ရတော့ဗျာ။ ပြောသင့်မပြောသင့် စဉ်းစားရဦးမယ်။ ဌာနဆိုင်ရာတွေပါ ပါနေတော့။ ထားပါတော့ဗျာ၊ ပြောလို့ရသလောက် ပြောမယ်ဗျာ။ ဟွန်ဒါ CRV တစ်စီးဗျာ။ သူက ဒဏ်ရာအနာတရရယ်လို့တော့ မဟုတ်ဘူးဗျာ။ တိုက်ကြေကားတွေဖြစ်တဲ့ ဇာတ်လမ်းမှာဗျာ။ ပထမအသုတ် နိုင်ငံတော်ကနေပြီးတော့ သိမ်းဆည်းလိုက်တဲ့ ကားတွေရဲ့မှတ်တမ်းဓာတ်ပုံတွေ မြင်တဲ့အတိုင်းနော်၊ ဒါမျိုးတွေဖြစ်လာတယ်ဗျာ။ သိမ်းဆည်းထားတဲ့ တိုက်ကြေကားတွေက ဒီလိုဖြစ်တယ် (ဓာတ်ပုံများကိုပြလျက်)။ ပထမတော့ တိုက်ကြေဆိုပြီးသိမ်းတယ်။ နောက်တော့ ပြန်ပေးတယ်။ နောက်နည်းနည်းလေး ပိန့်ချိုင့်တာလေးတွေရှိတယ်။ ဒါ ကျွန်တော်တို့ရဲ့ ကားဗျာ (ကားဓာတ်ပုံကို ပြလျက်)။ ကျွန်တော်တို့ရဲ့ကား ဒါအနီးကပ်ရိုက်ထားတာ။ ဒါလေးတစ်ခုရှိတယ်။ နောက်ဒီမှာ ရေတိုင်ကီနောက်ကို နည်းနည်းရွှေ့နေတယ်။ ကားကမောင်းလို့လည်း ရတယ်။ ဘာမှလည်းမဖြစ်ဘူးဗျာ။ ကျွန်တော်တို့ ရဲ့ကားက ဒီပုံစံလေး။ ကျန်တာဘာမှမရှိဘူး။ အဲဒါကို သူတို့က တိုက်ကြေဆိုပြီး အကြောင်းပြပြီးဖြစ်တာ။ စိတ်ရှင်းသွားအောင် ကျွန်တော်တို့ကပြောပြတာပါ။ အဲဒီမှာ သူတို့က တိုက်ကြေဘာညာဆိုပြီး လုပ်ကြတယ်ဗျာ။ ဒီကိစ္စကလွဲရင် တခြားဘာမှမရှိပါဘူး။

**Voice - ဘယ်အချိန်လောက်က ဖြစ်ခဲ့တာလဲဗျ။**

**UKST -** ၂၀၁၃ လောက်ကဖြစ်တာဗျ။ ကျန်တာဘာမှ မရှိခဲ့ဖူးဘူး။ နာမည်ပျက်တွေဘာတွေ။

**Voice - BRT မှာလည်း ဒေဝူးကားတွေသွင်းထားတာ အစီရေးဘယ်လောက်လဲ၊**

**UKST -** BRT မှာက ကျွန်တော်တို့က ၁၅ စီး သွင်းထားတယ်။ ဒေဝူးကပဲ။

**Voice - အဲဒီကားတွေကရော အဆင်ပြေလား။**

**UKST -** BRT အနေနဲ့က ဗျာ အစီး ၁၀၀ သူတို့က သတ်မှတ်ထားတယ်။ အစီး ၁၀၀ မှာ ငါးမျိုးဗျ။ ကိုရီးယားက နှစ်မျိုးရှိတယ်။ ဒေဝူးနဲ့ ဟွန်ဒိုင်းနဲ့။ နောက်တစ်ခါ Scania ရှိတယ်။ ဟိုက်ဂါးရှိတယ်။ ကင်းလွန်းရှိတယ်။ ငါးမျိုးပေ့ါဗျာ။ အဲဒီငါးမျိုးကို နောက်တော့ YBS ဆိုပြီး ပြန်ပြောင်းလိုက်တဲ့အချိန်မှာ အကုန်လုံးက YBS ထဲကို ပေါင်းလိုက်ရတယ်။ အဲ့တော့ ဒီတစ်နှစ်ထဲမှာ ဆွဲခဲ့တဲ့ဟာကို ပြန်ပြီး ဂရဖ်ဆွဲကြည့်လိုက်တယ်။ တစ်နှစ်အတွင်းမှာ အကြောင်းအမျိုးမျိုးကြောင့် ကားပျက်လို့ နားရတာရှိမယ်။ ပြီးတော့တစ်ခါ ဒီကားခေါက်ရေ၊ ဒီနေ့မှာ လမ်းတွေပိတ်လို့ဘာလို့ အခေါက်ရေနည်းလို့ နားရတာတော့ အဲဒါတွေနဲ့ ပြန်ပြီးတော့ တွက်ကြည့်လိုက်တဲ့အခါမှာ တစ်နှစ်အတွင်းမှာဆိုရင် ဘယ်လောက် ဆွဲရမယ်ပေ့ါ။ အဲဒါ မျိုးနဲ့ ပြန်ပြီးတွက်ကြည့်မယ်ဆိုရင် Scania ကားက သူက အနီးစပ်ဆုံး ၉၅ ရာခိုင်နှုန်း သူက ဆွဲနိုင်ခဲ့တယ်ဗျာ။ နောက်တစ်ခါ ဒေဝူးကားကကျတော့ ၈၇ ရာခိုင်နှုန်းလောက် ဆွဲနိုင်ခဲ့တာပေ့ါ။ ကျန်တဲ့ ကားတွေက သူ့အတိုင်းအတာနဲ့ သူဆွဲနိုင်ပြီးတော့ အဲဒီအောက် တော့ ရောက်ကြတယ်ဗျ။ အဲတော့ Scania ပြီးရင် ကျွန်တော်တို့ဒေဝူးက အကောင်းဆုံးဖြစ်တယ်ပေ့ါ။ ဒေဝူးကဟိုတုန်းထဲက ကျွန်တော်တို့ မြန်မာနိုင်ငံမှာလည်း ရင်းနှီးနေတာ။

**Voice - ကုမ္ပဏီရဲ့ ရင်းနှီးမြှုပ်နှံမှုပမာဏက ဘယ်လောက်ရှိလဲ။**

**UKST -** US ဒေါ်လာ ဆယ်သန်းပါ။ နည်းပညာအတွက်ကော၊ ဆောက်လုပ်ရေးအတွက်ရော၊ စက်ပစ္စည်းတွေအတွက်ရော၊ US ဒေါ်လာ ဆယ်သန်း။

**Voice - ဆယ်သန်းဆိုတာက MTC တစ်ခုထဲလား၊ ဒေဝူးနဲ့ပေါင်းပြီးတော့လား။**

**UKST -** MTC တစ်ခုထဲပါ။ ဒေဝူးမပါပါဘူး။

**Voice - နိုင်ငံခြားသားတွေရဲ့ ဒီမှာလာပြီးရင်းနှီးမြှုပ်နှံဖို့အခြေအနေက ဘယ်လိုရှိလဲ။**

**UKST -** မှန်တာပြောရရင်လေ။ ဒေဝူးတို့ ဘာတို့က အစောကြီးထဲက သူတို့က ဝင်ချင်တယ်ဗျ။ ဘာလို့ဆို သူတို့အနေနဲ့က ဗျာ ဒီမှာရှိတဲ့ ကားလိုအပ်ချက်တွေ ဘာတွေ ညာတွေ သိတယ်။ သူတို့ စောစောဝင်ချင်တယ်။ ဒါပေမဲ့ အဓိကက မြေယာတို့၊ ဘာတို့ညာတို့ နိုင်ငံတော်အစိုးရရဲ့ခွင့်ပြု မပြုတို့၊ နောက်ရင်းနှီးမြှုပ်နှံမှုနည်းဥပဒေတို့ အဲဒါတွေကြောင့် သူတို့စောင့်ပြီး ဒီလောက်ကြာနေတာ။ ကျွန်တော်တို့ ဒီစက်ရုံငှားပြီးတော့ ဒေဝူးနဲ့ စထုတ်ဖို့ကြိုးစားတာက ၂၀၁၄ ဇွန်လထဲက။ အခု ကျွန်တော်တို့ သုံးနှစ်ပြည့်ဖို့ ရက်ပိုင်းလေး အလိုမှာမှ ခွင့်ပြုချက်ရတာ။ ဟိုအရင် ဝန်ကြီး ဦးမောင်မြင့်လက်ထက်ထဲက ၂၀၁၄ ဇွန်လထဲက ကျွန်တော်တို့ ကြိုးစားခဲ့တာပါ။ ဒေဝူးနဲ့ကလည်း ကျွန်တော်တို့ အဲဒီမတိုင်ခင်မှာ ကျွန်တော်တို့က ဒေဝူးရဲ့တစ်ဦးတည်းကိုယ်စားလှယ်၊ ဘတ်စ်ကားတွေအတွက် တစ်ဦးတည်းကိုယ်စားလှယ်ရခဲ့တယ်။ နောက်အဲဒီဘတ်စ်ကားတွေကို မှာပြီးရောင်းနေထဲကကို ဒေဝူးကလည်း ကမ်းလှမ်းတယ်။ ကားတွေကိုယ်တိုင်ထုတ်လုပ်ချင်လားလို့။ အဲဒီတုန်းထဲက ကမ်းလှမ်းခဲ့တာ။ အခု သုံးနှစ်ပြည့်ခါနီး ရက်ပိုင်းအလိုလေးကျမှ ကျွန်တော်တို့ ဒါ ခွင့်ပြုချက်လက်မှတ်ထိုးဖြစ်တာပါ။

**Voice - အခုလိုလာပြီး ရင်းနှီးမြှုပ်နှံဖို့ကျတော့ကော ဒေဝူးအနေနဲ့ စွန့်စားရတာမျိုးရှိတယ်ပြောလား။**

**UKST -** မဟုတ်ဘူး။ သူတို့က ရင်းနှီးမြှုပ်နှံမှုအနေနဲ့ မဟုတ်ဘဲ ကျွန်တော်တို့က သူတို့ဆီက နည်းပညာနဲ့ မော်ဒယ်လ်နဲ့ကို အပြတ်ဝယ်ရမယ့်သဘော။ ဒီကားနှစ်မျိုးကို ကျွန်တော်တို့က သူ့ရဲ့ထုတ်လုပ်မှုနည်းပညာတွေကော သူ့မော်ဒယ်လ်တွေကော၊ ကျွန်တော်တို့ မူပိုင်နဲ့ ရောင်းချခွင့် ကျွန်တော်တို့ အပြတ်ဝယ်ရမှာ။ သူတို့က နည်းပညာပေးမယ်၊ ပစ္စည်းတွေပေးမယ်။ အဲဒါမှာ Technology Transfer လုပ်မှာ။

**Voice - ဒါဆိုရင် ဒီစက်ရုံရတဲ့ အကျိုးအမြတ်ကကျတော့ ဘယ်လိုခွဲလဲဗျ။**

**UKST -** ကျွန်တော်တို့က အပြည့်အဝယူမယ်။ ပြီးတော့ နိုင်ငံတော်ကို ကျွန်တော်တို့က မြေငှားရမ်းခ၊ စက်ရုံငှားရမ်းခတွေသွင်းမယ်။ နောက်ပြီးတော့ ကျွန်တော်တို့က ကားတစ်စီးထုတ်တိုင်း ကျွန်တော်တို့က နိုင်ငံတော်ကို သူ့ရဲ့ အချိုးကျငွေသွင်းမယ်။ ဒေဝူးနဲ့ မဆိုင်တော့ဘူး။

**Voice - ခုနပြောတဲ့ ကားတိုက်ကြေကိစ္စနဲ့ ပတ်သက်ပြီး စွပ်စွဲချက်လေးတွေရှိတယ်။ အဲဒါနဲ့ ပတ်သက်ပြီးတော့ စာဖတ်သူအပေါ် ဘာမက်ဆေ့ပေးချင်လဲ။**

**UKST -** အဲဒါကတော့ဗျာ။ ကုမ္ပဏီပဲဖြစ်ဖြစ်၊ လူပုဂ္ဂိုလ်ပဲဖြစ်ဖြစ်ပေ့ါဗျာ။ အကြောင်းအမျိုးမျိုးကြောင့် စာမျက်နှာထက်ကို ရောက်လာတယ်။ လူသိနည်းနည်းလေး ကြာပြီဆိုရင်တော့ သူနဲ့ပတ်သက်လို့လည်း ကောင်းတာတွေကော၊ ဆိုးတာတွေကော အရင်တုန်းက သိခဲ့တဲ့လူတွေက ပြောကြမှာပဲဗျ။ အမှန်တိုင်းသိလို့ ပြောတဲ့လူလည်း ရှိသလို၊ တချို့လည်း နားစွန်နားဖျားနဲ့ သိတဲ့ပြောတဲ့သူလည်း ရှိမယ်။ တချို့ကျတော့လည်း နဂိုကိုက မလိုတဲ့စိတ်ပါရင်လည်း မလိုတဲ့အလျောက်တော့ ဒါတွေကတော့ သူတို့က ချဲ့ကားပြီးတော့ ပြောတာဆိုတာလေးတွေ ရှိကြမှာပါ။

**Voice - ဒေဝူးကားတွေနဲ့ ပတ်သက်ပြီးတော့ စာဖတ်ပရိတ်သတ်ကို ဘာများပြောချင်ပါလဲ။**

**UKST -** အခုကတော့ အမှန်မှာက ဒေဝူးရဲ့နည်းပညာနဲ့ ဒေဝူးကနေပြီးတော့ သူ့ Supervisor နဲ့ ထုတ်လုပ်ပြီးတော့ Quality Control ကအစ သူတို့တွေပဲ စစ်မှာပါ။ တကယ်ကို သူတို့လည်း စိတ်တိုင်းကျမှ ထုတ်မှာပါ။ အဲတော့ သူတို့ Brand ကို မူပိုင် အနေနဲ့ ကျွန်တော်တို့ကို ရောင်းပြီးတော့မှ လက်လွှတ် စပယ်လုပ်ရင် သူတို့က နိုင်ငံတကာမှာ သူတို့ နာမည်ကျ ဈေးကွက်ပျက်မှာ။ အဲတော့ သူတို့လည်း အဲလိုတော့ အဖြစ်မခံပါဘူး။

**Voice - ဆိုတော့ ယုံကြည်လို့ရတယ်ပေ့ါ။**

**UKST -** ဟုတ်ပါတယ်။ အဲလိုဖြစ်အောင်လည်း ကျွန်တော်တို့ ကြိုးစားပြီးတော့ လုပ်ပါ့မယ်။

**Voice - ဟုတ်ကဲ့။ ကျေးဇူးအများကြီးတင်ပါတယ်ဗျ။ ■**

ရဲနိုင်ဦး

# မိုးရာသီကျန်းမာရေးအတွက် သဘာဝအိမ်တွင်းဆေးဝါး

ရလေး

**မိုးရာသီဟာ အအေးမိလွယ်၊ ဖျားနာလွယ်တဲ့ရာသီဖြစ်တဲ့အလျောက် နေထိုင်မကောင်းဖြစ်တဲ့အခါ အိမ်တွင်းဆေးဝါးအနေနဲ့ သောက်သုံးနိုင်ဖို့ သဘာဝထွက်အစားအစာတွေနဲ့ ဘယ်လိုဖျော်စပ်သောက်သုံးရမယ်ဆိုတာကို ဖော်ပြပေးလိုက်ပါတယ်။**

## အအေးမိလျှင် တစ်နေ့နှစ်ကြိမ်သောက်ပါ

အအေးမိတဲ့သူတွေအတွက် ရေနွေးတစ်ဖန်ခွက်ထဲကို လက်ဖက်ရည်ဇွန်းပမာဏရှိတဲ့ သံပရာရည်တစ်ဇွန်း၊ ပျားရည်တစ်ဇွန်းတို့ကို ထည့်ဖျော်ပြီး တစ်နေ့ကို နှစ်ကြိမ်သောက်ပေးနိုင်ပါတယ်။ အအေးမိတဲ့သူအတွက် ရေနွေးကြမ်း သောက်နိုင်ပါတယ်။

## ချောင်းဆိုးလျှင် တစ်ဇွန်းသောက်ပါ

သံပရာသီးကို အရည်ညှစ်ထားတဲ့အရည်လေးဇွန်းကို ပျားရည်ရှစ်ဇွန်းနဲ့ ရောမွှေပြီး ချောင်းဆိုးတဲ့အချိန်တိုင်း တစ်ဇွန်းသောက်ပေးပါ။

## လည်ချောင်းနာရင် တစ်ခွက်သောက်ပါ

မိုးရာသီမှာ အအေးမိ၊ နှာစေးပြီး လည်ချောင်းနာတာက ဖြစ်လေ့ဖြစ်ထ ရှိပါတယ်။ ရေခဲရေလို အေးလွန်းတဲ့အရည် သောက်တာမျိုး ရှောင်ရပါမယ်။ သံပရာရည်တစ်ဇွန်းကို ပျားရည်နှစ်ဇွန်းနဲ့ ရေနွေးနွေးမှာထည့်ဖျော်ပြီး လည်ချောင်းနာခြင်းအတွက် သောက်နိုင်ပါတယ်။

## နှာခေါင်းရောင်ရင် ပန်းသီးရှာလကာရည်နဲ့ ပျားရည်သောက်ပါ

မိုးရာသီမှာနောက်ထပ်အဖြစ်များတာက Rhinosinusitis or Sinusitis ဖြစ်တဲ့ နှာခေါင်းအတွင်းသားတွေ၊ နှာခေါင်းဘေး၊ နဖူး၊ ပါးရိုး၊ နှာထင်စတဲ့ နေရာတွေက ရောင်တာတွေ ဖြစ်ပါတယ်။ ဒီလိုရောင်ရင် ရေခပ်နွေးနွေး ၂၅၀ မီလီလီတာထဲကို ပန်းသီးရှာလကာရည် (Apple Cider Vinegar) နှစ်ဇွန်းကို ပျားရည်တစ်ဇွန်းနဲ့ရောမွှေပြီး သောက်နိုင်ပါတယ်။

## အားနည်းနေရင် အခွံအနီရောင်ရှိ ချဉ်တဲ့အသီးများစားပါ

မိုးရာသီမှာ ကိုယ်ခံစွမ်းအားအတွက် ဗီတာမင်စီကြွယ်ဝတဲ့အစားအစာတွေ စားပေးသင့်ပါတယ်။ ဗီတာမင်စီကြွယ်ဝတဲ့အသီးတွေထဲမှာမှ အခွံအနီရောင်ရှိ ချဉ်တဲ့အသီးတွေက မိုးရာသီအတွက် ပိုသင့်တော်ပါတယ်။ အသီးတွေ အနေနဲ့ လိုက်ချီးသီး၊ တရုတ်ဆီးသီး၊ ချယ်ရီသီး၊ စပျစ်နီ၊ မက်မွန်သီး၊ သလဲသီးတို့ပဲ ဖြစ်ပါတယ်။ ဟင်းချိုချက်သောက်တဲ့ အခါ ကြက်သွန်ဖြူထည့်ချက်စားရင်လည်း ကိုယ်ခံစွမ်းအားကို မြင့်စေပါတယ်။

**Reference :**
**http://dailyhealthgen.com/**
**https://www.couponraja.in**


ဓာတ်ပုံ-မြင့်မိုးညို


ဓာတ်ပုံ-မြင့်မိုးညို

# နို့သောက်သည့်အလေ့ ပိုမိုပျံ့ပွားရန် သူနာပြု၊ သားဖွားများနှင့် ပူးပေါင်းလုပ်ဆောင်မည်

**ရန်ကုန်၊ မေ ၈**

ကျန်းမာရေးအတွက် နို့သောက်သည့်အလေ့အထ ပိုမိုပြန့်ပွားစေရန်သူနာပြု၊ သားဖွားများနှင့် ပူးပေါင်းလုပ်ဆောင်မည်ဖြစ်ကြောင်း Friesland Campina Myanmar မှ ဈေးကွက်မန်နေဂျာ ဦးမျိုးရာဇာက ပြောကြားသည်။

သူနာပြုနှင့် သားဖွားဆရာမများက နို့သောက်ခြင်းဖြင့်ရရှိမည့် အကျိုးကျေးဇူးများကိုလူထုထံဖြန့်ဝေပေးနိုင်ရန် ရည်ရွယ်၍ ရန်ကုန်မြို့နှင့် မန္တလေးမြို့မှ သူနာပြုနှင့် သားဖွားဦးရေ ရှစ်ရာခန့်ဖြင့် ဇွန်လ ဒုတိယပတ်တွင် တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်ကြောင်း ၎င်းက ဖြည့်စွက်ပြောကြားသည်။

"ဥရောပသားတွေက ပုံမှန်နို့သောက်တယ်။ အရှေ့တောင်အာရှက တချို့နိုင်ငံတွေနဲ့ယှဉ်ရင်ကို နို့သောက်မှုနှုန်းက နည်းနေသေးတယ်။ ဒါကြောင့် ပညာရှင်တွေနဲ့တွေ့ဆုံပြီး နို့သောက်ဖို့ ပညာပေးတွေလုပ်မှာပါ" ဟုဦးမျိုးရာဇာက ဆိုသည်။

မြန်မာနိုင်ငံတွင် လူ ၁၀ ဦးလျှင် ပုံမှန် နွားနို့သောက်သုံးသူဦးရေ တစ်ဦးသာရှိကြောင်း ၂၀၁၆ ခုနှစ် နိုဝင်ဘာလက FrieslandCampina က ကောက်ယူခဲ့သည့်စစ်တမ်းအရ သိရသည်။

FrieslandCampina သည် မြန်မာနိုင်ငံတွင် Dutch Lady နို့နှင့် အခြားနို့ထွက်ပစ္စည်းများကို ဖြန့်ချိရောင်းချလျက်ရှိသည်။ ■

## ကျန်းမာရေးသတင်းတိုများ

ကမ္ဘာ့သွေးလှူရှင်များနေ့ အထိမ်းအမှတ် ကြက်ခြေနီစေတနာသွေးသန့်၊ သွေးလှူရှင်များ သွေးလှူဒါန်းပွဲကို ဇွန်လ ၁၄ ရက်နေ့ နံနက် ၉ နာရီတွင် မွန်ပြည်နယ် အထွေထွေရောဂါကုဆေးရုံကြီး သွေးလှူဘဏ်၌ လှူဒါန်းသွားမည်ဖြစ်ကြောင်း မွန်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီထံမှ သိရသည်။ ■

သားသားမီးမီးတို့အတွက် ပျော်ရွှင်စရာ ဂိမ်းအစီအစဉ်များ၊ စိတ်ဝင်စားဖွယ် မျက်လှည့်နှင့် ဆက်ကပ်ပြသခြင်း၊ အနုပညာရှင်များက ဖျော်ဖြေခြင်း၊ Creative Dance Crew အဖွဲ့၏ ကကွက်ဆန်းများနှင့် Ceelin အဆိုရှင်လေးများ၏ ဖျော်ဖြေမှုများပြုလုပ်မည့် Lovely Baby Kissing Mommy ပွဲကို ဇွန်လ ၁၁ ရက်နေ့တွင် ရန်ကုန်မြို့ရှိ Junction Square ၌ နံနက် ၁၀ နာရီမှ ညနေ ၆ နာရီထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း Ceelin Myanmar ထံမှသိရသည်။ ■

သားဆက်ခြားနည်းများအပါအဝင် မျိုးဆက်ပွားကျန်းမာရေးနှင့် ဆက်နွယ်၍ သိလိုသည့် သတင်းအချက်အလက်များနှင့် အသိပညာများကို http://thiloyarmay.org/တွင် ဝင်ရောက်လေ့လာနိုင်သည့်အပြင် ယင်းဝက်ဘ်ဆိုက်မှတစ်ဆင့် သိလိုသည်များကိုမေးမြန်းနိုင်သည်။ ■

# ကြည်ကြည့်အိမ်

ရလေး

**ခိုင်ခံ့သည့် သံပန်းတံခါးအတွင်းရှိ သုံးထပ်တိုက်အိမ်အတွင်း အဓိပ္ပာယ်ရှိသော အမည်များအသီးသီးရှိနေသည်။ The Lady ၊ သူရမချစ်ပို၊ မင်းကွန်းဒေါ်ဦးဇွန်း၊ Queen Shin Saw Pu ဟူသော အမည်များ...။ ထိုအမည်များမှာ အခန်းအသီးသီးကိုပေးထားသော အမည်များပင်။ ထိုအိမ်အတွင်း ထူးခြားသော စိတ်ကူးများနှင့် ပြင်ဆင်စီစဉ်ထားမှုများရှိသည်။ ထိုအိမ်မှာ ကြည်ကြည့်အိမ်..။ Kyi Kyi’s House ဆိုသည့်စာတမ်းကို အဆိုပါအိမ်ခြံဝင်း သံတံခါးအထက်တွင် တွေ့နိုင်သည်။**

တကယ်တမ်း ထိုအိမ်မှာ သာမန်မိသားစုတစ်ခု၏ အိမ်တော့မဟုတ်၊ နားခို နေထိုင်ရာနေရာလိုအပ်သူ အမျိုးသမီးတို့အတွက် ထူးထူးခြားခြားဖန်တီးပေး ထားသည့် အဆောင်တစ်ခုဖြစ်သည်။

“တစ်ယောက်ယောက်ဝင်လာမှာ။ တစ်ခုခုဖြစ်မှာမျိုး စိတ်မပူနေရဘူး။ ကိုယ့်အိမ်မှာနေရသလိုပဲ။ အိပ်ရတာလည်း စိတ်ချလက်ချအိပ်ပျော်တယ်” ဟုအဆိုပါ နေအိမ်တွင်နေထိုင်သူတစ်ဦးဖြစ်သည့် ယုကီဖော်ညွှန်းသည့် အဆောင်ပင်။

သူသည် ရန်ကုန်မြို့တော်ရှိ အမျိုးသမီးအဆောင်အသစ်တစ်ခုတွင် နေထိုင် နေသည်မှာ ရက်ပိုင်းသာ ရှိသေးသည်။ ဆွေမျိုးသားချင်းများက အဆောင်နေ သည်ဟုသိလျှင် စိတ်မချဖြစ်နိုင်သော်လည်း လက်ရှိနေနေသည့်နေရာကို လုံခြုံသည်၊ နွေးထွေးသည်ဟုခံစားရသည်ဟု သူကဆိုသည်။

ယင်းနေရာသည် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် (၄၁) ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်းမဘေးတွင်ရှိသည်။ ကြည်ကြည်၏ အိမ်ကိုရောက် သည်နှင့် စတင်ခရီးဦးကြိုပြုရာ ခိုင်ခန့် သည့် သံတံခါးကြီး၏အထက်ရှိ ဆိုင်းဘုတ် ကို တွေ့ပြီးသောအခါ အိမ်အဆောင် အတွင်းက ကိုရီးယားပါကေးခင်းထား သည့်ကြမ်းခင်းပေါ်ခြေချမိန်၍ နွေးထွေး သွားသည့်အပြင် အဆောင်မှ အမျိုးသမီးများကို စောင့်ရှောက်ပေးသည့်အဆောင်မှူးနှင့် အစားအသောက်စီစဉ်ပေးသူ အမျိုးသမီးတို့က အပြုံးဖြင့် အေးအေးချမ်းချမ်းကြိုခဲ့သည်မှာ ယုကီတို့လို အဆောင်နေ အမျိုးသမီးများ၏ အတွေ့အကြုံပင်။

ထို့နောက် သူတို့သည် နေထိုင်ရန် လိုအပ်သော ပစ္စည်းများကိုအသင့်လက်ခံ ရရှိပါမည်။

ခေါင်းအုံးအိအိထူထူတစ်လုံးနှင့် ကျွတ်ကျွတ်အိတ်ကြီးတစ်ထုပ်ကို အဆောင်သူတစ်ဦး၏ ဝေစုအနေနှင့် ပေးသည်။ ထိုအိတ်ထဲတွင် စောင်ထူထူ တစ်ထည်နှင့်အဆင်တူသည့်ခေါင်းအုံးစွပ်၊ အိပ်ယာခင်းတို့ထည့်ထားသည်။

ယင်းသို့သော အစီအစဉ်များ ဘယ်ကလာသနည်း။

“အစ်မအဆောင်နေခဲ့ဖူးတော့ အဆောင်နေတဲ့သူအတွက် ခေါင်းအုံး၊ စောင်တွေသယ်ရတာ မလွယ်ဘူးဆိုတာ သိတယ်။ ဒါကြောင့်စီစဉ်ပေးတာ”

ယင်းသို့ဆိုလိုက်သူမှာ အဆောင် ပိုင်ရှင်မကြည်ကြည်(ဒေါ်ကြည်ကြည် ဝင်းရွှေ) ဖြစ်သည်။

ကြည်ကြည်ရဲ့အိမ် အမျိုးသမီး အဆောင်တွင် မိဘအိမ်တွင်နေရသည့် အခင်းအကျင်းမျိုး ပြည့်စုံစေရန် အသင့် စီစဉ်ပေးထားခြင်းပင်။ လျှပ်စစ်ပြတ် တောက်မှုများအတွက် မီးစီစဉ်ပေးထား သည်။ အခြားအဆောင်နေသူများကဲ့သို့ သောက်ရေသန့်ဝယ်သောက်ရန်မလို၊ ကြည်ကြည်ရဲ့အိမ်တွင် ရေလှူပေးထား သည်။ အင်တာနက်သုံးနိုင်ရန် Wi-fi ပင် လွှင့်ပေးထားသည်။

မကြည်ကြည်၏အင်တာနက်အသုံး ပြုခြင်းအပေါ်ထားသည့် သဘောထားက ဤသို့...။

“များများသုံးရင် မသုံးတဲ့သူထက် တော့ ပိုသိမှာပဲ။ သုံးရင်း အလိမ်ခံရတယ် ဆိုလည်း အတွေ့အကြုံပဲလေ”

ထို့ပြင် စားသောက်ရေးအတွက် တစ်ရက်စာသုံးနပ်ကို ကျပ်သုံးထောင်ဖြင့် ဝန်ဆောင်မှုပေးထားသေးသည်။ နံနက် စာကိုမြန်မာအကြိုက် အသုပ်၊ မုန့်ဟင်းခါး၊ ထမင်းကြော်လို ဗိုက်ပြည့်သည့် အစား အစာတစ်ခုနှင့် ကော်ဖီစီစဉ်ပေးသည်။ နေ့လယ် စာနှင့်ညစာမှာ အသီးအရွက် ကြော်၊ အသားငါး၊ ငါးပိရည်၊ တို့စရာ၊ အရည်သောက်တို့နှင့် ဖွယ်ဖွယ်ရာရာ စီစဉ်ပေးပြန်သည်။

ကုန်ဈေးနှုန်းကြီးသည့်ရန်ကုန်တွင် တစ်ရက်ကို ကျပ်သုံးထောင်ဖြင့် စရိတ် ငြိမ်းသည့် အခွင့်အရေးက ခပ်ရှားရှားဖြစ် သဖြင့် အဆောင်သူတို့အဖို့ အဆင်သင့် လှသည်။

ယုကီအပါအဝင် အသက်အားဖြင့် နှစ်ဆယ်ကျော်ဝန်းကျင် မိန်းကလေး လေးဦး အခန်းတစ်ခန်းတွင် အတူနေကြ သည်။ ရှစ်ဦးနေရမည့်အခန်းတွင် မယုကီ နှင့်ရွယ်တူ မတိမ်းမယိမ်း မိန်းကလေး လေးဦးအတူနေကြသည်။ ယုကီတို့အခန်း ဝတွင် The Lady ဆိုသည့်စာတန်း ကပ်ထားသည်။

The Lady အပြင် အခြားစာတမ်း ကပ် အခန်းသုံးခန်းကျန်သေးသည်။ သူရ မချစ်ပို၊ မင်းကွန်းဒေါ်ဦးဇွန်း၊ Queen Shin Saw Pu တို့ပင်။ အခန်းလေးခန်းကို အမည်ပေးပုံကား ဆန်း၏ဟု ဆိုရမည်။

Queen Shin Saw Pu မှာ မြန်မာ့သမိုင်းတစ်လျှောက်တွင် ပထမဆုံး ဘုရင်မဖြစ်သည့် ဘုရင်မကြီး ရှင်စောပုကို ရည်ညွှန်း၍ အမည်ပေးထားသည့် အခန်း ဖြစ်သည်။ ယင်းတွင် လူလေးဦးဆန့်သည်။ အခန်းသုံးပစ္စည်းများကိုလည်း ပရိဘောဂ အကောင်းဆုံးသုံးပေးထားသည်။

The Lady မှာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကိုဂုဏ်ပြု၍ အမည်ပေးထားသည့် အခန်း ဖြစ်သည်။

ထို့နောက် လူမှုဝန်ထမ်းစိတ်အပြည့် ဖြင့် ဗုဒ္ဓဘာသာ လူအိုများနားနေရန် ဘိုးဘွားရိပ်သာများကိုစတင်ခဲ့သူ မင်းကွန်း ဒေါ်ဦးဇွန်းကိုဂုဏ်ပြု၍ အမည်ပေးထား သည့် အခန်းရှိသည်။ ရန်ကုန်မြို့ကြီးတွင် ငွေရှာရန်လာကာ မိဘများကို ပြန်လည် ထောက်ပံ့သည့် အမျိုးသမီးများအတွက် ပရိဟိတစိတ်ပြည့်ဝသည့် မင်းကွန်း ဒေါ်ဦးဇွန်းအမည်ဖြင့် အခန်းကို အမည် ပေးခဲ့ခြင်းဖြစ်သည်။

နောက်ဆုံးအခန်းမှာ တိုက်ပွဲဝင်၍ ကျဆုံးခဲ့ရသည့် တစ်ဦးတည်းသော သူရဘွဲ့ရ အမျိုးသမီးဖြစ်သည့် ထားဝယ်သူ သူရမချစ်ပိုအမည်ရှိ အခန်း။ စွန့်စား သည့်အမျိုးသမီးများအတွက် ရည်ညွှန်း အမည်ပေးထားသည့် အခန်းဖြစ်သည်။ အဆောင်ပိုင်ရှင်က သူမကိုယ်တိုင် စွန့်စား ကာ တစ်နယ်တစ်ကျေးမှ ရန်ကုန်တက် လာသည့် အမျိုးသမီးဖြစ်ပြီး သူမကဲ့သို့ အမျိုးသမီးလေးများအတွက်ဟု ဆိုသည်။ ထိုအခန်းမှာ ဈေးအသက်သာဆုံးဖြစ်သည်။



ဓာတ်ပုံ-ရလေး

စာမျက်နှာ ၁၃ သို့

စာမျက်နှာ ၁၂ | ကြည်ကြည့်အိမ် မှအဆက် ...

ကြည်ကြည်ရဲ့အိမ် အသက်ဝင်ခဲ့သည်မှာ တစ်လဝန်းကျင်သာရှိသေးသည်။

ကြည်ကြည်ရဲ့အိမ် လိုင်စင်ရအမျိုးသမီး အဆောင်လုပ်ငန်းကို အမျိုးသမီးတိုင်း ရည်မှန်းချက်အတွက် ရန်ကုန်မြို့တွင် လာရောက်အလုပ်လုပ်စဉ် လုံခြုံစွာနေထိုင်နိုင်ရန်နှင့် ဝင်ငွေရသည့် အလုပ်လုပ်နိုင်ရန်အတွက် စတင်ခဲ့သည်ဟု အဆောင်ပိုင်ရှင်ကဆိုသည်။

အဆောင်ပိုင်ရှင်၏ အတွေးတွင် အမျိုးသမီးများ၏ ဘဝအိပ်မက်များကို အကောင်အထည်ဖော်ပေးလိုသည်ကို ၎င်းစီမံထားသည့် အစီအစဉ်များကို ကြည့်၍ သိနိုင်သည်။

ဧပြီလ ၁ ရက်နေ့က စဖွင့်ခဲ့သည့် ကြည်ကြည်ရဲ့အိမ်ကို ပွဲကိုင်သူမှာ ဒေါ်ကြည်ကြည်ဝင်းရွှေဖြစ်သည်။ ဒေါ်ကြည်ကြည်ဝင်းရွှေဟု ဆိုသော်လည်း အသက်မှာ ၃၈ နှစ်သာရှိသေးသည်။ ကုမ္ပဏီနှစ်ခုထူထောင်ထားသူ အိမ်ထောင်ရှင်အမျိုးသမီးတစ်ဦးဖြစ်သည်။

လွန်ခဲ့သည့်နှစ်သုံးဆယ် ဝန်းကျင်က လမ်းပန်းဆက်သွယ်ရေးခက်ခဲလွန်းသဖြင့် ရန်ကုန်မြို့တော်သို့ ရောက်နိုင်ရေးမှာ ထားဝယ်သူ သူ့အတွက် အိပ်မက်တစ်ခုဖြစ်ခဲ့သည်။

လုပ်ငန်းခွင်အမျိုးအမျိုးတွင် ဝန်ထမ်းဘဝဖြတ်သန်းခဲ့သည့် သူသည် ရန်ကုန်အိပ်မက်ကို အကောင်အထည်ဖော်ရန် ရေကူးအားကစားနည်းပြဘဝဖြင့် စခဲ့ခြင်းဖြစ်သည်ဟု မကြည်ကြည်ကဆိုသည်။

"ငယ်ငယ်ထဲက အားကစားလုပ်တယ်။ လုပ်တာကလည်း နိုင်ငံခြားကိုသွားချင်တဲ့ ရည်ရွယ်ချက်နဲ့လုပ်တာ။ လုပ်တဲ့အတွက်လည်း အရွေးခံခဲ့ရတယ်" ဟု ထားဝယ်မှ ရန်ကုန်မြေသို့ခြေချမှု၏ အစပထမကို သူက ပြန်ပြောင်းပြောပြသည်။

၁၉၉၅ ခုနှစ်က ထားဝယ်မြို့နှင့် မတူခြားနားသည့်ကြီးကျယ်ခမ်းနားသည့် ရန်ကုန်မြို့ကိုစရောက်လာခဲ့ခြင်းဖြစ်သည်။

ထိုခေတ်ထိုအခါက ရန်ကုန်မြို့ကို တက္ကသိုလ်ကျောင်းသူများသာ အဆောင်နေအဖြစ်လာနေခဲ့ကြသေးသော အချိန်ဖြစ်သည်။ မကြည်ကြည် ရန်ကုန်လာခဲ့စဉ်က အသက် ၁၇ နှစ်။

"အမေကမလွှတ်လို့၊ သူတို့ကိုယ်တိုင်က မိန်းကလေးမို့ဆိုပြီး မလာကြဘူး" ဟု မကြည်ကြည်က ထိုကာလက အမျိုးသမီးများ၏ စိတ်မလုံခြုံမှု၊ အုပ်ထိန်းသူများ၏စိတ်မချကြသည့်အခြေအနေကို ပြောပြသည်။

အားကစားသမားဘဝဖြင့်အဆောင်နေခဲ့ရာမှ ယခုအချိန်ကာလတွင် အဆောင်သူ အများဆုံးစုဝေးရာ နေရာဖြစ်နေသော လှည်းတန်းရှိအဆောင်တစ်ခုတွင်လည်း နေခဲ့ဖူးသည်။ အဆောင်၏အမည်မျက်လုံးစိမ်းကို မကြည်ကြည် မမေ့။ အဆောင်သူဘဝနှင့် မိဘအိမ်တွင်နေရသည့်ဘဝခြားနားမှုကိုလည်း မကြည်ကြည် သဘောပေါက်ခဲ့သည်။

ရန်ကုန်ရောက် ထားဝယ်သူ၏ ပညာရှာပုံက မတတ်သည့်အရာများကို တစ်ခုပြီးတစ်ခု လေ့လာခဲ့ခြင်းပင်။ အခြေခံအင်္ဂလိပ်စာ၊ ကွန်ပျူတာ၊ စာရင်းကိုင်စသဖြင့်ပညာများကိုလေ့လာရင်း မတူညီသည့်လုပ်ငန်းခွင်များကို လေ့လာခဲ့သည်။

"လစာက ဘဝတိုးတက်ရေးမှာ အဲဒီလောက်အထောက်အကူမဖြစ်ဘူး။ အတွေ့အကြုံရယ်၊ မတူညီတဲ့ လုပ်ငန်းခွင်ရယ်ကို လေ့လာတာရယ်က တိုးတက်စေတယ်လို့မြင်တယ်" ဟု လုပ်ငန်းစုံကျင်လည်ခဲ့ပုံကို ပြောပြသည်။

တစ်နယ်တကျေးမှ ရန်ကုန်သို့ ဘဝတိုးတက်ရေးအတွက် ရောက်ခဲ့လာသောသူသည် လုပ်ငန်းခွင်တွင် ဆုံတွေ့သူဖြင့် အိမ်ထောင်ပြုဖြစ်ခဲ့သည်။ လုပ်ငန်းခွင်မျိုးစုံကျင်လည်ခဲ့သူ၊ ဘဝတိုးတက်ရေးကို ဦးစားပေးခဲ့သူ မကြည်ကြည်မှာ သားသမီးနှစ်ဦးမွေးဖွားပြီးချိန် မိခင်ဘဝဖြင့်ဖြတ်သန်းနေခိုက် ယုံကြည်ချက်များ ကျဆင်းခဲ့ဖူးသည်။ သို့သော် ထိုအချိန်တွင် မိခင်တစ်ဦးအနေနှင့် နေအိမ်တွင် ခုံတစ်လုံးဖြင့် ဆေးကုမ္ပဏီတစ်ခုကို ဝန်ဆောင်မှုပေးသည့်အလုပ်ဖြင့် အလုပ်ပြန်စလုပ်ခဲ့သည်။ ယင်းမှ ဆေးဖြန့်ချိသည့် ကိုယ်စားလှယ်၊ ဆေးကုမ္ပဏီပိုင်ရှင်ဖြစ်သည်အထိ မကြည်ကြည်ခြေဆန့်နိုင်ခဲ့သည်။

တစ်စိတ်တစ်ဒေသအနေနှင့်မြန်မာအမျိုးသမီး စွမ်းဆောင်ရှင်များအသင်းနှင့် ချိတ်ဆက်ခဲ့သည့် အကျိုးဆက်များလည်း ဖြစ်ကြောင်း သူကဖွင့်ဟသည်။

စီးပွားရေးလောကတွင် အောင်မြင်နေသူအမျိုးသမီးတစ်ဦးအနေဖြင့် ငွေကြေးအမြတ်အစွန်းထက် လူမှုရေးအမြတ်အစွန်းကို မကြည်ကြည်တောင့်တမိပြန်သည်။



ဓာတ်ပုံ-ရလေး


ဓာတ်ပုံ-ရလေး

သူ့ကဲ့သို့ရန်ကုန်ကိုစွန့်စား၍အလုပ်လာလုပ်သူများ၊ အမျိုးသမီးတစ်ဦးအနေနှင့် အလုပ်လုပ်နိုင်စွမ်းရှိသူများ၊ မိခင်ဖြစ်သည့်တိုင် အလုပ်လုပ်လိုသူများကို မကြည်ကြည်က အစ်မကြီးတစ်ဦးကဲ့သို့၊ အဒေါ်တစ်ယောက်ကဲ့သို့ ကူညီပေးချင်သည်။ လမ်းပြပေးချင်လာသည်။

ထို့ကြောင့်လည်း ကြည်ကြည်ရဲ့အိမ်အမည်ရှိ လိုင်စင်ရအဆောင်လုပ်ငန်းကို စတင်ဖြစ်ခဲ့ခြင်းပင်။

"အစ်မတုန်းကလို ရန်ကုန်တက်လာတဲ့ အမျိုးသမီးတွေဖွံ့ဖြိုးတိုးတက်ဖို့ လုံခြုံစိတ်ချရတဲ့နေရာလိုတယ်။ အမျိုးသမီးတွေက ကိုယ့်ကိုယ်ကိုယ်စိတ်မချတာမျိုးရှိတာကြောင့် ဒါကိုလုပ်ဖြစ်ခဲ့တာ" ဟု မကြည်ကြည်က ဆိုသည်။

ကြည်ကြည်ရဲ့အိမ်တွင် အတတ်ပညာအတွက် အင်္ဂလိပ်စာသင်တန်း၊ ကျန်းမာရေးအတွက် ယောဂသင်တန်းလည်း ဖွင့်ထားသည်။ အလုပ်လုပ်ကိုင်လိုသူများကို မကြည်ကြည်ကိုယ်တိုင် အတွေ့အကြုံများမျှဝေပေးပြီး ဆွေးနွေးပေးခြင်း၊ မြန်မာအမျိုးသမီးဝတ်စုံကို နေ့ချင်းပြီးချုပ်ပေးခြင်းဝန်ဆောင်မှု၊ စိတ်ဖိစီးမှုများအတွက် စိတ်ကျန်းမာရေးဆရာဝန်က လာရောက်ဆွေးနွေးပေးခြင်း၊ ဝိပဿနာတရားအားထုတ်နိုင်ရန်စီစဉ်ပေးခြင်းတို့ကို အဆောင်စတင်သည့် တစ်လအတွင်း လုပ်ပေးနိုင်ခဲ့သည်။

ထိုမျှမကသေး။ မကြည်ကြည်တွင် လုပ်ဆောင်ရန်အစီအစဉ်များကျန်နေသေးသည်။ အမျိုးသမီးအလှပြုပြင်ခြင်း၊ အလုပ်လုပ်လိုသည့်မိခင်များ၏ ကလေးများကို ထိန်းပေးသည့် နေ့ကလေးထိန်းကျောင်းတို့ကို တိုးချဲ့လုပ်ဆောင်သွားဦးမည်ဟု ဆိုသည်။

"ကလေးကြည့်ချင်လို့အလုပ်မလုပ်ဖြစ်ကြဘူး။ သူ့ကလေးကို သူ့လိုပဲ ကလေးကြည့်ပေးမယ်ဆိုရင် အလုပ်လုပ်ဖြစ်ကြမယ်။ သူ့လိုပဲကြည့်ပေးနိုင်တဲ့သူက ဘယ်သူတွေဖြစ်မလဲဆိုတော့ သင်တန်းပေးထားတဲ့ဆရာမ မဟုတ်ဘူး။ မိခင်တစ်ယောက်လိုပုံစံမိခင်ကပဲပေးနိုင်မှာဆိုတော့ မိခင်ဖြစ်ဖူးသူတွေကထိန်းပေးမှာ။ ကလေးမွေးဖူးသူ၊ ကလေးထိန်းဖူးသူတွေက ထိန်းပေးမှာ" ဆိုလိုက်သည့် မကြည်ကြည်၏ မိခင်များအတွက်စဉ်းစားပေးမှုက ထောင့်စေ့သည်။

မကြည်ကြည်၏ စီမံမှုများအောက်တွင် နေထိုင်နေကြသူများ၏ လုံခြုံနွေးထွေးမှုမှာ ညဥ့်နက်ချိန် အဆောင်ပြန်နောက်ကျသည့် အမျိုးသမီးလေးများကိုစောင့်ဆိုင်းပေးနေသူက သက်သေတည်နေသည်။ ကြည်ကြည့်အိမ်တွင် အဆောင်ပြန်နောက်ကျသူကို ဖုန်းဆက်မေးမြန်း၍ အိမ်အပြန်စောင့်ပေးသည့် အမျိုးသမီးတစ်ဦးလည်း ထားရှိသည်။

"အလုပ်ကပြန်လာတာ နောက်ကျမယ်ဆိုရင် ကိုယ်ကဖုန်းကြိုဆက်ထားလိုက်တယ်။ နောက်ကျနေရင်လည်း အဆောင်ကလှမ်းဆက်မေးတယ်။ မိုးချုပ်ပြန်လာတဲ့အခါ အဆောင်ရှေ့မှာစောင့်ပေးနေတယ်။ အဲဒါကတော့ ကိုယ့်အမျိုးတစ်ယောက်ယောက်က စောင့်ပေးနေသလိုခံစားရတယ်" ဟု ယုကီကဆိုသည်။

ယင်းသို့သော နွေးထွေးမှုများဖြည့်ဆည်းပေးနိုင်သည့် အမျိုးသမီးများအတွက် ဒုတိယအိမ်ဖြစ်ရန် ဖြည့်ဆည်းရမည်များကို ဖြည့်ဆည်းပေးသွားဦးမည်ဟု ဒေါ်ကြည်ကြည်ဝင်းရွှေက သန္နိဋ္ဌာန်ချထားလေသည်။

"အမေ့အိမ်ကိုတကြတယ်။ သီချင်းတွေတောင်ရှိတယ်မလား၊ အရမ်းစိတ်ညစ်ရင် အမေ့အိမ်ပြန်ချင်တာပေါ့နော်။ အမေ့ရဲ့အိမ်၊ နွေးထွေးတဲ့အိမ်ပေါ့နော်။ အစ်မကလည်းအမေ့အိမ်တော့မဟုတ်ဘူး။ ဒုတိယအိမ်အဖြစ်၊ အမျိုးသမီးတွေအတွက် စိတ်ချရတဲ့အိမ်၊ အားကိုးတာတွေ လိုအပ်နေတာတွေကိုဖြည့်စွမ်းပေးနိုင်မယ့်နေရာအဖြစ် အစ်မကြိုးစားသွားမယ်" ဟု ကြည်ကြည့်အိမ်ရှင်က ဆိုလေသည်။ ■

ရလေး

# မြန်မာပြည်တွင် ထုတ်လုပ်မည်

ရဲနိုင်ဦး

**သုံးနှစ်အကြာတွင် Myanmar Trade Center ၏ ရည်မှန်းချက်များ တစ်ကျော့ပြန် အသက်ဝင်လာပြီဖြစ်သည်။ ပြီးခဲ့သည့် ၂၀၁၄ ခုနှစ် ဇွန်လက မြန်မာနိုင်ငံတွင် မော်တော်ယာဉ်ထုတ်လုပ်ခွင့်ရရန် တင်ပြခဲ့ပြီးနောက် ယခုအခါအရပ်သားအစိုးရက ခွင့်ပြုလိုက်ပြီဖြစ်သည်။**

ပြီးခဲ့သည့် ရက်ပိုင်းအတွင်း Myanmar Trade Center က စက်မှုဝန်ကြီးဌာနအောက်ရှိ ထောက်ကြံ့အလုပ်ရုံခွဲကို ငှားရမ်းခဲ့သည်။ နှစ်ဖက်သဘောတူစာချုပ်ကို မေလ ၃၀ ရက်နေ့တွင် ချုပ်ဆိုခဲ့ကြသည်။

မေလ ၂၀ ရက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) ၌ ပြုလုပ်ခဲ့သော နိုင်ငံတော်သမ္မတနှင့်စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံပွဲတွင်လည်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက မော်တော်ယာဉ် အသစ်များထုတ်လုပ်ရန် အားပေးကြောင်း ပြောကြားခဲ့သည်။

ယင်းသည် နိုင်ငံတော်အဆင့်ပုဂ္ဂလိကအရပ်သားအစိုးရလက်ထက်တွင် မော်တော်ယာဉ်များ ထုတ်လုပ်ရန် ကနဦးအချက်ပေးလိုက်ခြင်းပင်ဖြစ်သည်။

မြန်မာ့မော်တော်ယာဉ်ထုတ်လုပ်မှုသည်တစ်ခေတ်တစ်ခါကမူ 'ဇာဒံပင်အောက်က ကားထုတ်လုပ်မှု' ဟု ကျော်ကြားခဲ့သည်။

ဆိုလိုသည်မှာ နည်းပညာနှင့်အခြေခံအဆောက်အဦမရှိဘဲ ရှိသမျှဖြင့်တည်ဆောက်နေခြင်းဖြစ်ပြီး ပြည်ပမှ အစိတ်အပိုင်းများကို တပ်ဆင်ထုတ်လုပ်နေခြင်းဖြစ်ကြောင်း ဆိုလိုခြင်းပင်။ မြန်မာနိုင်ငံသည် မော်တော်ယာဉ်များကို အမှတ် (၂) စက်မှုဝန်ကြီးဌာနအောက်တွင် ထုတ်လုပ်ခဲ့ဖူးသည်။

တော်လှန်ရေးကောင်စီခေတ်နှင့် လမ်းစဉ်ပါတီခေတ်တို့တွင် စက်မှု(၂) ဝန်ကြီးဌာနက ဘီအမ်၊ ဘီအိတ်ချ်၊ လေးဘီး ဘီ ၃၆၀၊ ဘီ ၆၀၀ နှင့် တီ ၂၀၀၀ ယာဉ်များကို ပြည်ပမှ အစိတ်အပိုင်းများ မှာယူတပ်ဆင်ပြီး မြန်မာပြည်တွင် ထုတ်လုပ်သည်ဟု တံဆိပ်နှိပ်ခဲ့သည်။

ဇုန်ထုတ်ဂျစ်ဟုခေါ်သော အေးသာယာစက်မှုဇုန်ထုတ် ဂျစ်ကားများကိုလည်း ထုတ်လုပ်ခဲ့ပြီး စျေးကွက်အတွင်း၌မူ ထင်သလောက်ခရီးမပေါက်ခဲ့သည့်သာဓကများရှိခဲ့သည်။ ထို့ကြောင့်ပင် ပြည်တွင်းထုတ် မော်တော်ယာဉ်များနှင့် ပတ်သက်၍မူ သုံးစွဲသူများ၏ အသံကိုလည်း ကုမ္ပဏီက နားစွင့်လျက်ရှိသည်။

လက်ရှိတွင်မူ ထုတ်လုပ်ပြီး ယာဉ်များကို မည်သည့်နေရာတွင် ရောင်းချမည်နည်းဟူသည့်စျေးကွက်က အရေးကြီးလာသည်။

မြန်မာနိုင်ငံတွင် ဘတ်စ်ကားအစီးရေ သုံးသောင်းနီးပါး (၂၈၃၈၃) သာ ပြေးဆွဲလျက်ရှိရာ စျေးကွက်ဝယ်လိုအား နည်းပါးလွန်းသည့် ဘတ်စ်ကားများ ထုတ်လုပ်မည်ဆိုသည်ကို မြန်မာမော်တော်ယာဉ်တင်သွင်း၊ ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေး လုပ်ငန်းရှင်များအသင်း (ရန်ကုန်) အထွေထွေအတွင်းရေးမှူး ဦးအောင်ဇော်ဦး (ဆောင်းပါးရှင် အရည်ကြို) က မေးခွန်းထုတ်သည်။

သို့သော်လည်း ဒီမိုကရေစီခေတ်တွင် စက်မှုဝန်ကြီးဌာနကမပါဝင်ဘဲ ပုဂ္ဂလိကသို့သာ လက်လွှဲ၍ မော်တော်ယာဉ်ထုတ်လုပ်ခြင်းဖြစ်ပါက ကြိုဆိုကြောင်း ၎င်းက ဆိုသည်။

"ကျွန်တော်ကတော့ သူဘာသူ လုပ်တယ်လို့ပဲ မြင်ပါတယ်။ အစိုးရဆီက မပါဘူးလို့ထင်ပါတယ်။ အရင်ကပြောတုန်းကတော့ အစိုးရပါသလို ပြောတာကိုး။ ဆိုရှယ်လစ်ခေတ်မှမဟုတ်တာ အစိုးရပါရအောင်" ဟု ဦးအောင်ဇော်ဝင်းက ဆိုသည်။

ထို့ပြင် အဆိုပါထုတ်လုပ်ပြီးယာဉ်များကို နိုင်ငံခြားသို့ တင်ပို့ခြင်း သို့မဟုတ် ပြည်တွင်း၌ ရောင်းချခြင်းတို့ကို အားပေးသော်လည်း ဝန်ကြီးဌာနအစီအစဉ်ဖြင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ဝယ်ယူရမည်ဆိုလျှင်မူ မဖြစ်သင့်ကြောင်း ၎င်းကဆိုသည်။

စာမျက်နှာ ၁၅ သို့




ဓာတ်ပုံ-ရဲနိုင်ဦး

## တစ် ပတ် အ တွင်း ရွှေ ဈေး

| ရက်စွဲ | မြန်မာ့ရွှေဈေး (ကျပ်) | | ကမ္ဘာ့ရွှေဈေး (ဒေါ်လာ) | |
|---|---|---|---|---|
| | ဖွင့်ဈေး | ပိတ်ဈေး | ဖွင့်ဈေး | ပိတ်ဈေး |
| ၅.၆.၂၀၁၇ | ၉၁၁,၀၀၀ | ၉၁၁,၀၀၀ | ၁၂၈၁ | ၁၂၈၀ |
| ၆.၆.၂၀၁၇ | ၉၁၂,၀၀၀ | ၉၁၂,၀၀၀ | ၁၂၈၅ | ၁၂၉၀ |
| ၇.၆.၂၀၁၇ | ၉၁၃,၀၀၀ | ၉၁၃,၀၀၀ | ၁၂၉၁ | ၁၃၅၁ |

Source ။ ။ ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း

## အမေရိကန်ဒေါ်လာ၊ ယူရိုနှင့် စင်ကာပူဒေါ်လာပေါက်ဈေး

| ရက်စွဲ | အမေရိကန်ဒေါ်လာ (ကျပ်) | ယူရို (ကျပ်) | စင်ကာပူဒေါ်လာ(ကျပ်) |
|---|---|---|---|
| ၅.၆.၂၀၁၇ | ၁၃၅၀ | ၁၅၂၃ | ၉၇၈ |
| ၆.၆.၂၀၁၇ | ၁၃၄၈ | ၁၅၁၈ | ၉၇၆ |
| ၇.၆.၂၀၁၇ | ၁၃၄၆ | ၁၅၁၇ | ၉၇၆ |

အချိန်နှင့်လိုက်၍ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်။ ဝယ်ဈေးသာဖြစ်ပြီး ရောင်းဈေးနှင့် ၈ ကျပ်ခန့်ကွာသည်။

စာမျက်နှာ ၁၄ | မြန်မာပြည်တွင် ထုတ်လုပ်မည် မှအဆက် ...




ဓာတ်ပုံ-ရဲနိုင်ဦး

"နိုင်ငံခြားကို တင်ပို့မယ်ဆိုရင်တော့ ဝမ်းသာတယ်။ သူတို့တာသာရောင်းမယ်ဆိုရင်လည်း အိုကေတယ်။ စက်မှုဝန်ကြီးဌာနနဲ့ ပေါင်းပြီးထုတ်လို့ရန်ကုန်တိုင်း ဒေသကြီးအစိုးရအဖွဲ့ကို ရောင်းမယ်ဆိုရင်တော့ ဒါကနည်းနည်း မဖြစ်သင့်ဘူးထင်တယ်" ဟု ၎င်းဆိုသည်။

သို့သော်လည်း ပြည်ထောင်စုဝန်ကြီးဦးကျော်ဝင်းကမူ UMFCCI တွင်ပြုလုပ်သည့် တွေ့ဆုံပွဲတွင် ယခုလိုဆိုသည်။

"ရန်ကုန်တိုင်းဒေသကြီးက ပြုလုပ်နေတဲ့ Bus System အောင်မြင်ဖို့အတွက် မြန်မာနိုင်ငံမှာ ဘတ်စ်ကားတွေ အများကြီးလိုအပ်နေပါတယ်" ဟူ၍။

Myanmar Trade Center ၏ အထွေထွေမန်နေဂျာ ဦးကျော်စွာသိမ်းကလည်း ထုတ်လုပ်သည့်ယာဉ်များကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ ရောင်းချရန်အတွက် မျှော်မှန်းထားသော်လည်း လက်ရှိတွင်မူ စက်ရုံလည်း ပြင်ဆင်ဆဲဖြစ်၊ ပစ္စည်းလည်းမထုတ်ရသေးသောကြောင့် မျှော်လင့်ချက်အဆင့်သာဖြစ်သည်ဟုဆိုသည်။

ဦးကျော်စွာသိမ်းသည် တပ်မတော်တွင် ၁၉ နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့သည့် အငြိမ်းစားဗိုလ်မှူးတစ်ဦးဖြစ်ပြီး အမှတ်(၂)စက်မှုဝန်ကြီးဌာနသို့ပြောင်းရွှေ့ထမ်းဆောင်ခဲ့ကာ ၂၀၁၄ ခုနှစ်တွင်နုတ်ထွက်ခဲ့သူဖြစ်သည်။

Myanmar Trade Center ကုမ္ပဏီသည် ဝန်ကြီးဌာနများသို့ ၎င်းတို့ ထုတ်လုပ်သည့်ဘတ်စ်ကားများ ရောင်းချနိုင်ရန် ပစ်မှတ်ထားလျက်ရှိသည်။ ထို့ပြင် ကျောင်းကားများနေရာတွင် ၎င်းတို့ကုမ္ပဏီမှ ထုတ်လုပ်မည့် မီနီဘတ်စ်ကားများကို အစားထိုးသုံးစွဲနိုင်ရန် မျှော်လင့်လျက်ရှိသည်။

မေလ ၂၀ ရက်နေ့ လက်မှတ်ထိုးအခမ်းအနားတွင် ခရီးသည်တင်ယာဉ် BS-106 မော်ဒယ်လ်ကို CNG နှင့်ဒီဇယ်အင်ဂျင်နှစ်မျိုးဖြင့် ထုတ်လုပ်မည်ဖြစ်ပြီး ကျောင်းကားအဖြစ် အသုံးပြုနိုင်မည့် ၂၉ ယောက်စီး မီနီဘတ်စ်ကိုဒီဇယ်အင်ဂျင်ဖြင့် ထုတ်လုပ်မည်ဖြစ်ကြောင်း Myanmar Trade Center ကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ ဒေါက်တာကျော်ကျော်အောင်က ပြောကြားသည်။

လက်ရှိတွင် ထောက်ကြံ့စက်ရုံကိုကနဦး ၂၅ နှစ်၊ ငါးနှစ်သက်တမ်းတိုး နှစ်ကြိမ်ဖြင့် ငှားရမ်းထားကြောင်း၊ ယင်းစက်ရုံသည် လွန်ခဲ့သောနှစ်ပေါင်း ၅၀ ခန့်က တည်ဆောက်ခဲ့ပြီး ယခုအခါ ယိုယွင်းပျက်စီးလျက်ရှိရာ ပြင်ဆင်နေရကြောင်း ဦးကျော်စွာသိမ်းက ရှင်းပြသည်။

ထို့ပြင် စက်မှုဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် ဒေဝူးကော်ပိုရေးရှင်းမှ ပညာရှင်များကို ငှားရမ်းထားပြီး မော်တော်ယာဉ် ယာဉ်ထုတ်လုပ်ရန် စီစဉ်ထားကြောင်း အဆိုပါပုဂ္ဂိုလ်ထံမှ သိရသည်။ Myanmar Trade Center သည် ဒေဝူးကုမ္ပဏီမှ BS-106 နှင့် မီနီ ဘတ်စ်ထုတ်လုပ်သည့် နည်းပညာကိုဝယ်ယူ၍ အမေရိကန်ဒေါ်လာ ၁၀ သန်း ရင်းနှီးမြှုပ်နှံကာ ပြည်တွင်း၌ တပ်ဆင်ထုတ်လုပ်မည်ဖြစ်သည်။

စက်မှုဝန်ကြီးဌာနမှ ငှားရမ်းထားသော ထောက်ကြံ့စက်ရုံမှာ လက်ရှိတွင် ပြင်ဆင်ဆဲအဆင့်ဖြစ်၍ လာမည့်တစ်နှစ်ကျော်နောက်ပိုင်းမှသာ မော်တော်ယာဉ်များကိုထုတ်လုပ်နိုင်မည်ဖြစ်သည်။ ထို့ပြင် ကနဦးတွင် မော်တော်ယာဉ်များကိုပြည်ပမှ ယာဉ်ကိုယ်ထည်(ဖရိမ်) အပါအဝင် အစိတ်အပိုင်းများမှာယူ၍ တပ်ဆင်မည်ဖြစ်သည်။ ယင်းအဆင့်ကို SKD စနစ်ဟု ခေါ်ဆိုကြသည်။

CKD ခေါ် ကားတစ်စီးကိုဆေးမှုတ်ခြင်းနှင့် ဝရိမ်ဆော်ခြင်းလုပ်ငန်းပါဝင်သည့် ကားထုတ်လုပ်မှုကိုလာမည့်တစ်နှစ်ကျော်နောက်ပိုင်းမှသာ လုပ်ဆောင်နိုင်ဖွယ်ရှိသည်ဟု အဆိုပါကုမ္ပဏီထံမှ သိရသည်။

ဤနေရာတွင် ပြည်ပမှအစိတ်အပိုင်းများကို မှန်မှန်ကန်ကန်တင်သွင်း၍ ပြည်တွင်း၌ထုတ်လုပ်တပ်ဆင်လျှင်ပြဿနာမရှိသော်လည်း မော်တော်ယာဉ်အစီးလိုက်ကို အစိတ်အပိုင်းအနည်းငယ်ဖြုတ်၍ တင်သွင်းလာပါက ပြဿနာရှိကြောင်း ရောင်နီဦး မော်တော်ယာဉ်ရောင်းဝယ်ရေး လုပ်ငန်းပိုင်ရှင် ဦးအောင်ဝင်းက ထောက်ပြသည်။

မြန်မာနိုင်ငံတွင် မော်တော်ယာဉ်ထုတ်မည်ဆိုလျှင် အလုပ်အကိုင်အခွင့်အလမ်း၊ နည်းပညာနှင့် နိုင်ငံတော်က အခွန်အခများ ရရှိမည်ဖြစ်၍လုပ်သင့်သည့် လုပ်ငန်းဖြစ်ကြောင်း ၎င်းကရှင်းပြသည်။

သို့သော်လည်း ယာဉ်အလုံးလိုက် တင်သွင်းလာလျှင်နိုင်ငံတော်က အခွန်အခရငွေနစ်နာကြောင်း၊ ကားထုတ်လုပ်ခြင်းကဲ့သို့ လုပ်ငန်းများကို နိုင်ငံတော်မှ သုံးနှစ်အခွန်ကင်းလွတ်ခွင့်ပေးမည်ဟု မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေတွင် ပြဋ္ဌာန်းထားကြောင်း ပြည်တွင်းမော်တော်ယာဉ် လုပ်ငန်းရှင်များထံမှ သိရသည်။

မြန်မာနိုင်ငံတွင် ယာဉ်ကိုအစိတ်အပိုင်းအနည်းငယ်ဖြုတ်၍ အလုံးလိုက်နီးပါးတင်သွင်းသည့် ဖြစ်ရပ်များလည်း ယခင်က ရှိခဲ့ဖူးသည်။

ပြီးခဲ့သည့်နှစ်များအတွင်း SSS ကုမ္ပဏီသည် KIA မော်တော်ယာဉ်သစ်များကို တစ်စိတ်တစ်ပိုင်းမဟုတ်ဘဲ ဘီးလေးဘီး သာဖြုတ်၍ အစီးလိုက်တင်သွင်းခဲ့သည်ဟု သတင်းများထွက်ပေါ်ခဲ့ပြီးနောက် အကောက်ခွန်ဦးစီးဌာန၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနတို့က ဗိုလ်အောင်ကျော်ဆိပ်ကမ်းသို့ ဝင်ရောက်စစ်ဆေးခဲ့ကြသည်။ အဆိုပါသတင်းများကိုလည်း ပြည်တွင်းမီဒီယာများတွင် ဖော်ပြခဲ့ဖူးကြသည်။

ထိုစဉ်က မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် SSS ကုမ္ပဏီကို ယာဉ်အစီးရေ ၄၀၀၀ ကျော် တင်သွင်းခွင့်ပြုခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် ယာဉ်ထုတ်လုပ်ခွင့်ရထားသည့် Myanmar Trade Center သည်လည်း တိုက်ကြေယာဉ်များသွင်းသည်ဟူသော စွပ်စွဲချက်ဖြင့် ၂၀၁၃ ခုနှစ်တွင် Black List စာရင်းဝင်ကုမ္ပဏီ ၁၆ ခုအနက် တစ်ခုအပါအဝင်ဖြစ်သည်။ ထို့နောက်တွင် Myanmar Trade Center အစား Myanmar Treasure Center ဟူ၍ ကုမ္ပဏီခွဲဖြင့် လုပ်ငန်းများဆက်လက်လုပ်ကိုင်ခဲ့သည်။ ပြီးခဲ့သည့်ကာလများကမူ Myanmar Coach Center အမည်ဖြင့် ကုမ္ပဏီခွဲတစ်ခုလည်းရှိခဲ့သည်။ လက်ရှိတွင်လည်း B & B (Beyond the best) အမည်ဖြင့် ခရီးသွားလုပ်ငန်းတစ်ခုကို အရှိန်မြှင့်လုပ်ဆောင်လျက်ရှိသည်။

အဆိုပါကုမ္ပဏီက တိုက်ကြေယာဉ်များ တင်သွင်းခဲ့သည်ဟူ၍ အမှုအခင်းများ ဖြစ်ပွားခဲ့သော်လည်း အမှန်မှာ ၎င်းတို့ကုမ္ပဏီမှတင်သွင်းသည့် ယာဉ်တစ်စီးမှာ တိုက်ကြေယာဉ်မဟုတ်ဘဲ အပြစ်အနာအနည်းငယ်သာရှိသည့် ယာဉ်တစ်စီးသာဖြစ်ကြောင်း အဆိုပါကုမ္ပဏီ၏ အထွေထွေမန်နေဂျာ ဦးကျော်စွာသိမ်းက ရှင်းပြသည်။

ထို့ပြင်လည်း ဓာတ်ပုံများမှတ်တမ်းများနှင့်အကောက်ခွန်ဦးစီးဌာနက စစ်ဆေးချက်များကို ထုတ်ပြခဲ့ပြီး ယင်းမှတ်တမ်းဓာတ်ပုံများတွင် ဖော်ပြထားသောကား၌မူ အနာအဆာ အနည်းငယ်သာရှိကြောင်း The Voice က တွေ့ရှိခဲ့ရသည်။

မည်သို့ဆိုစေ မြန်မာနိုင်ငံတွင် ဒေဝူးယာဉ်များကိုထုတ်လုပ်တော့မည်ဖြစ်သည်။ ဦးကျော်စွာသိမ်းကမူ ၎င်းတို့ကုမ္ပဏီကထုတ်လုပ်မည့် ဒေဝူးယာဉ်များ၏ အရည်အသွေးအတွက် အာမခံသည်ဟုဆိုသည်။

"ဒေဝူးရဲ့နည်းပညာနဲ့ ထုတ်လုပ်မှာပါ။ အရည်အသွေးကိုလည်း ဒေဝူးကပဲစစ်ဆေးမှာပါ။ လက်လွတ်စပယ်လုပ်ရင် သူတို့လည်း နိုင်ငံတကာမှာ နာမည်ပျက်၊ ဈေးကွက်ကျမှာမို့ သေချာလုပ်ကြမှာပါ။ ဖြစ်အောင်လည်း ကျွန်တော်တို့ ကြိုးစားပြီး လုပ်ပါ့မယ်ခင်ဗျာ"

နောင်တစ်နှစ်အကြာတွင် မြန်မာပြည်တွင် ထုတ်လုပ်သည်ဟူ၍ ရိုက်နှိပ်ထားပြီး ဒေဝူးတံဆိပ်ပါ ဘတ်စ်ကားများ ရန်ကုန်မြို့ လမ်းများပေါ်တွင် တွေ့မြင်နိုင်မည်လား ...။

လက်ရှိအခြေအနေကတော့ 'မြန်မာပြည်တွင်ထုတ်လုပ်မည်' ဟူ၍သာ။

■

# ဒေဝေါကြီး လာပြီ၊ သတိထားပါ

ဥမ္မာလွင်

**မိုးကြို၊ မိုးဦးကာလမှာပင် မာရသာနှင့် မိုရာဆိုင်ကလုန်းမုန်တိုင်းတို့ ရှေ့ဆင့်နောက်ဆင့် ဝင်ရောက်ခဲ့သည်။**

မြန်မာ့နှစ်သစ်ကူး ဧပြီလအတွင်းမှာ မြန်မာနိုင်ငံထဲသို့ မာရသာဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်သည်။ မေလတွင် မိုရာဆိုင်ကလုန်းမုန်တိုင်း အဖျားခတ်ခဲ့သည်။ မြန်မာနိုင်ငံထဲ မုန်တိုင်းလမ်းကြောင်းဝင်ရောက်မှု တစ်ကြိမ်ရှိပြီဖြစ်ပြီး မုန်တိုင်းအဖျား ရိုက်ခတ်မှုဒဏ်ကိုလည်း အလူးအလဲခံခဲ့ရပြီဖြစ်သည်။

အဆိုပါမုန်တိုင်းအရှိန်ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းများတိုက်ခတ်ခဲ့သည်။ ထိုထဲမှရခိုင်ပြည်နယ်သည် ဆိုင်ကလုန်းမုန်တိုင်း နှစ်လုံးတိုက်ခတ်မှုအရှိန်ကြောင့် ထိခိုက်ပျက်စီးမှုအများဆုံးခံစားရသည်။ ရခိုင်ပြည်နယ်သည် သဘာဝဘေးအန္တရာယ်ဖြစ်သည့် မုန်တိုင်းဒဏ်ကို နှစ်လဆက်တိုက်ခံစားနေရပြီဖြစ်သည်။

"မိုရာက ကျွန်တော်တို့ဆီဝင်တာ မဟုတ်ဘူးပေ့ါ။ နောက်ပိုင်း ပိုပြီးသတိထားရမှာက မုန်တိုင်းတိုက်ရိုက် ထိလိုက်ရင်တောင် ကျွန်တော်တို့ဒီလောက်ကြာကြာ မခံရဘူးပေ့ါနော်။ ဖြတ်သွားတဲ့အချိန်လေးလောက်ပဲ။ အခုဟာ ဒီကမ်းရိုးတန်းနားမှာ မုန်တိုင်းတွေက အဖျက်စွမ်းအင်များနေတယ်" ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်မိုးဦးက ဆိုသည်။

မေလ ၂၉ ရက်နေ့က တိုက်ခတ်ခဲ့သောမိုရာ (Mora) ဆိုင်ကလုန်းမုန်တိုင်းအရှိန်ကြောင့် ရခိုင်ပြည်နယ်ဒေသအချို့တွင် သစ်ပင်များပြိုလဲကျခြင်း၊ လူနေအိမ်များ ပြိုလဲပျက်စီးခြင်း၊ ဈေးများ၊ ဆေးရုံ၊ တက္ကသိုလ်နှင့် ဘာသာရေးအဆောက်အအုံများ၊ ဌာနဆိုင်ရာ အဆောက်အအုံများပြိုကျခြင်း၊ ခေါင်မိုးလန်ခြင်းများ ဖြစ်ပေါ်ခဲ့သည်။

မှတ်သုံးရာသီစတင်သည့် ကာလအတွင်း မုန်တိုင်းဖြစ်ပေါ်လာမှုကို မိုးလေဝသနှင့် ဇလဗေဒပညာရှင် ဒေါက်တာထွန်းလွင်က ယခုကဲ့သို့မှတ်ချက်ပြုသည်။

"အနောက်တောင် မုတ်သုံလေဝင်ရောက်တဲ့မေလမှာ မုတ်သုံလေဝင်ရောက်မှုဟာ အားလျော့ပြီး နောက်ကျနေခဲ့ရင် မုတ်သုံလေဟာ ဗွက်နစ်နေတဲ့ကားကြီးတစ်စီးလို ရှေ့မတိုးနိုင်ဘဲ ဖြစ်နေတတ်တယ်။ ဒီအခါ ရှေ့က အကူကားတစ်စီးစီးက ကူဆွဲပေးလိုက်မှ ကားကြီးဟာ လိုရာခရီးကိုဆက်နိုင်သလို ရှေ့မတိုးနိုင် ဖြစ်နေတဲ့မုတ်သုံလေဦးကိုသဘာဝတရားကြီးက ကူဆွဲပေးမယ့် အကူတစ်ခုကိုစေလွှတ်ပြီး မုတ်သုံကို လိုရာခရီးကို ရောက်အောင် ဆက်လက် ခရီးဆက်စေတတ်ပါတယ်"


ဓာတ်ပုံ-မိုးကျော်လွင်

မိုရာဆိုင်ကလုန်းမုန်တိုင်းကြောင့် မောင်တောဒေသတွင်လည်း ပျက်စီးဆုံးရှုံးခဲ့သည်။ ထိုမုန်တိုင်းအရှိန်ကြောင့် ရခိုင်ပြည်နယ်အပြင် စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင်ပါ မိုးသည်းထန်စွာ ရွာသွန်းမှု၊ လေပြင်းမုန်တိုင်းများ တိုက်ခတ်မှုတို့ကြောင့် ပျက်စီးဆုံးရှုံးမှုများခဲ့သည်။ ချင်းပြည်နယ်၊ ဖလမ်းမြို့တွင်မှု မြေပြိုမှုများဖြစ်ပွားခဲ့သည်။

"မိုးကြိုနဲ့ မိုးနှောင်းကာလတွေမှာ မြန်မာနိုင်ငံကို မုန်တိုင်းဝင်ရောက်လေ့ရှိတယ်။ အဲဒီအချိန်တွေ သတိထားရမယ်။ ဒီနှစ် မေမှာ မာရသာဝင်သွားပြီ။အခုဖြစ်တဲ့ မိုရာက အဖျားခတ်တာပေ့ါ။ မိုးလယ်ကာလမှာတော့ မုန်တိုင်းဝင်လေ့မရှိပါဘူး" ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်မိုးဦးက ဆိုသည်။

လိမ္မော်ရောင်အဆင့်သတ်မှတ်ထားသည့် အဆိုပါမုန်တိုင်းနှစ်လုံး မြန်မာနိုင်ငံကို ရှေ့ဆင့်နောက်ဆင့် ဝင်ရောက်ခဲ့သည်။ ဆိုင်ကလုန်းမုန်တိုင်း မာရသာသည် ဧပြီလ ၁၆ ရက်နေ့က ရခိုင်ပြည်နယ် သံတွဲမြို့ကို ဝင်ရောက်သည့် ပထမဆုံးမုန်တိုင်းဖြစ်သည်။ မြန်မာနိုင်ငံ ရခိုင်ပြည်နယ် သံတွဲမြို့အနီးဖြတ်ကျော်ဝင်ရောက်ပြီး ကုန်းတွင်းမုန်တိုင်းငယ်အဖြစ် အားပျော့ပျက်ပြယ်သွားသည်။ ယင်းအရှိန်ကြောင့် မြန်မာနိုင်ငံတစ်ဝန်း မိုးသည်းထန်စွာရွာသွန်းကာ အချို့ဒေသများတွင် လေပြင်းတိုက်ခတ်မှုများ ရှိခဲ့သည်။ အလယ်ပိုင်းဒေသများတွင်လည်း မိုးသည်းထန်စွာရွာသွန်းခဲ့သည်။

မေလနှင့် မိုးလွန်ကာလ အောက်တိုဘာလသည် မြန်မာနိုင်ငံထဲကို မုန်တိုင်းအများဆုံး ဝင်ရောက်နိုင်ပြီး ဧပြီလသည် ဒုတိယအဆင့်အနေနှင့်ဝင်ရောက်နိုင်ကာ စက်တင်ဘာနှင့် နိုဝင်ဘာလများတွင်လည်း မုန်တိုင်းအများဆုံး ဝင်ရောက်လေ့ရှိကြောင်း မိုးလေဝသ မှတ်တမ်းများအရ သိရသည်။ ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လတို့တွင် မုန်တိုင်းဝင်ရောက်လေ့မရှိကြောင်း ဒေါက်တာကျော်မိုးဦးကဆိုသည်။

မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများကို ဇွန်လ၁ရက်မှ ၂ ရက်နေ့အတွင်း မုတ်သုံလေဝင်ရောက်ပြီး မိုးဦးကာလစတင်ရောက်ရှိလာတော့မည်ဖြစ်သည်။

ယခင်က မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းများသည် မိုးကြိုကာလတွင်သာ ဖြစ်ပေါ်နိုင်သော်လည်း နောက်ပိုင်း လေးနှစ်မှ ငါးနှစ်အတွင်း မိုးလယ်၊ မိုးနှောင်းကာလများတွင်လည်း မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းများ ဖြစ်ပေါ်လာကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနထံမှ သိရသည်။ မိုးတိမ်တောင်များလာသည့် အနေအထားမျိုးဖြစ်သည်။

ရာသီဥတုပြောင်းလဲမှုများကြောင့် မိုးရာသီကာလအတွင်း မိုးရွာသွန်းမှုမှာ ပုံမှန်မဟုတ်ဘဲ မိုးရွာသွန်းမှုပုံစံများ ပြောင်းလဲနေပြီး မိုးရာသီကာလအတွင်း မိုးထစ်ချုန်းရွာသွန်းရာတွင် မိုးကြိုးပစ်

စာမျက်နှာ ၂၀ သို့

**မုန်တိုင်းကြိုတင်သတိပေးချက်သုံးအရောင်သင်္ကေတများ**

| စဉ် | အရောင်သင်္ကေတ | အဓိပ္ပာယ် |
|---|---|---|
| ၁ | အဝါရောင် | ပင်လယ်ပြင်တွင်မုန်တိုင်းဖြစ်ပွားနေခြင်း (မြန်မာနိုင်ငံနှင့်သက်ဆိုင်ခြင်းမရှိ) |
| ၂ | လိမ္မော်ရောင် | မြန်မာနိုင်ငံဘက်သို့ချဉ်းကပ်လာခြင်း |
| ၃ | အနီရောင် | ၁၂ နာရီအတွင်းကမ်းရိုးတန်းသို့ဖြတ်ကျော်ခြင်း |
| ၄ | အညိုရောင် | မြန်မာ့ကမ်းရိုးတန်းသို့ဖြတ်ကျော်နေခြင်း / ဝင်ရောက်ရိုက်ခတ်ခြင်း |
| ၅ | အစိမ်းရောင် | မုန်တိုင်းအန္တရာယ်ပြီးဆုံးခြင်း |



# သမိုင်းဆိုတာ တစ်ပတ်လည်တတ်တယ်

**မန်းငြိမ်းမောင် (KNU)**

၁၉၉၅ ခုနှစ် ဇူလိုင်လထဲမှာ KNU ကရင်အမျိုးသားအစည်းအရုံးရဲ့ (၁၁) ကြိမ်မြောက် ကွန်ဂရက်ကို မက်သရောထာဆိုတဲ့ရွာကလေးမှာ ကျင်းပခဲ့ပါတယ်။ မက်သရောထာဆိုတဲ့ ရွာကလေးဟာ ကရင့်တော်လှန်ရေးနဲ့ တိုင်းရင်းသားလူမျိုးများရဲ့သမိုင်းဝင်နေရာတစ်ခု ဖြစ်ပါတယ်။ တိုင်းရင်းသားလူမျိုးများရဲ့နိုင်ငံရေးသဘောတူညီချက် မက်သရောထာဆိုတဲ့ ကြေညာချက်ဟာ ပြည်တွင်းပြည်ပကို အတော်ရိုက်ခတ်ခဲ့တဲ့ သဘောတူညီချက်တစ်ခု ဖြစ်ပါတယ်။

၁၉၉၀ ပတ်ဝန်းကျင်တစ်ဝိုက်မှာ ဗမာပြည်နိုင်ငံရေးမှာ နဝတ၊ နယက စစ်အစိုးရရဲ့ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးတွေကို အပစ်အခတ်ရပ်စဲရေးဆိုတဲ့ နိုင်ငံရေးအရ ထိုးစစ်ဆင်နေတဲ့အချိန် ဖြစ်ပါတယ်။ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်း အသီးသီးဟာ အဲဒီကာလတုန်းက စစ်အစိုးရနဲ့ တစ်ဖွဲ့ပြီးတစ်ဖွဲ့ အပစ်အခတ်ရပ်စဲရေးကို လုပ်ဆောင်နေတဲ့အချိန်ဖြစ်ပါတယ်။ စစ်ရေးအရ အပစ်အခတ်ရပ်စဲရေးလုပ်ပြီးတော့ နိုင်ငံရေးအရ ဆွေးနွေးမှုတွေ ဘာတစ်ခုမှ ဆောင်ရွက်ခဲ့တာမျိုး မရှိပါဘူး။ အပစ်အခတ်ရပ်စဲရေးလုပ်ထားတဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအသီးသီးကို ဒေသဖွံ့ဖြိုးရေးဆိုတဲ့ ခေါင်းစဉ်အောက်မှာ စီးပွားရေးမက်လုံးတွေပေးပြီးတော့ အခွင့်ထူးခံစီးပွားရေးကို ခွင့်ပြုပေးခဲ့တာ ဖြစ်ပါတယ်။ တစ်ချိန်တည်းမှာ ညောင်နှစ်ပင်ဆိုတဲ့ အမျိုးသားညီလာခံမှာ အပစ်ရပ်တိုင်းရင်းသား အဖွဲ့အစည်းအသီးသီးကို မြူဆွယ်သိမ်းသွင်းပြီးတော့ ညောင်နှစ်ပင် ညီလာခံကို တက်ရောက်စေခဲ့တာ ဖြစ်ပါတယ်။

KNU ရဲ့ (၁၁) ကြိမ်မြောက် ကွန်ဂရက်မှာ ဗိုလ်ချုပ်ကြီး စောဘိုမြကို KNU ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခဲ့ပြီး ဒု-ဥက္ကဋ္ဌ အဖြစ် ဗိုလ်ချုပ်စောရွှေဆိုင်း အထွေထွေ အတွင်းရေးမှူးချုပ်အဖြစ် ပဒိုစောဘသင်စိန်၊ တွဲဖက်အတွင်းရေးမှူးအဖြစ် ပဒိုမန်းရှာလားဖန်း အစရှိတဲ့ KNU ထိပ်တန်းခေါင်းဆောင်များကို ကွန်ဂရက်က ရွေးချယ်တင်မြှောက်ခဲ့ကြပါတယ်။

KNU ကွန်ဂရက်အပြီး မကြာခင်ကာလမှာပဲ KIO ရဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးဇော်မိုင်၊ နိုင်ငံခြားရေးဌာနတာဝန်ခံ ဂျိန်းလွန်းတောင် ခေါင်းဆောင်တဲ့ ကိုယ်စားလှယ်အဖွဲ့ဟာ KNU ခေါင်းဆောင်များနဲ့ လာရောက်တွေ့ဆုံခဲ့ပါတယ်။ KNU ကိုယ်စားလှယ်အဖွဲ့မှာ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးစောဘိုမြ၊ ဒု-ဥက္ကဋ္ဌ ဗိုလ်ချုပ်စောရွှေဆိုင်း၊ အထွေထွေ အတွင်းရေးမှူးချုပ် ဖဒိုစောဘသင်စိန်၊ တွဲဖက်အတွင်းရေးမှူး ပဒိုမန်းရှာလားဖန်း၊ စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး စောတာမလာဘော၊ ဒု-စစ်ဦးစီးချုပ် ဗိုလ်ချုပ်စောကစယ်ဒို၊ နိုင်ငံခြားရေးဌာနတာဝန်ခံ ပဒိုစောအာသာ၊ မဟာမိတ်ဆက်ဆံရေးဌာနတာဝန်ခံပဒိုမန်းငြိမ်းမောင်နဲ့ဗဟိုကော်မတီဝင် ဗိုလ်မှူးကြီး စောစိုးစိုးတို့ ပါဝင်ခဲ့ပါတယ်။

KIO ထိပ်တန်းခေါင်းဆောင်များနဲ့ KNU ထိပ်တန်းခေါင်းဆောင်များရဲ့နှစ်ဖက်တွေ့ဆုံပွဲမှာ KIO ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးဇော်မိုင်က အခုလို တင်ပြခဲ့ပါတယ်။ "အခု ကျွန်တော်တို့ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းတွေဟာ အားလုံးနီးပါးလောက် နယက စစ်အစိုးရနဲ့ တွေ့ဆုံနေပါပြီ။ ဒီတွေ့ဆုံပွဲမှာ KNU တစ်ဖွဲ့ပဲ ကျန်တော့တယ်။ KNU ကိုကျွန်တော်တို့စောင့်နေတယ်။ KNU သာပါဝင်လာမယ်ဆိုရင် ကျွန်တော်တို့ တိုင်းရင်းသားအားလုံးဟာ စုံစုံညီညီနဲ့ လက်တွဲနိုင်မယ်ဆိုရင် ဒီနယက စစ်အစိုးရကိုလိုချင်သလိုနိုင်ငံရေးအရ ကိုင်မြှောက်ပစ်လို့ရတယ်"

KIO ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးဇော်မိုင် ပြောခဲ့တဲ့စကားဟာ အခုဆိုရင် ၂၂ နှစ်တိုင်ရှိခဲ့ပါပြီ။ ဗမာပြည်နိုင်ငံရေးရဲ့ အလှည့်အပြောင်းတွေ တိုင်းရင်းသားတော်လှန်ရေးများရဲ့ အလှည့်အပြောင်းတွေဟာ ဒီနှစ်ပေါင်း ၂၀ ကျော်ကာလအတွင်းမှာ အမျိုးမျိုးဖြစ်ပေါ်ပြောင်းလဲခဲ့ပါတယ်။ မင်းပြောင်းမင်းလွှဲများဟာလည်း တစ်ဆက်ပြီးတစ်ဆက် ပြောင်းလဲခဲ့ပါတယ်။

မနေ့တစ်နေ့ကမှ ပူပူနွေးနွေး ပြီးစီးသွားတဲ့ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ (၂၁) ရာစုပင်လုံ ဒုတိယအစည်းအဝေးကြီးမှာ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ စုံညီနီးပါး တက်ရောက်ခဲ့ကြပါတယ်။ ဒီညီလာခံကြီးမှာ KIO ဒုဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး အင်ဘန်လခေါင်းဆောင်တဲ့ ကိုယ်စားလှယ်အဖွဲ့ဟာ တက်ရောက်ခဲ့ကြပါတယ်။

မေလ ၂၄ ရက်နေ့မှာ ညီလာခံကိုစတင်ကျင်းပခဲ့ပါတယ်။ ညီလာခံ မစတင်ခင် နံနက်ပိုင်းအချိန်လေးမှာ အင်အားစုအသီးသီး ခေါင်းဆောင် အသီးသီးတို့ဟာ တစ်ဦးနဲ့တစ်ဦး၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့ နွေးနွေးထွေးထွေး အပြန်အလှန် ကြိုဆိုနှုတ်ဆက်ခဲ့ကြပါတယ်။ ဒီကြိုဆိုနှုတ်ဆက်ပွဲမှာ KIO အဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ကြီး အင်ဘန်လနဲ့ အပြန်အလှန် နှုတ်ဆက်ခဲ့ပါတယ်။ ဗိုလ်ချုပ်ကြီး အင်ဘန်လနဲ့ တွေ့ဆုံနှုတ်ဆက်ခဲ့တဲ့ အချိန်လေးမှာ ဟိုး .... လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၀ ကျော်က KIO ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးဇော်မိုင်၊ KNU ခေါင်းဆောင်များနဲ့ တွေ့ဆုံခဲ့စဉ်က ပြောကြားခဲ့တဲ့စကားတွေ ကျွန်တော့်ခေါင်းထဲမှာ ပေါ်လာပါတယ်။ ဗိုလ်ချုပ်ကြီးဇော်မိုင် ပြောကြားခဲ့တဲ့ စကားအတိုင်း အခု ဗိုလ်ချုပ်ကြီး အင်ဘန်လကို ကျွန်တော်ပြန်ပြောပြပါတယ်။

"ဗိုလ်ချုပ်ကြီးခင်ဗျာ။ လွန်ခဲ့တဲ့ ၁၉၉၅ ခုနှစ်တုန်းက ဗိုလ်ချုပ်ကြီး ဇော်မိုင် KNU ခေါင်းဆောင်များနဲ့ တွေ့ဆုံခဲ့စဉ်တုန်းက အခုလိုပြောကြားခဲ့ပါတယ်။ အခုဆိုရင် ကျွန်တော်တို့ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့တွေဟာ နိုင်ငံရေးစားပွဲဝိုင်းကို စုံညီနီးပါးလောက် ရောက်ရှိနေပါပြီ။ KNU တစ်ဖွဲ့ပဲ ကျန်ပါတော့တယ်။ KNU သာ စားပွဲဝိုင်းကို ရောက်လာရင် ကျွန်တော်တို့တိုင်းရင်းသားအားလုံးဟာ ဒီ နအဖကို ကိုင်မြှောက်ပစ်လို့ ရတယ်။"

ကျွန်တော်က ဆက်ပြီးပြောတယ်။ "ဗိုလ်ချုပ်ကြီးခင်ဗျာ အခုလည်းပဲ နိုင်ငံရေးစားပွဲဝိုင်းကို ကျွန်တော်တို့တိုင်းရင်းသားအားလုံး စုံညီနီးပါး ရောက်ရှိနေပါပြီ။ KIO သာ နိုင်ငံရေးစားပွဲဝိုင်းကိုရောက်လာရင် ဒီအစိုးရကို ကိုင်မြှောက်ပစ်လို့ရတယ်" လို့ကျွန်တော်ပြောလိုက်ပါတယ်။ ကျွန်တော်ပြောလို့အပြီးမှာ ဗိုလ်ချုပ်ကြီးဟာ မှင်တက်မိပြီးတော့ အံ့သြသွားတဲ့ အမူအရာကိုတွေ့ရပါတယ်။

ဗမာပြည်တော်လှန်ရေး၊ နိုင်ငံရေးဟာ မထင်မှတ်တာတွေ အင်မတန်ဖြစ်တတ်တဲ့ တိုင်းပြည်ပါ။ လွန်ခဲ့တဲ့နှစ်ပေါင်း ၂၀ ကျော်က KIO ရဲ့ ခေါင်းဆောင်ကြီးတစ်ဦးရဲ့ ပြောကြားခဲ့တဲ့စကားကို အခု ကျွန်တော်က KIO ထိပ်တန်းခေါင်းဆောင်တစ်ဦးကို ပြန်လည်ပြောပြပါတယ်။

သမိုင်းဆိုတာ တစ်ပတ်လည်တတ်တယ်လို့ သမိုင်းပညာရှင် သုတေသီတွေက ပြောဆိုရေးသားကြတာကို သိမှတ်ရပါတယ်။ ■

**မန်းငြိမ်းမောင် (KNU)**

ပဒိုမန်းငြိမ်းမောင်သည် ကရင်အမျိုးသားအစည်းအရုံး၏ ဗဟို အလုပ်အမှုဆောင်ဖြစ်သလို မဟာမိတ်ဆက်ဆံရေးဌာနတာဝန်ခံအဖြစ် လက်ရှိတာဝန်ယူထားသူဖြစ်သည်။ ငြိမ်းချမ်းရေးဆွေးနွေးမှုများတွင်လည်း ဦးဆောင်ပါဝင်လျက်ရှိသည်။

**အယ်ဒီတာ**

## Cartoon Of The Week





# ခွဲထွက်ခွင့်နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အဆက်အစပ်

ကျော်ဝင်း

## ခွဲထွက်ခွင့်

နိုင်ငံတကာဖွဲ့စည်းပုံအခြေခံဥပဒေများကို ပြန်ကြည့်လိုက်လျှင် 'ခွဲထွက်ပိုင်ခွင့်' (right to secede) ကို တရားဝင်ခွင့်ပြုထားသည့် နိုင်ငံဆို၍ ယခင်ဆိုဗီယက်ယူနီယံ၊ ယူဂိုဆလားဗီးယားနှင့် မြန်မာနိုင်ငံ၏ ၁၉၄၇ အခြေခံဥပဒေတို့သာရှိမည် ထင်ပါသည်။ ဆိုဗီယက်ယူနီယံနှင့် ယူဂိုဆလားဗီးယားတို့မှာ ယခုအခါ မရှိတော့ပါ။ ဆိုဗီယက်ယူနီယံပြိုကွဲပြီး နိုင်ငံသစ်များပေါ်ထွက်လာချိန်မှာ ဆိုဗီယက်တို့၏ အိုင်ဒီအိုလိုဂျီလက်သီးဆုပ်ပြေကျချိန်ရောက်တော့မှ ဖြစ်သည်။ ဤနေရာတွင်လည်း ခွဲထွက်နိုင်ငံအချင်းချင်းသော်လည်းကောင်း၊ ဆိုဗီယက်ယူနီယံ၏ ပင်မရုရှားနှင့်သော်လည်းကောင်း စစ်ခင်းခဲ့ကြရသည်များရှိသည်။ ယူဂိုဆလားဗီးယားပြည်ထောင်စုပြိုကွဲမှုကား 'ဘော်လတန်နိုက်ဇေးရှင်း' (Balkanization) ဆိုသော ဝေါဟာရသစ်ပေါ်ထွက်လာရသည်အထိ ဆိုးဆိုးဝါးဝါးသွေးချောင်းစီးခဲ့ရသည်။ (ဘော်လတန်နိုက်ဇေးရှင်းမှာ 'အစိတ်စိတ်အမြွှာမြွှာပြိုကွဲခြင်း' ဟု အဓိပ္ပာယ်ရသည်။) ဤတွင် ပြောလိုသည်မှာ အခြေခံဥပဒေပါ 'ခွဲထွက်ပိုင်ခွင့်' ကိုကိုင်ပြီး အေးအေးဆေးဆေး ညောင်းညောင်း ခွဲထွက်ကြသည်မဟုတ်။ စစ်ခင်းပြီးမှ နိုင်ငံသစ်များ ပေါ်ထွက်လာကြသည်ကို ဆိုလိုရင်းဖြစ်သည်။

မူလအခြေခံဥပဒေတွင် ခွဲထွက်ပိုင်ခွင့်ကို တရားဝင်ဖော်ပြမထားသော်လည်း အခင်မင်မပျက် ခွဲခွာခဲ့ကြသည့် နိုင်ငံတစ်ခုကား ရှိပါသည်။ ယခင် ချက်ကိုဆလိုဗားကီးယားဖြစ်သည်။ အခြေခံဥပဒေကို နောက်မှပြင်ဆင်ပြောင်းလဲသည့်နည်းဖြင့် 'ချက်' နှင့် 'ဆလိုဗက်' နိုင်ငံသစ်နှစ်ခု ပေါ်ထွက်လာခြင်းဖြစ်သည်။ ဤတွင် ပြောလိုသည်မှာ ခွဲထွက်ပိုင်ခွင့်ကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် တရားဝင်ပြဋ္ဌာန်းထားသော်လည်း စစ်ခင်းပြီး ပြိုကွဲသွားသည့်နိုင်ငံများရှိသလို ခွဲထွက်ပိုင်ခွင့်ကို တရားဝင်ခွင့်မပြုသော်လည်း ငြိမ်းငြိမ်းချမ်းချမ်း ခွဲခွာနိုင်သည့်နိုင်ငံများလည်း ရှိတတ်သည်ကို သတိချပ်ကြဖို့ဖြစ်ပါသည်။

၁၉၄၇ အခြေခံဥပဒေဖြင့်သွားခဲ့သော မြန်မာနိုင်ငံတွင်လည်း အလားတူအဖြစ်မျိုးများ ရှိသလောက်ရှိပါသည်။ ပြည်တွင်းစစ်ခေတ်ဦးက တိုင်းရင်းသားလက်နက်ကိုင်အင်အားစု တော်တော်များများမှာ ခွဲထွက်ရေး ရည်မှန်းချက်ရှိခဲ့ကြဖူးသည်။ ၁၉၉၀ ပြည့်လွန်နှစ်များရောက်တော့မှ ဤရည်မှန်းချက်ကို စွန့်လွှတ်လာကြခြင်းဖြစ်သည်။ ပြီးခဲ့သည့် 'ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ' (၂၁ ရာစုပင်လုံ) ဒုတိယအစည်းအဝေးတွင် တိုင်းရင်းသားလက်နက်ကိုင်အင်အားစုအားလုံးက 'ခွဲထွက်ဖို့' သဘောထားမရှိပါကြောင်း အခိုင်အမာပြောကြားခဲ့ကြသည်။ သို့တစေ 'မည်သည့်အခါမှ ခွဲမထွက်ရ' ဆိုသော အသုံးအနှုန်းမှာ တိုင်းရင်းသားများအပေါ် မယုံသလိုဖြစ်နေကြောင်း၊ သို့အတွက် နှစ်ဖက်လက်ခံနိုင်မည့် အနက်တူဝေါဟာရဖြင့် အစားထိုးစေလိုကြောင်း တင်ပြလာကြပါသည်။

ဤတွင် ညီလာခံတက်ရောက်လာသော ဥပဒေပညာရှင်တစ်ယောက်၏အကူအညီဖြင့် အခြားနိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် အသုံးပြုကြသော အနက်တူစကားလုံးကို ရှာဖွေကြည့်ကြပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေတော်တော်များများတွင် 'ခွဲမထွက်ရ' ဆိုသော အဓိပ္ပာယ်နှင့် နီးစပ်တူညီသည့် 'indivisible' ဆိုသည့် ဝေါဟာရကို တွေ့ရသည်။ 'ပိုင်းခြားမရသော'၊ 'ခွဲခြမ်း၍မရနိုင်သော' စသဖြင့် ဘာသာပြန်နိုင်ပါလိမ့်မည်။ (ဥပမာ - ပြင်သစ် (၁၉၅၈)၊ နီပေါ (၂၀၁၅)၊ စပိန် (၁၉၇၈)၊ အာဖဂန်နစ္စတန် (၂၀၀၄)၊ အီဂျစ် (၂၀၁၄) ... စသဖြင့်) နိုင်ငံအချို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင်မူ 'One and Indivisible' ဟု သုံးသည်။ 'တစ်ခုတည်းသောနှင့် ခွဲခြမ်း၍မရနိုင်သော' စသဖြင့် ဘာသာပြန်နိုင်ပါလိမ့်မည်။ (အယ်ဂျီးရီးယား (၁၉၈၉)၊ ပေါ်တူဂီ (၂၀၀၅)၊ အီတလီ (၁၉၄၇) စသဖြင့်) မြန်မာဆန်ဆန် အသုံးပြုလိုလျှင်မူ 'ဉမကွဲသိုက်မပျက်' ဟု အနီးစပ်ဆုံး ယူနိုင်လိမ့်မည်ထင်ပါသည်။ ဖင်လန်နိုင်ငံ၏ ၁၉၉၉ ဖွဲ့စည်းပုံအခြေခံဥပဒေတွင်မူ ထူးထူးခြားခြား ယခုလိုဖော်ပြထားသည်။ "ပါလီမန်၏ သဘောတူညီမှုနှင့်သာ နိုင်ငံ၏ အမျိုးသားနယ်နိမိတ်ကိုပြောင်းလဲသတ်မှတ်နိုင်သည်" ဟူ၍ ဖြစ်ပါသည်။ (The National borders cannot be altered without the consent of the Parliament.)

## ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်

'ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်' (Self - determination) ဆိုသော စကားရပ်၏ ခေတ်သစ်အဓိပ္ပာယ်ကို စတင်တွေ့ရှိရသည်မှာ ၁၇၇၆ ခုနှစ် ဇူလိုင် ၄ ရက်နေ့က ထုတ်ပြန်ကြေညာခဲ့သော 'အမေရိကန်လွတ်လပ်ရေးကြေညာစာတမ်း' တွင်ဖြစ်သည်။ ၁၉ ရာစုနှင့် ၂၀ ရာစုခေတ်ဦးသို့ရောက်သောအခါ 'အမျိုးသားရေးလှုပ်ရှားမှုများ' နှင့် ယှဉ်တွဲပြီး အဓိပ္ပာယ်ဖွင့်လာကြသည်။ ဤကာလအတွင်း (၁၉၁၃) ဆိုဗီယက်ခေါင်းဆောင် စတာလင်ရေးသားထုတ်ဝေခဲ့သည့် 'မာက်ဝါဒနှင့် အမျိုးသားရေးပြဿနာ' (Marxism and the National Question) စာအုပ်တွင် 'ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်' ဆိုသည်ကို ယခုလို အဓိပ္ပာယ်ဖွင့်ဆိုခဲ့သည်။ 'The right of a nation (or nationality) freely to secede or to enter federal relation with other.' 'ခွဲထွက်လိုက ခွဲထွက်ပိုင်ခွင့်အပါအဝင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်' ဟု အဓိပ္ပာယ်ထွက်ပါလိမ့်မည်။ (ဤအချက်ကိုကိုင်ပြီး ဂျော်ဂျီယာပြည်နယ် ခွဲထွက်ဖို့ ကြိုးစားသောအခါ တပ်နီတော်နှင့် ချေမှုန်းခဲ့သည်သာ ဖြစ်ပါသည်။)

ပထမကမ္ဘာစစ်အပြီး ဝီလဆင်မူ ၁၄ ချက်ထုတ်ပြန်အပြီး တစ်လအကြာ ၁၉၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်နေ့တွင် ပြောကြားခဲ့သော အမေရိကန်သမ္မတ ဝုဒရိုးဝီလဆင်မိန့်ခွန်းတွင် "ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်မှာ စကားရပ်သက်သက်မျှမဟုတ်။ မဖြစ်မနေ လုပ်ကိုလုပ်ကြရမည့် 'မူ' ဖြစ်သည်" ဟု ပြောကြားခဲ့သည်။ ဤမိန့်ခွန်း၏ အကျိုးဆက်ကြောင့် ပင် ဩစတီးယန်း၊ ဂျာမန်နှင့် အော်တိုမင် အင်ပါယာများမှ နိုင်ငံသစ်များ ပေါ်ထွက်လာခြင်းဖြစ်သည်။ ဒုတိယကမ္ဘာစစ်အပြီး ၁၉၆၀ ပြည့်နှစ်တွင် ထွက်ပေါ်လာသော ကိုလိုနီနိုင်ငံများနှင့် လူများ၏လွတ်လပ်ရေးကို အာမခံသော ကြေညာချက်တွင်လည်း ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဆိုင်ရာ မူများကို တွေ့လာရသည်။ ၁၉၇၀ ပြည့်နှစ် 'နိုင်ငံတကာဥပဒေဆိုင်ရာ အခြေခံမူများနှင့်ပတ်သက်သောကြေညာချက်' ထွက်ပေါ်လာသောအခါတွင်မူ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို 'ပြည်တွင်းကိုယ်ပိုင်ပြဋ္ဌာန်းခွင့်' (Internal self-determination) နှင့် 'ပြည်ပကိုယ်ပိုင်ပြဋ္ဌာန်းခွင့်' (External self-determination) ဟူ၍ ခွဲခြားဖော်ပြလာသည်။

Encyclopedia Princetoniensis ၏ ဖွင့်ဆိုချက်အရ 'ဖက်ဒရယ်ပြည်ထောင်စုအတွင်းရှိပြည်နယ်တစ်ခုအတွင်း မှီတင်းနေထိုင်ကြသော လူများ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်' သဘောကို 'ပြည်တွင်းကိုယ်ပိုင်ပြဋ္ဌာန်းခွင့်' ဟု နားလည်ရပါသည်။ 'ကိုယ်ပိုင်လွတ်လပ်သော နိုင်ငံတစ်ခုထူထောင်ရေးအပါအဝင် တိုင်းတစ်ပါးအုပ်စိုးမှုမှ လွတ်မြောက်ရေး' ကို 'ပြည်ပ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်' ဟု သဘောပေါက်လိုက်ပါသည်။ မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးစု လက်နက်ကိုင်အင်အားစုများ ခေတ်အဆက်ဆက် တောင်းဆိုနေကြသည်မှာ 'ပြည်တွင်းကိုယ်ပိုင်ပြဋ္ဌာန်းခွင့်' သာ ဖြစ်ပါသည်။

## 'စကားလုံး' နှင့် 'မူ'

ပြီးခဲ့သည့် ၂၁ ရာစုပင်လုံ ဒုတိယအစည်းအဝေးတွင် ဆိုခဲ့ပါ 'ခွဲထွက်ခွင့်' နှင့် 'ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်' တို့ကို 'အစုံလိုက် အဆိုပြုလက်ခံရသော ကမ်းလှမ်းချက်' (Package deal) အဖြစ် ချိတ်ဆက်ထားသည် ဟုသိရသည်။ ဆိုလိုသည်မှာ 'နိုင်ငံတော်၏ နယ်မြေအပိုင်းအခြားဟူသမျှသည် နိုင်ငံတော်မှ မည်သည့်အခါမှ ခွဲမထွက်ရ' ဆိုသော အဆိုပြုလွှာကို ဖြုတ်ပယ်မည်ဆိုလျှင် 'ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်' ခေါင်းစဉ်ပါ အဆိုပြုလွှာငါးချက်လုံးကိုပါ ဖြုတ်ပယ်ရမည့်သဘောဖြစ်သည်။ ဆိုခဲ့ပါ အဆက်အစပ်ကို မေလ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ကျင်းပခဲ့သော UPDJC အစည်းအဝေးတွင် ဆက်လက်ဆွေးနွေးခဲ့ကြပါသည်။

အစိုးရအစုဖွဲ့ (အစိုးရ၊ လွှတ်တော်နှင့် တပ်မတော်) က 'ခွဲမထွက်ရေးကို အာမခံစေပြီး ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ယူပါ' ဆိုသော အပေးအယူဖြင့် ပြဿနာကိုချဉ်းကပ်သည်။ တိုင်းရင်းသားလက်နက်ကိုင်အစုအဖွဲ့ကမူ 'တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိနေသမျှ ခွဲမထွက်ပါ' ဆိုသော ခြွင်းချက်ဖြင့် ချဉ်းကပ်သည်။ နောက်ဆုံး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က အဆိုပါ Package deal တစ်ခုလုံး နောက်တစ်ကြိမ်ညီလာခံမှ ဆက်လက်ဆွေးနွေးရန် ဆုံးဖြတ်လိုက်ရသည်။ နှစ်ဖက်သံသယများ၏ အကျိုးဆက်ကြောင့် အရေးအကြီးဆုံး အခြေခံမူဖြစ်သည့် 'ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်' ကို လတ်တလော စွန့်လွှတ်လိုက်ရသည့် သဘောဟု နားလည်ရပါသည်။

စာရေးသူအနေနှင့် 'နိုင်ငံတော်မှ မည်သည့်အခါမှ ခွဲမထွက်ရ' ဆိုသော အဆိုပြုလွှာကို ခံတွင်းမတွေ့နိုင်ကြသည့် တိုင်းရင်းသားများ၏ စိတ်ခံစားမှုကို အပြည့်အဝနားလည်နိုင်ပါသည်။ သို့တိုင် ဤကိစ္စမှာ စကားလုံးပြဿနာမျှသာဖြစ်သည်။ စကားလုံးထက် ပို၍အရေးကြီးသည်မှာ 'မူ' ပိုင်းဆိုင်ရာဖြစ်သည်။ 'ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်' ခေါင်းစဉ်ပါ အချက်ငါးချက်လုံးမဆိုနှင့် နံပါတ် (၃) အချက်မျှနှင့်ပင် ထိုက်ထိုက်တန်တန် ရရှိနေပြီဟုဆိုနိုင်သည်။ အဆိုပါ နံပါတ် (၃) အချက်ကို စာဖတ်သူများ 'ဆဝါး' နိုင်ရန် မူရင်းအတိုင်း ဖော်ပြလိုက်ပါသည်။ ယခုလို... 'တိုင်းဒေသကြီး / ပြည်နယ်များသည် တိုင်းရင်းသားလူမျိုးများ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်း စသည့်ကဏ္ဍအသီးသီးတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးကို အာမခံချက်ရှိစေရမည်။'

ဤအဆိုပြုလွှာအရဆိုလျှင် နိုင်ငံရေး ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တွင် ခွဲထွက်ရေးမပါသည့်တိုင် 'ကိုယ်ပိုင်အုပ်ချုပ်ခွင့်' (Autonomy) ကို အသေအချာရရှိတော့မည်ဖြစ်သည်။ ဒါဆိုလျှင် ၂၀၀၈ အခြေခံဥပဒေပါ ပုဒ်မ ၂၆၁ ကို ပြင်ဆင်ဖို့ လမ်းစပေါ်လာနိုင်သည်။ (ပုဒ်မ ၂၆၁ မှာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်ကို နိုင်ငံတော်သမ္မတက ခန့်အပ်ရမည်ဆိုသော ပုဒ်မဖြစ်သည်။) စီးပွားရေးကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရပြီဆိုလျှင် 'သယံဇာတခွဲဝေရေး' (Resource Sharing) အတွက်လည်း လမ်းပွင့်လာနိုင်သည်။ အလားတူ လူမှုရေး၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း စသည်တို့နှင့် ပတ်သက်လျှင်လည်း ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အရ အကောင်းဆုံးပုံဖော်နိုင်ပြီဖြစ်ပါလိမ့်မည်။

ပြောရလျှင် ဆိုခဲ့ပါ 'အထွေထွေကိုယ်ပိုင်ပြဋ္ဌာန်းခွင့်' မှာ ဖဆပလ၊ ပထစ၊ တော်လှန်ရေးကောင်စီ၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၊ တပ်မတော်အစိုးရနှင့် ယခင် ဦးသိန်းစိန်အစိုးရ၊ အစိုးရအဆက်ဆက်ဘယ်တုန်းကမှ မရခဲ့ဖူးပါ။ အစိုးရအဆက်ဆက်ကို လက်နက်ကိုင်ပုန်ကန်ခဲ့သော အရှေ့မြောက်ပိုင်း ဗကပသည်ပင် ဤအခွင့်အရေးမျိုးပေးခဲ့သည်မဟုတ်ပါ။ (အရှေ့မြောက်ဗကပက ကိုယ်ပိုင်အုပ်ချုပ်ခွင့်သာ ပေးပါသည်။) ထို့ထက် တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများ ခေတ်အဆက်ဆက် တောင်းဆိုတိုက်ပွဲဝင်ခဲ့သည်မှာလည်း အဆိုပါ 'ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်' အတွက် မဟုတ်ပါသလော ...။ ဤမျှအရေးကြီးသော 'အခြေခံမူကြီး' ကို စကားလုံးမှပေးသော စိတ်ခံစားမှုကြောင့် စွန့်လွှတ်လိုက်ရသည်မှာ နှမြောဖို့ကောင်းလှသည်ဟု ထင်သည်။ 'မူ' ကို အမိအရဆုပ်ကိုင်ကာ 'စကားလုံး' ကို ယာယီစွန့်လွှတ်ပြီး နောင်သံသယကင်းစင်မှ ပြန်ပြင်လျှင်လည်း 'နောက်မကျသေး' ဟု ယူဆပါသည်။ သို့အတွက် ဆိုခဲ့ပါ 'Package deal' ကိုပြန်လည်ဆင်ခြင်သုံးသပ်စေလိုကြောင်း တိုင်းရင်းသားညီနောင်များကို မေတ္တာရပ်ခံပန်ကြားအပ်ပါသည်။ ■

ကျော်ဝင်း
၆ ဇွန်၊ ၂၀၁၇

ကျေးဇူးစကား - ဤဆောင်းပါးအတွက် ဥပဒေဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောပြပေးသော ဒေါက်တာ ဆလိုင်း ငွန်ကျူးလျန်ကို အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

# အုပ်ချုပ်ရေး ဥပဒေကြမ်းဆိုင်ရာ အဆို

**မောင်သိန်းညွန့်(ကော့ကရိတ်)**



၈-၅-၂၀၁၇ ရက်နေ့ထုတ် The Voice Daily သတင်းစာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဥပဒေကြမ်း ဆွေးနွေးအတည်ပြုရန် ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လိုက်သောသတင်းကို ဖတ်ရသည့်အခါ ပထမအကြိမ် ပြည်သူ့လွှတ်တော်သက်တမ်းအတွင်း၌ ၂၀၁၃ ခုနှစ် ဇွန်လ ၅ ရက်နေ့က ပေးပို့ခဲ့သော ကျွန်တော့်အဆိုကို ပြန်လည်ဖော်ပြလိုပါသည်။ အဆိုမှာ -

"၂၆-၁၂-၂၀၁၂ နေ့တွင် နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်က စီမံအုပ်ချုပ်ရေးစနစ်ကောင်းမွန်အောင် ပြုပြင်ပြောင်းလဲရာတွင် ပြည်သူ့ဗဟိုပြု ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာနှင့်အညီ ပြည်သူ့ဝန်ကိုဆောင်သော ပြည်သူ့ဝန်ထမ်းများဖြစ်အောင် ရပ်/ကျေး အုပ်ချုပ်ရေးပိုင်းမှ ပြည်ထောင်စုအဆင့်အထိ ပုဂ္ဂိုလ်ရေးပိုင်းဆိုင်ရာ အတွေးအမြင်၊ အမူအကျင့်၊ လုပ်ပုံလုပ်နည်းများ ပြောင်းလဲခြင်း၊ လုပ်ဆောင်ရမည်ဖြစ်သကဲ့သို့ အစိုးရအဖွဲ့အစည်းယန္တရား၏ ဖွဲ့စည်းတည်ဆောက်ပုံ ပြောင်းလဲခြင်းကိုလည်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း မိန့်ကြားခဲ့ပြီးဖြစ်ပါသည်။ **ယနေ့ကာလတွင် ပြည်ထောင်စုလွှတ်တော်က ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးဥပဒေ ပြဋ္ဌာန်းခဲ့ပြီးဖြစ်သော်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အုပ်ချုပ်ရေးအဆင့်၊ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့် အုပ်ချုပ်ရေးကို အုပ်ချုပ်ရေးဥပဒေပြဋ္ဌာန်းခြင်းမရှိသေးဘဲ တာဝန်ပေးဆောင်ရွက်စေခြင်းသည် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနှင့် ဆီလျော်ခြင်းမရှိပါ။ သို့ဖြစ်ပါ၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အုပ်ချုပ်ရေးအဆင့်၊ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့် သက်ဆိုင်ရာအုပ်ချုပ်ရေးဥပဒေမူကြမ်း တစ်ရပ်ရေးဆွဲရန် ပြည်ထောင်စုအစိုးရအား ဤလွှတ်တော်မှ တိုက်တွန်းကြောင်း။"**

ကျွန်တော့်အတွေ့အကြုံအရ ဥပဒေကြမ်းတစ်ရပ်ကို ပုံဖော်ထုဆစ်ရာတွင် အချက်အလက်တိကျရန်အတွက် မေးခွန်းမေးပြီးမှ ဥပဒေကြမ်းတင်ခဲ့ရသည်လည်းရှိပါသည်။ ထို့အတူ အဆိုတင်ခြင်းအားဖြင့်လည်း ဥပဒေကြမ်းတစ်ရပ် တင်ပြလာစေရန် တွန်းအားပေးရခြင်းလည်း ရှိပါသည်။ နိုင်ငံအတွက် လွန်စွာလိုအပ်သော ဥပဒေကြမ်းတစ်ရပ်ကို သက်ဆိုင်ရာ အစိုးရအဖွဲ့နှင့် ပြည်ထောင်စုအဆင့်မှ တင်ပြလာရန် အခြေအနေမရှိသည့်အခါတွင်မူ သက်ဆိုင်ရာလွှတ်တော်ဥပဒေနှင့်အညီ မိမိဘာသာရေးဆွဲသော ဥပဒေကြမ်းကို တင်ပြရသည်လည်း ရှိပါသည်။ ဥပဒေကြမ်းတစ်ရပ်ကို ကိုယ်တိုင်ရေးဆွဲသည့်အခါ၌ မူပိုင်းဆိုင်ရာအချက်အလက်များ ပြည့်စုံစွာပါရှိရေး၊ အများပြည်သူ ဖတ်ရှုနားလည်စေရန် ရှင်းလင်းတိကျစွာ ဖွင့်ဆိုရသောကြောင့် အချိန်လွန်စွာပေးရပါသည်။

မည်သို့ပင်ဖြစ်စေ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်သော ဥပဒေကြမ်းတစ်ရပ်ဖြစ်လာရန် ဥပဒေကိုပယ်ဖျက်ခြင်း၊ ဥပဒေကို ပြင်ဆင်ခြင်း၊ ဥပဒေအသစ် ရေးဆွဲခြင်း စသည့် ဥပဒေကြမ်းများရေးဆွဲရာ၌ အထူးဂရုစိုက်ရပါသည်။ ထို့ပြင် မြန်မာနိုင်ငံတည်ဆဲဥပဒေများနှင့် ညီညွတ်ရန်လိုသကဲ့သို့ အတည်ပြုလက်မှတ်ရေးထိုးထားသော အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ စာချုပ်များနှင့် မဆန့်ကျင်ရပါ။ ဥပဒေရေးထုံးရေးနည်း မှန်ကန်ခြင်းဖြစ်ရန်လည်း လိုအပ်ပါသည်။

သို့ကလို အကန့်အသတ်များကြောင့် လက်ရှိပြဿနာများကို ဖြေရှင်းဆောင်ရွက်ရန်အတွက် လိုအပ်လျှင် အဆိုတင်ပြီး ဥပဒေကြမ်းရေးဆွဲရန် လုပ်ပိုင်ခွင့်အာဏာရှိသော ပြည်ထောင်စုအစိုးရအား တိုက်တွန်းခြင်းပြုနိုင်ရန် ပထမအကြိမ် ပြည်သူ့လွှတ်တော်သတ္တမပုံမှန်အစည်းအဝေး (၁၉-၈-၂၀၁၃ ရက်နေ့) တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အုပ်ချုပ်ရေးအဆင့်၊ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့် သက်ဆိုင်ရာအုပ်ချုပ်ရေးဥပဒေမူကြမ်းတစ်ရပ် ရေးဆွဲရန် ကျိုးကြောင်းဖော်ပြချက်ဖြင့် ကျွန်တော်အဆိုတင်ခဲ့ပါသည်။ ကျိုးကြောင်းဖော်ပြချက်များအတွက် တစ်စိတ်တစ်ဒေသကို အောက်ပါအတိုင်း ကောက်နုတ်ဖော်ပြလိုပါသည်။

"လေးစားရသော ဥက္ကဋ္ဌကြီးခင်ဗျား၊ အခြေခံဥပဒေပုဒ်မ ၂၈၈ မှာ ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးကို နိုင်ငံ့ဝန်ထမ်းများ တာဝန်ပေးဆောင်ရွက်ရမည်လို့ ပြဋ္ဌာန်းထားပါတယ်။ သို့သော် တပ်မတော်သားဆိုရင် တပ်မတော်သားအက်ဥပဒေတွေရှိပါတယ်။ ရဲများနှင့် ပတ်သက်လို့ရှိရင်လည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ စည်းကမ်းထိန်းသိမ်းရေးအက်ဥပဒေရှိပါတယ်။ အခု ဒီဝန်ထမ်းတွေနဲ့ ပတ်သက်ပြီး ခရိုင်အုပ်ချုပ်ရေး၊ မြို့နယ်အုပ်ချုပ်ရေးမှာ အခု ဒီပုဒ်မ ၂၈၈ အရ အုပ်ချုပ်ရေးကို ဝန်ထမ်းတွေနဲ့ဆောင်ရွက်မယ်လို့ ပြဋ္ဌာန်းထားတဲ့အခါမှာ မည်သည့်ဌာန၊ မည်သည့်ဝန်ထမ်းကို ဘယ်လိုတာဝန်ပေးထားတယ်ဆိုတဲ့ တိကျတဲ့ဥပဒေတစ်ရပ် ပြဋ္ဌာန်းထားခြင်းမရှိပါဘူး။ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့အုပ်ချုပ်ရေးသမိုင်းကို ပြန်လှေ့လာကြည့်ရင် ကိုလိုနီခေတ်မှာ ဒီမိုကရေစီအုပ်ချုပ်ရေးယန္တရားနဲ့ နိုင်ငံတော်ကို အုပ်ချုပ်ခဲ့ပါတယ်။ ဒီအတိုင်းပဲ လွတ်လပ်ရေးရပြီး ၁၉၄၈ ခုနှစ်ကနေ ၁၉၇၂ ခုနှစ်အထိကလည်း ဗျူရိုကရေစီအုပ်ချုပ်ရေးနဲ့ပဲ ကျွန်တော်တို့တိုင်းပြည်ကို အုပ်ချုပ်ခဲ့ပါတယ်။ အဲဒီဗျူရိုကရေစီအုပ်ချုပ်ရေးဆိုတဲ့ ဝန်ထမ်းတစ်ဦးချင်းကို အာဏာအပ်နှင်းခဲ့တဲ့ အုပ်ချုပ်ရေးမှာ ကျွန်တော်တို့သမိုင်းသင်ခန်းစာတွေ ရှိပါတယ်။ တစ်ချိန်တုန်းက နယ်ချဲ့ဖက်ဆစ်ဆန့်ကျင်ရေး၊ တော်လှန်ရေးတွေလုပ်ပြီးတော့ မြန်မာနိုင်ငံလွတ်လပ်ရေးကို ရယူပေးခဲ့တဲ့ တော်လှန်ရေးသမားတွေ သည်ပင်လျှင် နောင်အစိုးရအဖွဲ့ဝန်ကြီးဖြစ်လာတဲ့အခါကတော့ သူတို့ရဲ့ မူဝါဒတွေကို ဟိုခေတ်က ရေးထားတဲ့အတိုင်းပြောရရင် အင်ဂျင်လည်းပျက်၊ တာယာလည်း မကောင်းတဲ့ ဗျူရိုကရေစီအုပ်ချုပ်ရေးယန္တရားနဲ့ မောင်းနှင်လိုက်တဲ့အခါကျတော့ မူလမျှော်မှန်းချက်တွေကနေ လွဲချော်သွားခဲ့ပါတယ်။ အဲဒီအပြင် အဲဒီဝန်ကြီးတွေက တော်လှန်ရေးသမားဘဝကနေ ဒီအတွင်းဝန်တို့၊ တိုင်းမင်းကြီးတို့၊ ခရိုင်ဝန်တို့၊ နယ်ပိုင်တို့၊ မြို့အုပ်တို့ကနေ ဖျက်ဆီးလိုက်တဲ့အတွက် နိုင်ငံရေးသမားအသွင်ပျောက်ပြီးတော့ ကိုယ်ကျိုးရှာပြီးတော့ လူထုနှင့် ကင်းကွာခဲ့တဲ့အချိန်လည်း ကျွန်တော်တို့သမိုင်းမှာ သင်ခန်းစာရှိပါတယ်။

လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ဘာပြောပြော ဖြစ်ရပ်တစ်ခုကို အမှန်အတိုင်းတင်ပြရရင် တစ်ပါတီစနစ်နဲ့ အုပ်ချုပ်ခဲ့တဲ့ လမ်းစဉ်ပါတီခေတ်မှာပင် ယနေ့အထိ သာဓကယူခဲ့ဖို့ကောင်းသည့် အချက်ကတော့ ပြည်သူ့ကောင်စီဥပဒေဆိုပြီးတော့ ပြဋ္ဌာန်းခဲ့ပါတယ်။ တိုင်းအုပ်ချုပ်ရေး၊ မြို့နယ်အုပ်ချုပ်ရေးတို့မှာ လုပ်ပိုင်ခွင့်တွေရှိတယ်။ တာဝန်တွေရှိတယ်ဆိုတာကို ဥပဒေနှင့်ပြဋ္ဌာန်းပြီး မောင်းနှင်ခဲ့တဲ့အတွက် ဘာပြောပြောပေါ့။ မူကောင်းပြီးတော့ လူမကောင်းခဲ့လို့ တချို့တိုင်းပြည်မှာ ဖြစ်ခဲ့ရတယ်ဆိုတဲ့ဟာက ဒီနေ့အထိ ကျွန်တော်တို့ မေ့လို့မရတဲ့ အချက်ပါ။ အဲဒီတော့ ဒီအုပ်ချုပ်ရေးအာဏာပိုင်တွေကို အခု ကျွန်တော်တို့ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးကို ဥပဒေနှင့် အတိအကျ ပြဋ္ဌာန်းထားပါတယ်။ ဘယ်လိုအရည်အချင်းရှိတဲ့သူတွေကို ရွေးမလဲ။ သူတို့လိုက်နာရမယ့် ကျင့်ဝတ်တွေက ဘာရှိသလဲ။ လုပ်ရမယ့်လုပ်ငန်းတာဝန်တွေက ဘာ။ အဲဒီလိုအတိအကျပြဋ္ဌာန်းထားတဲ့အတွက် ပေါ်ပေါက်နေတဲ့ ပြဿနာတွေကို ကိုင်တွယ်တဲ့အခါမှာ ဥပဒေနဲ့ ထိန်းကျောင်းပေးလို့ ရပါတယ်။ အခု ခရိုင်/မြို့နယ်/တိုင်းဒေသကြီး/ပြည်နယ်အုပ်ချုပ်ရေးမှူးတွေနဲ့ ပတ်သက်လို့ရှိရင် ဥပဒေမရှိဘဲ ဒီတာဝန်တွေ ပေးခဲ့တဲ့အတွက် ကျွန်တော်တို့ ကိုင်တွယ်ရမယ့်ကိစ္စတွေမှာ အများကြီး အခုပဲ အခက်အခဲတွေ့နေပါတယ်။" × × ×

ကျွန်တော့်တင်ပြချက်အပေါ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက × × × "ဒီနေ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၈၈ အရ နိုင်ငံ့ဝန်ထမ်းများကို အုပ်ချုပ်ရေးအာဏာပေးနိုင်တယ်။ မြို့နယ်နဲ့ ခရိုင်ကို ဒီလိုဖွဲ့စည်းပုံအခြေခံဥပဒေ ၂၈၈ မှာ ဒီလိုပဲဖော်ပြထားပါတယ်။ ဒါကြောင့်မို့လို့ အဲဒီနေရာမှာ ဘယ်သူ့ကို တာဝန်ပေးရမယ်ဆိုတာ တိတိကျကျလိုကြောင်း အဆိုရှင်က ဒီလိုတင်ပြသွားတာရှိပါတယ်။ ဒီအပေါ်မူတည်ပြီးတော့လည်း ပြည်ထဲရေးဒုတိယဝန်ကြီးက စကားရပ်များ အစားထိုးခြင်းဥပဒေနဲ့ ဘယ်လိုပြင်ထားပါတယ်။ ဒီထဲမှာ အကျုံးဝင်တယ်ဆိုတဲ့ သဘောပါပါတယ်။ ဒါကြောင့်မို့လို့ အဲဒီလို ပါ/မပါဆိုတာလည်း ကျွန်တော်တို့ လေ့လာသုံးသပ်ဖို့ လိုပါတယ်" × × ×

× × × **"ခုနက ဦးသိန်းညွန့်က တင်ပြတဲ့နေရာမှာ သူ့ရဲ့အဆိုကို မှတ်တမ်းတင်ထားရှိပါ။ ဒါလည်း မှတ်တမ်းတင်ထားရှိနိုင်ပါတယ်။ မှတ်တမ်းတင်ထားရှိရုံနဲ့ လုံလောက်မလားဆိုတဲ့အခါမှာ ကျွန်တော်တို့လွှတ်တော်ဘက်က ဒီဥပဒေကို ပြန်လေ့လာသုံးသပ်ပြီးတဲ့အခါမှာ ဘယ်ဟာက ပယ်စရာရှိလဲ။ ဘယ်ဟာ ပြင်စရာရှိလဲ။ ဘယ်ဟာ အစားထိုးစရာရှိတာလဲ အဲဒီလို စိစစ်ဆောင်ရွက်နိုင်မှသာ ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်များရဲ့တာဝန်ကျေမှာဖြစ်ပါတယ်။** အဲဒီလို ဆောင်ရွက်တဲ့အခါမှာလည်း မိမိတို့ပြင်ချင်တိုင်းပြင်၊ လုပ်ချင်တိုင်းလုပ်ဖို့မဟုတ်ဘဲနဲ့ သက်ဆိုင်ရာတာဝန်ယူ၊ တာဝန်ခံမည့်အဖွဲ့အစည်းများနဲ့ ဝိုင်းဝန်းညှိနှိုင်းပြီး ဆုံးဖြတ်မယ်ဆိုလို့ရှိရင် ဒီနေ့ ကျွန်တော်တို့ကျင့်သုံးနေတဲ့ ဒီမိုကရေစီစနစ်ကိုလည်း မှန်မှန်ကန်ကန် ကျင့်သုံးဆောင်ရွက်သွားမှာဖြစ်သလို တစ်ဖက်ကလည်း အပြန်အလှန် လေးလေးစားစားနဲ့ Check and Balance လုပ်နိုင်မယ့် အခွင့်အရေးလည်း ရှိပါတယ်။" × × ×

ကျွန်တော့်ရပ်တည်ချက်မှာ အုပ်ချုပ်ရေးယန္တရားကို ဥပဒေနှင့်အညီ ပုံမှန်လည်ပတ်နိုင်ရေးအတွက် နိုင်ငံ့ဝန်ထမ်းများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းသည် ကာလတစ်ခုအတွက် လိုအပ်ချက်သာ ဖြစ်သင့်ပါသည်။ ဒီမိုကရေစီစံနှုန်းကို မြှင့်တင်ရေးကို အလုပ်နှင့်သက်သေထူလိုက လွှတ်တော်တွင် ကျွန်တော်တင်ပြခဲ့သော အောက်ပါအချက်ကို ပြန်လည်သုံးသပ်တင်ပြသင့်ပါသည်။

**"ဒီနေ့ ကျွန်တော်တို့ရှေ့နေ ဒီမိုကရေစီစနစ်ကို သွားမယ်ဆိုလို့ရှိရင် ပြည်သူတွေကို တာဝန်ခံတဲ့ ပြည်သူတွေက ရွေးချယ်တင်မြှောက်တဲ့ ဒါ အမြင့်ဆုံးမျှော်မှန်းရမှာပါပဲ။ ဒီအထိ ကျွန်တော်တို့ သွားရမှာပါ။"**

ချုပ်၍တင်ပြရလျှင် ရပ်ကွက်၊ မြို့နယ်၊ ခရိုင်၊ အုပ်ချုပ်ရေးသည် ဒီမိုကရေစီခေတ်ကို ဖြတ်သန်းရာ၌ နိုင်ငံရေးလေ့ကျင့်ကွင်း ဖြစ်ပါသည်။ ဒီမိုကရေစီသင်တန်းကျောင်းလည်း ဖြစ်ပါသည်ဟု ရေးသားကြသော ပညာရှင်များ၏ အယူအဆကို ကျွန်တော်သဘောတူပါသည်။ **သို့ဖြစ်၍ ခရိုင်အဆင့်၊ မြို့နယ်အဆင့်၊ အုပ်ချုပ်ရေးမှူးများကို သက်ဆိုင်ရာ ပြည်သူလူထု ရွေးကောက်တင်မြှောက်သော ဥပဒေကြမ်းပေါ်ထွန်းရေး** နှင့် ယင်းဥပဒေကြမ်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်နှင့်လည်း ညီညွတ်စေရန် လိုအပ်ကြောင်း တင်ပြပါသည်။ ■

**မောင်သိန်းညွန့်(ကော့ကရိတ်)**

**သတင်းကိစ္စ ဆက်သွယ်လိုပါက...**

ဖုန်း - ၂၄ ၂၄ ၂၄၊ ၃၈၉ ၂၀၆၊
၃၈၉ ၂၀၇၊ ၀၉ ၆၇၇ ၂၀၄ ၂၄၈

# Editorial

## လေယာဉ်ပျံ ပျံတက်လိုလျှင်

မြန်မာ့စီးပွားရေးဟူသော လေယာဉ်တကယ်ပျံတက်၊ မတက် ဆွေးနွေးငြင်းခုန်မှုများ ယခုတစ်ပတ်အတွင်း မူဝါဒအဝန်းအဝိုင်း၊ ပညာရှင်အဝန်းအဝိုင်းတွင်သာမက တစ်နိုင်ငံလုံး ဆူညံသွားသည်။ စီးပွားရေးဟူသော လေယာဉ်ပျံအတက်ကို မြန်မာတစ်နိုင်ငံလုံး မျှော်လင့်နေသော်လည်း တကယ်လက်တွေ့ ပျံတက်နိုင်ရန်မှူ ယခုထက်ပိုပြီး ကြိုးစားအားထုတ်ရဦးမည်၊ အချိန်ယူရဦးမည်။

တရားဝင် ကိန်းဂဏန်းအချက်အလက်များအရ မြန်မာ့စီးပွားရေးသည် မဆိုးလှဟု ပြောနိုင်သော်လည်း ပြည်သူလူထု၏ အမြင်တွင်မူ စီးပွားရေးသည် မကျေလျှင်ပင် တုံ့နှေးနေရာ ယင်းအမြင်ကို ပြောင်းနိုင်မှသာ မြန်မာ့စီးပွားရေး ဦးမော့မည်ဖြစ်သည်။ Perception is Reality 'အမြင်သည် အမှန်တရား' သဘောတရားသည် နယ်ပယ်များစွာတွင် မှန်ကန်သကဲ့သို့ စီးပွားရေးနယ်ပယ်တွင်လည်း မှန်ကန်သည်သာ။ စီးပွားရေးလုပ်ငန်းရှင် အကြီးအငယ်အရွယ်အလတ်တို့ကိုလည်းကောင်း၊ သာမန် လက်လုပ်လက်စားတို့ကိုလည်းကောင်း မေးမြန်းကြည့်လျှင် အများအားဖြင့် စီးပွားရေးကို အားမရကြ။ နိုင်ငံ့အထွတ်အထိပ် ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်လည်း စီးပွားရေးပိုင်းတွင် မှန်းထားသလောက် မတိုးတက်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ရာ အထူးတလည် အငြင်းပွားစရာမလိုပေ။ လက်တွေ့တွင်လည်း မြန်မာ့စီးပွားရေးတွင် ဖြေရှင်းစရာ အခက်အခဲများစွာ ရှိနေသေးသည်။

တစ်ဖက်တွင် စိတ်အားတက်စရာ ရှိသည်။ အကြောင်းမှာ နိုင်ငံတွင် စီးပွားရေးပိုင်းသည် အထူးကုစားရန်လိုနေသောအပိုင်းဟု မူဝါဒချမှတ်သူများ ကိုယ်တိုင်က ယခင်ကထက် သဘောပေါက်လာပြီဖြစ်သောကြောင့်။ အစိုးရတက်စကမူ စီးပွားရေးသည် ထိပ်တန်းဦးစားပေးနေရာတွင် မရှိခဲ့သည့်အတွက် ဒုတိယနှစ်တွင် စီးပွားရေးကို အာရုံစိုက်လာခြင်းမှာ တိုးတက်မှုဖြစ်သည်။

အစိုးရ၏ ဈေးကွက်စီးပွားရေးပေါ် သဘောထားကို အနည်းဆုံး ဝန်ကြီးဌာနများအဆင့်တွင် သိသာအောင် ရှင်းလင်းရန်သည် ဦးစားပေးဖြစ်သင့်သည်။ ဈေးကွက်သဘောအတိုင်းသာဟု မြင်သော မူဝါဒချမှတ်သူများရှိသကဲ့သို့ ယင်းတို့ထဲတွင်ပင် ဈေးကွက်အတိုင်းပစ်ထားပြီး ဘာမျှမလုပ်ဘဲ ထိုင်ကြည့်နေရမည်ဟု သဘောပေါက်သူများထိ ရှိသည်။ တစ်ချိန်တည်းတွင် အလုပ်မှန်သမျှ အစိုးရက လုပ်သင့်သည်ဟု နားလည်သူများလည်း မူဝါဒချမှတ်သူအဝန်းအဝိုင်းတွင် ရှိနေရာ အစိုးရတစ်ခုတည်းတွင်ပင် ဖြောင့်ဖြောင့်ကြီးဆန့်ကျင်သော အယူအဆများ ရှိနေခြင်းဖြစ်သည်။

စီးပွားရေးဆိုင်ရာ ထိပ်ဆုံးမူဝါဒချမှတ်သူများ၏ ဝန်ထုပ်ဝန်ပိုးများကို လျှော့ပစ်ရန်သည်လည်း အရေးကြီးသည်။ အစိုးရသည် ကိုယ်တိုင်ဝင်လုပ်ရန်ထက် ဒိုင်လူကြီးနေရာတွင်သာ အသင့်တော်ဆုံး။

အစိုးရယန္တရား၏ စွမ်းဆောင်ရည်ကိုမြှင့်တင်ရန်သည် ရိုးအီနေပြီဖြစ်သော်လည်း ပြောကိုပြောရမည့်အချက်ဖြစ်သည်။ အစိုးရလုပ်သက်တစ်နှစ်ကျော်ပြီဖြစ်ရာ အစိုးရယန္တရား၏ အားသာချက်များ၊ အားနည်းချက်များကို ထိပ်ဆုံးမူဝါဒချမှတ်သူများ ယခင်ကထက် နားလည်သဘောပေါက်ပြီဖြစ်သည်။ မြင်လျှင်မြင်သည့်အတိုင်း အစိုးရယန္တရားကို ရဲရဲဝံ့ဝံ့ ပြင်ဆင်နိုင်မှသာ နိုင်ငံ့စီးပွားရေးအင်ဂျင်ကို နှိုးနိုင်မည်။

အခြေခံအဆောက်အဦဖြစ်သော ရေ၊ လျှပ်စစ်မီး၊ လမ်း၊ အင်တာနက်တို့ ဖွံ့ဖြိုးတိုးတက်ရန်မှာမူ 'မပြောမပြီး၊ မတီးမမြည်' ဖြစ်သည်။ 'မြေ' ကဲ့သို့ နိုင်ငံက ပိုင်ဆိုင်ထားသော ကုန်လုပ်စွမ်းအားစုများကို အစွမ်းကုန်အသုံးချနိုင်ရန် အဓိကကျသည်။ ယင်းကုန်လုပ်စွမ်းအားစုတို့၏ ကုန်ထုတ်စွမ်းအား Productivity တိုးတက်စေရန် ဆိုင်ရာမူဝါဒများကို မြန်မြန်ဆန်ဆန် အကောင်အထည်ဖော်သင့်သည်။

မြန်မာ့စီးပွားရေး မည်သည့်အချိန်တွင် ပျံတက်မည်ကို The Voice Weekly က မခန့်မှန်းနိုင်သော်လည်း အမြန်ဆုံးပျံတက်စေချင်သည်။ ■

**အယ်ဒီတာ**

**၇.၆.၂၀၁၇**

စာမျက်နှာ ၁၆ | ဒေဝါကြီး လာပြီ၊ သတိထားပါ မှအဆက် ...

ခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ တစ်ခါတစ်ရံ မိုးသီးကြွေကျခြင်းတို့ဖြစ်ပေါ်နိုင်ကြောင်း ဒေါက်တာ ကျော်မိုးဦးက ဆိုသည်။

ယခင်မိုးရာသီတွင် မိုး ၁၀ ရက် ရွာသွန်းပါက မိုးရေချိန် ၃၀၀ မီလီမီတာ ရရှိသည်။ လက်ရှိအချိန်တွင်မူ မိုးတစ်ရက်၊ နှစ်ရက်ရွာပါက မိုးရေချိန် ၃၀၀ မီလီမီတာ အထိရောက်ရှိနေကြောင်း ၎င်းကဆိုသည်။

ယင်းကြောင့် မုတ်သုံကာလ မိုးရာသီအတွင်း မိုးရွာသွန်းမှုများနိုင်ပြီး ရေကြီး၊ ရေလျှံမှုမျာဖြစ်ပေါ်လာနိုင်၍ သတိထားရန်လိုအပ်ကြောင်း ၎င်းက သတိပေးပြောကြားသည်။

မြန်မာနိုင်ငံ အလယ်ပိုင်းဒေသအတွင်း မိုးရွာသွန်းမှုပုံစံ မမှန်မှုများကြောင့် မိုးရေမရရှိ၍ အပင်များဆုံးရှုံးကာ ပြန်စိုက်ရသည့် အခြေအနေမျိုးဖြစ်နိုင်ကြောင်း ၎င်းကဆိုသည်။

ကမ်းရိုးတန်းဒေသများနှင့် ရှမ်းကုန်းပြင်မြင့်ဒေသများတွင် ပုံမှန်ထက် မိုးပိုမိုရွာသွန်းနိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံ အထက်ပိုင်းဒေသများတွင် ပုံမှန်ထက် ပိုလျော့မည်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနထံမှ သိရသည်။

ဘင်္ဂလားပင်လယ်အော်တွင်ဖြစ်ပေါ်လာနိုင်သည့် မုန်တိုင်းများထဲမှ အချို့သည်သာ မြန်မာနိုင်ငံကို ဝင်ရောက်နိုင်သည်။ ဘင်္ဂလားပင်လယ်အော်တွင် မုန်တိုင်းဖြစ်ပေါ်မှု ၁၀၀ ရာခိုင်နှုန်းတွင် မြန်မာနိုင်ငံသို့ ဝင်ရောက်နိုင်ခြေမှာ ၁၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းခန့်ဖြစ်ပေါ်နိုင်ကြောင်း ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ကျော်မိုးဦးက ဆိုသည်။

မြန်မာနိုင်ငံ၏ မိုးလေဝသ အခြေအနေနှင့် မုတ်သုံရာသီဝင်ရောက်နိုင်မှုကို လေ့လာရာ ၁၉၇၇ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိမှတ်တမ်းတွင် ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်သည့်မုန်တိုင်း ၁၃၁၀ လုံးတွင် မြန်မာကမ်းလွန်ပင်လယ်ပြင်သို့ ၈၅ လုံးခန့်ဝင်ရောက်ကြောင်း မိုးလေဝသနှင့်ဇလဗေဒပညာရှင် ဒေါက်တာထွန်းလွင်က ဆိုထားသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်ဆယ့်နှစ်ခုတွင် ၂၀၁၅ ခုနှစ်ကရေကြီး၊ ရေလျှံမှုများဖြစ်ပေါ်မှုကြောင့် လူသေဆုံးကာ အဆောက်အအုံများ ပျက်စီးခဲ့သည်။ ယင်းနောက် ၂၀၁၆ ခုနှစ် မိုးရာသီတွင် မြစ်ရေတက်မှုနှင့် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီး၊ ရေလျှံမှုများထပ်မံဖြစ်ပေါ်ခဲ့သေးသည်။

လာမည့်ဇွန်လအတွင်း ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းနှစ်ကြိမ်ဖြစ်ပေါ်နိုင်ကာ တစ်ကြိမ်တွင် ပိုမိုအားကောင်းလာပြီး မုန်တိုင်းငယ်အဖြစ်ကို ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမြဲခန့်ထက် မိုးထစ်ချုန်းရွာနိုင်ကြောင်း အဆိုပါဌာနမှ သတင်းထုတ်ပြန်ထားသည်။

ဘင်္ဂလားပင်လယ်အော်၌ဖြစ်ပေါ်လာမည့် အဆိုပါ လေဖိအားနည်းရပ်ဝန်းကြောင့် စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ဇွန်လ ၆ ရက်မှ ၁၂ ရက်အတွင်း မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ဇွန်လ ၁၃ ရက်မှ ၁၉ ရက်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမည်ဖြစ်သည်။

ယင်းအပြင် တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဇွန် ၂၀ ရက်မှ ၂၆ ရက်အတွင်း မိုးထစ်ချုန်းရွာမည်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနထံမှ သိရသည်။

မိုးလယ်ကာလ ဇူလိုင်လအတွင်း ချင်းပြည်နယ်တောင်ပိုင်း၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့သည် မိုးရွာသွန်းမှု အားအကောင်းဆုံးဖြစ်သည့်အတွက် သတိထားရန်လိုအပ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒပညာရှင်ဒေါက်တာ ထွန်းလွင်က ယခုကဲ့သို့ဆိုသည်။

"ဇူလိုင်လဟာ နှစ်စဉ်မြန်မာနိုင်ငံရဲ့ ဒုတိယရေကြီးကာလလည်းဖြစ်တယ်။ ဒီတော့ ကျွန်တော်တို့ ဒီဒေသတွေမှာ ခန့်မှန်းတဲ့အတိုင်း မိုးတွေကောင်းလာခဲ့ရင် ဘာတွေဖြစ်လာမလဲ၊ ဘာတွေပြင်ဆင်ထားရမလဲ၊ အခုကတည်းက ခေါင်းထဲထည့်ထားကြဖို့ပါ။ ကျွန်တော်ကတော့ ရေကြီးမှုအန္တရာယ်၊ ရေမြုပ်မယ့် အန္တရာယ်ကို အများဆုံးစိုးရိမ်မိတယ်" ■

**ဉမ္မာလွင်**



ဓာတ်ပုံ-မိုးကျော်လွင်



## ပေါင် ၂၀၀ ကျော်သူတွေပါ သက်သောင့်သက်သာသုံးနိုင်မယ့် Sport Waist Bag

Outdoor အားကစားလုပ်တဲ့ အခါမျိုးမှာ ကိုယ်လုပ်နေတဲ့ အားကစား လေ့ကျင့်ခန်းကို ထိခိုက်မှုမရှိဘဲ ဖုန်းက စလို့သော့နဲ့ အခြား ပိုက်ဆံလေးတွေ စုပြီး ထည့်နိုင်မယ့်အိတ်တစ်လုံးတော့ လိုအပ်လေ့ရှိကြပါတယ်။ အခုညွှန်ပေးချင်တာကတော့ Remax Sport Waist Bag က Outdoor အားကစားလုပ်သူတွေနဲ့ အထူးသင့်တော်တဲ့ အိတ်ဖြစ်ပြီး ခါးပတ်ကြိုးကို အလျှော့အတင်းလုပ်နိုင်လို့ ပေါင် ၂၀၀ ကျော်သူတွေတောင် အဆင်ပြေပြေသုံးနိုင်တယ်လို့ ဆိုပါတယ်။ လေ့ကျင့်ခန်းလုပ်ရင်း သီချင်းနားထောင်တာ ကြိုက်သူတွေအတွက်လည်း ကြိုးနဲ့ နားထောင်မယ်ဆိုရင် နားကျပ်ကြိုးပေါက် ပါဝင်ပါတယ်။ ဈေးနှုန်းက ၉၅၀၀ ကျပ် ဖြစ်ပြီး ဖုန်း ၀၉ ၂၅၇၁၁၅၅၅၃ ကို ဆက်သွယ်ပြီး အိမ်အရောက်ပို့ ဝန်ဆောင်မှုနဲ့ ဖြစ်စေ Remax ဆိုင်တွေမှာ ဖြစ်စေဝယ်နိုင်ပါတယ်။ ■

## အခက်အခဲတွေကို တိုင်ကြားနိုင်မယ့် SafeCities

အရေးယူတာ အရေးမယူတာက နောက်ပိုင်းကိစ္စဆိုပေမယ့် လတ်တလော အခက်အခဲကြုံတဲ့အခါမှာ သက်ဆိုင်ရာ ဌာနဆိုင်ရာတွေကို လတ်တလောတိုင်ကြားနိုင်မယ့် ဆော့ဖ်ဝဲလေးကို ညွှန်ပေးချင်တယ်။ SafeCities ဆိုတဲ့ ဆော့ဖ်ဝဲဖြစ်ပြီး ရဲစခန်းများ၊ မီးသတ်ဌာနများ၊ အစိုးရမဟုတ်သော၊ အစိုးရဌာနများ စသလို ဌာနဆိုင်ရာတွေနဲ့ CS0 တွေကိုဆက်သွယ်ပြီး တိုင်ကြားနိုင်မှာပါ။ ဒီဆော့ဖ်ဝဲကို ရယူလိုတယ်ဆိုရင် https://play.google.com/store/apps/details?id=com.creative_ webstudio.actionaid မှာ အခမဲ့ရယူ နိုင်ပါတယ်။ ■





## ရေစိုခံပြီး ငါးနာရီဆက်တိုက်သုံးနိုင်မယ့် Bluetooth Speaker

Bluetooth Speaker ကောင်းကောင်းတစ်ခုလောက် ဝယ်ချင်သူတွေ အတွက် အရွယ်အစားသေးပြီး ရေစိုခံတဲ့ Bluetooth Speaker တစ်မျိုးကို ညွှန်ပေးချင်တယ်။ Remax Portable Fabric Bluetooth Speaker ဖြစ်ပြီး Bluetooth Version 4.0၊ HD Speaker ကို အသုံးပြုထားတာဖြစ်ပါတယ်။ Hi-Fi စနစ်ပါလို့ ပေ ၃၀ ပတ်လည်အတွင်း အဆင်ပြေပြေ ချိတ်ဆက်ဖွင့်နိုင်ပြီး နှစ်နာရီလောက် အားသွင်းထားရင် ငါးနာရီဆက်တိုက် အသုံးပြုနိုင်ပါတယ်။ ဈေးနှုန်း ၂၃,၅၀၀ ကျပ် ဖြစ်ပြီး အဖြူ၊ အမည်း၊ အနီ၊ အပြာလေးရောင်ရနိုင်ပါတယ်။ ဖုန်း ၀၉ ၂၅၇၁၁၅၅၅၃ ကို ဆက်သွယ်ပြီး အိမ်အရောက်ပို့ ဝန်ဆောင်မှုနဲ့ ဝယ်ယူနိုင်ပါတယ်။ ■

## ပုံပြင်လေးတွေစိတ်ဝင်စားတဲ့ ကလေးတွေအတွက် Picture Story Book

ကိုယ့်ရဲ့ရင်သွေးလေးတွေအတွက် ရုပ်ပုံလေးတွေနဲ့စိတ်ဝင်စားဖို့ကောင်းတဲ့ ပုံပြင်စာအုပ်လေးတွေ ဝယ်ပေးချင်တယ်ဆိုရင်တော့ သူတို့ စိတ်ဝင်စားလေ့ရှိတဲ့ ဖုန်းတွေ၊ Tablet တွေကနေတစ်ဆင့် ပုံပြင်လေးတွေဖတ်နိုင်မယ့် Picture Story Book For Kids ဆိုတဲ့ ဆော့ဖ်ဝဲလေးကို ညွှန်ပေးချင်တယ်။ ဒီဆော့ဖ်ဝဲလေးတွေမှာ ကလေးပုံပြင်လေးတွေကို ရုပ်ပုံလေးတွေနဲ့ စိတ်ဝင်စားဖွယ်ကောင်းအောင် ဖော်ပြထားလို့ ကလေးတွေ စိတ်ကြိုက်တွေ့နိုင်ပြီး သူတို့ရဲ့ အင်္ဂလိပ်စာဖတ်စွမ်းရည်ကိုပါ တိုးတက်စေနိုင်ပါတယ်။ Google Play ကနေ အခမဲ့ရယူနိုင်ပါတယ်။ ■




# Antivirus & Security

ကိုယ့်ရဲ့ဖုန်းမှာ တစ်ပါတည်းပါဝင်ပြီးသား Antivirus သတ်တဲ့ ဆော့ဖ်ဝဲက မလုံလောက်သေးဘူးထင်သူတွေနဲ့ အခြားကိုယ့်ရဲ့ အရေးကြီး အချက်အလက်တွေကို လုံခြုံမှုရှိရှိသိမ်းဆည်းထားနိုင်ဖို့ ခေါင်းစားနေရသူတွေရှိကြမှာပါ။ Android ဖုန်းနဲ့ Tablet တွေမှာ ထည့်သုံးနိုင်မယ့် လုံခြုံရေးမြှင့်ပေးနိုင်ပြီး Virus တွေကို သတ်ပေးနိုင်မယ့် ထိပ်တန်းဆော့ဖ်ဝဲတွေကို စုစည်းပေးလိုက်ပါတယ်။

### Avast Antivirus & Security



အခမဲ့ရတဲ့ Antivirus တွေထဲမှာ သုံးစွဲရအတော်ကို အဆင်ပြေတဲ့ ဆော့ဖ်ဝဲ တစ်ခုပါ။ Virus တွေကို ကာကွယ်ပေးနိုင်ပြီး Virus တွေရဲ့ အသေးစိတ်အချက်အလက်ကို စုံစမ်းပြီး သတ်ပေးနိုင်မှာပါ။ ဒီ Antivirus ဆော့ဖ်ဝဲမှာ Call Blocker၊ App Locker တွေပါ ပါလို့ ကိုယ့်ဖုန်းကို အခြားသူတွေ ယူသုံးတဲ့အခါမျိုးမှာ ကိုယ်မကြည့်စေချင်တဲ့ ဆော့ဖ်ဝဲတွေကို သိမ်းထားနိုင်မှာပါ။ ဒီဆော့ဖ်ဝဲရဲ့ Pro Version ကို သုံးမယ်ဆိုရင်တော့ ကြော်ငြာတွေနဲ့ ကိုယ်မကြည့်လိုတဲ့လင့်ခ်တွေကိုပါ ပိတ်ထားနိုင်ပါတယ်။



### Sophos Free Antivirus and Security

အချိန်နဲ့အမျှ Virus တွေကို ကာကွယ်ပေးနိုင်မယ့် Security တစ်ခုလို့ ဒီဆော့ဖ်ဝဲကို ညွှန်းဆိုကြပါတယ်။ စစ်ဆေး ထားချက်အရဆိုရင် Malware တွေကို ၁၀၀ ရာခိုင်နှုန်းအထိ ကာကွယ်ပေးနိုင်တယ်လို့ ဆိုထားပါသေးတယ်။ ပျောက်ဆုံးတာမျိုး အခိုးခံရတဲ့အခါမျိုးမှာ ကိုယ့်ရဲ့ အချက်အလက်တွေကို ကာကွယ်နိုင်တာကလည်း ဒီဆော့ဖ်ဝဲရဲ့ အားသာချက်တစ်ခုပါ။

### AVL



ရှုပ်ရှုပ်ယှက်ယှက်တွေပါတာမျိုး မကြိုက်ဘူးဆိုရင်တော့ ဒီ Antivirus ဆော့ဖ်ဝဲက အဆင်ပြေပါတယ်။ Virus တွေကိုပဲ သီးသန့်ဖယ်ရှားပေးမယ့်ဆော့ဖ်ဝဲဖြစ်ပြီး စစ်ဆေးထားချက်တွေအရ ၉၉ ဒသမ ၈ ရာခိုင်နှုန်းလောက်အထိ Android Malware တွေကို ဖယ်ရှားပေးနိုင်တယ်လို့ သိရပါတယ်။



### Trend Micro Mobile Security & Antivirus

Malware တွေကို ၁၀၀ ရာခိုင်နှုန်း နီးပါး ကာကွယ်ပေးနိုင်တဲ့ Antivirus ဆော့ဖ်ဝဲတစ်ခုပါ။ ဒီဆော့ဖ်ဝဲဟာ ကိုယ့်ရဲ့ ဖုန်းနဲ့ Tablet ရဲ့ဘက်ထရီတာရှည်ခံမှုကို ကူညီပေးနိုင်တဲ့ အားသာချက်ရှိပြီး ဒီဆော့ဖ်ဝဲ မှာပါတဲ့ Just-a-Phone ဆိုတဲ့ Feature က နောက်ကွယ်က မလိုလားအပ်တဲ့ ဖုန်းရဲ့လုပ်ဆောင်ချက်တွေကို ဖယ်ရှားပေးပါတယ်။ ပိုပြီး အကာအကွယ်ပေးနိုင်တဲ့ Premium Features ကိုတော့ ဝယ်သုံးနိုင်ပြီး တစ်နှစ်ကို ၃၆ ဒေါ်လာကျသင့်မှာပါ။

Android ဖုန်းနဲ့ Tablet တွေမှာ မူရင်း Antivirus နဲ့ လုံခြုံရေးစနစ်တွေ ပါဝင်ပြီးသားဖြစ်ပေမယ့် သုံးရတာသိပ်ပြီး အဆင်မပြေဘူးလို့ ခံစားနေရတယ်ဆိုရင်တော့ အပေါ်မှာ ဖော်ပြခဲ့တဲ့ ဆော့ဖ်ဝဲတွေကို အသုံးပြုကြည့်နိုင်ပြီး ကိုယ့်အတွက်ထူးပြီး အသုံးမဝင်ဘူးဆိုရင်တော့ ပြန်ဖြုတ်ပစ်ဖို့လည်း ဝန်မလေးဖို့ ပြောချင်ပါတယ်။ ဆော့ဖ်ဝဲတွေအားလုံးကို Google Play နဲ့ AMAZON APPS မှာ အခမဲ့ရော ဝယ်လို့ရောရမှာပါ။ ■

## လူငယ်ကြိုက်ပစ္စည်းအဆန်းလေးတွေစုစည်းရာ

### Super Star Items



ဆိုင်ခန်းကို ဆွဲဆောင်မှုရှိအောင် ကျောက်စလစ်၊ ခရုတွေနဲ့ခင်းထားလို့ အမြင်ဆန်းတဲ့အပြင် လူငယ်အကြိုက် ပစ္စည်းအမျိုးအစားတွေ စုံလင်တဲ့ ဆိုင်တစ်ဆိုင်ကို ညွှန်ပေးချင်ပါတယ်။ Super Star Items ဆိုတဲ့ ဆိုင်ဖြစ်ပြီး လတ်တလော အရောင်းသွက်နေတာကတော့ မိုးရာသီလည်းဖြစ်တာကြောင့် အသုံးဝင်နေတဲ့ ဂျပန်စားလက်ကိုင်ပုံစံနဲ့ ခေါက်ထီး၊ ဂျပန်ပန်းချီပုံစံ လုပ်ထားတဲ့ လက်ကိုင်ရှည်နဲ့ထီးတွေ ဖြစ်တယ်လို့ ဆိုပါတယ်။ ဒါ့အပြင် လူငယ်တွေထဲမှာမှ အအေးကြိုက်တဲ့သူတွေနဲ့၊ Rocker သမားတွေကြိုက်ကြတဲ့ အရိုးခေါင်း မတ်ခွက်၊ အရိုးခေါင်းကို နဂါးခြေနဲ့ ကုပ်ထားတဲ့ပုံစံရှိတဲ့ ဝိုင်ခွက်ပုံစံခွက်တွေ ရှိပြီး အဲ့ခွက်တွေနဲ့ အအေးထည့်ထားရင် ၂၄ နာရီတိုင်အောင် ခွက်ထဲကအရည်က မပူသွားဘဲ အေးမြဲအေးနေမှာပါ။

ဒါ့အပြင် ပုံစံဆန်းမီးခြစ်၊ ပိုကီမွန်ဂိမ်းထဲက Poke Ball ပုံစံ Power Bank၊ တီလုံးအလိုက် မီးရောင်ထွက်တဲ့ Car Club Laser မီး စတဲ့ပစ္စည်းအမျိုးအမယ် တော်တော်များများရှိပါတယ်။ Super Star Items က ပစ္စည်းတွေကို ဂျပန်၊ ထိုင်း၊ ဟောင်ကောင်၊ ဒူဘိုင်း စတဲ့နိုင်ငံတွေကနေ တင်သွင်းတာဖြစ်ပါတယ်။ ပစ္စည်းတွေကိုကြည့်ချင်တယ်ဆိုရင် အမှတ် ၉၁၊ အနော်ရထာလမ်းနှင့်ဆိပ်ကမ်းသာလမ်းထောင့် ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့မှာဖြစ်စေ https://www.facebook.com/Super-Star-Items-1545797202304027/ မှာဖြစ်စေ ဝင်ရောက်ကြည့်နိုင်ပါတယ်။ ပစ္စည်းမှာယူရင်တော့ ရန်ကုန်မြို့တွင်း မည်သည့်မြို့နယ်ကိုမဆို ပို့ခ နှစ်ထောင်ကျပ်နဲ့ အိမ်အရောက်ပို့ဆောင်ပေးပြီး နယ်ကမှာယူသူများကို အဝေးပြေးကားဂိတ်အရောက် ပို့ခကျပ်တစ်ထောင်နဲ့ ပို့ပေးပါတယ်။ အသေးစိတ်ကို ဖုန်း ၀၉၄၄၀၉၉၈၃၈၄၊ ၀၉၂၅၀၇၄၁၁၁၄ ၊ ၀၉၉၆၆၆၆၀၉၂၅၊ ၀၉၇၇၇၇၀၇၉၂၅၊ ၀၉၅၁၉၇၀၃၂ တို့ကို ဆက်သွယ်စုံစမ်းနိုင်ပါတယ်။ ■



## ဇွန်လကုန်အထိ ၁၅ ရာခိုင်နှုန်းလျှော့ချရောင်းပေးနေတဲ့ အာရှ

အိမ်ဟင်း အိမ်ထမင်းစားရတာ ရိုးအီလာလို့ အရသာအသစ်အဆန်းဖြစ်ဖြစ် စားသောက်ဆိုင်သစ်မှာဖြစ်ဖြစ် သွားရောက်စားသောက်ချင်သူတွေအတွက် အသစ်ဖွင့်လှစ်လိုက်တာ ရက်ပိုင်းပဲရှိသေးတဲ့ Asia House ဆိုတဲ့ ဆိုင်လေးကို ညွှန်ပေးချင်တယ်။ ဒီဆိုင်လေးက ဇွန်လ ၁ ရက်နေ့ကမှ အသစ်ဖွင့်လှစ်လိုက်တာဖြစ်ပြီး ထူးခြားချက်က အာရှမှာ နာမည်ကျော်တဲ့ အစားအစာတွေကို ရောင်းချပေးနေတာ ဖြစ်ပါတယ်။ ဆိုင်ရဲ့ အပြင်အဆင်က အတော်ကြီးကို သပ်ရပ်လှတာမို့ ဧည့်သည်တွေကို ဆိုင်ကောင်းကောင်းလေးမှာလိုက်ပြီး ဧည့်ခံချင်သူတွေအတွက်လည်း အဆင်ပြေလှပြီး မီးအလင်းအမှောင်ပြင်ဆင်ထားပုံက ဓာတ်ပုံရိုက်ဝါသနာပါသူတွေအတွက် စိတ်ကြိုက်မီးအနေအထားရစေမှာပါ။

ဒီဆိုင်လေးမှာ ဗိုက်အပြည့်စားချင်သူတွေအတွက် ထမင်းနဲ့ တွဲဖက်လို့စားနိုင်မယ့် အာရှနိုင်ငံတွေက အစားအစာတော်တော်များများရသလို အသီးအနှံကြိုက်သူတွေအတွက်လည်း အသီးအရွက်သုပ် / ကြော်တွေ ရပါတယ်။ ပုစွန်ကြိုက်သူတွေအတွက်

## အစားရွေးတဲ့ကလေးတို့အတွက် ချစ်စဖွယ်မီကီကလေးထမင်းဘူး



မုန့်ကိုအစားများပြီး ထမင်းကျွေးရခက်တဲ့ သားသား၊ မီးမီးတို့အတွက် ချစ်စဖွယ်ကောင်းတဲ့ ကလေးကြိုက် အရုပ်ပုံစံဖန်တီးထားတဲ့ မီကီကလေးထမင်းဘူး ဝန်ဆောင်မှုကို ညွှန်ပေးချင်ပါတယ်။ မီကီကလေးထမင်းဘူးကို အစားရွေးတဲ့ သားသားလေးတစ်ယောက်ရဲ့အမေက သားသား စားချင်စိတ်ဖြစ်အောင် ကိုယ်တိုင် ဖန်တီးချက်ပြုတ်ကျွေးမွေးရာကနေ အခြားမေမေတွေရဲ့တောင်းဆိုမှုကြောင့် စျေးကွက်ကို ရောင်းချပေးတာပါ။

မီကီကလေးထမင်းဘူးကို ဝက်ဝံ၊ ယုန်၊ အမွှေးစိန်၊ ဘောလုံး စတဲ့ ကလေးတွေကြိုက်တဲ့ အရုပ်ပုံစံရအောင် ထမင်း၊ ဟင်းတွေနဲ့ ပုံဖော်ပေးထားတာပါ။ ဝက်ဝံလေးကိုဆိုရင် ဝက်ဝံအရောင် အညိုရောင်သန်းတာလေးဖြစ်အောင် ထိုင်းနိုင်ငံထုတ် ပဲငံပြာရည်ကို အသုံးပြုပါတယ်။ ထမင်းဘူးထဲမှာ အသားငါး၊ ဟင်းသီးဟင်းရွက်၊ ကြက်ဥရယ်လို့အာဟာရစုံအောင်ပြင်ဆင်ပေးပါတယ်။ ဟင်းသီးဟင်းရွက်မှာ အမျိုးအစားအစုံ အာဟာရစုံအောင် မုန်လာဥနီ၊ ပြောင်ဖူး၊ ရွှေပဲသီး၊ ဘိုစားပဲ၊ ခရမ်းချဉ်သီး၊ ဘရိုကိုလီတို့ကို အစုံအလင်ထည့်ပြီး ထမင်းဘူးလေးကိုပြင်ဆင်ပေးတာပါ။ကြက်သားပြား၊ ပုစွန်တန်ပူရာ စတာတွေကြော်တဲ့အခါမှာ အချိုမှုန့်၊ အသားမှုန့်လုံးဝမသုံးဘဲ ဆားနဲ့ တန်ပူရာအမှုန့်တို့နဲ့ အရသာရှိအောင်ပြုလုပ်ပြီး ကျန်းမာရေးနဲ့ညီညွတ်အောင် ပဲပိစပ်ဆီ၊ ဟင်းသီးဟင်းရွက်ဆီတို့နဲ့ ကြော်ပေးတာဖြစ်တယ်လို့ထမင်းဘူးပြင်ဆင်ရောင်းချပေးသူဆီကနေ သိရပါတယ်။

မီကီကလေးထမင်းဘူးမှာ ကြက်သားကြော်၊ ပုစွန်ကြော်၊ ကြက်ဥရေညှိလိပ်တို့က လူကြိုက်များလို့ အမှာများတယ်လို့ဆိုပါတယ်။ ထမင်းဘူးအပြင် အသားညှပ်ဆန်းဒွစ်၊ Cheese ဆန်းဒွစ်၊ အာလူးချောင်းတို့ကိုလည်း ရောင်းချပေးပါတယ်။ စျေးနှုန်းအနေနဲ့ ထမင်းဘူးကို ၂၅၀၀၊ ၃၀၀၀ ဆိုပြီး နှစ်မျိုးရှိပါတယ်။ ဆန်းဒွစ်နဲ့ အားလူးချောင်းနှစ်မျိုးကိုကျပ်တစ်ထောင်နဲ့ ရောင်းချပေးပါတယ်။ မီကီ ကလေးထမင်းဘူးကို မှာယူချင်တယ်ဆိုရင် အမှတ် ၂၆/၃၀၊ ၄၁ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့နဲ့ ဖုန်း ၀၉ ၇၃၁၅၃၈၀၇ ကို ဆက်သွယ်နိုင်ပါတယ်။ အသေးစိတ်ကိုလည်း https://www.facebook.com/Mikilunchbox မှာ ဝင်ရောက်ကြည့်ရှုနိုင်ပါတယ်။ ■



## မိုးတွင်းအတွက် အထူးသင့်တော်တဲ့ ရေစိုခံ ရေမဝင်နိုင်တဲ့ အိတ်

မိုးက တကယ်သည်းပြီဆို ထီးလည်း မလုံတော့သလို ကိုယ့်ရဲ့အိတ်တွေပါ ရေစိုစိုကုန်လို့ စိတ်ညစ်နေရသူတွေလည်း ရှိမှာပါ။ အခုညွှန်ပေးချင်တာက ရေစိုခံသလို ဖုန်၊ သဲနဲ့ ရေစိမ့်ဝင်မှုမရှိတဲ့ အိတ်လေးတွေကိုပါ။ ခုလို မိုးရာသီမှာ အိတ်ထဲအရေးကြီးပစ္စည်းတွေ ထည့်သယ်တဲ့အခါမှာ ရေစိုသွားမှာ စိုးရိမ်ဖို့မလိုသလို ခရီးကြမ်းသွားတဲ့အခါမှာလည်း ဖုန်တွေ သဲတွေ အိတ်အတွင်းဝင်မှာကိုလည်း ကာကွယ်ပေးနိုင်မှာပါ။ ဒီအိတ်လေးတွေရဲ့ ထူးခြားချက်က ပေါ့ပါးမှုရှိတာဖြစ်ပြီး Vinyl Polyester အသားနဲ့ ပြုလုပ်ထားတာပါ။ စျေးနှုန်း 15L ကို၁၀,၀၀၀ ကျပ် 20L ကို၁၂,၀၀၀ ကျပ် ကျသင့်မှာပါ။ လက်လီလက်ကားဝယ်ယူနိုင်ပြီး Bestie Online Store Myanmar အမှတ် ၅၈၊ ၃ လွှာ၊ ၄လမ်း၊ လမ်းမတော်မြို့နယ်၊ ဖုန်း ၀၉ ၇၈၂၁၆၉၅၉၆ ကို ဆက်သွယ်ဝယ်နိုင်ပါတယ်။ ■



## နိုင်ငံတွေရဲ့ အစားအစာရတဲ့ ဆိုင်သစ်

ပုစွန်နဲ့ ပတ်သက်တဲ့ ဟင်းပွဲအတော်များများရတဲ့အပြင် ဆိုင်တော်တော်များများမှာ ရလေ့မရှိတဲ့ ပုစွန်ပန်းသီးအစိမ်းထောင်းလည်း မှာစားနိုင်မှာပါ။ ကြက်၊ ဝက်၊ အမဲ၊ ပင်လယ်စာဟင်းလျာတွေ အတော်စုံစုံရတဲ့အပြင် bbq တွေလည်းရလို့ အကြိုက်မတူသူတွေ စုပြီး သွားစားရင်တောင် အဆင်ပြေနိုင်မယ့် ဆိုင်လေးဖြစ်ပါတယ်။ အဆာပြေဖြစ်ဖြစ် ပေါ့ပေါ့ပါးပါး အစားအစာစားချင်တယ်ဆိုရင်တော့ ကောက်ညှင်းငချိတ်နဲ့ သရက်သီး၊ ရေခဲမုန့်လို အစားအစာတွေလည်း ရနိုင်ပါတယ်။

ဒါ့အပြင် မိုးအေးအေးနဲ့ အဖျော်ယမကာလေး သောက်ချင်သူတွေအတွက်လည်း Cocktails, Mocktails တွေလည်း ရနိုင်ဦးမှာပါ။ ဒီဆိုင်လေးမှာရောင်းချတဲ့ အစားအစာတွေရဲ့ဈေးနှုန်းက ပုံမှန်ထက် အနည်းငယ်များတယ်ဆိုနိုင်ပေမယ့် လတ်တလောမှာ ဇွန်လ ၁၅ ရက်နေ့အထိ ဆိုင်ဖွင့်ပွဲအထိမ်းအမှတ်အနေနဲ့ ၁၅ ရာခိုင်နှုန်း လျှော့ဈေးနဲ့ ရောင်းပေးနေပါတယ်။ Asia House Restaurant ဆိုင်ရဲ့ လိပ်စာက အမှတ် ၉၉/၁၀၁၊ ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မှာ ဖွင့်လှစ်ထားတာပါ။ ■

## ခေါင်းအစ ခြေအဆုံး Spa လုပ်ချင်သူတွေအတွက် ဈေးနှုန်းသင့်တင့်တဲ့ Spa Package

အသားအရေလှပဖို့အတွက် ဘယ် Spa သွားရမလဲ ခေါင်းစားနေသူတွေနဲ့ မျက်နှာ၊ ခန္ဓာကိုယ်၊ ဆံပင် စသလို တစ်ခုချင်းမဟုတ်ဘဲ အချိန်လည်းရှိလို့ ခေါင်းအစ ခြေအဆုံး SPA လုပ်ချင်သူတွေအတွက် Catherine & CO . Salon & Café & Spa ဆိုင်က ဝန်ဆောင်ပေးနေတဲ့ my spa journey package ကိုညွှန်ပေးချင်တယ်။ Body Treatment, Hair Spa, Facial စတာတွေကို ဒီ Package ထဲ မှာ အားလုံးပါဝင်မှာဖြစ်ပြီး Body Treatment မှာဆိုရင် Deep Scrub, Body Scrub & Mask , Whitening Massage , Herbal Sauna စတာတွေပါဝင်ပါတယ်၊ လက်သည်းခြေသည်း သန့်စင်ပေးတဲ့ ဝန်ဆောင်မှုလည်း ပါတယ်လို့ဆိုပါတယ်။ ဒီဝန်ဆောင်မှုရယူမယ်ဆိုရင် အချိန် ၅ နာရီ ကြာမြင့်မှာဖြစ်ပြီး ဈေးနှုန်းက ကျပ် ၅၅၀၀၀ ကျသင့်မှာပါ။ စိတ်ပါဝင်စားတယ်ဆိုရင် ဖုန်း ၀၉ ၂၅၄၂၂၈၉၈၂၊ ၀၉ ၄၂၁၄၀၁၁၀ ကိုဆက်သွယ်စုံစမ်းနိုင်ပါတယ်၊ Catherine & Co Spa ရဲ့ လိပ်စာက အမှတ် ၆၊ ချမ်းသာဂုဏ်ရောင်ကွန်ဒို၊ သံသုမာလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်ဖြစ်ပြီး မနက် ၉ နာရီခွဲကနေ ည ၉ နာရီအထိ ဖွင့်လှစ်ထားပါတယ်။ ■



# New Books



လူသာမန်

### လမ်းတွေသာမရှိခဲ့ရင် အိမ်ကနေ ငါတို့ဘယ်လိုသွားကြမလဲ

စံပယ်စာအုပ်တိုက်ကနေထုတ်ဝေတဲ့ ကဗျာစာအုပ်တစ်အုပ်ပါ။ လူသာမန်ရဲ့ တတိယမြောက် တစ်ကိုယ်တော်ကဗျာစာအုပ်ဖြစ်ပြီး ၂၀၁၆ ခုနှစ်အတွင်း ရေးသားခဲ့တဲ့ ကဗျာတွေကို စုစည်းထားတာပါ။ ကဗျာ ၈၈ ပုဒ် ပါဝင်ပါတယ်။

'တကယ်ဆို ကဗျာပုဒ်ရေက ဒီထက်နည်းမှာပါ။ အကြောင်းကြောင်းသော အကြောင်းကြောင်းတွေကြောင့် တချို့ကဗျာတွေကို ဒီစာအုပ်ထဲကနေ ဖယ်မထုတ်နိုင်ခဲ့ပါဘူး။

သို့သော်ငြား ကျွန်တော်နဲ့ ဆုံချင်ရင် ...၊ ကျွန်တော့် ဆီရောက်ချင်ရင် ... စာအုပ်တစ်အုပ်၊ သတ်သေလိုသူ၊ ပြာ၊ ရောက်လေရာ အနာရင်း၊ လျှာရှည်ကောင်၊ အိမ်တွင်းရေး၊ ဧည့်ခန်းရောင် စတဲ့ ကဗျာတွေကနေတစ်ဆင့် လာခဲ့ကြပါလို့ ဖိတ်ပါရစေ...' ဆိုပြီး လူသာမန်က ဆိုပါတယ်။

'ငါ့ကိုယ်ငါ သတ်သေဖို့ဆုံးဖြတ်ပြီးတာနဲ့ ကြိုးသွားရှာတယ်

ကြိုးက သတ်သေပြီးနေပြီ

ထုပ်တန်းကို မော့ကြည့်တော့ ထုပ်တန်းလည်း သူ့ကိုယ်သူ သတ်သေပြီးနေပြီ

ငါ့ဘေးမှာလည်း သူ့ကိုယ်သူသတ်သေပြီးနေတဲ့ ကုလားထိုင်တစ်လုံးနဲ့

အဖေ့အခန်းထဲဝင်သွားပြီး မွှေတော့ အဖေ့ သေနတ်ဟာ သူ့ကျည်ဆန်နဲ့ပဲ သူ့ကိုယ်သူ သတ်သေ ပြီးနေပြီ ...

စက္ကန့် ၄၀ တိုင်းမှာ လူတစ်ယောက်စီ သတ်သေနေကြတဲ့ ဒီကမ္ဘာကြီးထဲ ငါမပါရသေး

ဘယ်လိုကမ္ဘာကြီးလဲ

ဒီကဗျာက နောက်ဆုံးလက်ကျန်သတ်သေခွင့်ကို ငါ့ထက်ဦးသွားခဲ့ပေါ့'။

(သတ်သေလိုသူ - မှ)

'မနက်အစောကြီး ပါမောက္ခကြီး လာလည် မယ်ဆိုလို့ ကုန်းရုန်းထပြီး ဧည့်ခန်းကို သူကြိုက်မယ့် အရောင်သုတ်လိုက်ရတယ် အပြေးအလွှား

သူပြန်သွားတော့မှ ကိုယ်ကြိုက်တဲ့ အရောင်လေး ပြန်သုတ်ရ

ဆေးမခြောက်ခင်မှာပဲ တစ်နယ်တစ်ကျေး ရောက် ငယ်သူငယ်ချင်းတစ်ယောက် လာလည်မယ်လို့ ဖုန်းရ

ဧည့်ခန်းကို သူကြိုက်မယ့်အရောင် သုတ်လိုက်ရတယ် အပြေးအလွှား

သူပြန်သွားတော့မှ ကိုယ်ကြိုက်တဲ့ အရောင်လေး ပြန်သုတ်ရ

ဆေးမခြောက်ခင်မှာပဲ ကျောင်းတက်ဖက်ဖြစ်ခဲ့သူ စိုက်ပျိုးရေးဝန်ကြီးက လမ်းကြုံဝင်လာမယ် ဖုန်းရ

.........'

(ဧည့်ခန်းရောင် - မှ)

မီးခလုတ်၊ ည၊ အိမ်ရှင်၊ နှုအို၊ ဘဝ၊ အလောင်းကိုချစ်မိတယ်၊ ရပ်၊ နမ်းသူ၊ ပြာ၊ စစ်ပွဲ၊ အိမ်တွင်းရေး၊ လုံခြုံသောအပေါက်များ၊ မှန်ကွဲဖျော်ရည်၊ ဝင်ကစွပ်ကဗျာတွဲများ၊ အိုသူ့မှတ်စု ကဗျာတွဲများ စတဲ့ ကဗျာ ပေါင်း ၈၈ ပုဒ်ကို ခံစားဖတ်ရှုရမှာပါ။ စာအုပ်တန်ဖိုး ၁၅၀၀ ကျပ်ပါ။



ချစ်ဝေဝေ

### ကလေးတို့အတွက် ရုပ်ပုံများကိုကြည့်၍ အင်္ဂလိပ်စာအတူတူလေ့လာရအောင်

ကလေးတွေအတွက် ရည်ရွယ်ထုတ်ဝေလိုက်တဲ့ ဘာသာစကားဆိုင်ရာ စာအုပ်တစ်အုပ်ပါ။ ရုပ်ပုံတွေကိုကြည့်ပြီး အင်္ဂလိပ်စာကို လေ့လာလို့ရအောင် ရေးသားပြုစုထားတာပါ။ စာအုပ်ကို မှတ်သားရလွယ်အောင် အခန်းတစ်ခုစီတိုင်းမှာ သက်ဆိုင်ရာပုံတွေ ထည့်သွင်းထားတာမို့ ကလေးတွေလေ့လာတဲ့အခါ ပုံများကိုကြည့်၍လေ့လာစေလိုကြောင်း၊ အင်္ဂလိပ်စာကို နုတ်ပြောရေး အရေးရေး အဖတ်စွမ်းရည်ပါ တိုးတက်စေဖို့ ရည်ရွယ်ပြုစုထားကြောင်း၊ မိဘတွေအနေနဲ့ အားလပ်ချိန်တွေမှာ ကိုယ့်ရဲ့ကလေးတွေကို ပုံတွေကြည့်စေပြီး သူတို့မြင်တွေ့ရတာတွေကို ပြောပြခိုင်းပြီး လေ့ကျင့်ပေးစေလိုကြောင်း အမှာစာမှာ ထည့်ရေးထားပါတယ်။

အခန်းတိုင်းမှာ ရုပ်ပုံတွေ၊ မြင်တွေ့ရတာတွေကို ပြောနိုင်အောင် မေးခွန်းထုတ်ပေးထားတာမျိုးတွေအပြင် စကားလုံး ဝေါဟာရတွေကိုပါ ဖွင့်ဆိုပေးထားတာမို့ ဝေါဟာရအရည်အသွေးလည်း တိုးတက်လာစေမှာပါ။ At the Bookshop, At the Library, At the Park. In the Classroom, A visit From Grandparents, A Rainy Day, Bedtime, An Art Lesson စတဲ့ အကြောင်းအရာ ခေါင်းစဉ်ခွဲပေါင်း ၂၅ ခုတိတိ ပါဝင်တယ်။ မဇ္ဈိမစာပေက ထုတ်ဝေတာဖြစ်ပြီး စာအုပ်တန်ဖိုး ၂၅၀၀ ကျပ်ပါ။

## ခြင်တွေ ဖမ်းပေးမယ့် စက်



ခြင်အန္တရာယ်က လူကြီး လူငယ်မရွေး ဒုက္ခပေးနိုင်ပြီး အခုလို မိုးတွင်းကာလဆိုရင်ပိုပြီး စိုးရိမ်ရပါတယ်။ ခြင်အန္တရာယ်အတွက် ကိုယ့်ရဲ့ အိမ်မှာ ခြင်မပေါက်ဖွားနိုင်အောင် ရေကျန်တွေ မရှိအောင် ဖုံး သွန် လဲ စစ်လုပ်ပေးဖို့လည်း အရေးကြီးလှပါတယ်။ နောက်တစ်ဆင့်အနေနဲ့ ခြင်ကိုက်မခံရအောင် ကာကွယ်တဲ့အထဲ ခြင်ဆေးတွေ ထွန်းတာမှန်လို့ မကြိုက်ဘူး ဆိုသူတွေအတွက် ရွေးချယ်လို့ရအောင် ခြင်ဖမ်းစက်ကို ညွှန်ပေးချင်တယ်။ အင်းဆက်ပိုးတွေ နှစ်သက်တဲ့ ခရမ်းပြာ မီးနဲ့ ခြင်တွေကို ဆွဲဆောင်ပြီး လေအားလျှပ်စစ်သံချောင်းတွေနဲ့ ခြင်တွေကို နှိမ်နင်းပေးမှာပါ။ ခြင်ကောင်ရေများလာတဲ့အခါမှာလည်း အလွယ်တကူ သန့်ရှင်းရေးလုပ်ပေးနိုင်မှာဖြစ်ပြီး ဈေးနှုန်းက ၁၀၀၀၀ ကျပ်ပါ။ Remax အမှတ်တံဆိပ်ဖြစ်ပြီး ဝယ်လိုတယ်ဆို အမှတ် ၃၅၄၊ မဟာဗန္ဓုလလမ်း၊ ဆိပ်ကမ်းသာလမ်းနှင့် ၃၉ လမ်းကြား၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မှာ သွားဝယ်နိုင်ပါတယ်။ ■

# ဒုတိယနှစ် စာမျက်နှာသစ်အဖွင့်


ဓာတ်ပုံ-မြတ်(ကလေး)

မြတ်(ကလေး)

**အစိုးရသက်တမ်း ဒုတိယနှစ်ကာလအတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေးကို အဓိကလုပ်ဆောင်သွားမည်ဟု မန္တလေးတိုင်း ဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ပြောဆိုလိုက်သည်။**

"အစိုးရရဲ့ရည်မှန်းချက်တစ်ခုက ကျေးရွာတွေကို တတ်နိုင်သမျှ မီးလင်းအောင် လုပ်ပေးရမှာ။ ရခဲ့တဲ့ ရန်ပုံငွေတွေနဲ့ ကျေးရွာတွေ မီးလင်းရမယ်၊ လမ်းတွေ ဖောက်ပေးရပါမယ်။ ဒါတွေလုပ်ပေးရင် ကျေးလက်နေတဲ့ ပြည်သူတွေကိုယ်တိုင် အလုပ်အကိုင်ဖန်တီးရင်းနဲ့ ဝင်ငွေတွေ အခွင့်အရေးတွေရအောင် လုပ်နိုင်ကြမှာပါ" ဟု ဒေါက်တာဇော်မြင့်မောင်က ပြောသည်။

ယင်းကဲ့သို့ လုပ်ဆောင်မှုတွင် ကျေးလက်ဒေသများ မီးလင်းရေး၊ လမ်းတံတား ဆောက်လုပ်ရေးနှင့် သောက်သုံးရေ ဖူလုံရေးတို့ ပါဝင်မည်ဖြစ်ကြောင်း ၎င်းကဆိုသည်။ အစိုးရ၏ ဆင်းရဲမွဲတေမှု လျှော့ချရေး ရန်ပုံငွေဟူ၍ ရှိသော်လည်း ဆင်းရဲတွင်းက လွတ်ရန်အတွက်မူ အစိုးရကိုချည်း အားကိုး၍တော့မရချေ။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန် ကနဦးလိုအပ်သည်။ ထို့နောက် လျှပ်စစ်မီးဖြစ်သည်။ ယင်းနှစ်ချက် ပြည့်စုံလျှင် ဒေသတစ်ခု၊ နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မျှော်မှန်းနိုင်ပြီဖြစ်သည်။

လျှပ်စစ်မီးကို အမှီပြု၍ စီးပွားရေး၊ ပညာရေး စသည့်လူမှုစီးပွားများကိုပြုလုပ်နိုင်ကြပြီး မြန်မာနိုင်ငံရှိ လူဦးရေ ၇၀ ရာခိုင်နှုန်းမှာ ကျေးလက်ဒေသများကို အမှီပြုနေထိုင်နေကြသည်ဖြစ်ရာ အခြေခံအကျဆုံးမှာ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးပင် ဖြစ်သည်။ ယင်းဖွံ့ဖြိုးမှုကို တိုင်းတာရန်မှာ လျှပ်စစ်မီး ရခြင်း မရခြင်းနှင့် များစွာသက်ဆိုင်လှသည်။

အစိုးရတစ်ရပ်သာချမ်းသာနေခြင်းသည် နိုင်ငံဖွံ့ဖြိုးသည်ဟု မခေါ်ဆိုနိုင်ဘဲ ပြည်သူလူထု ဖွံ့ဖြိုးမှ နိုင်ငံဖွံ့ဖြိုးသည်ဟု မှတ်ယူရမည်ဖြစ်သည်။ ထို့ကြောင့် အစိုးရအနေနှင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးစေရန်အတွက် အစီအမံများ မဖြစ်မနေလုပ်ဆောင်ရမည်ဖြစ်သည်။ ဖွံ့ဖြိုးရေးအတွက်ဆိုရလျှင် ပညာရေးသည် အဓိကကျပြီး ပညာတတ်များရှိမှ ဒေသကိုပြန်လည်စောင့်ရှောက်နိုင်မည်ဟု ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ကျေးလက်ဖွံ့ဖြိုးရေး အဘယ့်ကြောင့်လိုအပ်သည်ကိုရှင်းပြသည်။

"နိုင်ငံမှာ ပညာတတ်တွေ လိုနေသေးတယ်။ ပညာတတ်လာရင် ကိုယ့်ဒေသကို အကျိုးပြုနိုင်မယ်၊ ကိုယ့်တိုင်းပြည်ကို အကျိုးပြုနိုင်မယ်။ ဒါတွေက အခြေခံကောင်းတွေ။ တိုင်းပြည်ဖွံ့ဖြိုးဖို့ ပညာမြင့်မားရမယ်၊ လမ်းပန်းဆက်သွယ်ရေးကောင်းရမယ်၊ လျှပ်စစ်မီးရရမယ်။ လျှပ်စစ်မီးရလို့ တစ်ရွာလုံးပျော်တာ ကျွန်တော်တို့ကိုလည်း ကူးစက်စေပါတယ်" ဟု လက်ရှိအစိုးရ၏ မျှော်မှန်းချက်ကို ဒေါက်တာဇော်မြင့်မောင်က ပြောပြသည်။

မန္တလေးတိုင်းဒေသကြီးတွင်လျှပ်စစ်မီးမရရှိသေးသည့် ကျေးလက်မှာ ၅၀ ရာခိုင်နှုန်းရှိနေသေးသဖြင့် အလင်းမရသူ ထက်ဝက်မျှ ရှိနေသေးခြင်းဖြစ်သည်။ မီးလင်းခဲ့ပြီးသော ကျေးလက်များမှာလည်း အစိုးရ သက်သက်သာမဟုတ်ဘဲ ပြည်သူတို့၏ မီးလင်းရေးကော်မတီတို့ဖြင့် အားထုတ်မှုများကြောင့်လည်း ဖြစ်သည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ကျေးရွာပေါင်း ၄၈၀၆ ရွာရှိပြီး လူဦးရေ ခြောက်သိန်းတစ်သောင်းကျော် နေထိုင်သဖြင့် ကျေးရွာပေါင်း နှစ်ထောင့်ငါးရာခန့်နှင့် လူဦးရေသုံးသိန်းခန့် လျှပ်စစ်မီးကို ကောင်းမွန်စွာ အသုံးမပြုကြရသေးဟု ကောက်ချက်ချရမည်ဖြစ်သည်။

ယင်းအပြင် ကျေးလက်ဒေသအတွက် မရှိမဖြစ်ဖြစ်သည့် ကျေးရွာချင်းဆက်လမ်းများ၊ ကုန်ထုတ်လမ်းများကိုလည်း ထပ်မံတည်ဆောက်ပေးရန် လိုအပ်နေသည်။ ယင်းအချက်တို့မှာ ဖွံ့ဖြိုးရေးအတွက် အခြေခံအုတ်မြစ်များ ဖြစ်ပါသည်။

"ကျွန်တော်တို့ USAID ကိုအကူအညီတောင်းပြီး တိုင်းဒေသကြီးဖွံ့ဖြိုးတိုးတက်ဖို့အတွက် အလုပ်ရုံဆွေးနွေးပွဲတွေ အကြိမ်ကြိမ်လုပ်ပါတယ်၊ ရေးနေတဲ့စာတမ်းကလည်း နောက်ဆုံးအဆင့်ကို ရောက်နေပါပြီ" ဟု ဒေါက်တာဇော်မြင့်မောင်က ပြောသည်။

တိုင်းဒေသကြီးနှင့် သက်ဆိုင်သည့် မူဝါဒများချမှတ်ရန် လိုအပ်ပြီး စိုက်ပျိုးရေး၊ နိုင်ငံခြားခရီးသွားနှင့် SME လုပ်ငန်းများအတွက် မူဝါဒများကို ရေးဆွဲနေကြောင်း၊ ယင်းလုပ်ငန်းသုံးခုသည် မန္တလေးတိုင်းဒေသကြီးအတွက် အချက်အချာကျသည့် လုပ်ငန်းများဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ သို့သော် မည်သည့်အချိန်တွင် ပြီးစီးမည်ကိုတော့ ပြောဆိုခြင်း မရှိသေးပေ။

ယခုဘဏ္ဍာနှစ်အတွက် တိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကိုလုပ်ဆောင်ရာတွင် ကျပ်သန်းလေးထောင့်နှစ်ရာကျော်သုံးစွဲမည်ဟု တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနထံမှ သိရှိရသည်။

မြို့နယ် ၁၃ ခု၏ ကျေးလက်ချင်းဆက် လမ်းများပေါ်တွင် ကွန်ကရစ်တံတားများ တည်ဆောက်ရန်အတွက် ကျပ် ၁၀၃၁ သန်း၊ မြို့နယ် ၁၇ ခု၏ ကျေးလက်ချင်းဆက်လမ်းများကို မြေသားလမ်းဖောက်လုပ်ရန်တို့အတွက် ကျပ် ၂၄၁၄ သန်းနှင့် မြို့နယ် ၁၆ ခုအတွင်းမှ ကျေးရွာ ၆၉ ရွာတွင် စက်ရေတွင်းနှင့် ရေကန်များ တူးဖော်ခြင်း၊ ရေရရှိရေးလုပ်ငန်းများ လုပ်ဆောင်ခြင်းတို့အတွက် ကျပ် ၇၆၅ သန်းကို အသုံးပြုလုပ်ဆောင်သွားမည်ဖြစ်ပြီး အဆိုပါလုပ်ငန်းများကို တင်ဒါခေါ်ယူလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ညွှန်ကြားရေးမှူး ဦးမင်းဟန်က ပြောဆိုထားသည်။

ပူပြင်းခြောက်သွေ့သည့် ရာသီဥတုကြောင့် နှစ်စဉ်ရေပြတ်လပ်မှုများ ကြုံတွေ့ရတတ်သည့် ကျေးလက်ဒေသများအတွက် မိုးရေသိုလှောင်သည့်စနစ်ကို စတင်ရန်လည်း ပြင်ဆင်နေသည်ဟု တိုင်းဒေသကြီး သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးသစ်က ဆိုသည်။

တိုင်းဒေသကြီးအတွင်းရှိ မိုးနည်းရေရှားရပ်ဝန်းဒေသများဖြစ်သော မြင်းခြံ၊ ညောင်ဦး၊ ရမည်းသင်း၊ မိတ္ထီလာ၊ ကျောက်ဆည်ခရိုင်ငါးခုတွင် မိုးရေသိုလှောင်ရေး အစီအစဉ်ကို ဆောင်ရွက်သွားမည် ဖြစ်သည်။

ခရိုင်များတွင် ပြုလုပ်သွားမည်ဖြစ်ပြီး ဆည်၊ မြောင်းတို့နှင့် ဝေးသည့်ဒေသများကို ဦးစားပေးလုပ်ဆောင်မည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

"တောင်သာတို့၊ နွားထိုးကြီးတို့လို ဒေသမျိုးတွေကို ဦးစားပေးလုပ်သင့်တယ်။ ကျလာတဲ့မိုးရေကို အလဟဿ စီးဆင်းသွားတာမျိုးမဖြစ်အောင် ဒီလိုလုပ်လို့ရတယ်ဆိုတာကို အသိပညာ အရင်ပေးရမယ်" ဟုဝန်ကြီး ဦးမျိုးသစ်က ပြောသည်။

စတင်လုပ်ဆောင်မည့်အချိန်နှင့် မည်သည့်နေရာတွင်စတင်လုပ်ဆောင်မည်ဆိုသည်ကို ဆက်စပ်ဌာနများနှင့်လည်း ပြန်လည်ဆွေးနွေးရဦးမည် ဖြစ်သည်။

ယင်းအစီအစဉ်မှာ မန္တလေးတိုင်းဒေသကြီးအတွင်း မြေအောက်ရေကို ၉၀ ရာခိုင်နှုန်းခန့် သုံးစွဲလျက်ရှိပြီး မြေအောက်ရေ ရှားပါးမှုကို ကြိုတင်ကာကွယ်နိုင်ရန်အတွက် မိုးရေသိုလှောင်ကန်များ ပြုလုပ်ခြင်းဖြစ်ပြီး အထူးသဖြင့် ကျေးလက်ဒေသများအတွက် ထိရောက်သည့် အထောက်အပံ့ ဖြစ်စေနိုင်မည်ဖြစ်သည်။

ကုန်လွန်ခဲ့သည့်တစ်နှစ်တာ ကာလသည် 'ပြောင်းလဲချိန်တန်ပြီ' ဆောင်ပုဒ်ဖြင့် ပြည်သူများ၊ ဌာနဆိုင်ရာ၊ အုပ်ချုပ်ရေးပိုင်းအတွင်း အပြောင်းအလဲတို့ကို ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ လာမည့် ဒုတိယနှစ်အတွက် 'ပြည်သူနှင့်အတူ' ဟူသောဆောင်ပုဒ်ဖြင့် ဆက်လက်ချီတက်မည်ဖြစ်ကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ်ကိုယ်တိုင်ကပင် ပြောဆိုထားပြီး အပြောင်းအလဲကို ဆက်လက်လုပ်ဆောင်ရန်အတွက် အစိုးရကို ပြည်သူတို့က ကူညီရမည်ဟု ဆိုလိုခြင်းဖြစ်သည်။

ပြီးခဲ့သည့် ဘတ်ဂျက်သည် ယခင်အစိုးရချမှတ်ခဲ့သည့် ဘတ်ဂျက်နှင့် စီမံကိန်းများကို လုပ်ဆောင်ရခြင်း ဖြစ်သဖြင့် ထင်သလောက် မလုပ်နိုင်ဘဲ ယခုလာမည့် ဘတ်ဂျက်သည် မိမိတို့အစိုးရ၏ စေတနာကို ထင်ဟပ်စေမည့် ဘတ်ဂျက်နှင့် စီမံကိန်းများဖြစ်သည်ဟု ဝန်ကြီးချုပ်က ပြောဆိုသည်။

"၂၀၁၇-၂၀၁၈ ဘတ်ဂျက်က ကျွန်တော်တို့ အစိုးရရေးဆွဲတာပါ။ ကိုယ့်ခြေကိုယ့်လက်နဲ့လုပ်ရတဲ့ ဘတ်ဂျက်ဖြစ်ပါတယ်။ ဘတ်ဂျက်သုံးစွဲတဲ့အခါမှာလည်း မူတစ်ခု ချမှတ်ခဲ့ပါတယ်။ ကျွန်တော်က ကျေးလက်ဒေသ ဖွံ့ဖြိုးရေးကို ဇောင်းပေးပါတယ်" ဟု ဒေါက်တာ ဇော်မြင့်မောင်က ပြောသည်။

သို့သော်လည်း ပြီးခဲ့သည့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် မိမိတို့လုပ်ဆောင်ခဲ့သည့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်သည်ဟု ယူဆခဲ့ကြောင်း ဝန်ကြီးချုပ်က ပြောဆိုသည်။

ထိုသို့ လုပ်ဆောင်နိုင်ရန်အတွက် တင်ဒါလုပ်ငန်းများကို ဖိဖိစီးစီးလုပ်ဆောင်ခဲ့သဖြင့် ကျပ်သိန်းငါးထောင်ခန့် ပိုလျှံလာခဲ့ကြောင်း၊ အဆိုပါတင်ဒါပိုငွေများကို ပြန်အပ်ရမည်ဖြစ်သဖြင့် သုံးစွဲရန် အခက်အခဲရှိခဲ့ကြောင်း၊ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းအရ တိုင်းဒေသကြီးကို ချပေးထားခြင်းဖြစ်၍ ပညာရေးအတွက် ချထားလျှင် ပညာရေးအတွက်ပင် သုံးစွဲလိုက်သည့်နည်းဖြင့် အဆိုပါငွေများကို ပြန်လည်သုံးစွဲခဲ့ကြောင်း တိုင်းဒေသကြီး အစိုးရအဖွဲ့ထံမှ သိရှိရသည်။

"အရင်တုန်းကဆို ဒီလို တင်ဒါပိုငွေတွေမရှိဘူး" ဟု ဝန်ကြီးချုပ်က ပြောသည်။

မေလ ၃၁ ရက်နေ့က ပြုလုပ်ခဲ့သည့် အစိုးရအဖွဲ့၏ တစ်နှစ်တာသက်တမ်းအတွင်း လုပ်ဆောင်မှုများကို ရှင်းလင်းပွဲတွင် ထိုတစ်နှစ်အတွင်း စိန်ခေါ်မှုများစွာ ကြုံတွေ့ခဲ့ရကြောင်း ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ဖွင့်ဟခဲ့သည်။ အချို့မှာ ပြင်းထန်ပြီး အချို့မှာ ချိုးမွမ်းသည့်အကြောင်းတို့လည်းပါသည်ဟု ဆိုသည်။

"ကျွန်တော်တို့ အစိုးရအနေနဲ့ ဒီမိုကရေစီကို ရုန်းကန်ခဲ့တဲ့ နှစ်ကာလတွေနဲ့ ယှဉ်ရင် သက်တမ်းတိုပါတယ်။ ဒီတစ်နှစ်အတွင်းမှာ အတွေ့အကြုံ အများကြီးရခဲ့ပါတယ်။ သင်ခန်းစာ အများကြီးရခဲ့ပါတယ်။ တိုင်းပြည်ထူထောင်ရေးဆိုတာ အစိုးရတစ်ဖွဲ့တည်းနဲ့ လုပ်လို့မရဘူး။ ပြည်သူလူထု ပူးပေါင်းကူညီဖို့ အကူအညီ အများကြီး လိုအပ်ပါတယ်"

မြင်းခြံမြို့နယ်တွင် မေလ ၁၀ ရက်နေ့က ပြုလုပ်ခဲ့သည့် ကိုယ်ထူကိုယ်ထ လျှပ်စစ်မီးလင်းရေးဖွင့်ပွဲ အခမ်းအနားတွင် ဒေါက်တာဇော်မြင့်မောင် ပြောဆိုခဲ့သည့် စကားတစ်ခွန်း ရှိသည်။

"အစိုးရက တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် လုပ်နေတယ်။ ကျောသားရင်သား မခွဲခြားပါဘူး၊ လူထုရဲ့အကျိုးကို မလုပ်ဘူးဆိုရင် ကျွန်တော်တို့တာဝန်ကျေမှာမဟုတ်ပါဘူး" ဟု ဆိုလေသည်။

ယခုအချိန်သည် အစိုးရသစ်သက်တမ်း ဒုတိယနှစ်၏ အစဦးကာလများပင် ဖြစ်သေးသည်။ ကျေးလက်အဓိကဟုပြောဆိုသည့် မန္တလေးတိုင်းအစိုးရအဖွဲ့၏ အကောင်အထည် ဖော်ဆောင်မှုများကို စောင့်ကြည့်ရဦးမည်ဖြစ်သည်။■

**မြတ်(ကလေး)**

# မှန်စီရွှေချ အိပ်မက်များ

ယဉ်ယဉ်နောင်း

**လူမျိုးတစ်မျိုး၊ နိုင်ငံတစ်နိုင်ငံ၏ ယဉ်ကျေးမှုအနုပညာအဆင့်အတန်းကို သိလိုလျှင် တူရိယာဂီတ၊ စာပေသုခမနှင့် သမိုင်းကြောင်းများကတစ်ဆင့် လေ့လာကြရသည်။ မျိုးနွယ်စုတို့၏ ဖြတ်သန်းမှု၊ အသိပညာ၊ ယဉ်ကျေးမှု၊ လက်မှုအနုပညာတို့က နှစ်အဆက်ဆက် လက်ဆင့်ကမ်းရင်း ဂီတအဖြစ် ပေါက်ဖွားလာကြသည်။**

မြန်မာ့အနုပညာဂီတ သုခမဟုပြောလိုက်လျှင် ရွှေရောင်ဝင်းနေသော ဆိုင်းဝိုင်းကြီးများ၊ အိုးစည်၊ ဒိုးပတ်ဝိုင်းများက မပါမဖြစ်။ ကမ္ဘာ့စင်မြင့်ဖျော်ဖြေရေးဇာတ်ခုံများတွင်ပါ နေရာယူလာသော မြန်မာ့ဆိုင်းဝိုင်းအပြင်အဆင်များသည် ရှေးကလိုပင် လက်မှုလုပ်ငန်းသီးသန့်အဖြစ် မိရိုးဖလာ လုပ်ကိုင်နေကြတုန်းဖြစ်သည်။

မြန်မာ့ရိုးရာဆိုင်းဝိုင်းလုပ်ငန်းကို မန္တလေးမြို့တွင် ရိုးရာမပျက် လုပ်ကိုင်နေသော မိသားစုဆို၍ မိသားစုနှစ်စုသာ ကျန်ရှိတော့သည်။ ထိုထဲမှ နှစ်ပေါင်း ၆၀ ကျော် ရှေးမူမပျက်လုပ်ကိုင်လာသော ဦးသန်းမောင်၊ ဒေါ်ကြည်မိသားစု မှန်စီရွှေချ ဆိုင်းဝိုင်းလုပ်ငန်းကတော့ မန္တလေးဘုရားကြီးတောင်ဘက်မုခ်တွင် ယနေ့တိုင် လုပ်ကိုင်နေဆဲဖြစ်သည်။

မှန်စီရွှေချဆိုင်းဝိုင်းတစ်ခုလုပ်ကိုင်ရာတွင် သစ်သားအကြမ်းထည်မှ အစ မှန်စီရွှေချလုပ်ငန်းအထိ မြန်မာ့လက်မှုပညာများသာ အသုံးပြုရသည်။ ပန်းပု၊ ပန်းပွတ်၊ ပန်းယွန်းတို့က အဓိကဖြစ်ပြီး မှန်စီရွှေချပညာက နောက်ဆုံးမှ ပါလာသည်။

မှန်စီရွှေချ ဆိုင်းဝိုင်းတစ်ခုဖြစ်လာဖို့ လူအင်အား၊ ငွေအင်အား၊ ပညာရှင်အင်အားက မနည်းလှသလို ကုန်ကျစရိတ်ကလည်း မသက်သာလှ။ ဆိုင်းဝိုင်းတစ်ခု စင်မြင့်ပေါ်တွင် လှပခမ်းနားနေဖို့၊ ရင်သပ်ရှုမောဖြစ်နေဖို့ မှန်စီရွှေချဆိုင်းဝိုင်းပညာရှင်တို့၏ပညာက အရေးပါလှသည်။

ရှေးတုန်းကလို မြန်မာ့ဆိုင်းဝိုင်းတွေ၊ သဘင်သုခမတွေ အားကောင်းလွန်းလှသည် မဟုတ်တော့သည့်ခေတ်မို့ မှန်စီရွှေချဆိုင်းဝိုင်း လုပ်ငန်းများသည် ဇာတ်ပွဲရာသီ၊ ဆိုကရေးတီးပြိုင်ပွဲရာသီများကို အားပြုပြီး ဆိုင်းဝိုင်းဆင်ကြ၊ ပြုကြရသည်။

မန္တလေးဆိုင်းဝိုင်းဟုခေါ်သည့် သဘင်ပညာရှင်အသိအမှတ်ပြု ဆိုင်းဝိုင်းတစ်ခုဖြစ်လာဖို့ ဆိုင်းဝိုင်း ၁၀ ချပ်တန်းဟုခေါ်သည့် အချပ်၁၀ချပ်ပါရသည်။ ချဲ့ရင်ချဲ့နိုင်သလို ၁၈ ချပ်တန်းအထိလည်း ချဲ့နိုင်သေးသည်။ ဒိုးကာ၊ ရှဲ့၊ ဆိုင်းဝိုင်း၊ ကြေးဝိုင်းစသဖြင့် တစ်ချပ်စီတိုင်းအတွက် အခေါ်မတူညီသလို လုပ်ရသည့် ပညာကလည်း မတူညီလှ။



ဓာတ်ပုံ- ယဉ်ယဉ်နောင်း

ပထမဦးစွာ ဆိုင်းဝိုင်းအတွက် ချိတ်ဆက်ရမည့်အချပ်များကိုလွှ၊ ဆောက်၊ သပ်၊ တူ တို့အသုံးပြုပြီး သစ်သားပုံကြမ်းဖော်ရသည်။ ရှေးမူမပျက် ကနုတ်လိုင်းများ လျှာထားပြီး ပန်းချီပုံကြမ်းဆွဲရသည်။ ပြီးလျှင်တော့ ကနုတ်များပေါ်လာစေရန် ပန်းပု၊ ပန်းပွတ်ပညာများအသုံးပြုပြီး ပုံဖော်ရသည်။ ပန်းပုသမားက ပန်းဖောက်ပြီးလျှင်တော့ အဖြူထည်ဟုခေါ်သည့် ဆိုင်းဝိုင်းချပ် ပုံကြမ်းထွက်လာလေပြီ။ ဆိုင်းဝိုင်းပြုလုပ်ရာတွင် ပန်းဖောက်သည့်အခါ မကျိုးမပဲ့လွယ်အောင်၊ သယ်ဆောင်ရ ဖြုတ်ရတပ်ရလွယ်ကူအောင် ပေါ့ပါးခိုင်ခံ့သည့် သစ်မျိုးဖြစ်သော ယမနေသားသာ အသုံးပြုရခြင်းကလည်း ထူးခြားမှုတစ်ခုဖြစ်သည်။

အဖြူထည်ခွေပြီးသည့် ဆိုင်းဝိုင်းချပ်များကို ကော်ပတ်များဖြင့် တိုက်စားပြီး အချောကိုင်ရသည်။ ထိုအဆင့်ကိုပန်းချောသည်ဟုလည်းခေါ်သည်။ ပန်းချောပြီးလျှင်တော့ သစ်သာအကွဲအနာများ မပါရလေအောင် သစ်စေး၊ လွှစာမှုန့်တို့ဖြင့် သရိုးထေးရသည်။

သရိုးထေးပြီးလျှင်တော့ သစ်စေးသုတ်၊ သရိုးတင်ပြီး မှန်ကပ်သည့်အဆင့်ရောက်သည်။ ရှေးအခါတုန်းကတော့ မှန်စီရွှေချတွင် အသုံးပြုသည့်မှန်များကို ဖန်ရည်ကျို၊ ဖန်ချက်စက်ရုံများမှ သီးသန့်ထုတ်လုပ်သည့် ရွဲလုံး၊ ဖန်ကျောက်၊ မှန်ကျောက်များ အသုံးပြုခဲ့ကြသော်လည်း ယခုအခါတွင်တော့ အိန္ဒိယမှတင်သွင်းသော အပွင့်ခံပါသည့်မှန်စများကို လိုသလို လှီးဖြတ်ပုံဖော်ကာ မှန်စီပြီးအသုံးပြုကြသည်ကများသည်ဟု ဆိုင်းဝိုင်းလုပ်ငန်း လုပ်ကိုင်နေသူ ဒေါ်သီသီတင်ကဆိုသည်။

မှန်စီပြီးလျှင် သရိုးခင်းရသေးသည်။ သရိုးခင်းသည်ဆိုသည်မှာ ချက်ထားသော သစ်စေးကို ရွှံခုံပေါ်တင်၊ ပြာမှုန့်သိပ်၊ ပိုက်နှင့်လိုမ့်ပြီး သစ်စေးခပ်ခြောက်ခြောက်လေးများကို ပုတီးကြိုးလုံးများသဖွယ် ပုံဖော်ပြီး ဆိုင်းဝိုင်းချပ်များပေါ်ကပ်ရခြင်းဖြစ်သည်။ သစ်စေး၊ နောက်ချေးပြာတို့နှင့် ပန်းယွန်းပညာအတိုင်း ပြုလုပ်ရခြင်းဖြစ်ပြီး သရိုးကြိုးလုပ်ရသည့်အဆင့်သည် လူတိုင်းလုပ်တတ်ရန် မလွယ်ကူသော ပညာလည်းဖြစ်သည်။ သစ်စေးအပျော့အမာ၊ ပြာမှုန့်အချိန်အဆညီမှ သစ်စေးများက သရိုးခင်းနိုင်သော ကြိုးအဆင့်ဖြစ်လာသည်။

မှန်စီပြီး၊ ကြိုးခင်းပြီးလျှင်တော့ သစ်စေးသုတ်ကာ မြေတိုက်ထဲ သစ်စေးအိပ်အောင် ထားရသည်။ သစ်စေးတစ်ရေသုတ်လိုက်၊ မြေတိုက်ထဲသိပ်လိုက်၊ ပြန်ထုတ်လိုက်၊ သစ်စေးပြန်သုတ်လိုက်ဖြင့် စုစုပေါင်း သစ်စေး သုံးရေတင်ပြီးမှ ရွှေကပ်ရန် အဆင်သင့်ဖြစ်သောအဆင့်သို့ ရောက်လေသည်။

ရွှေကပ်သည့်အဆင့်တွင် ရှေးတုန်းကတော့ မန္တလေး မျက်ပါးရပ်မှထွက်သော ရွှေဆိုင်းအစစ်များကို အသုံးပြုခဲ့ကြသော်လည်း ယခုအခါတွင်တော့ ဂျပန်ရွှေ၊ ကိုရီးယားရွှေ၊ တရုတ်ရွှေဟုခေါ်ကြသော ရွှေရောင်ပလတ်စတစ်စများကို အသုံးပြုပြီး ရွှေကပ်ကြသည်ကများသည်။ ရွှေဆိုင်းအစစ်ကိုအသုံးပြုလျှင် အလေအလွင့်များ တတ်ခြင်း၊ ဈေးနှုန်းကြီးမြင့်ခြင်းများကြောင့်လည်းပါသည်။ ဈေးကွက်လိုအပ်ချက်အရ မှန်စီရွှေချလုပ်ငန်းများတွင် ရွှေဆိုင်းအစစ်ကို အသုံးပြုမှုက နည်းပါးလာသည်။

သစ်စေးအိပ်ထားပြီး တစ်ချပ်လုံး မည်းမှောင်နေသော ဆိုင်းဝိုင်းချပ်များကို တစ်ပြင်လုံး ရွှေရောင်ဖြစ်စေရန် ရွှေကပ်ပြီးလျှင်တော့ ရွှေခွာသည့်အဆင့်ရောက်ပြီ၊ ဆိုင်းဝိုင်းတစ်ခုလုံး ရွှေရောင်ဖြင့် လှပနေသော်လည်း မှန်စီရွှေချ၏ သဘောသဘာဝအရ မှန်ပေါ်တွင် ကပ်နေသော ရွှေများကိုတော့ ခွာပါမှ မှန်၏အလှ ရွှေ၏အလှတို့လက်ပြီး ပေါ်လွင်ပေလိမ့်မည်။

တစ်ပြင်လုံး ရွှေရောင်ဖိတ်ဖိတ်တောက်နေသော ဆိုင်းဝိုင်းချပ်ပေါ်က မှန်များပေါ်တွင် သစ်စေးနှင့်အတူကပ်နေသော ရွှေများကိုခွာရန် မှန်စီရွှေချလုပ်ငန်းများမှ အမျိုးသမီးလုပ်သားများက အဓိကလုပ်ရသည်။ မှန်တစ်ချပ်ချင်းကို လက်နှင့်စမ်းလိုက်၊ ဓားပြားလေးများနှင့် အပေါ်ယံရွှေလွှာများကို ထိုးခွာလိုက်နှင့် တစ်နေကုန်တကုပ်ကုပ်လုပ်ပြီးလျှင်တော့ ဆိုင်းဝိုင်းချပ်များပေါ်က မှန်တို့လည်း ရွှေနှင့်အပြိုင်လင်းလက်လာလေပြီ။

တစ်ချပ်ပြီးတစ်ချပ်၊ မှန်စီရွှေချပြီးသော ဆိုင်းဝိုင်းချပ်များကို သူ့နေရာ၊ သူ့အစီအစဉ်နှင့်သူ ချိတ်ဆက်ပြီးလျှင်တော့ အခမ်းအနားတွေ၊ စင်မြင့်ထက်တွေတွင် တောက်ပခန့်ညားစွာနေရာယူသော မြန်မာ့ဆိုင်းဝိုင်းများဖြစ်လာသည်။ ခန့်ညားသော ဆိုင်းဝိုင်းတစ်ဖွဲ့ဖြစ်လာဖို့ အတီးအမှုတ်ပညာသာမက မြန်မာ့ဆိုင်းဝိုင်း၏ မျက်စိပသာဒဖြစ်မှု အပြင်အဆင်ကလည်း အရေးကြီးလှသည်။

မှန်စီရွှေချဟုဆိုလိုက်လျှင် မြန်မာ့ရိုးရာဆိုင်းဝိုင်းများအပြင် ဘုရားပလ္လင်၊ ဘုရားကျောင်းဆောင်၊ စောင်း၊ ပုရပိုက်သေတ္တာ၊ ပတ္တလား၊ စောင်းစသော အသုံးအဆောင်၊ တူရိယာများလည်း မှန်စီရွှေချနှင့် မကင်းနိုင်ခဲ့။ ယခုအခါတွင်တော့ မှန်စီရွှေချပညာရပ်ကို မန္တလေး မဟာမုနိဘုရားကြီးတောင်ဘက် အာနန္ဒာစောင်းတန်းတစ်ဝိုက်တွင်သာ အများဆုံးတွေ့ကြရတော့သည်။

မှန်စီရွှေချ မြန်မာ့ဆိုင်းဝိုင်းစစ်စစ်ဆို၍ လုပ်တတ်သူပညာရှင်လည်းရှားပါးသွားပြီဖြစ်သလို အချို့သော သဘင်ပညာရှင်များကလည်း အသစ်အဆန်းထွင်ကာ ဆိုင်းဝိုင်းကို စတီးများဖြင့် ပုံခွေပြီး တီးမှုတ်ကြသည်များလည်းပြုလုပ်လာသည်။ ယခင်က စိန်ဝိုင်း၊ ဒေါင်းဝိုင်းစသဖြင့် ဆိုင်းပညာရှင် ရှာစားများ တန်ဖိုးထားခဲ့ကြသော မြန်မာ့ဆိုင်းဝိုင်းပညာတို့ မန္တလေးမှာ ရှားပါးပညာရပ်အဖြစ်သာ ကျန်ရှိတော့သည်။ မှန်စီရွှေချဆိုင်းဝိုင်းတို့ စင်မြင့်ထက်မှာ တစ်ဖန်ရွှေရောင်တောက်ပနိုင်ဦးမည်လားဆိုသည်ကိုတော့ ဆိုင်းဝါသနာရှင်များသာမက ဆိုင်းဝိုင်းတီးမှုတ်နေသော ဆိုင်းပညာရှင်တို့ကိုယ်တိုင် ရင်တမမဖြင့် မျှော်လင့်နေရဆဲ ဖြစ်ပါလိမ့်မည်။ ■

**ယဉ်ယဉ်နောင်း**


ဓာတ်ပုံ-မိုးကျော်လွင်

မကွေး

## လျှော့ဈေးမှာ သူတို့မပါ

ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနက မြို့ကြီး များရှိ ဟိုတယ်များကို ဝန်ဆောင်မှုအပြည့်ဖြင့် ဈေးထက်ဝက်လျှော့ချရန် ညွှန်ကြားထားသော်လည်း ယင်းအထဲတွင် မကွေးတိုင်းဒေသကြီးမှ ဟိုတယ်များ မပါဝင်ပေ။

မုတ်သုန်ရာသီလေးလအတွင်း ဝင်ရောက်လာမည့် ခရီးသွားများကို ဝန်ဆောင်မှုအပြည့်ပေးကာ ဈေးနှုန်းကို ၅၀ ရာခိုင်နှုန်းအထိ လျှော့ချရန် နေပြည်တော်က ညွှန်ကြားထားသည်။ ယင်းအစီအစဉ်ကို ဇွန်လ ဒုတိယပတ်တွင် စတင်ရမည်ဖြစ်သည်။

သို့သော် ဈေးလျှော့မည့်အစီအစဉ်တွင် ရန်ကုန်၊ မန္တလေး၊ ပုဂံ၊ အင်းလေး စသည့် နိုင်ငံခြားသား အဝင်များသောဒေသများရှိ ဟိုတယ်များသာ အကျုံးဝင်မည်ဖြစ်သည်။ ■

ကရင်

## ခေါင်မိုးဖောက်ပြေးသည့် အချုပ်သားများ

ကော့ကရိတ်မြို့မရဲစခန်းတွင် ချုပ်နှောင်ထားသည့် အမျိုးသားခုနစ်ဦးသည် ဇွန်လ ၃ရက်နေ့က အချုပ်ခန်းကိုဖောက်ကာ ထွက်ပြေးခဲ့ကြသည်။

လုံချည်ကို ကြိုးအဖြစ်အသုံးပြုကာ ခေါင်မိုးကိုဖောက်၍ ထွက်ပြေးခြင်းဖြစ်ပြီး ထွက်ပြေးသူများအနက် တစ်ဦးကိုသာ ဖမ်းမိခဲ့သည်။ အချုပ်သားထွက်ပြေးသဖြင့် ယင်းနေ့က လုံခြုံရေးတာဝန်ကျသည့် ရဲတပ်ဖွဲ့ဝင်ငါးဦး ထိန်းသိမ်းခံလိုက်ရသည်။ ■

ပဲခူး

## တရားသူကြီးအိမ် ဆိုင်ကယ်အခိုးခံရ

ပဲခူးတိုင်း တောင်ငူမြို့အမှတ် (၁၀) ရပ်ကွက်နေ ခရိုင်ဒုတိယတရားသူကြီးအိမ်မှ ဆိုင်ကယ်တစ်စီး ဇွန်လ ၆ ရက်နေ့တွင် အခိုးခံခဲ့ရသည်။

ထိုင်းနိုင်ငံထုတ် အဆိုပါဆိုင်ကယ်မှာ ကျပ် ၁၅ သိန်း ခန့်တန်ကြေးရှိပြီး ဆိုင်ကယ်ပျောက်မှုအတွက် ရဲစခန်း၌ အမှုဖွင့်ထားသည်။

ကင်းတဲမှ သံချောင်းပျောက်ပြီး ဝန်ကြီးရုံးအတွင်း ဗုံးပေါက်၍ တရားသူကြီးအိမ်မှ ဆိုင်ကယ်အခိုးခံရခြင်းကဲ့သို့ ဥပဒေနားရွက် တံတွေးဆွတ်သည့်ကိစ္စများမှာ တရားဥပဒေစိုးမိုးမှု ရှိ၊ မရှိကို ဖော်ပြလျက်ရှိသည်။ ■

သတင်းကိစ္စ ဆက်သွယ်လိုပါက...
ဖုန်း ၀၉၇၃၀၆၄၅၉၂၊ ၀၉၇၃၂၄၈၈၆

ရှမ်း

## သစ်ပင်ခုနစ်သိန်းကျော် စိုက်မည်

ရှမ်းပြည်နယ်တွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရန်နှင့် သစ်တောများ ပိုမိုဖုံးလွှမ်းလာစေရန် မိုးတွင်းကာလအတွင်း သစ်ပင်ခုနစ်သိန်းကျော် စိုက်ပျိုးမည်ဖြစ်သည်။ ပြည်သူများကို သစ်ပင်အခမဲ့ဖြန့်ဖြူးခြင်း၊ စုပေါင်းစိုက်ပျိုးခြင်းများကို အစိုးရဌာနပိုင် စိုက်ခင်းများတွင် ပြုလုပ်ရန်စီစဉ်ထားသည်။

ကျိုင်းတုံမြို့တွင် ကျွန်း၊ မယ်ဇလီ၊ ထင်းရှူး၊ သရက်၊ ထောပတ်၊ ပိန္နဲ စသည့် သီးပင်စားပင် တစ်သိန်းကျော်ကို နှစ်စဉ်စိုက်ပျိုးကြောင်း မြို့နယ်သစ်တောဦးစီးဌာနက ဆိုသည်။ ယမန်နှစ်က ရှမ်းပြည်နယ်တစ်ဝန်းလုံးတွင် သစ်ပင်လေးသိန်းကျော် စိုက်ပျိုးခဲ့သည်။

တောင်ကုန်းတောင်တန်းပေါများသည့် ရှမ်းပြည်နယ် အရှေ့ပိုင်းတွင် သစ်တောကြိုးဝိုင်း ၁၁ ခု၊ ကြိုးပြင်ကာကွယ်တော ၁၇ ခုနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေ နှစ်ခုရှိသည်။ ■

ရခိုင်

## ကလေး ၁၀ ဦးကျော် အစာအဆိပ်သင့်

စစ်တွေမြို့တွင် ဝက်ဆီဖြင့် ကြော်ထားသည့် ထမင်းကြော်ကို စားပြီးနောက် ကလေး ၁၀ ဦးကျော် အစာအဆိပ်သင့်ခဲ့သည်။

ရွာကြီးမြောက်ရပ်ကွက်တွင်ရှိသည့် ထမင်းကြော်ဆိုင်တွင် ပုံမှန်အားဖြင့် စားအုန်းဆီဖြင့်သာ ကြော်လေ့ရှိသော်လည်း ဇွန်လ ၄ ရက်နေ့ကမူ ဆီမလောက်သဖြင့် ဝက်ဆီဖြင့်ရောကြော်ခဲ့ကြောင်း ဆိုင်ရှင်အမျိုးသမီးက မီဒီယာများကို ဖြေကြားထားသည်။

ယင်းထမင်းကြော်ကို စားသုံးခဲ့သည့် ဆိုင်ရှင်၏ ကလေးအပါအဝင်ကလေး ၁၂ ဦးနှင့်အသက် ၁၈ နှစ်အရွယ်မိန်းကလေးဦးတို့သည် အော့အန်၊ ဝမ်းလျှောသဖြင့် စစ်တွေဆေးရုံသို့ ပို့ဆောင်ဆေးကုသခဲ့ရသည်။ ထမင်းကြော်ကိုမူ ယင်းဆေးရုံတွင် ဓာတ်ခွဲစမ်းသပ်နေသည်။ ■

ရောဝတီ

## ကန်ဒေါ်လာသန်း ၂၀၀၀ တန် စွန့်ပစ်အပူသုံး လျှပ်စစ်စက်ရုံ

ရောဝတီတိုင်း၊ ပုသိမ်မြို့နယ် ရွှေသောင်ယံကမ်းခြေဒေသတွင် သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို တည်ဆောက်မည်ဖြစ်သည်။

အဆိုပါစက်ရုံကို ဟောင်ကောင် Zhefu Group၊ ဆွစ်ဇာလန်အခြေစိုက် Gunver Group နှင့် မြန်မာနိုင်ငံသားပိုင် Supreme Group တို့ ပူးပေါင်းလုပ်ဆောင်မည်ဖြစ်သည်။

လျှပ်စစ်ဓာတ်အား ၁၃၈၀ မဂ္ဂါဝပ်ထုတ်လုပ်နိုင်မည့် အဆိုပါစက်ရုံအတွက် အစိုးရက တာဝန်ယူမှု၊ တာဝန်ခံမှုရှိရန် ဒေသခံများက လိုလားလျက်ရှိသည်။ ■

ရခိုင်

## အကြမ်းဖက်ရာတွင် ကလေးများပါဝင်သလော

မောင်တောဒေသတွင် နယ်ခြားစောင့်ရဲစခန်းများကို အကြမ်းဖက်တိုက်ခိုက်ရာ၌ ပါဝင်သဖြင့် ဖမ်းဆီးခံရသူများအနက် အသက် ၁၆ နှစ်အောက် ကလေးခြောက်ဦးပါဝင်ကြောင်း အစိုးရက ထုတ်ပြန်ထားသည်။

အဆိုပါကလေးများကို ဘူးသီးတောင်မြို့နယ်ရှိ အမှတ် (၃) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ၌ ထိန်သိမ်းထားပြီး ကလေးသူငယ်တရားရုံးတွင် စစ်ဆေးနေကြောင်း ထုတ်ပြန်ချက်တွင် ပါရှိသည်။

ကလေးခြောက်ဦးအနက် တစ်ဦးမှာရောဂါကြောင့် သေဆုံးခဲ့ကြောင်း အစိုးရက ထုတ်ပြန်ထားသည်။ ■

မွန်

## ကမ်းပြိုဒဏ် မခံရအောင်

ပေါင်မြို့နယ် အလုပ်ကျေးရွာတွင် ရေလှိုင်းဒဏ်ကြောင့် နှစ်စဉ်ကမ်းပြိုနေသဖြင့် ယင်းဒဏ်ကို ဆက်လက်မခံရအောင် ဒီရေတောပင် တစ်သောင်းကို ဇွန်လ ၂ ရက်နေ့က စတင်ကာ စိုက်ပျိုးနေသည်။

သစ်တောဦးစီးဌာနက လာရောက်စိုက်ပျိုးခြင်းဖြစ်ပြီး ဒေသခံများက ပူးပေါင်းပါဝင်ခဲ့ကြသည်။

အလုပ်ကျေးရွာသို့ နှစ်စဉ် ပင်လယ်ရေဝင်သဖြင့် ကျပ်သိန်း ၄၅၆၀ အကုန်အကျခံကာ ပေ ၁၂၀၀ ရှိသည့် ရေတားတာတမံဆောက်လုပ်ခဲ့သော်လည်း ပြီးခဲ့သည့် မေလ ၂၅ ရက်နေ့က ရေလှိုင်းဒဏ်ကြောင့် ပေ ၃၀၀ ခန့် ပျက်စီးခဲ့သည်။ ■



ဓာတ်ပုံ-မိုးကျော်လွင်

ရှမ်း

## စဝ်စံထွန်းမှာ ဓာတ်ကင်စက်ထပ်လာမည်

တောင်ကြီးမြို့တော်ရှိ စဝ်စံထွန်းဆေးရုံကြီးတွင် ကင်ဆာဝေဒနာရှင်များ မှီခိုအားထားရသည့် ဓာတ်ရောင် ခြည်ကုသစက် ထပ်မံတပ်ဆင်ရန် စီစဉ်လျက်ရှိသည်။ လက်ရှိတွင် ဓာတ်ရောင်ခြည်စက်တစ်လုံးရှိပြီး နောက်ထပ်တစ်လုံး တပ်ဆင်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ဓာတ်ရောင်ခြည်ကုထုံးအတွက် စက်အရေအတွက် လွန်စွာနည်းပါးသဖြင့် တောင်ကြီးမြို့ရှိ ဓာတ်ရောင်ခြည်ကုသစက်ကို အခြားဒေသမှ ကင်ဆာဝေဒနာရှင်များပါ သွားရောက်ကုသမှု ခံယူလေ့ရှိသည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အကူအညီဖြင့် တည်ဆောက်ထားသော စဝ်စံထွန်းဆေးရုံကို အဆင့်မြှင့်တင်မှုများ ဆက်တိုက်ပြုလုပ်နေပြီး ဓာတ်ရောင်ခြည်စက် အသစ်တပ်ဆင်ပြီးလျှင် ကင်ဆာဝေဒနာရှင်များကုသရန် စောင့်ဆိုင်းရသည့် အချိန်လျော့ကျသွားမည်ဖြစ်သည်။■

## Cartoon Of The Week




ပဲခူး

## ကျောင်းအမိုးပြိုမည့်အန္တရာယ်နှင့် ကျောင်းသား ၂၀၀

ပဲခူးတိုင်း၊ ကျောက်ကြီးမြို့နယ် မုန်းဒေသရှိ အခြေခံပညာမူလတန်းကျောင်း (နှစ်ထပ်) ရှိ ကျောင်းတိုင်များမှာ အောက်ခြေနှင့်လွတ်၍ ပျက်စီးလျက်ရှိသည်။ အောက်ခြေနှင့် လွတ်နေသည့်ကျောင်းတိုင်များကြောင့် အဆိုပါကျောင်းသို့တက်နေသည့် ကျောင်းသား ၂၀၀ ကျော်မှာ ကျောင်းအမိုးပြိုမည့်အန္တရာယ်နှင့် ရင်ဆိုင်နေရသည်။

လွှတ်တော်သို့ တင်ပြထားသော်လည်း ပြန်လည်ပြုပြင်ရန် ဘတ်ဂျက်မကျသေးဘဲ လာမည့်နှစ်တွင်လည်း ဘတ်ဂျက်ရ၊ မရ မသေချာသေးကြောင်း ရွှေကျင်မြို့နယ် တိုင်းလွှတ်တော်ကိုယ်စားလှယ် ဒေါ်လှလှဝင်းက ဆိုသည်။

ရေဝတီ

## သူ့ထက်သူ လူစွမ်းကောင်းများ

ရေဝတီတိုင်း၊ ပုသိမ်မြို့ အမှတ် (၇) ရပ်ကွက်တွင် ထောင်သုံးကြိမ်ကျနာမည်ကြီးလူမိုက်ဆိုသူ ဦးထွန်းမြိုင်ကို လူတစ်စုက အိမ်ပေါ်တက်ပြီး ဓားဖြင့်ခုတ်ခဲ့ကြသည်။ မေလ ၄ ရက်နေ့တွင် ဦးထွန်းမြိုင်က ကိုအာနီ(ခ) ဇင်မင်းထွန်းကို ဓားဖြင့်လိုက်ခုတ်ခဲ့ပြီးနောက် ယင်းဖြစ်ရပ်ကိုမကျေနပ်၍ လူ ၁၀ ဦးခန့်စုဝေးကာ လူနှစ်ဦးက အိမ်ပေါ်တက် ဓားဖြင့်ခုတ်ခဲ့ကြခြင်းဖြစ်သည်။

ဦးထွန်းမြိုင်မှာ ဆေးရုံသို့ပို့စဉ် ဓားထိုးဒဏ်ရာဖြင့် လမ်းတွင်ပင် သေဆုံးခဲ့ပြီး ကိုအာနီက ရဲစခန်းတွင် လာရောက်အဖမ်းခံခဲ့သည်။ ■

# မြန်မာလူငယ်များအတွက် ဩစတြေးလျနိုင်ငံ ပညာတော်သင်ဆုအခွင့်အလမ်းများ

**အုန်းဇင်လင်း (ပညာရေး)**

**မြန်မာလူငယ်တွေအနေနဲ့ နိုင်ငံခြားပညာသင်သွားဖို့ စိတ်ကူးအိပ်မက်ရှိကြတဲ့ နိုင်ငံတွေထဲမှာ ဩစတြေးလျနိုင်ငံလည်း အပါအဝင်ဖြစ်ပါတယ်။ ဩစတြေးလျနိုင်ငံမှာ ပညာသင်ဖို့အတွက် အစိုးရပညာသင်ဆုများ၊ တက္ကသိုလ်အလိုက်ပေးတဲ့ ပညာသင်ဆုများ၊ အဖွဲ့အစည်းများကပေးတဲ့ ပညာသင်ဆုများ စသည်ဖြင့် များစွာရှိတဲ့အတွက် ပိုမိုသိရှိလျှောက်ထားနိုင်ပါရန် ရေးသားမျှဝေလိုက်ပါတယ်။**

## (1) Australia Awards Scholarships

ဩစတြေးလျအစိုးရက ပေးအပ်သော ပညာသင်ဆုဖြစ်ပြီး ပညာသင်ဆုတွေထဲမှာ စာရေးသူ သဘောအကျဆုံး ပညာသင်ဆုဖြစ်ပါတယ်။ ပထမအဆင့် ရွေးချယ်ခံရပြီးတဲ့သူ အားလုံးအတွက် IELTS စာမေးပွဲကို ဩစတြေးလျသံရုံးက အကုန်အကျခံ စီစဉ်ပေးတာဖြစ်တဲ့အတွက် လူငယ်တွေအတွက် အတော်အဆင်ပြေပါတယ်။ မဟာဘွဲ့တက်ရောက်ဖို့ ကမ်းလှမ်းထားတာဖြစ်ပြီး နှစ်စဉ်မြန်မာလူငယ် ၆၀ ဝန်းကျင်ကိုချီးမြှင့်တဲ့အတွက် အခွင့်အလမ်းကောင်းတစ်ရပ်ဖြစ်ပါတယ်။ နှစ်စဉ်လျှောက်လွှာများကိုဖေဖော်ဝါရီ ၁ ရက်မှ ဧပြီ ၃၀ အတွင်း လက်ခံပါတယ်။ အသေးစိတ်လမ်းညွှန်များကို https://www.facebook.com/ohnzinlinedu/posts/236557360147719:0 မှာ ဖတ်ရှုနိုင်ပါတယ်။

## (2) JJ/WBGSP ပညာသင်ဆု

ဂျပန်အစိုးရနဲ့ ကမ္ဘာ့ဘဏ်တို့ ပူးတွဲပေးအပ်တဲ့ပညာသင်ဆုဖြစ်ပါတယ်။ Joint Japan World Bank Graduate Scholarship အနေနဲ့ ဩစတြေးလျ အပါအဝင် အမေရိကန်၊ အင်္ဂလန်၊ ဂျပန်၊ ပြင်သစ်၊ နယ်သာလန်၊ ဘယ်လ်ဂျီယမ်၊ အာဂျင်တီးနား၊ ချီလီ၊ ကော်စတာရီကာ၊ ထိုင်းစတဲ့နိုင်ငံတွေက ထိပ်တန်းတက္ကသိုလ်တွေမှာ တက်ရောက်ဖို့ ပညာသင်ဆုပေးတာဖြစ်ပါတယ်။ ကမ္ဘာ့ဘဏ်အဖွဲ့ဝင်နိုင်ငံများထဲမှ နှစ်စဉ်ကျောင်းသား ၅၀၀၀ ကျော်ကိုပေးလေ့ရှိပါတယ်။ ဩစတြေးလျနိုင်ငံအတွက် Australian National University မှာ Environmental၊ Economics ၊ International Development Econimics၊ Enviromental and Resource Economics စတဲ့ ဘာသာရပ်တွေနဲ့ ပတ်သက်ပြီး မဟာဘွဲ့လျှောက်ထားနိုင်ပါတယ်။ international.enquiry@anu.edu.au ကို ဆက်သွယ်စုံစမ်းနိုင်သလို http://www.worldbank.org/en/programs/scholarships#3 မှာ လေ့လာနိုင်ပါတယ်။ JJ/WBGSP လျှောက်ထားနည်းအသေးစိတ်ကို https://www.facebook.com/ohnzinlinedu/posts/236548660148589:0 မှာ ကြည့်နိုင်ပါတယ်။


ဓာတ်ပုံ-မြင့်မိုးညို

## (3) ADB-JSP ပညာသင်ဆု

ဂျပန်အစိုးရရဲ့ ပညာသင်ဆုတစ်ခုဖြစ်တဲ့ Asian Development Bank-Japan Scholarship Program အနေနဲ့လည်း ဩစတြေးလျ၊ အမေရိကန်၊ ဟောင်ကောင်၊ အိန္ဒိယ၊ ဂျပန်၊ နယူးဇီလန်၊ ပါကစ္စတန်၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းစတဲ့နိုင်ငံတွေမှာ လျှောက်ထားလို့ရပါတယ်။ နှစ်စဉ်ကျောင်းသားဦးရေ ၃၀၀ ချီးမြှင့်ပါတယ်။ The Australian National University၊ The University of Melbourne၊ The University of Sydney စတဲ့ တက္ကသိုလ်ကြီးတွေမှာ လျှောက်ထားနိုင်ပါတယ်။ Australian National University အတွက် တစ်နှစ်တွင် နှစ်ကြိမ်လျှောက်ထားနိုင်ပြီး Deadline က မေ ၁၅ နဲ့ ဒီဇင်ဘာ ၁၅ ရက်ဖြစ်ပါတယ်။ The University of Melbourne အတွက် Deadline က အောက်တိုဘာ ၃၁ ရက်ဖြစ်ပါတယ်။ The University of Sydney အတွက် Deadline က အောက်တိုဘာ ၃၁ နဲ့ ဧပြီ ၃၀ ရက် ဖြစ်ပါတယ်။ ပညာသင်ဆုလျှောက်ထားခြင်း အသေးစိတ်ကို https://www.facebook. com/ohnzinlinedu/posts/ 236547183482070:0 မှာ ဖတ်နိုင်ပါတယ်။

## (4) Endeavour Scholarships and Fellowships

Endeavour ပညာသင်ဆုအောက်မှာ မြန်မာနိုင်ငံသားတွေလျှောက်ထားလို့ရတဲ့အမျိုးအစား လေးမျိုးရှိပါတယ်။

**(က) Endeavour Postgraduate Scholarship**

မဟာဘွဲ့၊ ပါရဂူဘွဲ့တက်ရောက်ဖို့ လျှောက်ထားနိုင်ပါတယ်။ မည်သည့်ဘာသာရပ်မဆို ဩစတြေးလျမှာ လေးနှစ်အထိ ပညာသင်ခွင့်ရှိပါတယ်။

**(ခ) Vocational Education and Training (VET)**

ဒီပလိုမာရယူဖို့အတွက် ၂ နှစ်ခွဲအထိ ပညာသင်ဆုပေးပါတယ်။ အလုပ်အကိုင်၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ အရည်အသွေးတွေကို သင်ယူနိုင်ဖို့ဖြစ်ပါတယ်။

**(ဂ) Research Fellowship**

ဘွဲ့လွန်၊ ပါရဂူဘွဲ့လွန်ကျောင်းသားများအတွက် လေးလမှ ခြောက်လအထိ ကာလတို သုတေသန ပြုလုပ်ခွင့်ရမယ့် ပညာသင်ဆု ဖြစ်ပါတယ်။ မဟာဘွဲ့၊ ပါရဂူဘွဲ့၊ ပါရဂူ ဘွဲ့လွန်အတွက် ဩစတြေးလျမှာ လေ့လာနိုင်တဲ့ မည်သည့်ဘာသာရပ်မဆို လျှောက်ထားခွင့်ရှိပါတယ်။

**(ဃ) Executive Fellowship**

လုပ်ငန်းဆိုင်ရာ Professional development အတွက် တစ်လမှလေးလအထိ သင်ယူလေ့လာခွင့်ရပါမယ်။ ကျောင်းပညာရပ်ဆိုင်ရာသုတေသန အတွက်မလုပ်ဘဲ လုပ်ငန်းဆိုင်ရာအရည်အသွေးမြှင့်တင်ဖို့အတွက် သာဖြစ်ပါတယ်။

Endeavour ပညာသင်ဆုနဲ့ ပတ်သက်ပြီး အသေးစိတ်ကို http://internationaleducation.gov.au/endeavour မှာ ကြည့်ရှုလေ့လာလျှောက်ထားနိုင်ပါတယ်။ Deadline က ဇွန်လ ၃၀ ရက်နေ့ဖြစ်ပါတယ်။

## (5) တက္ကသိုလ်မှပေးသော ပညာသင်ဆုများ

**(က) University of Melbourne ပညာသင်ဆု**

University of Melbourne မှ မဟာဘွဲ့ (သို့မဟုတ်) ပါရဂူဘွဲ့တက်ရောက်နိုင်ဖို့အတွက် Melbourne Research Scholarships (MRS) နဲ့ Australian Government Research Training Program Scholarship(RTPS) ပညာသင်ဆု နှစ်ခုကို ဘွဲ့လွန်သုတေသန ပညာသင်ဆုများ (Graduate Research Scholarships) အဖြစ် ကမ်းလှမ်းထားပါတယ်။ ပညာသင်ဆုအမျိုးအစားတစ်ခုအတွက်တစ်နှစ်မှာပညာသင်ဆု၃၀၀ ကျော်ပေးအပ်ပါတယ်။ အရေအတွက် မနည်းလှတဲ့အတွက် လျှောက်ထားသင့်တဲ့ ပညာသင်ဆုတစ်ခုဖြစ်ပါတယ်။ အသေးစိတ်ကို Melbourne တက္ကသိုလ်ရဲ့ website လင့်ခ်ဖြစ်တဲ့ https://studente forms.app.unimelb.edu.au/apex/f?p=153:2:0:::2:P2_ ID:641 မှာ ကြည့်နိုင်ပါတယ်။

**(ခ) The University of Adelaide**

Adelaide တက္ကသိုလ်မှာ ပညာသင်ကြားဖို့အတွက် Adelaide Scholarships International (ASI) ကို ကမ်းလှမ်းထားပါတယ်။ မဟာဘွဲ့နဲ့ ပါရဂူဘွဲ့အတွက် လျှောက်ထားနိုင်ပါတယ်။ တစ်နှစ်မှာ သုံးကြိမ် လျှောက်ထားနိုင်ပါတယ်။ Deadline တွေက ပထမအကြိမ်အတွက် ဩဂုတ်လ ၃၁ ရက်၊ ဒုတိယအကြိမ်အတွက် ဇန်နဝါရီ ၃၁ ရက် တို့ဖြစ်ပြီး တတိယအကြိမ်အတွက် ဧပြီ ၃၁ ရက်ဖြစ်ပါတယ်။ အသေးစိတ်ကို Google မှာ ရှာဖွေလေ့လာနိုင်ပါတယ်။

ပညာသင်ဆု လျှောက်ထားတဲ့အခါမှာ အခြေခံလိုအပ်ချက်၊ စာရွက်စာတမ်းတွေက ပညာသင်ဆုအားလုံးအတွက် အတူတူဖြစ်တဲ့အတွက် အင်္ဂလိပ်စာ၊ ပညာရည်မှတ်တမ်း (Grading and Transcripts) စတာတွေကို ပြင်ဆင်ထားဖို့လိုပြီး ပညာသင်ဆုများကို တစ်ခုထက်ပိုပြီး ပြင်ဆင်လျှောက်ထားသင့်ပါတယ်။

ဩစတြေးလျမှာ ပညာသင်ကြားလိုသူ လူငယ်တွေအနေနဲ့ ဖော်ပြပါ ပညာသင်ဆုများအပြင် လျှောက်ထားလိုတဲ့ တက္ကသိုလ်အလိုက် ပညာသင်ဆုများစွာရှိတဲ့အတွက် အချိန်ပေးလေ့လာပြီး ဇွဲရှိရှိဖြင့် မိမိတို့အတွက် အခွင့်အလမ်းများကို ဆုပ်ကိုင်နိုင်ကြပါစေကြောင်း ဆုမွန်တောင်းလိုက်ရပါတယ်။ ■

**မေတ္တာဖြင့်**
**အုန်းဇင်လင်း(ပညာရေး)**

## Scholarship Info

### DAAD Master Scholarships for Public Policy and Good Governance

ဂျာမနီနိုင်ငံ ဂျာမန်ပညာရေးဖလှယ်မှု ဝန်ဆောင်မှု (DAAD) က ပြည်သူ့ရေးရာမူဝါဒနဲ့ ကောင်းမွန်သောအုပ်ချုပ်ရေးနယ်ပယ်မှာ မဟာဘွဲ့သင်တန်း တက်မယ့်သူတွေကိုပေးအပ်တဲ့ ပညာသင်ဆုဖြစ်ပါတယ်။

အာဖရိက၊ လက်တင်အမေရိက၊ တောင်အာရှ၊ အရှေ့တောင်အာရှနဲ့ အရှေ့အလယ်ပိုင်းဒေသက နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးနဲ့ ဥပဒေ နယ်ပယ်မှာ လေ့လာလုပ်ကိုင်နေသူတွေ ဒီပညာသင်ဆုကို လျှောက်ထားနိုင်ပါတယ်။

တက္ကသိုလ်ဘွဲ့ ဒီဂရီတစ်ခုခုရထားပြီးသူ၊ ကိုယ့်တိုင်းပြည်မှာ လူမှုရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် တက်ကြွစွာဆောင်ရွက်နေသူ၊ လုပ်ငန်းအတွေ့အကြုံမရှိသေးတဲ့ ဘွဲ့ရလူငယ်တွေလည်း လျှောက်ထားနိုင်ပါတယ်။

အသေးစိတ်ကို https://www.daad.de/deutschland/stipendium/datenbank/en/21148-scholarship-database/?daad=&detail=50026397&origin=&page=1&q=helmut&status=&subjectGrps= မှာ ဝင်ရောက်ကြည့်ရှုနိုင်ပြီး ဒီနှစ် ဇူလိုင်လ ၃၁ ရက် နောက်ဆုံးလျှောက်ထားရမှာ ဖြစ်ပါတယ်။

### University College Dublin International Scholarships for MBA

အိုင်ယာလန် University College Dublin က မိုက်ကယ်ဆမားဖစ် စီးပွားရေးကျောင်းမှာ MBA ဘွဲ့သင်တန်း တက်ရောက်မယ့်သူတွေကို ပေးအပ်တဲ့ ပညာသင်ဆုဖြစ်ပါတယ်။

မြန်မာနိုင်ငံအပါအဝင် နိုင်ငံတကာက လျှောက်ထားမယ့်သူတွေအနေနဲ့ MBA ဝင်ခွင့်စာမေးပွဲဖြစ်တဲ့ GMAT မှာ ရမှတ် ၇၀၀ နဲ့အထက် ရထားဖို့လိုပြီး လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး သုံးနှစ်နဲ့ ဘွဲ့ဒီဂရီတစ်ခုခုရထားပြီးသူ ဖြစ်ရပါမယ်။

အသေးစိတ်ကို http://www.smurfitschool.ie/scholarships/ucdsmurfitschoolgmatembascholarships/ မှာ ဝင်ရောက်ကြည့်ရှုနိုင်ပြီး ဒီနှစ် ဇွန်လ ၃၀ ရက် နောက်ဆုံးလျှောက်ထားရမှာ ဖြစ်ပါတယ်။

### Cartier Women's Initiative Awards for International Applicants in USA

ကမ္ဘာကျော် ဇိမ်ခံလက်ဝတ်ရတနာကုမ္ပဏီကြီးတစ်ခုဖြစ်တဲ့ Cartier က McKinsey & Company နဲ့ INSEAD စီးပွားရေးကျောင်းတို့ ပူးပေါင်းပေးအပ်တဲ့ အမျိုးသမီးများ ဦးဆောင်ဦးရွက်ပြုမှုဆုပဲဖြစ်ပါတယ်။

ဒီဆုက တစ်ကမ္ဘာလုံးရှိတဲ့ အမျိုးသမီးစွန့်ဦးတီထွင်လုပ်ငန်းရှင်များ ကို နှစ်စဉ်ရွေးချယ်ပေးအပ်လေ့ရှိပြီး ပထမဆု အမေရိကန်ဒေါ်လာ တစ်သိန်း၊ ဒုတိယဆု ၁၂ ဆုအတွက် အမေရိကန်ဒေါ်လာသုံးသောင်းစီ ချီးမြှင့်ပေးတာ ဖြစ်ပါတယ်။

အမျိုးသမီးဦးဆောင်တဲ့ ၂ နှစ်၊ သုံးနှစ်သက်တမ်းရှိတဲ့ လုပ်ငန်း၊ အကျိုးအမြတ်ရှိပြီး အတွေးအမြင်သစ်နဲ့ လုပ်ငန်းလည်ပတ်နေတဲ့လုပ်ငန်း၊ အခုမှ စတင်လည်ပတ်ကာစ လုပ်ငန်းအသစ်ဖြစ်ဖို့ လိုပါတယ်။

ကိုယ့်လုပ်ငန်းရဲ့စီးပွားရေးပုံစံကို ချပြပြိုင်ပွဲဝင်ရမှာဖြစ်ပြီး ယှဉ်ပြိုင်လိုသူအနေနဲ့ အမျိုးသမီးဖြစ်ရမယ်၊ အင်္ဂလိပ်ဘာသာစကားကို ကျွမ်းကျင်ပိုင်နိုင်စွာ ပြောဆို၊ ရေးသားနိုင်သူဖြစ်ရပါမယ်။

အသေးစိတ်ကို https://www.cartierwomensinitiative.com/application-selection-process မှာ ဝင်ရောက်ကြည့်ရှုနိုင်ပြီး ဒီနှစ် ဩဂုတ်လ ၃၁ ရက် နောက်ဆုံးလျှောက်ထားရမှာဖြစ်ပါတယ်။

## News in Brief

### ICM Single Subject Diploma in Hospitality Management သင်တန်းဖွင့်မည်

**ရန်ကုန်၊ ဇွန် ၇**

ခရီးသွားလုပ်ငန်း၊ ဟိုတယ်လုပ်ငန်းများနှင့် ဆက်စပ်လုပ်ကိုင်နေသောသူများအတွက် ICM Single Subject Diploma in Hospitality Management သင်တန်းကိုဇွန်လ ၂၅ ရက်နေ့တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း Strategy First သင်တန်းကျောင်းထံမှ သိရသည်။

အဆိုပါသင်တန်းတွင် Travel & Tourism၊ Growth and change in the Hospitality Industry၊ Profile of the Accommodation & Leisure Industry၊ Hotel Management –Dimensions & Structure၊ Hotel & Lodging Operations၊ Legislation နှင့် Management in Hospitality Management စသည့် ဘာသာရပ်များကို သင်ကြားပို့ချသွားမည်ဖြစ်သည်။

သင်တန်းကာလ ငါးလကြာမြင့်မည်ဖြစ်ပြီး သင်တန်းကို အပတ်စဉ် တနင်္ဂနွေ၊ မွန်းလွဲ ၁ နာရီမှ ၃ နာရီခွဲအထိ သင်ကြားရမည်ဖြစ်သည်။ သင်တန်းကြေးမှာ ၄၂၀,၀၀၀ ကျပ်ဖြစ်ပြီး အသေးစိတ်ကိုအမှတ် ၈၊ မြေညီထပ်၊ ပန်းခြံတာဝါ၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ဖုန်း ၀၉-၂၅၀၇၁၇၁၆၆ ကို ဆက်သွယ် စုံစမ်းနိုင်သည်။

### Certified Finance Specialist အထူးသင်တန်းဖွင့်မည်

**ရန်ကုန်၊ ဇွန် ၇**

နိုင်ငံတကာအဆင့်ဘဏ္ဍာရေးနှင့် ငွေကြေးစီမံခန့်ခွဲမှု ကျွမ်းကျင်သူများအတွက် ရည်ရွယ်ဖွင့်လှစ်သည့် Certified Finance Specialist အထူးသင်တန်းကို ဇူလိုင်လ ၂ ရက်နေ့တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း Myanmar Management Institute သင်တန်းကျောင်း၏ သင်တန်းတာဝန်ရှိသူထံမှ သိရသည်။


ဓာတ်ပုံ-မြင့်မိုးညို

ယင်းသင်တန်းတွင် နိုင်ငံ တကာအဆင့် ဘဏ္ဍာရေးစီမံခန့်ခွဲမှုနှင့် လုပ်ငန်းစဉ်မဟာဗျူဟာများ၊ ဘဏ္ဍာရေးစီမံကိန်းရေးဆွဲခြင်းလုပ်ငန်းစဉ်များ၊ လုပ်ငန်းခွင်အတွင်း ငွေကြေးလည်ပတ်မှုကို စီမံခန့်ခွဲခြင်းနည်းလမ်းများ၊ ရှယ်ယာနှင့် ချေးငွေအရင်းအနှီးရယူရာတွင် သိသင့်သောအကြောင်းအရာများနှင့် ငွေကြေးစျေးကွက်များ အကြောင်းတို့ကို ဆရာမဒေါ်တင်ညွှန့် Associate Professor (Dept. of Commerce) က သင်ကြားပို့ချသွားမည်ဖြစ်သည်။

သင်တန်းကြေးမှာ ၄၂၀,၀၀၀ ကျပ်ဖြစ်ပြီး သင်တန်းကြေးကိုအရစ်ကျ ခွဲသွင်းနိုင်မည်ဖြစ်သည်။ သင်တန်းကို အပတ်စဉ် တနင်္ဂနွေ၊ မွန်းလွဲ ၂ နာရီ မှ ညနေ ၄ နာရီအထိ သင်ကြားသွားမည်ဖြစ်သည်။ သင်တန်းနှင့် ပတ်သက်ပြီး အသေးစိတ်စုံစမ်းမေးမြန်းလိုပါက ချမ်းသာပလာဇာ၊ တတိယထပ်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန် ဖုန်း ၀၉-၇၇၃၈၈၉၁၂၅ နှင့် ၄၅၀၀ ၂၅၆၁၅ တို့ကို ဆက်သွယ်မေးမြန်းနိုင်သည်။

### အမေရိကန်ပညာရေးဆွေးနွေးပွဲပြုလုပ်မည်

**ရန်ကုန်၊ ဇွန် ၇**

အမေရိကန်ပြည်ထောင်စုတွင် ကျောင်းတက်ရောက်မည့်သူများအတွက် အမေရိကန်ပညာရေးဆွေးနွေးပွဲကို ဇွန်လဒုတိယပတ်တွင် ပြုလုပ်သွားမည် ဖြစ်ကြောင်း SR Worldwide Education ထံမှ သိရသည်။

အဆိုပါ ပညာရေးဆွေးနွေးပွဲတွင် မြန်မာကျောင်းသားများအတွက် ၅၀ ရာခိုင်နှုန်း Scholarship ရရှိနိုင်မည့် အခွင့်အလမ်း၊ အမေရိကန် ပြည်ထောင်စုရှိကျောင်းများတွင် တက်ရောက်နိုင်မည့်အကြောင်းအရာများ၊ ကမ္ဘာ့ထိပ်တန်းကုမ္ပဏီများဖြစ်ကြသော Apple၊ NASA၊ Google၊ BMW စသောကုမ္ပဏီများတွင် ဝင်ရောက်လုပ်ကိုင်နိုင်မည့် Internship အခွင့်အလမ်းအကြောင်းအရာများကို အသေးစိတ်ရှင်းလင်းပြောကြားသွားမည်ဖြစ်သည်။

လူဦးရေးကန့်သတ်ထားပါသဖြင့် ကြိုတင်နာမည်စာရင်းပေးသွင်းပြီး အသေးစိတ်ကို အမှတ် ၄၇/၄၈၊ ၄ လွှာ၊ ဗဟိုစည်အိမ်ရာ၊ လမ်းမတော်မြို့နယ်၊ ဖုန်း ၀၉-၅၁၄၈၈၄၈ နှင့် ၅၄၃၈၈၄၈ တို့ကို ဆက်သွယ်စုံစမ်းနိုင်သည်။

# သုသု နင်ကြိုက်တဲ့ဇာတ်တွေပဲ ဖတ်ပြီးရိုက်နေတော့ ပရိသတ်ကကြည့်ပြီး စိတ်ညစ်စရာတွေပဲ ဖြစ်နေမယ်။ ကြားမှာလည်း ပျော်စရာကောင်းတဲ့ ဇာတ်တွေလည်း ရိုက်ဦးပြောယူနေရတယ်

**ရုပ်ရှင်ဝေဖန်သူတွေရဲ့အကောင်းမြင်သုံးသပ်ချက်တွေရရှိထားတဲ့ နေဝင်အိပ်တန်းတက် ဇာတ်ကားကို ထုတ်လုပ်သူအနေနဲ့သာမက သရုပ်ဆောင်အနေနဲ့ အကယ်ဒမီ ရင်ခုန်သံ၊ ရိုက်ကူးစဉ်ကြုံတွေ့ရတဲ့ အခက်အခဲ၊ နာမည်ကျော် စာရေးဆရာမကြည်အေးရဲ့မီဝတ္ထုကို ရွေးချယ်ရိုက်ကူးဖြစ်ပုံ၊ ဇာတ်ဆောင်အတွက် ပြင်ဆင်မှုအပိုင်းတွေနဲ့ အနုပညာလှုပ်ရှားမှုတွေကို The Voice က သရုပ်ဆောင် ပိုင်ဖြိုးသုနဲ့ တွေ့ဆုံပြီး မေးမြန်းထားပါတယ်။**

ဆုအိမ္ဂြေဦး



ဓာတ်ပုံ-မြင့်မိုးညို

**Voice : ကိုယ်တိုင်ထုတ်လုပ်ရိုက်ကူးထားတဲ့ နေဝင်အိပ်တန်းတက်ဇာတ်ကား ရုံတင်နေတာဆိုတော့ ရင်ခုန်သံ ဘယ်လိုဖြစ်နေလဲ။**

**PPT :** ဒီဝတ္ထုက ညီမကိုယ်တိုင်လည်း ပရိသတ်တစ်ယောက်အနေနဲ့ အရမ်းကြိုက်ခဲ့တဲ့ဝတ္ထုပါ။ ဝတ္ထုက ဆရာလက်ာရည်ကျော်၊ ရိုက်ကူးသူက ကိုဝိုင်းဆိုတော့ ဒီရုပ်ရှင်ကလည်း ပရိသတ်တွေအတွက် ရင်ခုန်စေမယ့် ကားတစ်ကားဖြစ်မယ်လို့ ညီမအနေနဲ့ မျှော်လင့်ထားပါတယ်။

**Voice: ဒီဝတ္ထုကို ရွေးချယ် ရိုက်ကူးဖြစ်ပုံပြောပြပါဦး။**

**PPT:** ညီမက စာအုပ်တွေအရမ်း ဖတ်တယ်။ စာဖတ်ရတာကို ကြိုက်တယ်။ စာပေကို ဝါသနာပါတယ်။ ဝါသနာပါတော့ ကိုယ်ကိုယ်တိုင်ဖတ်တဲ့အခါ ကြိုက်တဲ့ဝတ္ထုတွေဆို ရုပ်ရှင်အဖြစ် ဖန်တီးချင်မိတယ်။ အဲဒါကြောင့် ဒီဝတ္ထုကိုဖတ်ကတည်းက ရုပ်ရှင်အဖြစ် အရမ်းကိုအသက်သွင်းချင်တဲ့ စိတ်ကဖြစ်နေတာ၊ အဲဒါကြောင့် ညီမ ရွေးချယ်ရိုက်ကူးဖြစ်တာပါ။

**Voice: ဒီဇာတ်ကားထဲမှာ မေကြာဖြူအဖြစ် ပီပြင်ခဲ့တယ်လို့ ကိုယ့်ကိုယ်ကိုယ် မြင်မိလား။**

**PPT:** မေကြာဖြူဖြစ်ခဲ့လား၊ မဖြစ်ခဲ့လားဆိုတာ ပရိသတ်က ဆုံးဖြတ်ပေးမှာပါ။ ဒါပေမဲ့ ဒီဇာတ်ကောင်အတွက် ညီမဘက်က အပီပြင်ဆုံးသရုပ်ဆောင်ခဲ့သလို၊ ဆရာသမားတွေရဲ့ သင်ကြားမှုကြောင့် မေကြာဖြူ ဖြစ်ခဲ့တယ်လို့ညီမထင်ပါတယ်။

**Voice: ဒီဇာတ်ကားရိုက်ကူးနေချိန်မှာ ဘယ်လိုအခက်အခဲတွေ ကြုံတွေ့ခဲ့ရလဲ။**

**PPT:** ဒီဇာတ်ဆောင်က အရမ်းခွဲရတယ်။ ကိုပြေတီဦးကို ခွဲခွဲပြီး အလှတွေပြင် စမတ်ကျကျနေရတယ်။ ညီမက အပြင်မှာလည်း စမတ်ဖြစ်ဖြစ်မနေတတ်တာတွေ၊ မခွဲတတ်တာတွေက မေကြာဖြူ ပီပြင်ဖို့အတွက် ညီမတော်တော်လေး အခက်အခဲတွေ့ရပါတယ်။ ညီမကိုယ်တိုင်လည်း ဒီလိုဇာတ်ဆောင်မျိုးကို သိပ်မရိုက်ဖူးသလို လုံးဝမလုပ်တတ်တဲ့ ဇာတ်ဆောင်တစ်ခုပါ။ ကိုယ့်ကိုယ်ကိုယ်ခိုင်းချင်လို့ ပြီးတော့ ကိုဝိုင်းဆိုရင် အရမ်းသင်ပေးမှာလည်း သိတယ်။ အဲဒါကြောင့် ဒီဇာတ်ဆောင်မျိုးကိုလုပ်ကြည့်ချင်တာနဲ့ ညီမ သရုပ်ဆောင်ထားတာပါ။

**Voice: ညီမအတွက် ဘယ်လောက် အထိစိန်ခေါ်မှုဖြစ်မလဲ။**

**PTT:** စိန်ခေါ်မှုက တော်တော်ကြီးတယ်။ ဒီကားကိုကြည့်ပြီးတာနဲ့ ပရိသတ်ကသူတို့မြင်တွေ့နေကျ ဇာတ်ဆောင်နဲ့မဟုတ်တော့ ပရိသတ်မုန်းမှာလည်း ကြောက်တယ်။ နောက်ပြီးတော့ ညီမနဲ့မလိုက်တဲ့ ဇာတ်ဆောင်တစ်ခုကို ပိုင်ဖြိုးသု သရုပ်ဆောင်ထားတယ်လို့ထင်သွားမှာကိုလည်း တွေးပြီးတော့ ကြောက်နေတာ။

**Voice: ဒေါင်နတ်သမီးဇာတ်ကားနဲ့ အကယ်ဒမီလွဲချော်သွားခဲ့တယ်။ အခု ဒီကားနဲ့ ပရိသတ်တွေက အကယ်ဒမီ ထင်ကြေးပေးနေကြတော့ ရင်ခုန်သံက ဘယ်လိုဖြစ်နေမလဲ။**

**PPT:** အကယ်ဒမီက ညီမ လုံးဝရင်မခုန်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ညီမထက်တော်တဲ့ စီနီယာအစ်မတွေ အများကြီးရှိတယ်။ ပြီးတော့ ဒီနှစ်ထဲမှာ အရမ်းကောင်းတဲ့ကားတွေလည်း အများကြီးရှိပါတယ်။ ညီမကိုယ်တိုင်လည်း ညီမ Idol ထဲမှာ မှန်းထားတာတွေ ရှိပါတယ်။ အဲဒီအတွက် ကိုယ့်အတွက်ဆိုရင် မမျှော်လင့်ဘူး။ နေဝင်အိပ်တန်းတက်ကားကနေ ညီမအတွက်မျှော်လင့်ထားတာ ပရိသတ်တွေက ပိုင်ဖြိုးသု မဆိုးပါဘူး၊ ကြိုးစားရှာသား၊ သရုပ်ဆောင်ပီသတယ်ဆိုတဲ့ အဲဒီလို မှတ်ချက်လေး အသိအမှတ်ပြုမှုလေး တစ်ခုရရင် ညီမအတွက်က ဆုကြီးတစ်ခုပါပဲ။

**Voice: ဒီနှစ်မှာ အကယ်ဒမီအတွက် ယှဉ်ပြိုင်ရမယ့် ကားကောင်းတွေက များနေတော့ ဒီကားသာ နောက်နှစ်မှာ ရုံတင်မယ်ဆိုရင် အကယ်ဒမီက ကိုယ့်အတွက် ပိုပြီးအခွင့်အရေးရမလား။**

**PTT :** ဒီကားကိုညီမစရိုက်ကတည်းက ညီမရဲ့မျှော်လင့်ချက်က ပရိသတ်အသိအမှတ်ပြုတာလေးကို လိုချင်တယ်။ ဒါကြောင့် ပရိသတ်မြန်မြန်ကြည့်စေချင်တာပဲရှိတယ်။ တခြားဘာတွေကိုမှတော့ မမျှော်လင့်ထားပါဘူး။

**Voice : အခုရိုက်ကူးမယ့် ဆရာမကြည်အေးရဲ့ 'မိ' ဝတ္ထုကို ဘယ်လိုအချက်တွေကြောင့် ရွေးချယ်ဖြစ်တာလဲ။**

**PTT :** ဆရာမက ညီမအရမ်းကြိုက်ရတဲ့ စာရေးဆရာမတစ်ယောက်ပါ။ ဆရာမဝတ္ထုတွေဆို ညီမအမြဲဖတ်တယ်။အမှန်အတိုင်းပြောရရင် ဆရာမဝတ္ထုတွေထဲမှာ ညီမရိုက်ချင်တဲ့ ဝတ္ထုတွေအများကြီးပါ။ ဝတ္ထုတစ်အုပ် ဖတ်လိုက်တိုင်းမှာ ဒီဟာလေး ရိုက်လိုက်ရရင်ကောင်းမှာပဲဆိုပြီး စိတ်ကူးတွေ ယဉ်နေခဲ့ရတယ်။ 'မိ' ဖတ်လိုက်ချိန်မှာ တကယ့်ရုပ်ရှင်အဖြစ် မြင်ချင်သွားတာ။ မျက်စိထဲမှာ ညီမကိုယ်တိုင်လည်း 'မိ' ရဲ့ကာရိုက်တာကို လုပ်ချင်တယ်။ ပြီးတော့ ရုပ်ရှင်ပိတ်ကားပေါ်မှာ အရမ်းကြည့်ချင်နေမိတာကြောင့် အဲဒါဆိုရင် ငါလုပ်နိုင်မှာပါဆိုပြီး ရွေးချယ်ရိုက်ကူးဖြစ်သွားတာပါ။

**Voice: 'မိ' ကာရိုက်တာပီပြင်ဖို့ အတွက် ဘာတွေကြိုတင်ပြင်ဆင်ပြီးပြီလဲ။**

**PTT :** အမှန်အတိုင်းပြောရရင် ဆရာမကြည်အေး ဝတ္ထုတွေရဲ့ဇာတ်ဆောင်တွေ အကုန်လုံးက လှမ်းမိုးမှု အရမ်းကြီးတယ်။ ဖတ်လိုက်ပြီးရင် သူ့ဇာတ်ဆောင်ကြောင့် တစ်ခါတလေကျရင် ဝတ္ထုဇာတ်သိမ်းသွားလို့သာ ပိတ်လိုက်တယ်။ ဒါပေမဲ့ ကိုယ်က အပြင်မှာ ငိုနေတုန်း အဲဒီလောက်ထိ လွှမ်းမိုးမှု အရမ်းကြီးတာ။ အမှန်အတိုင်းဝန်ခံရရင်တော့ ဒီကားက ဒီဇင်ဘာမှာ ရိုက်မှာဆိုတော့ ကားရိုက်ဖို့ တစ်လအလိုမှာပဲ ညီမကားရိုက်တွေနားပြီး 'မိ' လိုနေမယ်။ အခုကတည်းကမပြင်ဆင်သေးတာ ဘာကြောင့်လဲဆိုတော့ ဆရာမရဲ့ဝတ္ထုက အရမ်းလွှမ်းမိုးမှုကြီးတော့ ရှေ့မှာရိုက်တဲ့ကားတွေမှာ ဖြစ်မှာစိုးတာ သိနေတယ်။ သူ့ဇာတ်ဆောင်က အရမ်း Strong ဖြစ်တော့ အဲဒါကြောင့် တစ်လအလိုမှာ နားဖို့ စီစဉ်ဖြစ်လိုက်တာပါ။

**Voice : ဒီကားကို ညီမရဲ့ချစ်သူ (ဒါရိုက်တာ ဏကြီး) က ရိုက်မှာဆိုတော့ ရင်ခုန်သံက ဘယ်လိုဖြစ်နေလဲ။**

**PTT :** ညီမအတွက်ကတော့ အတူတူပါပဲ။ ဒါရိုက်တာတွေအပေါ်မှာ လေးစားမှုရှိတယ်။ သူတို့ခိုင်းတဲ့အတိုင်း အတိအကျလုပ်ဆောင်မှာပါ။ ကိုဝိုင်းကျတော့ ကိုယ့်ဆရာမို့ သူခိုင်းတဲ့အတိုင်း၊ ညွှန်ကြားတဲ့အတိုင်း အတတ်နိုင်ဆုံး ကြိုးစားခဲ့တာပဲ။ အခု သူရိုက်တဲ့အခါမှာလည်း အဲဒီလိုပါပဲ။ အဲဒီအချိန်ကျရင် သူ့ကို ဒါရိုက်တာအဖြစ် မျက်စိထဲမှာ မြင်မှာဖြစ်တဲ့အတွက်ကြောက်လည်း ကြောက်မယ်။ သူခိုင်းတာလည်း လုပ်မှာပါ။

**Voice: Victoria ထုတ်လုပ်ရေးကနေ ဘယ်လိုဇာတ်တွေကို အများဆုံး ရွေးချယ်ရိုက်ကူးဖြစ်နေလဲ။**

**PTT:** အမှန်တိုင်းပြောရရင်တော့ ညီမက ထုတ်လုပ်ရေးလုပ်ဖို့ ရည်ရွယ်ချက်မရှိပါဘူး။ သူများထုတ်လုပ်ရေးတွေလို ငွေအင်အားကောင်းကောင်းနဲ့ အများကြီး ဆက်တိုက်ကြီး ရိုက်နိုင်တာမဟုတ်ဘူးလေ။ အဲဒါကြောင့်မို့ ညီမနိုင်သလောက်လေးကို တစ်ကားချင်းစီကို သေချာလေး လုပ်သွားမယ်။ ပထမဆုံး ညီမ စတည်လိုက်တာက နေဝင်အိပ်တန်းတက်၊ အခု ဒုတိယကားက 'မိ' ဆိုတော့ ညီမအမေက ပြောတယ်။ သုသု နင်ကြိုက်တဲ့ဇာတ်တွေပဲ ဖတ်ပြီးရိုက်နေတော့ ပရိသတ်ကကြည့်ပြီး စိတ်ညစ်စရာတွေပဲ ဖြစ်နေမယ်။ ကြားမှာလည်း ပျော်စရာကောင်း တဲ့ဇာတ်တွေလည်း ရိုက်ဦးပြောယူနေရတယ်။ ပျော်စရာကောင်းတဲ့ ဇာတ်လေးတွေ ရိုက်ဖြစ်ဖို့ စီစဉ်ထားပါတယ်။

**Voice : ဆေးပညာနဲ့ပတ်သက်ပြီး အွန်လိုင်းကနေဆက်တက်ဖို့အစီအစဉ် ဘယ်လိုဖြစ်သွားပြီလဲ။**

**PTT :** မတက်ဖြစ်သေးဘူး။ ဘာဖြစ်လို့လဲဆိုတော့ အွန်လိုင်းကနေတက်ရတာ အဆင်မပြေဘူးဖြစ်နေတယ်။ ဟိုကိုသွားပြီး ကျောင်းသွားတက်ရမယ့် ရက်တွေရှိနေတော့ ညီမဘက်ကအချိန်ပေးဖို့က အဆင်မပြေဘူး ဖြစ်နေတာနဲ့ မတက်ဖြစ်သေးတာပါ။ ■



## တစ္ဆေပျောက်ကြော်ငြာ ရုပ်သံဇာတ်လမ်းတွဲ ပရိသတ်ကြောက်စေရမည်ဟု ဆို

**ရန်ကုန်၊ ဇွန် ၇**

သရဲ၊ တစ္ဆေဇာတ်ကားတွေ အရိုက်များတဲ့ ဒါရိုက်တာ သည်ခေတ်နေရဲ့ပထမဆုံးရုပ်သံဇာတ်လမ်းတွဲဖြစ်တဲ့ တစ္ဆေပျောက်ကြော်ငြာဇာတ်လမ်းတွဲကြည့်ရှုမယ့်ပရိသတ်တွေအတွက် ကြောက်ကိုကြောက်စေရမယ်လို့ ဒီဇာတ်လမ်းတွဲကို ရိုက်ကူးပုံဖော်သူ ၎င်းက The Voice ကို ပြောကြားပါတယ်။

"ဒီကားက သရဲကားဖြစ်တဲ့အတွက် ကြောက်စရာရှိရင် ကြောက်ကို ကြောက်ရပါလိမ့်မယ်။ ကိုယ်က လိုလိုလားလားနဲ့ ကြောက်ပါစေဆိုပြီး ရိုက်ကူးတဲ့အပိုင်းတွေကို မကြောက်ဘူးဆိုရင် ကိုယ်ညံ့သေးသလို ခံစားရပါတယ်" ၎င်းက ဆိုပါတယ်။

ဒီကားက မြန်မာပြည်က သရဲဖမ်းတဲ့လူငယ်တွေအကြောင်း ပုံဖော်ထားတာဖြစ်ပြီး သရဲတစ္ဆေရှစ်ကောင်ရဲ့အကြောင်းကို ရိုက်ကူးထားတာဖြစ်ပါတယ်။

"၁၉၄၀၊ ၅၀ လောက်က အင်မတန်မှ လူတွေကို စ,နောက်တဲ့ ကျောင်းသားတစ်ယောက်အနေနဲ့ သရုပ်ဆောင်ရတယ်။ တက္ကသိုလ်ကျောင်းသား၊ ကောလိပ်ဂျင်ဆိုတော့ ကောလိပ်ဂျင်ကားထဲက Flow အတိုင်း ပြောကြပါတယ်၊ အဓိကက ကောလိပ်ဂျင်နေဝင်းပြောတဲ့ Flow အတိုင်းပြောပြီး သရုပ်ဆောင်ထားပါတယ်" လို့ တေးသံရှင်မိုးမိုးက ဆိုပါတယ်။

ဒီကားကိုဒါရိုက်တာ သည်ခေတ်နေက ရိုက်ကူးထားပြီး သရုပ်ဆောင် ကျော်ကျော်ဗို၊ မိုးမိုး၊ ကျော်ကျော်၊ မြတ်သူအောင်၊ ဇော်ဇော်အောင်၊ နန်းဆုရတီစိုးနဲ့ နွယ်ဒါလီထွန်းတို့က ပါဝင်သရုပ်ဆောင်ထားပါတယ်။

"ဒီကားက သရဲကားထဲမှာဆိုရင် ထူးခြားပြီး သမားရိုးကျ သရဲကားတွေနဲ့ မတူပါဘူး။ အခန်းတိုင်း အခန်းတိုင်းမှာ အရမ်းကြောက်စရာကောင်းအောင် ရိုက်ထားပါတယ်။ အပိုင်းတိုင်းမှာလည်း ထူးခြားပြီး စိတ်ဝင်စားအောင် သရဲတွေ အများကြီးပါတယ်။ အဲဒီသရဲတွေရဲ့ပြဿနာပေါင်းစုံကို ကြောက်လန့်ဖွယ် ရင်ခုန်ဖွယ်ကြည့်ရှုရမှာပါ" လို့သရုပ်ဆောင် နန်းဆုရတီစိုးက ပြောကြားပါတယ်။

ဒီဇာတ်လမ်းတွဲမှာ အပိုင်း ၁၆ ပိုင်းပါဝင်ပြီး အပတ်စဉ် တနင်္ဂနွေနေ့ ည ၈ နာရီ MNTV ရုပ်သံလိုင်းကနေ ဇွန် ၁၁ ရက်နေ့က စတင်ထုတ်လွှင့်ပြသသွားမှာ ဖြစ်ပါတယ်။ ■

## ၂၀၁၇ ခုနှစ် CMT ဂီတဆုပေးပွဲမှာ ကိသ်အာဘန် အဓိကဆုကြီး နှစ်ဆုသိမ်းပိုက်

**နက်ရှ်ဗီးလ်၊ ဇွန် ၈**

နာမည်ကျော်ကျေးလက်ဂီတ အဆိုတော် ကိသ်အာဘန်ဟာ ကျေးလက်ဂီတနဲ့ပတ်သက်ပြီး သြဇာကြီးမားတဲ့ဆုပေးပွဲတစ်ခုဖြစ်တဲ့ ၂၀၁၇ ခုနှစ် CMT ဂီတဆုပေးပွဲမှာ အဓိကဆုကြီး နှစ်ဆုသိမ်းပိုက်သွားတယ်လို့ contactmusic.com မှာ ဖော်ပြထားပါတယ်။

ကိသ်အာဘန်ဟာ သူ့ရဲ့ Blue Ain't Your Color ဆိုတဲ့ဂီတဗီဒီယိုနဲ့ တစ်နှစ်တာအကောင်းဆုံးဂီတဗီဒီယိုနဲ့ အကောင်းဆုံးအမျိုးသားဂီတဗီဒီယိုဆုတို့ကို ရရှိသွားခဲ့တာပါ။



အသက် ၄၉ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ကိသ်အာဘန်ဟာ ဗုဒ္ဓဟူးနေ့ကကျင်းပခဲ့ တဲ့ CMT ဆုပေးပွဲအခမ်းအနားကိုသူ့ရဲ့ဇနီးဖြစ်သူ နာမည်ကျော် သရုပ်ဆောင် နီကိုးလ်ကစ်ဒ်မင်းနဲ့အတူ တက်ရောက်ခဲ့တာကို တွေ့ရပါတယ်။

ဆုကိုလက်ခံရယူအပြီးမှာ ကိသ်အာဘန်က ယခုဆုအတွက် သူ့ရဲ့ဇနီးဖြစ်သူ နီကိုးလ်ကစ်ဒ်မင်းကို ကျေးဇူးအထူးတင်ရှိကြောင်း ပြောကြားသွားခဲ့တာကိုလည်း တွေ့ရပါတယ်။

CMT ဂီတဆုပေးပွဲရဲ့နောက်ထပ် အဓိကဆုကြီးတစ်ဆုဖြစ်တဲ့ အကောင်းဆုံး အမျိုးသမီးဂီတဗီဒီယိုဆုကိုတော့ ကယ်ရီအန်ဒါဝုဒ်က သူမရဲ့ Church Bells ဂီတ ဗီဒီယိုနဲ့ ဆွတ်ခူးသွားခဲ့ပါတယ်။ ■

## ခန္ဓာကိုယ်အလှအတွက် ပုံမှန်အစားရှောင်တာမျိုး မလုပ်ဘူးလို့ ပရီယန်ကာချိုပရာ ပြော

**နယူးယောက်၊ ဇွန် ၈**

ဘောလိဝုဒ်မှာသာမက ဟောလိဝုဒ်မှာပါ နေရာတစ်နေရာရထားတဲ့ အိန္ဒိယအမျိုးသမီးသရုပ်ဆောင် ပရီယန်ကာချိုပရာက သူမအနေနဲ့ ကိုယ်အလေးချိန်ထိန်းသိမ်းဖို့အတွက် ပုံမှန်အစားရှောင်တာမျိုးမလုပ်ဘူးလို့ ပြောကြားလိုက်ကြောင်း contactmusic.com မှာ ဖော်ပြထားပါတယ်။

သူမအနေနဲ့ ခန္ဓာကိုယ်အနေအထား ပေါ်မူတည်ပြီးပဲ ဘာစားမယ်၊ မစားဘူးဆိုတာကိုဆုံးဖြတ်တယ်လို့ ပရီယန်ကာချိုပရာက ပြောကြားလိုက်တာပါ။

သူမအနေနဲ့ခန္ဓာကိုယ်အချိုးအစားက အကောင်းဆုံးပုံစံမှာ ရှိနေတဲ့အခါ အစားမရှောင်ဘဲ စားချင်တာအားလုံး စားလေ့ရှိပြီး ကိုယ်အလေးချိန်တက်လာတဲ့အခါကျမှပဲ အစားလျှော့တာ၊ အစားရှောင်တာမျိုး လုပ်လေ့ရှိတယ်လို့ အသက် ၃၄ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ပရီယန်ကာချိုပရာက ဆိုပါတယ်။

" ကျွန်မကတော့ ဘောင်းဘီ ကျပ်လာသလား၊ ချောင်နေသလား ပေါ်မူတည်ပြီးပဲ အစားရှောင်တာကို လုပ်ပါတယ်။ မိန်းကလေးတိုင်း လုပ်လေ့ရှိသလိုပဲပေ့ါ။ ကိုယ့်ကိုယ်ကိုယ် ဝလာတယ်လို့ခံစားရပြီဆိုရင်အသီးအရွက်တွေ၊ စွပ်ပြုတ်တွေ၊ ပရိုတိန်းတွေပဲ စားတော့တာပဲ။ အဲဒီလိုမဟုတ်ဘဲ ခန္ဓာကိုယ်က အချိုးအစားကျနေရင်တော့ ချိစ်ဘာဂါတို့၊ ပီဇာတို့လည်း စားတာပါပဲ" လို့ပရီယန်ကာချိုပရာ ပြောပါတယ်။ ■



## ကျေးလက်ဒေသအကြောင်း အခြေခံထားသော ဟာသရုပ်သံဇာတ်လမ်းတွဲ ရိုက်ကူးမည်

**ရန်ကုန်၊ ဇွန် ၇**

တောရွာကိုရောက်လာတဲ့ မြို့သားနှစ်ယောက်ရဲ့အကြောင်းကို ကျေးလက်ဒေသယဉ်ကျေးမှုတွေအခြေခံပြီး ပုံဖော်ထားတဲ့ မင်္ဂလာရှိတဲ့အရပ် ဟာသရုပ်သံဇာတ်လမ်းတွဲကို ရိုက်ကူးသွားမယ်လို့ ဒါရိုက်တာ သြရသက The Voice ကို ပြောကြားပါတယ်။

"လူတစ်ယောက်မှာ ကိုယ်တကယ်ပျော်ရွှင်အောင်၊ စိတ်ချမ်းသာမှုပေးနေတဲ့ အရပ်က မင်္ဂလာရှိတဲ့အရပ်ပဲ။ ရုပ်ဝတ္ထုတွေပြည့်စုံနေသော်လည်း ကိုယ့်ကိုစိတ်ချမ်းသာမှု မပေးနိုင်ဘူးဆိုရင် လူတစ်ယောက်အတွက် မင်္ဂလာမရှိဘူးပေ့ါ။ ကိုယ့်အတွက် မင်္ဂလာရှိတဲ့အရပ်ကိုရွေးချယ်ပြီး အကောင်းဆုံးနေသင့်တဲ့ Message လေးပေးထားပါတယ်" လို့ ၎င်းကဆိုပါတယ်။

ဒီဇာတ်လမ်းတွဲက မြို့သားနှစ်ယောက်ကိုအခြေခံပြီး ကျေးလက်ဒေသကို ရောက်သွားချိန်မှာ သူတို့ရဲ့ အလွဲလွဲအချော်ချော် ဖြစ်ပုံတွေကို ဟာသနှော ရိုက်ကူးထားတာဖြစ်ပါတယ်။

"ကျွန်တော်တို့အတွက် ဒီကားက အရင်ကားတွေထက် ပိုပြီးတော့ တာဝန်ပိုကြီးပါတယ်။ ဘာကြောင့်လဲဆိုတော့ မြင့်မြတ်ဖြစ်နေလို့ပါ။ အခုအချိန်မှာ သူက ပရိသတ်အားပေးမှုရနေပြီး သူ့အတွက်ကလည်း ပထမဆုံး ရုပ်သံဇာတ်လမ်းတွဲဖြစ်နေတော့ အများကြီးတာဝန်ကြီးပါတယ်" လို့ ဒီဇာတ်လမ်းတွဲ ထုတ်လုပ်ရိုက်ကူးသူ ဦးဝေမင်းမောင်က ဆိုပါတယ်။

သရုပ်ဆောင် မြင့်မြတ်၊ စည်ဖြိုး၊ Kelvin Kate (ခ) အောင်သူလွင်၊ အေးဝတ်ရည်သောင်းနဲ့ နွယ်ဒါလီထွန်းတို့က အဓိကပါဝင်သရုပ်ဆောင်မှာဖြစ်ပြီး ဇာတ်လမ်း၊ ဇာတ်ညွှန်း နေစိုးသော် ဖြစ်ပါတယ်။

"ကျွန်တော် ဇာတ်လမ်းတွဲ တစ်ခါမှ မရိုက်ဖူးဘူး။ အတွေ့အကြုံလည်း လိုချင်တယ်။ ဇာတ်ကိုကြိုက်တဲ့အတွက် လက်ခံရိုက်ကူးဖြစ်တာပါ။ မြို့မှာ မိဘနဲ့ အဆင်မပြေပြီး ရွာကိုရောက်သွားချိန်မှာ ပရမ်းပတာဖြစ်ပြီး နောက်ပိုင်းမှာ ကိုယ်ပျောက်သွားတာလေးပါတော့ ဇာတ်က ဆန်းပါတယ်" လို့ သရုပ်ဆောင်မြင့်မြတ်က ပြောကြားပါတယ်။

ဇာတ်လမ်းအပိုင်း ၂၀ ပါဝင်တဲ့ မင်္ဂလာရှိတဲ့အရပ် ရုပ်သံဇာတ်လမ်းတွဲကို Myanmar Media 7 က ရိုက်ကူးထားတာဖြစ်ပြီး MNTV နှင့် Channel 9 တို့မှာ စက်တင်ဘာလက စတင်ပြသသွားမှာဖြစ်ပါတယ်။ ■

# ဖက်ဒရယ်အတွေ့အကြုံ ဒေါ်အောင်ဆန်းစုကြည်လေ့လာ၊ ဒေါ်လာ ရှစ်သန်းကျော် ကနေဒါကူညီမည်

**ရန်ကုန်၊ ဇွန် ၈**

ကနေဒါနိုင်ငံသို့ ခရီးသွားရောက်နေသော နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယင်းနိုင်ငံ၏ ဖက်ဒရယ်စနစ်နှင့် အတွေ့အကြုံများကို လေ့လာခဲ့ကြောင်း၊ မြန်မာနိုင်ငံ တည်ငြိမ်အေးချမ်းရေးနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီအဖြစ် အမေရိကန်ဒေါ်လာ ၈ ဒသမ ၈ သန်းကိုကနေဒါက ကူညီမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဇွန်လ ၇ ရက်နေ့တွင် ကနေဒါနိုင်ငံ အော်တာဝါမြို့တွင် ကျင်းပသည့်ဖက်ဒရယ်စနစ်လေ့လာရေးနှင့် ဆွေးနွေးပွဲအစီအစဉ်တွင် ပါဝင်တက်ရောက်ခဲ့သည်။ ယင်းဆွေးနွေးပွဲတွင် အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင် ကိုယ်စားလှယ်များလည်း ပါဝင်တက်ရောက်လျက်ရှိသည်။



Photo by-Myanmar State Counsellor Office

အဆိုပါဆွေးနွေးပွဲတွင် ကနေဒါနိုင်ငံ၏ ဘဏ္ဍာရေးစနစ်နှင့် သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှုဆိုင်ရာတို့ကို ဒေါ်အောင်ဆန်းစုကြည်က လေ့လာခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနကဆိုသည်။

ယင်းနောက် ကနေဒါဝန်ကြီးချုပ် ဂျပ်စတင်ထရူးဒိုနှင့် ဇွန်လ ၇ ရက်နေ့တွင် ဝန်ကြီးချုပ်ရုံး၌ တွေ့ဆုံခဲ့ပြီး ကောင်းမွန်သည့်စီမံအုပ်ချုပ်ရေး၊ အမျိုးသမီးနှင့် လူငယ်များအခန်းကဏ္ဍမြှင့်တင်ရေး၊ စီးပွားရေးကဏ္ဍနှင့် ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက် ခေတ်မီစိုက်ပျိုးရေးနည်းပညာများ ပံ့ပိုးရေးတို့ကို ဆွေးနွေးခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနထံမှ ထပ်မံသိရှိရသည်။

ဒေါ်အောင်ဆန်းစုကြည်သည် ခရီးစဉ်အတွင်း ကနေဒါရောက် မြန်မာနိုင်ငံသားများနှင့်လည်း တွေ့ဆုံခဲ့သည်။

ကနေဒါတွင်ကျင်းပသည့်ဖက်ဒရယ်စနစ် လေ့လာရေးဆွေးနွေးပွဲသို့တက်ရောက်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အစိုးရကိုယ်စားလှယ် ငါးဦး၊ တပ်မတော်မှလေးဦး၊ တိုင်းရင်းသားလက်နက်ကိုင် ကိုယ်စားလှယ်ခြောက်ဦး ပါဝင်သည်။ ယင်းတို့အနက် ‘ဝ’ နှင့် မိုင်းလားအဖွဲ့မှ ကိုယ်စားလှယ် တစ်ဦးစီလည်းပါဝင်ကြောင်း ခရီးစဉ်မှတ်တမ်းများအရ သိရသည်။ ■

# မောင်တောတွင် အရပ်သားများ ဆက်တိုက်သတ်ဖြတ်ခံရ

**ရန်ကုန်၊ ဇွန် ၈**

ရခိုင်ပြည်နယ် မောင်တောခရိုင်တွင် ဇွန်လ ၄ ရက်နေ့က ရာအိမ်မှူးတစ်ဦး ထပ်မံသတ်ဖြတ်ခံရပြီး ရှစ်လအတွင်း အရပ်သား ၃၄ ဦးသတ်ဖြတ်ခံရကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီ၏ ထုတ်ပြန်ချက်များအရ သိရသည်။

မောင်တောခရိုင်တွင် နယ်ခြားစောင့်ရဲစခန်းများ တိုက်ခိုက်ခံရပြီးနောက် အရပ်သားများ မကြာခဏ သတ်ဖြတ်ခံနေရပြီး အကြမ်းဖက်မှုဖြစ်ပွားခဲ့သည့် ၂၀၁၆ ခုနှစ် အောက်တိုဘာလမှ ၂၀၁၇ ခုနှစ် ဇွန်လ ၄ ရက်နေ့အထိ အရပ်သား ၃၄ ဦး အသတ်ခံရကာ ၁၉ ဦး ပျောက်ဆုံးနေကြောင်း အဆိုပါကော်မတီထံမှ သိရသည်။

အရပ်သားများ သတ်ဖြတ်ခံရသည့် အမှု ၃၀ တွင် မျက်နှာဖုံးစွပ်ကာ လူအုပ်စုဖြင့် အကြမ်းဖက်သတ်ဖြတ်မှု ခြောက်ခု ပါဝင်ပြီး လူအုပ်စုဖြင့် ကျူးလွန်သည့် အမှုများလည်းပါဝင်ကြောင်း ဒေသအာဏာပိုင်များထံမှ သိရသည်။

ဇွန်လ ၄ ရက်နေ့ နံနက် ၃ နာရီခန့်ကလည်း မောင်တောမြို့နယ် ဂေါ်ဒူသာရကျေးရွာအုပ်စု၊ ရွာသစ်ကေကျေးရွာမှ ရာအိမ်မှူး နူရ်အာမိန်ဆိုသူကို အမည်မသိ လူ ၁၅ ဦးခန့်က တုတ်၊ ဓားများ ကိုင်ဆောင်ကာ နေအိမ်သို့ လာရောက်ပြီး ဖမ်းဆီးခေါ်ဆောင်သွားကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီက ထုတ်ပြန်သည်။

ဒဏ်ရာများဖြင့် သေဆုံးနေသည့် အဆိုပါရာအိမ်မှူး၏အလောင်းကိုယင်းနေ့ နံနက်ပိုင်းတွင် ရွာ၏တောင်ဘက်တွင် တွေ့ရှိခဲ့ကြောင်း ယင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းသို့သေဆုံးရာတွင် အများစုမှာ မွတ်ဆလင်အချင်းချင်း သတ်ဖြတ်မှုကြောင့် သေဆုံးရခြင်းဖြစ်ပြီး အစိုးရ၊ မီဒီယာ စသည်တို့နှင့် ပူးပေါင်းလိုသူများကို အကြမ်းဖက်သမားများက ပစ်မှတ်ထားကြောင်း နိုင်ငံတော် အတိုင်ပင်ခံရုံးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက မီဒီယာများကို ပြောဆိုထားသည်။

ယင်းဒေသတွင် အကြမ်းဖက်သင်တန်းဆင်းများ၊ လက်နက်များကိုလည်း မကြာခဏဖမ်းမိလေ့ရှိပြီး ယခုရက်ပိုင်းအတွင်းကလည်း အကြမ်းဖက်သင်တန်းဆင်းသုံးဦးကို ဖမ်းမိခဲ့ကြောင်း ဒေသအာဏာပိုင်များထံမှ သိရသည်။ ■

# ဘင်္ဂလားဒေ့ရှ်တွင် အကြမ်းဖက်ခံရသည့် ဗုဒ္ဓဘာသာဝင်များကို ကာကွယ်ပေးရန် ရခိုင်အဖွဲ့များ တောင်းဆို

**ရန်ကုန်၊ ဇွန် ၈**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တကောင်းတောင်တန်းဒေသ ရင်ဂါမတီခရိုင် လောင်းကဒူးဒေသတွင် အကြမ်းဖက်ခံရသည့်သက္ကမ (သက်) တိုင်းရင်းသားများကို ဘင်္ဂလားဒေ့ရှ်အစိုးရက ကာကွယ်ပေးရန် ရခိုင်လူမှုအဖွဲ့အစည်း ၁၆ ခု စုပေါင်းကာ သဘောထားကြေညာချက်တစ်စောင်ကို ဇွန်လ ၆ ရက်နေ့က ထုတ်ပြန်လိုက်သည်။

အဆိုပါဒေသတွင်းသို့ ရွှေ့ပြောင်းနေထိုင်သည့် ဘင်္ဂါလီများက ဌာနေတိုင်းရင်းသား လူမျိုးတစ်မျိုးဖြစ်သည့် သက္ကမလူမျိုးများ နေထိုင်သည့် ကျေးရွာများကို ဇွန်လ ၂ ရက်နေ့က ရွာလုံးကျွတ် မီးရှို့ဖျက်ဆီးခြင်း၊ လုယက်ခြင်း၊ သတ်ဖြတ်ခြင်းတို့ကို ပြုလုပ်ခဲ့ကြကြောင်း ဘင်္ဂလားဒေ့ရှ်သတင်းများနှင့် အဆိုပါရခိုင်အဖွဲ့များထံမှ သိရသည်။

ဘင်္ဂလားဒေ့ရှ် အစိုးရအနေနှင့် သက္ကမတိုင်းရင်းသားများကို ကာကွယ်ပေးရန်၊ ပြစ်မှုကျူးလွန်သူများကိုထိရောက်မြန်ဆန်စွာ အရေးယူပေးရန် တောင်းဆိုကြောင်း အဆိုပါကြေညာချက်တွင် ပါရှိသည်။

အဆိုပါကြေညာချက်ကို ဇွန်လ ၈ ရက်နေ့က ကုလသမဂ္ဂဖွံ့ဖြိုးရေး အစီအစဉ် (UNDP) သို့ပေးပို့ခဲ့ကြောင်း တောင်းဆိုရာတွင် ပါဝင်သည့် ဝံလက်ဒေသဖွံ့ဖြိုးရေးဖောင်ဒေးရှင်းမှ ဒါရိုက်တာ ဦးခိုင်ကောင်းစံက ပြောကြားသည်။

အလားတူ စစ်တွေမြို့ရှိ ဘင်္ဂလားဒေ့ရှ် ကောင်စစ်ဝန်ရုံးသို့ ပေးပို့ရာတွင် ယင်းသို့စာလာပေးမည်ကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ကြိုတင်အကြောင်းကြားထားခြင်းမရှိဟုဆိုကာ ယင်းရုံးက လက်မခံခဲ့ကြောင်း၊ ထို့ကြောင့် ရခိုင်ပြည်နယ်အစိုးရကို အသိပေးကာ ယင်းစာကို ထပ်မံပေးပို့မည်ဖြစ်ကြောင်း ၎င်းက ပြောဆိုသည်။

ဗုဒ္ဓဘာသာဝင် သက္ကမလူမျိုးများသည် အဆိုပါဒေသတွင် နှစ်ပေါင်းထောင်နှင့်ချီနေထိုင်လာသူများဖြစ်ပြီး လူနည်းစုဖြစ်နေသည့် ၎င်းတို့ကို ယင်းဒေသတွင် ဆက်လက်မနေထိုင်ဝံ့အောင် စနစ်တကျလုပ်ဆောင်နေကြသဖြင့်ဝမ်းနည်းကြောင်း အဆိုပါအဖွဲ့များ၏ ထုတ်ပြန်ချက်တွင် ပါရှိသည်။

အကြမ်းဖက်ခံရမှုကြောင့် အသက်နှင့်အိုးအိမ် ဆုံးရှုံးခဲ့ရသူများကို ဘင်္ဂလားဒေ့ရှ်အစိုးရက နစ်နာကြေးများ ဖူလုံစွာထောက်ပံ့ပေးရန် တောင်းဆိုကြောင်း၊ ကုလသမဂ္ဂအနေနှင့်လည်း သက္ကမ လူမျိုးများအရေးကို ဘက်လိုက်မှုကင်းစွာဖြင့် ကြားဝင်ဖြေရှင်းပေးရန်တောင်းဆိုကြောင်း ယင်းထုတ်ပြန်ချက်တွင် ဖော်ပြသည်။

အကြမ်းဖက်ခံရသဖြင့် ဆန္ဒပြတောင်းဆိုခဲ့သည့် သက္ကမလူမျိုးအချို့လည်း ဖမ်းဆီးခံရကြောင်း ဘင်္ဂလားဒေ့ရှ်သတင်းများတွင် ဖော်ပြသည်။

၂၀၁၂ နောက်ပိုင်းတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ လူနည်းစုများဖြစ်သည့် သက္ကမအပြင် ရခိုင်လူမျိုးများ၊ ဟိန္ဒူဘာသာဝင်များ ငါးကြိမ်ထက်မနည်း အကြမ်းဖက်တိုက်ခိုက်ခံခဲ့ရပြီး ရခိုင်ပြည်နယ်သို့ တိမ်းရှောင်လာသူ ထောင်နှင့်ချီရှိခဲ့သည်။ ■



ဓာတ်ပုံ- မြင့်မိုးညို

# ကချင်တွင် တပ်မတော်နှင့် ကေအိုင်အေ စစ်ရေးတင်းမာ

**ရန်ကုန်၊ ဇွန် ၈**

ကချင်ပြည်နယ် ဖားကန့်၊ တနိုင်း ဒေသများတွင် မြန်မာ့တပ်မတော်နှင့် ကချင်လွတ်လပ်ရေးအဖွဲ့-ကေအိုင်အေ တို့အကြား စစ်ရေးတင်းမာနေပြီး ဒေသခံများ စစ်ဘေးကြိုတင်တိမ်းရှောင်နေရကြောင်း နှစ်ဖက်အဖွဲ့များနှင့် ဒေသခံများထံ စုံစမ်းသိရှိရသည်။

တနိုင်းမြို့နယ်အတွင်း နယ်မြေရှင်းလင်းရေးလုပ်မည်ဖြစ်ကြောင်း ကချင်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးသူရမျိုးတင်က ပြောဆိုထားပြီး ကေအိုင်အေကလည်း ဖားကန့်မြို့နယ်အတွင်း ညအချိန် ခရီးမသွားရန်သတိပေးစာထုတ်ပြန်ထားသည်။

တနိုင်းမြို့နယ်အတွင်း ပယင်းမော်များ အများအပြားရှိပြီး ယင်းမော်များမှာ တရားဝင်ခွင့်ပြုချက် မရှိကြောင်း၊ သို့ဖြစ်၍ တပ်မတော်က နယ်မြေရှင်းလင်းသွားမည်ဖြစ်ပြီး မော်များတွင်လုပ်ကိုင်နေသော ရွှေ့ပြောင်းလုပ်သားများ ဇွန်လ ၁၅ ရက်နေ့ နောက်ဆုံးထားထွက်ခွာသွားရန် တပ်မတော်က သတိပေးထားသည်။

"ထွက်ခွာခြင်းမရှိပါက ကေအိုင်အေ အဖွဲ့နှင့် ပူးပေါင်းနေသည့်သူများအဖြစ် သတ်မှတ်မည်ဖြစ်သည်" ဟုလည်း တပ်မတော်က ဆိုထားသည်။

နာမည်ကျော် ဟူးကောင်းချိုင့်ဝှမ်း ဒေသဖြစ်သော တနိုင်းမြို့နယ်တွင် ကေအိုင်အေတပ်ဖွဲ့အများအပြား အခြေပြုလျက်ရှိရာ တပ်မတော်က နယ်မြေရှင်းလင်းရန် ဝင်ရောက်လာလျှင် တိုက်ပွဲများ ပြန်လည်ဖြစ်ပွားနိုင်ကြောင်း နှစ်ဖက်အဖွဲ့များက ခန့်မှန်းပြောဆိုထားသည်။

မိုးကောင်း-ကာမိုင်း-ဖားကန့် လမ်းများပေါ်တွင် ဇွန်လ ၁၀ ရက်နေ့ကစ၍ ည ၇ နာရီမှ နံနက် ၆ နာရီအတွင်း လုံးဝခရီးမသွားရန် ဖားကန့်မြို့နယ်အတွင်း ရှိမော်တော်ယာဉ်များနှင့် ခရီးသွားများကို ကေအိုင်အေက သတိပေးစာ ထုတ်ပြန်ခဲ့သည်။

ကချင်ပြည်နယ်တွင် တပ်မတော်နှင့် ကေအိုင်အေတို့အကြား တိုက်ပွဲများ ပြန်လည်ဖြစ်ပွားနေသည်မှာ ခြောက်နှစ်တိတိရှိခဲ့ပြီဖြစ်ပြီး နှစ်ဖက်တိုက်ပွဲများ ကြိုကြားကြိုကြား ဖြစ်ပွားနေဆဲဖြစ်ကာ စစ်ဘေးရှောင် အများအပြားလည်း နေရပ်ပြန်နိုင်ခြင်း မရှိသေးကြောင်း စစ်ဘေးရှောင်စခန်းများထံမှ သိရသည်။

ကချင်လွတ်လပ်ရေးအဖွဲ့ - ကေအိုင်အေမှာ တိုက်ပွဲများပြန်လည်ဖြစ်ပွားပြီးနောက်ပိုင်း အစိုးရနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ အကြိမ်များစွာ ပြုလုပ်လျက်ရှိသော်လည်း တစ်ဖွဲ့ချင်းအပစ်အခတ်ရပ်စဲနိုင်ခြင်းမရှိသေးသလို တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်တွင်လည်း ပါဝင်လက်မှတ်ထိုးနိုင်ခြင်းမရှိသေးပေ။ ■

## Voice Of The Week

"ကျွန်တော်တို့အစိုးရအဖွဲ့အနေနဲ့ ခံယူထားတဲ့ခံယူချက်တစ်ခုရှိပါတယ်။ ပြီးခဲ့တဲ့ကုန်ဆုံးခဲ့တဲ့ သက်တမ်းတစ်နှစ်တာကာလဟာ လေယာဉ်တစ်စင်းအနေနဲ့ Run Way မှာ ပြေးနေတဲ့လေယာဉ်တစ်စီးလို့ သတ်မှတ်ပါတယ်။ ဒါပေမဲ့ဒီနေ့ ဒီကာလတော့ Run Way ကနေပြီးတော့ လေထဲကို ဂျက်ပါဝါနဲ့ ပြေးမယ့်နှစ်လို့ သတ်မှတ်ထားပါတယ်"

**အတွဲ ၄၊ အမှတ် ၁၄၈၊ ဇွန်လ ၇ ရက်နေ့ထုတ် Democracy Today သတင်းစာပါ '၂၀၀၇ ခုနှစ်သည် အစိုးရအဖွဲ့အနေဖြင့် လေယာဉ်ပြေးလမ်းပေါ်မှ ဂျက်ပါဝါအရှိန်ဖြင့် လေထဲသို့ စတင်ပြေးမည့်နှစ်ဟု စီမံ/ဘဏ္ဍာ ပြည်ထောင်စုဝန်ကြီးပြော' သတင်းမှ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးကျော်ဝင်း ပြောကြားချက်မှ ကောက်နုတ်ချက်**

---

"လူသားတွေရဲ့မဆင်မခြင်ဆောင်ရွက်လာမှု စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့လာမှု စက်မှုလုပ်ငန်းနဲ့သယံဇာတထုတ်လုပ်မှုလုပ်ငန်းတွေ များလာမှုတွေ၊ နိုင်ငံရဲ့စီမံကိန်းလုပ်ငန်းတွေ တိုးတက်လာမှုကြောင့်လည်း သစ်တောတွေ ပြုန်းတီးလာတာဖြစ်ပါတယ်"

**အတွဲ ၁၃၊ အမှတ် ၂၁၊ ဇွန် ၈-၁၄ ရက်နေ့ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ်ပါ 'အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုစာချုပ်တွင် မြန်မာနိုင်ငံ လက်မှတ်ရေးထိုးပါဝင်မည်' သတင်းမှ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးခင်ချို၏ ပြောကြားချက်မှ ကောက်နုတ်ချက်**

---

" ကျွန်တော်တို့အဖွဲ့ရဲ့ အဓိကဆောင်ရွက်နိုင်တဲ့ နယ်ပယ်ကတော့ လက်ရှိတည်ဆဲ ဥပဒေဘောင်ထဲကနေ ဆောင်ရွက်ရတာဖြစ်တော့ လက်ရှိတည်ဆဲဥပဒေထဲမှာ ဥပဒေအကာအကွယ်မရတဲ့၊ ဗဟုသုတနည်းတဲ့၊ ရှေ့နေတွေနဲ့ လက်လှမ်းမမီတဲ့ ပြည်သူတွေကို အကာအကွယ်ပေးဖို့ဖြစ်တယ်"

**အတွဲ ၅၊ အမှတ် ၁၄၉၄၊ ဇွန်လ ၇ ရက်နေ့ထုတ်၊ စံတော်ချိန်နေ့စဉ်သတင်းစာပါ 'ဆင်းရဲနွမ်းပါးသည့် ပြည်သူများအား ဥပဒေပါအခွင့်အရေးများရရှိရန် ကူညီမည်' မဟော်သဓာဥပဒေရေးရာ အထောက်အကူပြုအဖွဲ့၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဦးကိုကိုကြီး၏ ပြောကြားချက်မှ ကောက်နုတ်ချက်**

---

"စီးပွားရေးတိုးတက်ဖို့က ကုန်ထုတ်လုပ်မှုတိုးဖို့လိုတယ်။ အဲဒီလို ထုတ်လုပ်နိုင်ဖို့ကလည်း စက်မှုဇုန်တွေ၊ စီးပွားရေးဇုန်တွေ အများကြီးဖြစ်လာဖို့လိုတယ်။ အိမ်နီးချင်းနိုင်ငံတွေဟာလည်း ဒီလိုဇုန်တွေတည်ထောင်ပြီး တိုးတက်လာတာ ဖြစ်ပါတယ်"

**အတွဲ ၄၂၊ အမှတ် ၈၂၉၊ ဇွန်လ ၈ -၁၄ ရက်နေ့ထုတ် မြန်မာတိုင်းမ်ဂျာနယ်ပါ ဆောင်းပါးရှင်ထင်လင်းအောင်နှင့် စုဖြိုးဝင်းရေးသားသော 'အစိုးရသစ်ရဲ့စီးပွားရေးပြင်ဆင်မှု တကယ်ခရီးရောက်မှာလား ဆောင်းပါး' မှ သမဝါယမဘဏ်လီမိတက်၏ ဥက္ကဋ္ဌဦးခင်မောင်အေး၏ ပြောကြားချက်မှ ကောက်နုတ်ချက်**

---

# ကရင်တွင် ငါးလအတွင်း မူးယစ်ဆေးအမှုနှစ်ရာကျော်နှင့် လက်နက်များဖမ်းမိ

**ဘားအံ၊ ဇွန် ၈**

ကရင်ပြည်နယ်တွင် ယခုနှစ်ဇန်နဝါရီလမှ မေလအထိ ငါးလအတွင်း မူးယစ်ဆေးဝါးမှုဖြင့် ဖမ်းဆီးအရေးယူနေသည့် အမှု ၂၈၈ ခုရှိပြီး လက်နက်ခဲယမ်းများလည်း ဖမ်းမိခဲ့ကြောင်း ကရင်ပြည်နယ် ရဲတပ်ဖွဲ့ထံမှ သိရသည်။

မူးယစ်ဆေးဝါးအမှုများအနက် WY စိတ်ကြွ ရူးသွပ်ဆေးပြားဖမ်းမိမှု ၂၈၂ မှု ပါဝင်ပြီး ဆေးပြားအနေနှင့် ၁,၃၄၄,၉၁၈ (တစ်သန်းကျော်) ဖမ်းမိခဲ့ကြောင်း အဆိုပါတပ်ဖွဲ့မှ သိရသည်။

စိတ်ကြွရူးသွပ်ဆေးအမှုန့် ဖမ်းမိမှုတစ်ခု (၀ ဒသမ ၂၅ ဂရမ်)၊ ဆေးခြောက်အမှု နှစ်ခု (၆၆ ဒသမ ၃၉ ဂရမ်)၊ ဘိန်းစာရွက်နှစ်မှု (အရွက်စိုတစ်ကီလိုနှင့်အရွက်ခြောက် ၁၂၀ ဂရမ်)၊ စိတ်ပြောင်းဆေးဝါးမှုတစ်ခု (ဆေးပြား ၁၃၂ ပြား)၊ ပုံဆောင်ခဲ ICE ဖမ်းမိမှုတစ်ခု (၁၉၁၁ ဒသမ ၆ ဂရမ်) တို့ ဖမ်းမိခဲ့ကြောင်း အဆိုပါတပ်ဖွဲ့ထံမှ သိရသည်။

မူးယစ်ဆေးဝါးအမှုများနှင့် ပတ်သက်၍ ၄၁၄ ဦးကို ဖမ်းဆီးတရားစွဲဆိုထားကြောင်း အဆိုပါတပ်ဖွဲ့မှ သိရသည်။

ယင်းသို့ ဖမ်းဆီးအရေးယူရာတွင် လက်နက်မျိုးစုံ ၁၆ လက်၊ ကျည်မျိုးစုံ ၁၁၅ တောင့်နှင့် လက်ပစ်ဗုံးငါးလုံးကိုလည်း ဖမ်းမိခဲ့ကြောင်း အဆိုပါတပ်ဖွဲ့ထံမှ သိရသည်။ ■

# စွဲလန်းခြင်း အလွန် ...

**ဂျူလိုင်**

**ရန်ကုန်မြို့ မင်္ဂလာဒုံ နိုင်ငံတကာလေဆိပ်ကြီးအတွင်းတွင် ၂၀၁၇ ခုနှစ် မေလ ပထမရက်သတ္တပတ်က လူငယ်လူရွယ်များ၏ ငိုသံအော်သံများဖြင့် စည်ကားဆူညံခဲ့သည်။ တောင်ကိုရီးယားမှ နာမည်ကျော် EXO အဖွဲ့ မြန်မာနိုင်ငံသို့ ဖျော်ဖြေရန် ရောက်ရှိလာခြင်းကြောင့်ဖြစ်သည်။**



ဓာတ်ပုံ-မိုးကျော်လွင်

"လုံးဝ လာမယ်လို့ ထင်မထားဘူး။ မထင်မှတ်ဘဲ လာတဲ့အတွက် EXO ကိုချစ်တဲ့ အားပေးတဲ့ပရိသတ်က စိတ်ထဲကမယုံနိုင်တဲ့ အံ့သြမှုတွေဖြစ်လာပြီး ငိုကြတာပါ" ဟု ကိုရီးယား K-pop ကြိုက်နှစ်သက်သူ အသက် ၁၉နှစ်အရွယ် မနဂိုယဉ်က ဆိုသည်။

မြန်မာနိုင်ငံတွင် ကိုရီးယား K-pop ကို နှစ်သက်သူများက မိမိတို့အားပေးသည့် K-pop အနုပညာရှင်၏ ပုံဖြင့်ကြော်ငြာဘုတ်ကြီးများပေါ်တွင် မွေးနေ့ဆုတောင်းများလည်း ပြုလုပ်ပေးသည်ကို တွေ့ရသည်။ ယင်းကဲ့သို့ ပြုလုပ်ပေးခြင်းကို ရန်ကုန်နှင့် မန္တလေးကဲ့သို့မြို့ကြီးများတွင် အများဆုံးတွေ့ရသည်။

နိုင်ငံရပ်ခြားမှ နာမည်ကျော် (Celebrities) များကို ကြိုက်နှစ်သက်ရုံသာမက ပြည်တွင်းမှ နိုင်ငံကျော်တေးသံရှင်နှင့် ရုပ်ရှင်သရုပ်ဆောင်များကို ပါ သဲသဲလှုပ် စွဲလန်းခြင်းများလည်း မြန်မာပြည်တွင်း လူငယ်လူရွယ်များအကြား ရေပန်းစားလျက်ရှိသည်။

စိုင်းစိုင်းခမ်းလှိုင်၊ ပြေတီဦး၊ ထွန်းထွန်း၊ ရွှေထူး၊ ဝတ်မှုံရွှေရည်၊ အိန္ဒြာကျော်ဇင်၊ သက်မွန်မြင့်၊ အေးချမ်းမေ စသော နာမည်ကျော်များအတွက် လူငယ်လူရွယ်များက We Love အဖွဲ့များဖွဲ့ကာ မိမိတို့နှစ်သက်သော အနုပညာရှင်များဖြင့် ပျော်ပွဲရွှင်ပွဲများနှင့် ပရဟိတများ လုပ်ကြသည်။

"ကျွန်တော်တို့က အိန္ဒြာကျော်ဇင် ပရိသတ်ပါ။ မအုဝဲ (အိန္ဒြာကျော်ဇင်) အတွက် We Love Eaindra Kyaw Zin ဆိုပြီး Fan Page လုပ်ထားတယ်၊ မအုဝဲကိုလည်း Admin ပေးထားတယ်" ဟု အိန္ဒြာကျော်ဇင်ကို အားပေးနှစ်ခြိုက်သူ အသက် ၂၉ နှစ်အရွယ် ကိုဇော်ဇော်ကဆိုသည်။

စိုင်းစိုင်းခမ်းလှိုင်ကို အထူးနှစ်သက်သော ပရိသတ်များထဲတွင်ပါဝင်သည့် အသက် ၁၉ နှစ်အရွယ် မယုယုနှင့် မချောစုတို့သူငယ်ချင်းနှစ်ယောက်မှာ စိုင်းစိုင်း၏လုပ်ဆောင်ချက် Activities မှန်သမျှကို စုံစမ်းနေသူများဖြစ်သည်။

"ညီမတို့က ဒီနေ့ ကိုစိုင်း ဘာတွေလုပ်မလဲဆိုတာ အမြဲစုံစမ်းနေတယ်။ သူ့အိမ်လိပ်စာလည်း သိတယ်၊ သူ့မန်နေဂျာရဲ့ဖုန်းနံပါတ်လည်းရအောင် လုပ်ထားတယ်။ ကိုစိုင်းကို ဘတ်ဒေးရှိုး (Birthday Show) လုပ်တိုင်း အားပေးဖြစ်တယ်" ဟု ရယ်မောကာ သူတို့၏ စိုင်းစိုင်းအပေါ် နှစ်သက်မှုကိုပြောပြသည်။

လူငယ်လူရွယ်များ နာမည်ကျော်များကို စွဲလမ်းသလို နာမည်ကျော်အနုပညာရှင်များကလည်း သူတို့ ပရိသတ်အပေါ် ပြန်လည်တုံ့ပြန်ရင်းနှီးမှုများ ရှိသည်ကိုလည်း တွေ့ရသည်။ စိုင်းစိုင်းခမ်းလှိုင်၊ ထွန်းထွန်း၊ ရဲရင့်အောင်၊ ပြေတီဦးနှင့် အိန္ဒြာကျော်ဇင် တို့က ပရိသတ်များနှင့်အတူ လိုအပ်သည့်နေရာများတွင် အလှူဒါနများ ပြုလုပ်ကြသည်။ စိတ်ကျန်းမာရေးဆေးရုံကြီး၊ မှော်ဘီသဘာဝတရားစခန်းရိပ်သာ၊ ဘိုးဘွားရိပ်သာများ စသော နေရာများတွင်နာမည်ကျော်များက သူတို့ကိုချစ်သော We Love အဖွဲ့ဝင်များနှင့် အတူ အလှူအတမ်းများပြုလုပ်ကြသည်။



ဓာတ်ပုံ-မိုးကျော်လွင်

နာမည်ကျော်အနုပညာရှင် အကယ်ဒမီ ထွန်းထွန်းကမူ "ကျွန်တော့်ပရိသတ်တွေကို ကျွန်တော့် အလေးထားတဲ့အနေနဲ့ We Love Tun Tun အဖွဲ့ရဲ့ ကျွန်တော့်ကိုပေးထားတဲ့ အမှတ်တရတွေကို အခန်းထဲမှာ ဗီရိုတစ်လုံးနဲ့သိမ်းထားတယ်၊ သူတို့ကို ကျွန်တော်ကလည်း ချစ်ပါတယ်" ဟု ဆိုသည်။

နာမည်ကျော် Rap နှင့် R & B တေးသံရှင် ရဲရင့်အောင်ကမူ ပရိသတ်များနှင့်အတူ စိတ်ကျန်းမာရေးဆေးရုံကြီးသို့ လစဉ်သွားရောက်လှူဒါန်းရသည်ကို ကြိုက်နှစ်သက်သည်ဟုဆိုသည်။

မည်သို့ပင်ဖြစ်စေ အချို့ဆယ်ကျော်သက်များ၏ မိဘများအနေနှင့်မူ မိမိတို့သားသမီးများ၏ အနုပညာရှင်များအပေါ် စွဲလမ်းမှုများနှင့် ပတ်သက်၍ အလွန်အကျွံဖြစ်လာမည်ကို စိုးရိမ်လျက်ရှိကြသည်။

"အိမ်မှာ ကျွန်တော့်သမီးအငယ်ဆုံးက သူ့အခန်းထဲမှာ G Dragon အဖွဲ့ဆိုလား ကိုရီးယားက အဆိုတော်တွေ ပုံကပ်ထားတယ်၊ အဲဒါတွေ ခွာလိုက်ပါပြောရင် ရန်သူပဲ။ သူကအခုအသက် ၁၈ နှစ်ပါ။ ဆယ်ကျော်သက်အရွယ်ဆိုတော့ စိတ်စွဲလန်းမှုမြန်တဲ့ အရွယ်ကြောင့်လားမသိဘူး။ သမီးကတော့ တော်တော်ကို G Dragon ကိုစွဲလမ်းနေတယ်။ စိတ်ရောဂါဖြစ်လာမှာတောင် စိုးရိမ်ရတယ်"ဟု ကြည့်မြင်တိုင်တွင် နေထိုင်သော ဒုတိယနှစ် တက္ကသိုလ်ကျောင်းသူ တစ်ဦး၏ဖခင်ဖြစ်သူက စိတ်ပူစွာဖြင့် ပြောပြသည်။

လူငယ်များအနေနှင့် ပြည်တွင်းပြည်ပ နာမည်ကျော်များကို စွဲလမ်းသည့်ကိစ္စမှာ ဖြစ်တတ်သည့် စိတ်သဘာဝဖြစ်ပြီး နုနယ်သည့် အသက်အရွယ်ကြောင့်ဖြစ်သည့် စိတ်အခြေပြု ကိန်းစံတစ်ရပ်ဖြစ်ပြီး သာမန်သာဖြစ်ကြောင်း၊ သို့သော် ယင်းထက်ပိုပြီး အနုပညာရှင်ကိုပါ ပိုင်ဆိုင်ရယူလိုစိတ်များဖြစ်ပေါ်လာမည်ဆိုပါက စွဲလမ်းမှုစိတ်ရောဂါတစ်ရပ်အဖြစ် ကူးပြောင်းသွားနိုင်ကြောင်း စိတ်ရောဂါအထူးကုဆရာဝန်တစ်ဦးဖြစ်သူ ဒေါက်တာရန်နိုင်ကဆိုသည်။

"ငယ်ရွယ်တဲ့အချိန်မှာ အနုပညာရှင်တွေကို ဆယ်ကျော်သက်တွေ စွဲလမ်းနှစ်သက်ကြတာဖြစ်ရိုးဖြစ်စဉ်ပါပဲ။ အဲဒီထက်ကျော်ပြီး ဒီအနုပညာရှင်ကိုရကို ရရမှဆိုပြီး တငိုငိုတရီရီဖြစ်လာပြီဆိုရင်တော့ ဒါ စိတ်ရောဂါစနေတယ်လို့ ကောက်ချက်ချလို့ရပါတယ်" ဟု ဒေါက်တာ ရန်နိုင်က ဆိုသည်။

ရန်ကုန်တက္ကသိုလ် စိတ်ပညာဌာနမှ တွဲဖက်ပါမောက္ခဒေါ်ခင်လှမြင့်ကလည်း "လူငယ်တွေ အနုပညာရှင်တွေကို သဲသဲလှုပ်စွဲလမ်းအားပေးကြတာ အရွယ်ကြောင့်ဖြစ်တဲ့ သဘာဝဖြစ်ရိုးဖြစ်စဉ် ကိစ္စတစ်ရပ်ပါ။ ဒီဆယ်ကျော်သက်အရွယ်နဲ့ အသက် ၂၅ မပြည့်ခင်ကြားကာလမှာ ဒါဟာဖြစ်တတ်တဲ့ပုံမှန်ပဲ။ ဒီထက်လွန်လာရင်တော့ မစားနိုင်မအိပ်နိုင်ဖြစ်လာတာ၊ မပျော်တော့တာ၊ ကိုယ့်အနုပညာရှင်မှာ ချစ်သူရည်းစားရှိနေလို့ တငိုငိုတရီရီဖြစ်လာတာတွေဆိုရင် ဒါက စိတ္တဇဆန်ဆန်စွဲလမ်းမှုအထိ တက်လာတာပါ" ဟု ရှင်းပြသည်။

"ကျွန်တော်ကတော့ အိမ်ကမြေးတွေကို အနုပညာရှင်တွေနဲ့ ပတ်သက်လို့စွဲလမ်းမှုတွေကို မပိတ်ပင်ဘူး။ ဒါပေမဲ့ စည်းကမ်းလေးတစ်ခုတော့ ပြောထားတယ်။ အဲ့ဒါက စိတ်ကူးယဉ်ဆန်ဆန်အားမပေးရဘူး။ စွဲလန်းတာကတခြား၊ စိတ်ကူးယဉ်တာက တခြား မရောထွေးရဘူးလို့မှာထားတယ်" ဟု ရန်ကုန်လှည်းတန်းတွင် နေထိုင်သူ စာရေးဆရာကြီး မောင်ခင်မင် (ဓနုဖြူ) က ပြောဆိုသည်။

မြန်မာပြည်တွင်းမှ နာမည်ကျော်အနုပညာရှင်များကို အားပေးသည်သာမက ပြည်ပမှ EXO ကဲ့သို့အဖွဲ့များကိုပါ အားပေးသည့် မအိပန်းမြတ်နှင့် သူငယ်ချင်းများကမူ ရန်ကုန်မြို့တွင်း လူစည်ကားသည့် လှည်းတန်းလိုနေရာများတွင် မိမိတို့ မုန့်ဖိုးများစု၍ ကြော်ငြာဘုတ်ကြီးများငှားကာ မိမိတို့အားပေးနှစ်သက်သည့် အနုပညာရှင်၏ပုံဖြင့် Birthday Wish မွေးနေ့ဆုတောင်းပေးကြသည်။

"သမီးတို့က EXO ကိုကြိုက်တာ သူတို့ရဲ့ အနုပညာ အဆို၊ အက၊ အလှတွေကို နှစ်သက်တာပါ၊ သူတို့မှာလည်း သူတို့ဘဝနဲ့သူ ချစ်သူရည်းစားတွေ ရှိမှာပဲ။ Never Mind ပဲ။ အားပေးချင်တဲ့ တစ်ချိန်အထိ အားပေးသွားမယ်၊ သမီးတို့လိုပဲ အားပေးနေတဲ့ တခြားလူငယ်တွေကိုလည်း အနုပညာကိုပဲ ပေါ့ပေါ့ပါးပါး အားပေးပါလို့ ပြောလိုပါတယ်" ဟု မအိပန်းမြတ်က သူမကဲ့သို့ လူငယ်အနုပညာချစ်ပရိသတ်များကို အမှာစကားပါးလေသည်။ ■

ဂျူလိုင်



# တန်ဆေးလွန်ဘေး စီးပွားရေးဖက်ဒရယ်

ဇေယျာသူ

ဖက်ဒရယ်စနစ်သည် နာမည်ကြားရန်ပင် ခဲယဉ်းခဲ့သည့်အခြေမှ ယနေ့အခါတွင် ဒီမိုကရေစီဟူသော စကားလုံးလောက်နီးနီးပင် ခေတ်စားလာသည်။ အနာဂတ်မြန်မာနိုင်ငံတော်ကိုလည်း ဖက်ဒရယ်စနစ်အတိုင်း သွားမည်ဟု အရေးကြီးသက်ဆိုင်သူအားလုံးလိုလိုက သဘောတူထားကြသည်။ သို့သော် ဖက်ဒရယ်စနစ်တွင် နိုင်ငံရေးကိုသာ အပြောများကြပြီး စီးပွားရေးကို မပြောကြသလောက်ဖြစ်သည်။

ဖက်ဒရယ်နိုင်ငံများဖိုရမ်အဖွဲ့နှင့် မြန်မာ့ငြိမ်းချမ်းရေးတွင် ဦးဆောင် ပါဝင်ဆွေးနွေးနေကြသူများပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့တို့သည် ဘဏ္ဍာရေးဆိုင်ရာ ဖက်ဒရယ်ဆွေးနွေးပွဲကို ကနေဒါတွင် ကျင်းပနေပြီး ဒေါ်အောင်ဆန်းစုကြည်သည် သူ၏ ကနေဒါခရီးစဉ်အတွင်း တက်ရောက်သည်ကို ကြားသိရသဖြင့် ဝမ်းသာရသည်။

စာရေးသူအနေနှင့် ဒုတိယအကြိမ် ၂၁ ရာစု ပင်လုံညီလာခံတွင် စီးပွားရေးကဏ္ဍအတွက် ‘ပါဝင်သင့်ပါဝင်ထိုက်သူ’ ကိုယ်စားလှယ်အဖြစ် အစိုးရက ဖိတ်ကြားခဲ့သည့်အတွက် စီးပွားရေးကဏ္ဍတွင် ပါဝင်ဆွေးနွေးခဲ့သည်။ ထိုကဏ္ဍတွင် ဖက်ဒရယ်စနစ်နှင့် စီးပွားရေးအကြောင်းဆွေးနွေးချက်များ ပါဝင်လာရာ အခြားကိုယ်စားလှယ်များ၏ အမြင်များကိုလည်း နားထောင်ခွင့်ရခဲ့သည်။ ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းများအကြား ဘဏ္ဍာငွေနှင့် အခွန်ငွေများ ခွဲဝေကောက်ခံခြင်း၊ စီးပွားရေးလုပ်ပိုင်ခွင့်များ ခွဲဝေခြင်းတို့သည် ဖက်ဒရယ်စီးပွားရေးဆိုင်ရာ သဘောတရားများဖြစ်ပြီး ညီလာခံတွင်လည်း သဘောတူခဲ့ကြသောမူများဖြစ်သည်။ သဘောမတူစရာလည်း မရှိလှဘဲ ထိုရည်မှန်းချက်များရောက်အောင် မည်သို့လုပ်ဆောင်မည်ကိုသာ ဆွေးနွေးခဲ့ကြရသည်။

ဖက်ဒရယ်စနစ်တွင် ယေဘုယျအားဖြင့် ပြည်နယ်/တိုင်းများနှင့် ပြည်ထောင်စုတို့အကြား အခြေခံဥပဒေအရ အာဏာခွဲဝေကျင့်သုံးကြသည်။ ဥပဒေပြုရေးမဏ္ဍိုင် လွှတ်တော်၊ အုပ်ချုပ်ရေးမဏ္ဍိုင်အစိုးရနှင့် တရားစီရင်ရေးမဏ္ဍိုင် တရားရုံးများတို့အလျားလိုက် ဘေးတိုက်အာဏာခွဲဝေသကဲ့သို့ပြည်ထောင်စုအစိုးရနှင့်ပြည်နယ်/တိုင်း အစိုးရတို့အထက်၊ အောက် ဒေါင်လိုက်အာဏာခွဲဝေကျင့်သုံးခြင်းဟုလည်း ဆိုနိုင်သည်။ အာဏာကို ဗဟိုကချုပ်ကိုင်ထားခြင်း (Centralized) မျိုးမဟုတ်ဘဲ ဖြန့်ခွဲထားခြင်း (Decentralized) လည်း ဖြစ်သည်။ အာဏာကိုဖြန့်ခွဲကျင့်သုံးခြင်းသည် ယနေ့ကမ္ဘာတွင် ခေတ်စားသော စီမံခန့်ခွဲမှုဟန်ပန်ဖြစ်လာသည့်အတွက် တစ်ပြည်ထောင်စနစ် ကျင့်သုံးသောနိုင်ငံများ Unitary States တွင်ပင် ကျင့်သုံးလာကြရာ ဖက်ဒရယ်စနစ်ကျင့်သုံးသော ပြည်ထောင်စုနိုင်ငံများ Federal State နှင့်ပင် ရုတ်တရက်ကြည့်လျှင် ဆင်တူလာကြသည်။ အာဏာကို တစ်နေရာတည်းတွင် မထားခြင်းကြောင့် ခြစားရန်ခဲယဉ်းသည်၊ ပြည်နယ်/တိုင်း အစိုးရနှင့် ပြည်ထောင်စုအကြား အပြန်အလှန်ထိန်းညှိသည့်အတွက် အာဏာအလွဲသုံးရန် ခဲယဉ်းသည်ဟု ယူဆချက်ရှိသည်။

ဖက်ဒရယ်စနစ်တွင် အရေးကြီးသည့် နောက်ယူဆချက်မှာ Local Knowledge ခေါ် ဒေသအကြောင်း သက်ဆိုင်ရာဒေသက ပိုသိသည်ဟူသော ယူဆချက်ဖြစ်သည်။ ပြည်ထောင်စုအစိုးရထက်စာလျှင် ဒေသအစိုးရ၊ ပြည်နယ်/တိုင်းအစိုးရသည် ကိုယ့်ပြည်နယ်/တိုင်းအကြောင်း ပိုသိသည့်အတွက် သက်ဆိုင်ရာ ပြည်နယ်/တိုင်းလိုအပ်ချက်ကို ထိထိရောက်ရောက် ပိုဆောင်ရွက်နိုင်မည်။ ထို့ကြောင့် ပြည်ထောင်စုအစိုးရ တစ်ရပ်တည်းရှိရုံနှင့် မလုံလောက်ဘဲ ပြည်နယ်/တိုင်းအစိုးရများသည် ပြည်ထောင်စုအစိုးရနှင့် အာဏာခွဲဝေကျင့်သုံးကြသည်။

နောက်တစ်ချက်။ ဒေသအသီးသီးရှိ Elite ခေါ် ထိပ်သီးပုဂ္ဂိုလ်များသည် ယင်းတို့သက်ဆိုင်ရာဒေသများကို အုပ်ချုပ်လိုကြသည်။ သူတို့အုပ်ချုပ်လျှင် ဒေသပိုတိုးတက်မည်ဟုယူဆကြသည်။ သို့မဟုတ်က ယင်းတို့အလိုနှင့် ထပ်တူကျသောသူများကို အုပ်ချုပ်စေလိုသည်။ ထိုအခါမျိုးတွင် တင်းမာမှုများကို မဖြစ်ပေါ်စေဘဲ ယင်းတို့၏ သဘောဆန္ဒနှင့်လည်း အဆင်ပြေစေမည့် နည်းလမ်းများကိုရှာရာတွင် ဖက်ဒရယ်စနစ်သည် အသုံးဝင်သည်။

## ပြန်လည်ခွဲဝေခြင်း

ဖက်ဒရယ်စနစ်တွင် ပြန်လည်ခွဲဝေခြင်းသည်လည်း အဓိကကျသော သဘောတရားဖြစ်သည်။ တစ်နိုင်ငံလုံးရှိပြည်နယ်/တိုင်းများမှ ရသောဝင်ငွေများ၊ ဉစ္စာဓနများကို ပြည်ထောင်စုက စုစည်းပြီး ပြန်လည်ခွဲဝေပေးသည်။ ဖွံ့ဖြိုးမှုလိုအပ်ချက်မြင့်သော ဒေသများ၊ ဆင်းရဲဒေသများ၊ ဒေသငယ်များသည် ပြန်လည်ခွဲဝေပေးခြင်းမှ အကျိုးခံစားရသည်။

## ဘုံအကျိုးစီးပွားနှင့် သစ်ပင်တောအုပ်

ဖက်ဒရယ်စနစ်တွင် ပြည်နယ်/တိုင်းအသီးသီးမှ အစိုးရများသည် သက်ဆိုင်ရာ ပြည်နယ်/တိုင်းများအကျိုးကို ကြည့်မည်ဖြစ်သော်လည်း ပြည်နယ်/တိုင်းများအားလုံး၏ ဘုံအကျိုးကိုကြည့်ရန် ခဲယဉ်းမည်ဖြစ်သည်။ တောတွင်းမှ သစ်ပင်တစ်ပင်ကို အာရုံစိုက်လိုက်လျှင် ထိုသစ်ပင်အကြောင်းချေးခါးအူမ သိနိုင်သော်လည်း တောအုပ်ကို မြင်နိုင်တော့မည်မဟုတ်။ တောအုပ်ကြီးပွားမှသာ သစ်ပင်တစ်ပင်ချင်းစီလည်း တည်တံ့မည်ဖြစ်ရာ တောအုပ်အမြင်မျိုး အပေါ်စီးမှကြည့်နိုင်သူ လိုလာသည်။ တစ်နိုင်ငံလုံးကို အပေါ်စီးမှမြင်ပြီး တစ်နိုင်ငံလုံးအကျိုးကို ဆောင်ရမည်မှာ ပြည်ထောင်စုအစိုးရ Federal Government၊ Union Government ဖြစ်သည်။

အချို့ဒေသကြီးများတွင် ‘နိုင်ငံအစိုးရများ အဆင့်ထက်ပင်ကျော်လွန်ပြီး ဒေသကြီးတစ်ခုလုံးရှိ နိုင်ငံအားလုံး၏ အကျိုးစီးပွားကို ကြည့်နိုင်မည့် အစိုးရတစ်ရပ်’ supra-national state ကိုပင် ဖွဲ့စည်းလာကြသည်။ အချုပ်အခြာအာဏာပိုင်နိုင်ငံများဖြစ်လျက်နှင့်ပင် ဒေသတွင်းနိုင်ငံများ၏ ဘုံအကျိုးစီးပွားကို ကြည့်ရှုဖော်ဆောင်မည့် အစိုးရတစ်ရပ်ရှိလျှင် သက်ဆိုင်ရာနိုင်ငံများ အကျိုးပိုရနိုင်သည်ဟု တွက်ကာ ဥရောပသမဂ္ဂကို ဖော်ဆောင်ခဲ့ကြသည်။

ဖက်ဒရယ်စနစ်တွင် စီးပွားရေးကို မုန့်ဖြင့် တင်စားနိုင်သည်။ ထိုမုန့်ကို ပြည်နယ်/တိုင်းများအကြားနှင့်ပြည်နယ်/တိုင်းများနှင့်ပြည်ထောင်စုအကြား ခွဲဝေကြခြင်းဖြစ်သည်။ ဦးသိန်းစိန်အစိုးရလက်ထက်တွင် တက်ခဲ့သော ငြိမ်းချမ်းရေးညီလာခံအရရော၊ ဒေါ်အောင်ဆန်းစုကြည်လက်ထက်တွင် တက်ခဲ့သည့် ငြိမ်းချမ်းရေးညီလာခံအရရော တွက်ကြည့်လျှင် စီးပွားရေးတည်းဟူသော မုန့်ကြီးကို ခွဲဝေရေးသာ အဓိကထားဆွေးနွေးကြပြီး ထိုမုန့်ကြီးလာအောင် မည်သို့တည်ဆောက်ရမည်ဆိုသောဘက်ကို စဉ်းစားခြင်းနည်းနေသည်။ မုန့်သေးသေးတစ်ယှက်ကို ခွဲလျှင် ဆယ်ပုံတစ်ပုံရသူသည် မုန့်ကြီးကြီးတစ်ယှက်ကို ခွဲလိုက်လျှင် ဆယ်ပုံတစ်ပုံရသူနှင့် အဆပေါင်းများစွာ ကွာသွားခြင်းကိုကြည့်လျှင် ဘုံအကျိုးစီးပွားဖြစ်သော မုန့်ကိုကြီးအောင် ဆောင်ရွက်ရန် အလွန်အရေးကြီးမှန်း သိသာသည်။

ခွဲဝေရာတွင် ပြည်ထောင်စုအစိုးရကို ဝေစုကြီးကြီးရစေလိုသူများရှိသလို ပြည်နယ်/တိုင်းများကို ဝေစုပိုပေးလိုသူများလည်း တွေ့ရသည်။ အကျိုးအပြစ် နှစ်ခုစလုံးတွင် ရှိပါသည်။ ပြည်ထောင်စုအစိုးရတွင်သာ အများစုရောက်နေလျှင် တစ်ပြည်ထောင်စနစ်ဘက် Unitary State ဆန်ဆန်မြင်ရမည်။ ပြည်နယ်/တိုင်းများဘက်သို့ ဝေစုပိုပါသွားပြန်လျှင်လည်း ကိုယ်ရကိုယ်ယူစနစ်ဆန်သွားပြီး ဆင်းရဲပြည်နယ်များ၊ ပြည်နယ်ငယ်များသည် ရနေကျထက် ဝေစုနည်းသွားစရာ ရှိသည်။ ထိုအခါတွင် ဖက်ဒရယ်စနစ်ကြောင့် နဂိုရှိရင်းစွဲထက် အလုံးအရပ်လျော့သွားသည့် ပြည်နယ်များ ပေါ်လာမည်ဖြစ်သည်။

## Competition and Cooperation

မိမိတို့ပြည်နယ်/တိုင်းသို့ ရင်းနှီးမြှုပ်နှံမှုများ လာရောက်စေရေး၊ စီးပွားရေးဖွံ့ဖြိုးရေးဆောင်ရွက်ရာတွင် အပြိုင်အဆိုင်ဆောင်ရွက်ခြင်းဖြင့် ဒေသအားလုံး၏ စီးပွားရေးတိုးတက်လာမည်ဟု ဖက်ဒရယ်စနစ်က ယူဆထားသည်။ အသင့်အတင့်ပြိုင်ဆိုင်မှုသည် ကောင်းမွန်သော်လည်း အလွန်အမင်းပြိုင်ဆိုင်လျှင် ultra-competition မှ အကျိုးယုတ်စေနိုင်သည်။ ဥပမာ - နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ လာရောက်စေချင်ဇောဖြင့် အပြိုင်အဆိုင် အခွန်များလျှော့ချလျှင် နောက်ဆုံး ပြည်နယ်/တိုင်းအားလုံး ဘာမျှမရဘဲပင် ဖြစ်သွားနိုင်သည်။ ယင်းတွင် ပြည်ထောင်စုအစိုးရ Federal Government ၏ အခန်းဝင်လာပြီ။ စီးပွားရေးအကျိုးအမြတ်ကို အမြင့်ဆုံးခံစားရအောင် ပြည်နယ်/တိုင်းများအကြား ပူးပေါင်းဆောင်ရွက်ရေးကို ပြည်ထောင်စုအစိုးရက တာဝန်ယူနိုင်သည် Cooperation။

ဖက်ဒရယ်စနစ်၏ ကောင်းကျိုးအဖြစ် အစိုးရသည် ဆုံးဖြတ်ချက်ချရာတွင် ထိရောက်မြန်ဆန်လာမည်ဟု ယူဆသည်။ ဆုံးဖြတ်ချက်ချရာတွင် ပြည်နယ်/တိုင်း အစိုးရများရော ပြည်ထောင်စုအစိုးရများပါ ပါဝင်ဆုံးဖြတ်သည့်အတွက် အကောင်းဆုံးဆုံးဖြတ်ချက်များ ချနိုင်သောကြောင့် ရလဒ်များသည် ဈေးသက်သာသည်၊ မြန်ဆန်သည်၊ အကျိုးရှိသည်ဟု ယူဆထားခြင်း။ လက်တွေ့တွင် ပြည်နယ်/တိုင်းအစိုးရများအချင်းချင်းသော်လည်းကောင်း၊ ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်/တိုင်းအစိုးရများအကြားသော်လည်းကောင်း အပြိုင်အဆိုင်ဖြစ်နေလျှင် ဆုံးဖြတ်ချက်များသည် အချိန်၊ ငွေကြေးအရ ပိုအကုန်အကျများနိုင်ပြီး ထိရောက်မှုလည်း အားနည်းနိုင်သည်။ လူနှစ်ယောက် ဆုံးဖြတ်ချက်ချရမည့်နေရာတွင် လူလေးငါးယောက်ဆုံးဖြတ်နေခြင်းကြောင့် စရိတ်ကြီးလာခြင်းမျိုး၊ မထိရောက်ခြင်းမျိုး။

အခွန်ကောက်ခံရာတွင်လည်း အခွန်ထမ်းတစ်ရပ်တည်းကို အစိုးရနှစ်ရပ်က ကောက်ခံနေလျှင် ထိရောက်မည်လား စသောစဉ်းစားစရာများဖြစ်သည်။

ဖက်ဒရယ်စနစ်သည် အခြားသောအရာများကဲ့သို့ပင် အကျိုးလည်းရှိသလို အဆိုးလည်းရှိသည်။ ဖက်ဒရယ်စနစ်သည် မြန်မာ့စီးပွားရေးအတွက်၊ မြန်မာနိုင်ငံအတွက် ကောင်းမွန်သည်ဟု ယေဘုယျဆိုနိုင်သည်။ သို့သော် ‘သုံးတတ်လျှင် ဆေး၊ မသုံးတတ်လျှင် ဘေး’။ ■

ဇေယျာသူ

The VOICE Weekly
The Product of Myanmar Partners
Think Tank Group
(A Sister Publication of
Living Color Magazine)

**Publisher** - U Zeya Thu (00943), **Finance** - Pe Aung Zin(Genernal Manager), San Thida (Manager), Htet Htet Nyein (Deputy Manager),
**Marketing** - Kyaw Than (Manager), Min Aung, Pyae Phyo Aung, Nu Nu Nge, Shwe Sin Tun,
**Production** - Soe Win Zaw, **DTP** - Khin Mar Myint, **Distribution** - Khin Myo Chit (Deputy Manager),
**Receptionist** - Lai Yee Oo, **Office** - No (458-460), 4th Floor (E), Corner of 31st Street and Mahabandula Road, Pabaedan Township, Yangon. **Tel:** 01 - 242424, 389206, 389207, 09 977204248, **Marketing** - 01 242424, 09 51 76835, 09 421107770, **Distribution** - 09 421118327

**E-mail** - Admin; Chief Editor : c-editor@thevoicemyanmar.com, News Room : newsroom@thevoicemyanmar.com,
**Press** - Daw Win Kalayar Swe- Hnit Thit Oo Press (00601), 27(A), Conor of U Hmoo St and U Tun Nyo St., Dagon (East) Industrial Zone

# ၂၀၁၇ ကန့်လန့်ကာ၊ မြန်မာ့ပကတိစီးပွားနှင့် ခါးပတ်များ

ရဲနိုင်ဦး

**၂၀၁၇ နှစ်လယ်တွင် ဆွဲဖွင့်လိုက်သည့် ရင်းနှီးမြှုပ်နှံမှုဖိုရမ်ကန့်လန့်ကာကြောင့် မြန်မာ့ပကတိစီးပွားရေးကို ကွက်ကွက်ကွင်းကွင်း တွေ့မြင်ရပြီဖြစ်သည်။ လူရှေ့ထွက်ခဲလှသော မြန်မာ့ထိပ်သီးစီးပွားရေးအချို့၏ ဖွင့်ဟချက်များက မြန်မာနိုင်ငံ၏ ပကတိအရှိတရားစီးပွားရေးကို မီးမောင်းထိုးပြလျက်ရှိသည်။**



ဓာတ်ပုံ-မြင့်မိုးညို

မြန်မာ့စီးပွားရေးလေယာဉ်ကြီးမှာ ပြေးလမ်းတွင်တစ်နှစ်ခွဲကြာပြေးနေပြီးနောက် အရှိန်အဟုန်ဖြင့် ပျံတက်တော့မည်ဟု ဆိုသော်လည်းအားနည်းချက်များကိုတော့ ဖုံးကွယ်၍မရပေ။

## လုပ်အားယိုစီးခြင်း

မြန်မာ့ရင်းနှီးမြှုပ်နှံမှုဖိုရမ် ၂၀၁၇ ကိုနေပြည်တော်ရှိ MICC ၂ ခန်းမတွင် ဇွန်လ ၇ ရက်နှင့် ၈ ရက်၌ နှစ်ရက်ကြာ ပြုလုပ်ခဲ့သည်။ CB ဘဏ်ဥက္ကဋ္ဌ ဦးခင်မောင်အေးဦးဆောင်သောမြန်မာ့ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးတိုးတက်ရေးအသင်း(MIDA) ကဦးဆောင်ကျင်းပခဲ့ခြင်းလည်းဖြစ်သည်။

ဖွင့်ပွဲပထမနေ့တွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးကျော်ဝင်းက "ဒီနှစ်ဒီကာလကတော့ Runway ကနေ ကမ္ဘာမြေကြီးရဲ့ Gravity(ဆွဲငင်အား) ကိုဆန့်ကျင်ပြီးတော့၊ တွန်းကန်ပြီးတော့ Jet Power နဲ့လေထဲကို Take off လုပ်တဲ့နှစ်ပဲ" ဟု အားတက်ဖွယ်ဆိုသည်။

သို့သော်လည်း ဖိုရမ်နောက်ဆုံးနေ့တွင်မူ CBဘဏ်ဥက္ကဋ္ဌလည်းဖြစ်၊ MIDA ဥက္ကဋ္ဌလည်းဖြစ်သောဦးခင်မောင်အေးက မြန်မာနိုင်ငံတွင်အလုပ်အကိုင်ရှားပါးလွန်းသောကြောင့်နိုင်ငံသားများမှာပြည်ပနိုင်ငံများသို့သွားရောက်လုပ်ကိုင်နေရသည်ဟု မီဒီယာများသို့ ဖြေကြားသွားခဲ့သည်။ မထူးသော်လည်း ဆန်းပါသည်။

မြန်မာလုပ်သားများ သွားရောက်လုပ်ကိုင်သည့်နိုင်ငံများတွင်ထိုင်း၊ မလေးရှား၊ ဗီယက်နမ်နိုင်ငံတို့အပြင် မြန်မာတို့ထက် စီးပွားရေးနိမ့်ကျခဲ့သည့်လာအိုနိုင်ငံသို့ပင် ယခုအခါ သွားရောက်လုပ်ကိုင်ရလျက်ရှိသည်ဟု ဦးခင်မောင်အေးက ဆိုသည်။

အဆိုပါအခြေအနေများက သမ္မတဦးထင်ကျော်အစိုးရလက်ထက် အလုပ်အကိုင်အခွင့်အလမ်းဦးစားပေးသည့် နိုင်ငံတော်၏စီးပွားရေးမူဝါဒ ၁၂ ချက်ကို ကောင်းစွာ အကောင်အထည်ဖော်နိုင်ခြင်းရှိ၊ မရှိကို ဖော်ပြလျက်ရှိသည်။

## ချိနဲ့သည့် ယှဉ်ပြိုင်နိုင်စွမ်း

ပြည်တွင်းစီးပွားရေးလုပ်ငန်းများ၏ ယှဉ်ပြိုင်နိုင်စွမ်းနှင့်ပတ်သက်၍ ကျယ်ကျယ်လောင်လောင်ကြားခဲ့ရသည်မှာ ပြီးခဲ့သည့် သုံးနှစ်ကျော်ကာလအတွင်း ဖြစ်သည်။ AECတစ္ဆေကိုကြောက်လွန်း၍ မြန်မာလုပ်ငန်းရှင်တို့ပြင်ကြဆင်ကြတော့ မယောင်ဖြစ်ခဲ့ကြသေးသည်။

ပြည်တွင်းသို့ဝင်ရောက်လာသည့် နိုင်ငံခြားကုမ္ပဏီများနှင့်ပူးပေါင်းလုပ်ကိုင်သည့် အချို့သောစီးပွားရေး လုပ်ငန်းများကိုလည်း တွေ့ခဲ့ရပြီဖြစ်သည်။ ထိုအချိန်ကလည်း 'မနိုင်လျှင်ပေါင်း' ဟူသည့် စီးပွားရေးဗျူဟာတစ်ရပ်က စန်းထခဲ့သေးသည်။

လက်ရှိအနေအထားကား မည်သို့နည်း။

MIDA၏ဒုတိယဥက္ကဋ္ဌဦးလှမြင့်က "သူတို့က အန်ကယ်လ်တို့ကိုလောလောဆယ်မှာ လာကူရမယ့် အနေအထားပါ။ အန်ကယ်လ်တို့က သူတို့ကို ယှဉ်နိုင်မယ့် အနေအထားမရှိသေးဘူး" ဟု ၎င်း၏ အမြင်ကိုမီဒီယာများသို့ပွင့်ပွင့်လင်းလင်း ထုတ်ဖော်ပြောဆိုသွားခဲ့သည်။

ပြည်တွင်းရှိအသေးစားနှင့်အလတ်စားလုပ်ငန်းများ(SMEs)မှာမြန်မာ့စီးပွားရေး၏၉၀ရာခိုင်နှုန်းကျော်ရှိ၍အလေးထားရမည်ဟု အစိုးရအဆက်ဆက်ပြောခဲ့သော်လည်း လက်ရှိအချိန်ထိ မဖွံ့ဖြိုးနိုင်သေးပေ။ ပြီးခဲ့သည့် သမ္မတဦးသိန်းစိန်အစိုးရလက်ထက်မှစ၍ SMEs များ၏ လိုအပ်ချက်ဖြစ်သည့် မြေ၊ ရေ၊ မီး၊ လမ်းတံတားကဲ့သို့ အခြေခံအဆောက်အဦ၊ အရင်းအနှီးနှင့် နည်းပညာတို့မှာ သမ္မတဦးထင်ကျော် လက်ထက်တွင်လည်း SMEs များ၏လိုအပ်ချက်ဖြစ်လျက်ပင်။

## နေပြည်တော်ရောက်စီးပွားရေးမှုဆိုးများ

ယခင်အစိုးရလုပ်သကဲ့သို့ပင်လက်ရှိအစိုးရကလည်းသက်တမ်းတစ်နှစ်ခွဲကာလအတွင်း မြန်မာ့ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်ကိုကျင်းပ၍ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ခဲ့သည်။ အဆိုပါဖိုရမ်သို့ အမေရိကန်၊ ဥရောပ၊ ကနေဒါ၊ ဩစတြေးလျနှင့် အာရှနိုင်ငံများအားလုံးနီးပါးမှ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြသည်။

ပြည်ပလုပ်ငန်းရှင် ၅၀၀ ခန့်တက်ရောက်ခဲ့သည့်အနက် တရုတ်စီးပွားရေးလုပ်ငန်းရှင် ၁၅၀ ကျော်တက်ရောက်ခဲ့ပြီး အများဆုံးဖြစ်သည်။ ဆိုလိုသည်မှာ မြန်မာနိုင်ငံတွင်ရင်းနှီးမြှုပ်နှံရန်တရုတ်က စိတ်ဝင်စားမှုအရှိဆုံး ဖြစ်နေခြင်းပင်။

တရုတ်ရင်းနှီးမြှုပ်နှံမှုမှန်သမျှကို ကန့်ကွက်ရန်မလိုဘဲ သူလည်းအကျိုးရှိ၊ ကိုယ်လည်းအကျိုးရှိ၊ နိုင်ငံတော်လည်း အကျိုးရှိသည့်ပုံစံဖြင့် ခွင့်ပြုရမည်ဟု MIDA ဥက္ကဋ္ဌ ဦးခင်မောင်အေးက စီးပွားရေးသမားတစ်ဦး၏ပုံစံကောင်းကို ပြသခဲ့သည်။

နိုင်ငံအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖိတ်ခေါ်ရာ၌ အဓိကအခက်အခဲများ အဖြစ်အခြေခံအဆောက်အဦပြဿနာကို လုပ်ငန်းရှင်အားလုံးနီးပါးက လက်ညှိုးထိုးကြသည်။ ထို့ကြောင့်ပင်အခြေခံအဆောက်အဦ ပြဿနာဖြစ်သည့် လျှပ်စစ်မီးနှင့် လမ်းတံတားကဲ့သို့ တည်ဆောက်ရေးလုပ်ငန်းများတွင်ပြည်ပလုပ်ငန်းရှင်များ စိတ်ဝင်စားကြသည်ဟု MIDAဥက္ကဋ္ဌ ဦးခင်မောင်အေးက ပြောကြားသည်။

ထို့ပြင်မြစ်ကြောင်းသယ်ယူပို့ဆောင်ရေး၊ ဆိပ်ကမ်းများဖွံ့ဖြိုးရေး၊ နယ်စပ်ကုန်သွယ်ရေး၊ဘဏ်လုပ်ငန်း၊အထပ်မြင့်အဆောက်အအုံများနှင့် စက်မှုဇုန်တည်ထောင်ခြင်းလုပ်ငန်းများတွင်ရင်းနှီးမြှုပ်နှံရန်ပြည်ပလုပ်ငန်းရှင်များက စိတ်ဝင်စားကြောင်း ဖိုရမ်သို့တက်ရောက်သည့်စီးပွားရေးလုပ်ငန်းရှင်များထံမှ သိရသည်။

"Infrastructureနဲ့ပတ်သက်ရင် ကျွန်တော်တို့နိုင်ငံမှာ လိုအပ်ချက်တွေ အများကြီးရှိပါတယ်။ လက်ရှိကာလ မှာတော့ Infrastructure ကို Develop ဖြစ်အောင်ဦးစားပေးလုပ်ဖို့စီစဉ်ဆောင်ရွက်နေပါတယ်" ဟု စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးကျော်ဝင်းကလည်း ဖိုရမ်၏ အဖွင့်မိန့်ခွန်းတွင် ထည့်သွင်းပြောကြားသွားခဲ့သည်။

အချို့ကလည်း ပြည်ပရင်းနှီးမြှုပ်နှံမှုဖိတ်ခေါ်သည်ထက် ပြည်တွင်းစီးပွားရေးများ အသက်ဆက်နိုင်ရေးကို ဦးစွာလုပ်သင့်သည်ဟု ဆိုကြသည်။

"စီးပွားရေးကလည်း တက်မလာဘူးလေ။ တုံ့နေတယ်။ ပြည်ပရင်းနှီးမြှုပ်နှံမှုတွေလာဖို့က ပြည်တွင်းမှာရှိတဲ့ စီးပွားရေးလုပ်ငန်းတွေ ကဏ္ဍအလိုက် အောင်မြင်အောင်လုပ်ဖို့လည်း စဉ်းစားဖို့လိုတာပေါ့"

စာမျက်နှာ ၃၉ သို့

# ရောတိုင်းက ကြွက်ပုံပြင်

ဉမ္မာလွင်

**ညနေမှောင်ရီပျိုးချိန်တွင် ရိုးမတောင်တန်းများပေါ်မှ ကြွက်များတောက်လျှောက်ဆင်းလာပြီး စိုက်ပျိုးရေးခြံနှင့် လူနေအိမ်များဝန်းကျင်အထိ အုပ်လိုက်အုပ်လိုက်ရောက်ရှိလာသည်။ ကြွက်များကို အစုလိုက် အပြုံလိုက်တွေ့လိုက်ရသဖြင့် ကျေးရွာသားများ အထိတ်တလန့်ဖြစ်ကုန်ကြသည်။**

မည်ကဲ့သို့အကြောင်းရင်းကြောင့် ယခုကဲ့သို့ဖြစ်ပေါ်လာသနည်း။ အစာရေစာ ရှားပါးမှုကြောင့်လား။ သိပ္ပံပညာဖြင့် အတည်မပြုနိုင်သည့် သဘာဝလွန်ဖြစ်ရပ်လား၊ သဘာဝဘေးအန္တရာယ်ဖြစ်လာနိုင်သည့် အခြေအနေအကြောင်းခြင်းရာကို အသိပေးခြင်းလား။

"ရွာနားကို တရွေ့ရွေ့နဲ့ဝင်လာတာ။ တချို့သစ်ပင်ပေါ်မှာ၊ တချို့က မြေကြီးပေါ်မှာ အများကြီးတွေ့တယ်" ဟု ကံချိုင်ကျေးရွာမှ ဦးချိုလွင်အောင်က ဆိုသည်။

ပြီးခဲ့သည့်ဇွန်လ ၃ ရက်နေ့ညက ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်းမြို့နယ်ခွဲ ကံချိုင်ကျေးရွာအုပ်စု ကံချိုင်ရွာ၊ ဇီးချိုင်ရွာ၊ ငွေတောင်ရွာတို့အတွင်းကို ကြွက်ဝမ်းဖြူများ ဝင်ရောက်လာပုံကို ပြန်လည်ပြောပြနေခြင်း ဖြစ်သည်။

ကြွက်အမျိုးအစားများတွင်ကြွက်ဝမ်းဖြူ၊ ကြွက်ဖလောင်း၊ မြေကြွက်၊ လယ်ကြွက် အမျိုးအစားများ ပါဝင်သည်။ ကြွက်ဝမ်းဖြူများက အစုလိုက်အပြုံလိုက်နေသည့် သဘောသဘာဝရှိသည်။ အပင်ပေါ်တက်ကျွမ်းကျင်ပြီး ခြုံတော၊ ဝါးတော၊ သီးနှံစိုက်ခင်းများနှင့် အိမ်ကြားထဲတွင် နေထိုင်ကြသည်။ ၎င်းတို့အကြိုက်ဆုံးအစားအစာမှာ သီးနှံများဖြစ်ပြီး ထိုအစားအစာများကို စားသုံးရပါက သားပေါက်ဖွားနှုန်းများကာ ၎င်းတို့မကြိုက်သည့် အစားအစာကို စားသောက်နေရပါက သားဖွားနှုန်းလျော့နည်းသည်။

ယခုရာသီမျိုးတွင် ရိုးမတောထဲမှ ဝါးပင်များ အသီးသီးလေ့ရှိသည်။ ထိုဝါးသီးများက ကြွက်ဝမ်းဖြူများ နှစ်သက်သည့် အစားအစာဖြစ်သည်။ ဝါးပန်းပွင့်ပြီး ဝါးသီးများသီးရာ ထို ဝါးသီးများကိုစားပြီး ကြွက်များ၏ သားပေါက်နှုန်းအားကောင်းကြောင်း ဂေဟဗေဒပညာရှင် ဒေါက်တာညိုမိထွေးက ဆိုသည်။

ထိုကဲ့သို့ အစာရေစာပေါများချိန်တွင် ပေါက်ဖွားထားသောသားပေါက်များသည် တစ်လသားအရွယ်တွင် နို့ပြတ်၍ နှစ်လသားအရွယ်တွင် မိတ်လိုက်နိုင်ကာ သားပေါက်နိုင်သည့်အရွယ်ကို ရောက်နေကာ အစာရေစာပေါများနေပြီး လုံခြုံသည့်နေရာဖြစ်ပါက သားပေါက်နှုန်းတိုးလာကြောင်း ၎င်းကဆိုသည်။

"ကြွက်တစ်ကောင်က ၂၁ ရက် ကိုယ်ဝန်ဆောင်တယ်။ သားပေါက်တာက ငါးကောင်နဲ့ ခြောက်ကောင်ကြားရှိတယ်။ အထီး သုံးကောင်နဲ့အမသုံးကောင်ပါတယ်။ အဲ့ဒီလိုကလေးတွေမွေးပြီး အစားတွေ ကောင်းနေရင် မိခင်ကြွက်မကြီးက ၂၄ နာရီအတွင်း ကိုယ်ဝန်ပြန်ဆောင်တယ်။ အဲ့ဒီတော့တစ်လခြားတစ်ခါပေါက်တယ်" ဟုဂေဟဗေဒပညာရှင်ဒေါက်တာညိုမိထွေးက ဆိုသည်။

ထိုကြွက်တို့ရွာထဲ အလုံးအရင်းဖြင့်ဝင်ချိန် လူအများ ထိတ်လန့်ကုန်ကြသည်။

"၃ ရက်နေ့ည (ဇွန်လ) က စတွေ့တာ၊ တွေ့တာနဲ့သတ်တော့တာပဲ။ နောက်ပိုင်းများလာတယ်။ အကုန်လိုက်သတ်တာပဲ။ အပင်ပေါ် ဟိုကြားဒီကြားထဲပြေးလွှားနေတာ" ဟု ဦးချိုလွင်အောင်က ဆိုသည်။

ထိုဒေသတွင် ယင်းအခြေအနေမျိုး ယခင်က တစ်ခါမျှမဖြစ်ခဲ့ဖူးပါ။ ဖြစ်ရသည့် အကြောင်းအရင်းကို သိရှိရသည့်အတွက်ကြောင့် များစွာမစိုးရိမ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ကြွက်များကို သက်ဆိုင်ရာရွာသားများနှင့် သက်ဆိုင်ရာဌာနဆိုင်များ ပူးပေါင်းပြီး နှိမ်နင်းနေကြောင်း ၎င်းကဆိုသည်။

ကြွက်နှိမ်နင်းရေးလုပ်ရာတွင်နည်းလမ်းအမျိုးအစားပေါင်း နှစ်ရာကျော်ရှိကာ ဒေသခံများအသုံးတည့်သည့် နည်းလမ်းအချို့ကိုသာ အသုံးပြုပြီးနှိမ်နင်းနေကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန ပုသိမ်မြို့နယ်ခရိုင် ဦးစီးမှူး ဦးစိန်မောင်မြင့်က ဆိုသည်။

"အဲဒီအကောင်တွေက တဖြည်းဖြည်း များလာနေချိန်မှာ အစာရေစာရှားပါးကုန်တဲ့အခါကျတော့ ကြွက်ထီးတွေဦးဆောင်ပြီး အစာရှာထွက်လာတယ်။ နောက်တော့လူတွေနေတဲ့အနား၊ စိုက်ပျိုးရေးလုပ်တဲ့နေရာတွေအထိ ရောက်လာကြတယ်" ဟု ၎င်းကဆိုသည်။

အထူးသဖြင့် ထောင်ချောက်ဆင်ခြင်း၊ ဆန်ကွဲများကိုအရက်ဆီနယ်ထည့်ပြီး ကျွေးခြင်း၊ ဘောကွင်းချဖမ်းဆီးခြင်းများ ပြုလုပ်ကာ ကြွက်များကိုစုပေါင်းပြီးမြေမြှုပ်ကြကြောင်း ၎င်းကဆိုသည်။ လာမည့် ရက်သတ္တတစ်ပတ်အတွင်း ရှင်းလင်းရေးလုပ်ဆောင်လိုက်ပါက ကြွက်များရှိတော့မည်မဟုတ်ဟု ၎င်းထံမှ သိရသည်။

ရွာထဲအနီးရောက်ရှိလာသည့် ကြွက်များထဲမှ ပထမဆုံးအကြိမ်တွင် ဖမ်းဆီးရမိသောကြွက်များမှာ အရွယ်ရောက် အထီးကောင်များဖြစ်ကြောင်း ၎င်းထံမှသိရသည်။ အဆိုပါ ကြွက်များ ဝင်ရောက်လာချိန်တွင် ရွာသားများက ဝိုင်းဝန်းသတ်ဖြတ်ခဲ့ကြသည်။ စိုက်ပျိုးရေးခြံများ အနီးဝင်ရောက်မည်ကိုရွာသားများမှာ စိုးရိမ်ခဲ့ကြသည်။

ကြွက်အစုလိုက်အပြုံလိုက်ဝင်ရောက်သည့်ဇာတ်လမ်းများ ယခင်ကလည်း ရှိခဲ့သည်။ ၂၀၀၈ ခုနှစ်က နာဂစ်မုန်တိုင်းအပြီးတွင် ဧရာဝတီတိုင်းဒေသကြီးရှိလယ်ယာမြေများထဲ ကြွက်များပေါများခြင်း၊ ချင်းပြည်နယ်တွင် ဝါးများပွင့်ရာက ကြွက်များပေါက်ဖွားကာ သီးနှံများကို ဖျက်ဆီးခြင်း၊ ၂၀၁၀ ပြည့်နှစ်တွင် နေပြည်တော် အမြန်လမ်းတွင် ကြွက်များ ဖြတ်ပြေးခြင်း၊ ၂၀၁၄ ခုနှစ်တွင်ပြင်ဦးလွင် လျှောပြာကျေးရွာတွင် ကြွက်ဖလောင်းများ အုပ်စုလိုက်သေခြင်းတို့ ဖြစ်ပွားခဲ့သည်။

ကြွက်များယခုကဲ့သို့အများအပြားထွက်ပေါ်လာခြင်းနှင့် သဘာဝဘေးအန္တရာယ်အဆက်အစပ် ရှိသလော။

ယင်းကဲ့သို့ ကြွက်ဝမ်းဖြူကောင်များ ထွက်ပေါ်လာခြင်းမှာ သဘာဝဘေးအန္တရာယ်တစ်ခုခု ဖြစ်ပေါ်လာနိုင်သည့် ရှေ့ပြေးနိမိတ်တစ်ခုဆိုပါက ကြိုတင်ပြင်ဆင်ထားလိုအပ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒပညာရှင် ဒေါက်တာထွန်းလွင်က

စာမျက်နှာ ၃၉ သို့


ဓာတ်ပုံ-မင်းကျော်သာ

စာမျက်နှာ ၃၆ | ၂၀၁၇ ကန့်လန့်ကာ၊ မြန်မာ့ပကတိစီးပွားနှင့် ခါးပတ်များမှအဆက် ...

ဟု ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင် ဒေါက်တာစိုးထွန်းက ဆိုသည်။

## အရပ်သားအစိုးရ၏ စီးပွားရေးအမြင်

ထို့ပြင်လည်း နိုင်ငံတွင်း၌ အထူးစီးပွားရေးဇုန်များ၊ စက်မှုဇုန်များနှင့် ပို့ကုန်ဦးစားပေးဇုန်များ တည်ထောင်ရန်လိုအပ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်က ဆိုသည်။

လက်ရှိတွင် သီလဝါအထူးစီးပွားရေးဇုန်လည်းပတ်လျက်ရှိသော်လည်း ကျောက်ဖြူနှင့် ထားဝယ်အထူးစီးပွားရေးဇုန် တည်ထောင်ရန်မှု ညှိနှိုင်းလျက်ပင်ရှိသေးသည်။ အဆိုပါစီးပွားရေးဇုန်များအပြင် နယ်စပ်များတွင် အထူးစီးပွားရေးဇုန်များ တည်ထောင်ရန် လိုအပ်ကြောင်း ဦးခင်မောင်အေးက ဆိုသည်။

ဦးခင်မောင်အေးက မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်၊ မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်မောင်တောခရိုင်ရှိ အလယ်သံကျော်ကျေးရွာနှင့် မြန်မာ-အိန္ဒိယနယ်စပ်ရှိ တမူးတို့ကဲ့သို့ နယ်စပ်များတွင် အထူးစီးပွားရေးဇုန်များ တည်ဆောက်သင့်ကြောင်း ညွှန်းဆိုသည်။ ယင်းသို့တည်ဆောက်ရန်လည်း MIDA က အစိုးရသို့ အကြံပြုထားကြောင်း ၎င်းကဆိုသည်။

ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ကော်မတီငါးရပ်ဖွဲ့စည်းထားသည်ဟုလည်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်က ပြောကြားသည်။

ကော်မတီငါးခုမှာ ဥပဒေနှင့်လုပ်ထုံးလုပ်နည်းများ စောင့်ကြည့်ရေးကော်မတီ၊ ငွေကြေးအရင်းအနှီး ပံ့ပိုးထောက်ကူမည့်ကော်မတီ၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍတိုးတက်ရေးကော်မတီ၊ ပုဂ္ဂလိကနှင့် အစိုးရပိုင်လုပ်ငန်းများ လက်တွဲဖော်ဆောင်ရေးကော်မတီနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး ကော်မတီတို့ ဖြစ်သည်။

ယင်းတို့က အရပ်သားအစိုးရ၏ စီးပွားရေးအမြင်ဖြစ်သော ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်အချို့ဖြစ်သည်။ သို့သော်မြေပြင်တွင် ပုဂ္ဂလိကကဏ္ဍ မည်မျှဖွံ့ဖြိုးနေပါသနည်းဟူသည့် မေးခွန်းများရှိသည်။


ဓာတ်ပုံ-မြင့်မိုးညို

## ပကတိစီးပွား

မြန်မာသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို အသစ်ရေးဆွဲပြီးဖြစ်သည်။ ထိုဥပဒေကို အစွံထုတ်ရန် အစိုးရအဖွဲ့က ကြိုးပမ်းသည်။ မြန်မာတွင် မည်သူမျှ မတို့မထိရသေးသည့် ဈေးကွက်ရှိသည်။ ကာလသားများ ဝိုင်းအုံနေသည့် အပျိုစင်သဖွယ်ဟုလည်း ညွှန်းပြန်သည်။

မည်သို့ပင်ဖြစ်စေ မြန်မာတွင် မီးမရ၊ မြေမရှိ၊ စည်းမျဉ်းစည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းက ရှုပ်ထွေး၊ မူဝါဒက မပြတ်သားဟူသည့် ဝေဖန်သံများကိုမူ စီးပွားရေးလုပ်ငန်းရှင်များထံမှ မကြာခဏကြားရသည်။

"အမေ့သွားမေးရင်တော့ သားချောလားမေးရင် ချောတယ်ပဲပြောမှာပေါ့။ ဥပဒေချင်းတူရင်တောင် ကိုယ့်နိုင်ငံဘက်က ဘာတွေပိုသာတယ်ဆိုတာ ပြနိုင်မှ ဒီကိုလာကြမှာပေါ့" ဟု ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင် ဒေါက်တာစိုးထွန်းက ဆိုပါသည်။

အစိုးရသစ်လက်ထက်မှစ၍ ရွေးကောက်ပွဲများ၊ အစိုးရသစ်အကူးအပြောင်းကာလ၊ စီးပွားရေးပေါ်လစီအထွက်နောက်ကျခြင်း၊ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ပြန်လည်ဖွဲ့စည်းရန် စောင့်ဆိုင်းနေရခြင်းနှင့် ရင်းနှီးမြှုပ်နှံမှု မူဝါဒမထွက်ရှိသေးခြင်းဟူသည့် အသားမကျသည့်လုပ်ငန်းစဉ်များကို စောင့်ဆိုင်းရင်း တစ်နှစ်ခွဲကြာမြင့်လာပြီဖြစ်သည်။

သို့သော် မြန်မာ့စီးပွားရေးကမူ မတက်လာသေးပါ။ ရင်းနှီးမြှုပ်နှံမှုမှာလည်း ထို့အတူပင်။

'မြန်မာ့စီးပွားရေးက တန့်နေတာ အမှန်ပဲဗျ' ဟု စီးပွားရေးသုတေသီခင်မောင်ညို (ဘောဂဗေဒ) က မှတ်ချက်ပြုသည်။

မည်သို့ဆိုစေ မြန်မာ့စီးပွားရေး လေယာဉ်ပြေးလမ်းတွင် တစ်နှစ်ခွဲကျော်ကြာပြေးပြီးနောက် ၂၀၁၇ ခုနှစ်တွင် အရှိန်အဟုန်ဖြင့် ပျံသန်းမည်ဟု ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက ဆိုသည်။

ထို့ကြောင့် ခါးပတ်များပတ်ထားရန် လိုပေလိမ့်မည်။ ■

စာမျက်နှာ ၃၈ | ရောတိုင်းက ကြွက်ပုံပြင် မှအဆက် ...

သတိပေးနှိုးဆော်ထားသည်။

"အခု ကြွက်ဝမ်းဖြူကောင်တွေ အစုလိုက် အပြုံလိုက်ပြောင်းတာဟာ အစာရေစာကြောင့် ပြောင်းတာဖြစ်နိုင်သလို မြေလျှင်တစ်ခုရဲ့ ရှေ့ပြေးအနေနဲ့ ပြောင်းလာတာလည်း ဖြစ်နိုင်ပါတယ်။ အိန္ဒိယသမုဒ္ဒရာဆူနာမီဖြစ်အပြီး ဒီဒေသမှာ မြေလျှင်အန္တရာယ်တွေ မြင့်တက်လာခဲ့တယ်ဆိုတာလည်း မှန်ပါတယ်" ဟု မိုးလေဝသနှင့် ဇလဗေဒပညာရှင် ဒေါက်တာထွန်းလွင်က ဆိုသည်။

သို့သော်လည်း ဂေဟဗေဒပညာရှင် ဒေါက်တာညိုမီလွင်ကမူ မြန်မာနိုင်ငံမှ ကြွက်ဝမ်းဖြူများသည် တွင်းအောင်းနေထိုင်သည့်အလေ့အထမရှိ၍ သဘာဝဘေးကို ကြိုမသိနိုင်ဟုဆိုသည်။


ဓာတ်ပုံ-ကျော်သူရ

ကြွက်များကိုစနစ်တကျလေ့လာရာတွင် ကြွက်များမှာ အနံ့ခံအင်္ဂါကောင်းမွန်ပြီး အမြင်အာရုံချို့ယွင်းသည့်သဘောသဘာဝရှိကြောင်း ၎င်းကပြောဆိုသည်။

ထိုကြွက်များကို အာဖရိကတိုက်တွင် ဗုံးအနံ့ခံခြင်းနှင့် တီဘီအနံ့ခံခြင်းတို့တွင် အသုံးပြုကြသည်။

ကြွက်များ ရောက်ရှိရာကျေးရွာများကို ကွင်းဆင်းလေ့လာရာတွင် ရာသီဥတုပြောင်းလဲမှုကြောင့် သဘာဝဘေးအန္တရာယ်တစ်ခုခုဖြစ်နိုင်သည့် အခြေအနေကိုပြသည့် ပုံရိပ်များမတွေ့ရကြောင်း စိုက်ပျိုးရေးဦးစီးဌာန၊ ပုသိမ်မြို့နယ်ခရိုင် ဦးစီးမှူး ဦးစိန်မောင်မြင့်က ဆိုသည်။

လက်ရှိကွင်းဆင်းလေ့လာချက်အရ အဆိုပါကျေးရွာများသို့ ကြွက်အကောင်ရေ တစ်သောင်းခန့်အများဆုံး ဝင်ရောက်ခဲ့သည်။ အဆိုပါကြွက်များကို ဓာတ်ခွဲစစ်ဆေးရာတွင် ပုလိပ်ရောဂါ ဖြစ်စေနိုင်သည့် ရောဂါပိုးမွှားမတွေ့ရဟု ၎င်းက ဆိုသည်။

လက်ရှိအဖြစ်အပျက်သည် ဝါးတောများအတွင်း အစာရေစာရှားပါးခြင်းကြောင့်သာ ကျေးရွာထဲကို ဝင်လာခြင်းဖြစ်ကြောင်း သက်ဆိုင်ရာကျွမ်းကျင်ပညာရှင်တို့က သုံးသပ်ကြသည်။

ဂေဟဗေဒပညာရှင် ဒေါက်တာညိုမီထွေးက ယခုကဲ့သို့ သတိပေးသည်။

"ဘေးပတ်ဝန်းကျင်မှာ ဝါးတောရှိတဲ့နေရာတွေမှာ ဝါးပန်းပွင့်ပြီဆိုရင် သတိထားပေတော့။ ဝါးပန်းပွင့်ပြီး ဝါးသီးစားပြီး ငါးလအကြာမှာ ကြွက်တွေရွာထဲဝင်မလာနိုင်အောင် ကြိုတင်ပြင်ဆင်ချိန်ရတယ်"။ ■




The Voice Weekly လပေးနှုန်းထားသစ်များ
(၂၀%) သက်သာစေရန် လပေးမှာယူပါ

| | စောင်ရေ | ဈေးနှုန်း | လျှော့ဈေး |
|---|---|---|---|
| (၃) လစာ → | ၁၃ စောင် | ၇၄၁၀ | (၅ %) |
| (၆) လစာ → | ၂၆ စောင် | ၁၄၀၄၀ | (၁၀ %) |
| (၁) နှစ်စာ → | ၅၂ စောင် | ၂၄၉၆၀ | (၂၀ %) |

● တစ်စောင်ချင်းပုံမှန်ဈေးနှုန်း - ၆၀၀ ကျပ် ●

ဆက်သွယ်ရန်
၀၉ ၄၂၁၁၁ ၈၃ ၂၇၊
၀၉ ၇၉၉ ၈၅၆ ၄၄၉၊
၀၁ ၃၈၉ ၂၈၆၊
၀၁ ၃၈၉ ၂၈၇

နောက်ကျောဖုံး | ပင်လယ်ကွေ့ပို ကျယ်လာခြင်း မှအဆက် ...

သည် နျူကလီးယားသဘောတူညီချက်ကို သံသယဖြင့် ရှုမြင်ခဲ့ကြပြီး ဒေသတွင်း အီရန် ဝင်ရောက်နှောင့်ယှက်မှုများအပေါ် စိုးရိမ်ကြောင်း ဖော်ပြခဲ့သည်။ အိုမန်နှင့် ဒူဘိုင်းစော်ဘွားနိုင်ငံတို့သည် သဘောတူညီချက်ကိုအသုံးချပြီး အီရန်နှင့် ကုန်သွယ်ရေးသဘောတူညီချက်သစ်များ ချမှတ်နိုင်ရန် မျှော်လင့်ခဲ့သည်။ ကူဝိတ်နှင့် ကာတာတို့မှာမူ ကြားနေရာသို့ ရောက်ရှိလျက်ရှိသည်။ အီရန်ကိုထိန်းထားရန် ၎င်းတို့စိတ်အားထက်သန်နေသလို တင်းမာမှုကိုလည်း လျော့ကျစေလိုသည်။ ယင်းအပြင် သဘောဝဓာတ်ငွေ့နှင့် ကုန်သွယ်ရေး အပါအဝင် အခြားသောအရာများတွင် အီရန်နှင့် ၎င်းတို့ကြား အကျိုးစီးပွားမှာ ချိတ်ဆက်လျက်ရှိသည်။

ယီမင်ပဋိပက္ခဖြစ်လာသည့်အခါ အခြေအနေများ ပိုဆိုးလာတော့သည်။ ယီမင် ဟော်တီသူပုန်များအပေါ် အီရန်၏ လွှမ်းမိုးမှုရှိသည်ဆိုသော ထင်မြင်ချက်ကို တန်ပြန်နိုင်ရေး ယီမင်နိုင်ငံတွင်း ဗုံးကြဲရေးတိုက်ပွဲစဉ်ကို ဆော်ဒီကဦးဆောင်လျက်ရှိသည်။ အဆိုပါစစ်ပွဲတွင် အီရန်၏ခြေရာလက်ရာများ ပါဝင်လျက်ရှိသည်ဟု ရီးယာဒ်က ယုံကြည်ထားသော်လည်း အခြားသောနိုင်ငံများသည် ယင်းလောက် ရှင်းလင်းသေချာခြင်းမရှိပေ။ ယင်းမှာ ယီမင်အရေးတွင် အီရန်၏အခန်းကဏ္ဍ ပြတ်သားမှုမရှိခြင်းနှင့်သူပုန်များအပေါ် အီရန်၏ထောက်ပံ့မှုကို ပိုပိုသာသာ ပြောကြားနေမှုကြောင့် ဖြစ်သည်။ ဥပမာအားဖြင့် အိုမန်နိုင်ငံသည် ဆော်ဒီဦးဆောင်ညွန့်ပေါင်းအဖွဲ့တွင်ပူးပေါင်းရန် ငြင်းဆိုခဲ့သည်။ အမေရိကန် သမ္မတဟောင်း အိုဘားမားဦးဆောင်မှုအောက်တွင် အမေရိကန်ပြည်ထောင်စုသည် ပါရှန်းပင်လယ်ကွေ့မှ အဝေးသို့ သွားရောက်ဗဟိုပြုလျက်ရှိသည်ဟုဆော်ဒီနှင့်အတူ ညွန့်ပေါင်းအဖွဲ့တွင် ပူးပေါင်းခဲ့သည့်နိုင်ငံများက ရှုမြင်လျက်ရှိသည်။ ထို့ကြောင့် မိမိတို့နိုင်ငံ လုံခြုံရေးအတွက် မိမိတို့ကိုယ်တိုင် ရပ်တည်နိုင်ကြောင်း ပြသရန် ၎င်းတို့လိုလားခဲ့ကြသည်။

ယီမင်ပဋိပက္ခ နှံ့နှစ်လာသည်နှင့် အမျှ GCC ကြား သဘောထားကွဲလွဲမှု တိုးပွားလာသည်။ အရပ်သား၊ စစ်သား ခွဲခြားခြင်းမရှိဘဲ အဆင်ခြင်မဲ့ ဗုံးကြဲမှုတိုက်ပွဲစဉ်ကို ရှင်းလင်းပြောကြားမှု အနည်းငယ်သာရှိပြီး တိုက်ပွဲတွင် ပူးပေါင်းပါဝင်သည့်နိုင်ငံများ၏ လုံခြုံရေး၊ ယုံကြည်ရမှုနှင့် ပုံရိပ်ကိုလည်း အနည်းငယ်သာ မြှင့်တင်ပေးနိုင်ခဲ့သည်။ ပါဝင်နေသည့် နိုင်ငံများ၏ လုံခြုံရေးအရ အသင့်ပြင်ထားရန် လိုအပ်နေချိန်တွင် ဗုံးကြဲမှုတိုက်ပွဲစဉ်ကြောင့် ရင်းမြစ်များကို ဖြုန်းတီးသလိုဖြစ်နေကာ စစ်သားဆုံးရှုံးမှုများလည်း ပေါ်ပေါက်နေသည်။ အထူးသဖြင့် မိမိတို့၏ အကျိုးစီးပွား


Reuters

ကို လျစ်လျူရှုခံရသည့်အခါ၊ ရီးယာဒ်၏ နောက် ဒုတိယတန်းနေရာတွင် ထားရှိခံရသည့်အခါတွင် အချို့က ယင်းတိုက်ပွဲစဉ်ကိုမေးခွန်းထုတ်လာသည်၊ ယီမင်တောင်ပိုင်းသို့အစ္စလာမ်မစ်များ ပြန့်ပွားလာမှု ထိန်းချုပ်ရန် အဘူဒါဘီက အဓိကအားဖြင့် စိတ်ဝင်စားသော်လည်း ယင်းရည်မှန်းချက်သည် ဆော်ဒီ၏ ရပ်တည်ချက်နှင့် ကွဲပြားလျက်ရှိသည်။

ဆော်ဒီ နှင့် UAE ကြား ဆက်ဆံရေးမှာ အနီးကပ်ဆက်ဆံရေး ပုံပေါ်လာပြီး 'စော်ဘွားများသည် ဒေသတွင်းရှိ အနီးကပ် မဟာမိတ်များ' ဖြစ်သည်ဟု ဆော်ဒီ အစိုးရ အရာရှိများက ရည်ညွှန်းလျက်ရှိသည်။ ၂၀၁၇ ခုနှစ်ဇန်နဝါရီလတွင်း တီဟီရန်သို့သွားရောက်သည့်ခရီးစဉ်အတွင်း အီရန်နှင့် စေ့စပ်မှုစတင်နိုင်ရေး လိုအပ်သည့် ကြိုတင်သတ်မှတ်ချက်များကို ကူဝိတ်စော်ဘွားက အီရန်တို့ကို ပေးအပ်ခဲ့သည်။ အဆိုပါ သတ်မှတ်ချက်များအနက် တစ်ခုမှာ အာရပ်ရေးရာများတွင် တီဟီရန်ပါဝင်နေမှုရပ်တန့်ပေးရမည်ဟုဖြစ်သည်၊ ဆွေးနွေးမှုလုပ်ဆောင်ရေးကို အီရန်က အပြုသဘောဖြင့် တုံ့ပြန်သော်လည်း ကြိုတင်သတ်မှတ်ချက်များကို လက်ခံခြင်းမရှိပေ။ ကူဝိတ်၏ ကမ်းလှမ်းမှု၊ ဟတ်ဂျ် ဘုရားဖူးများအရေး ယခုနှစ်အစောပိုင်းတွင် အီရန်နှင့် ဆော်ဒီ အောင်မြင်စွာစေ့စပ်နိုင်ခြင်း စသည်တို့ကြောင့် အီရန်နှင့် စေ့စပ်ရေးလိုလားသည့် GCC မူဝါဒအရှေ့တန်းရောက်လာသည်ဟု ယူဆရသည်။

ယင်းကဲ့သို့သော နောက်ခံ အခြေအနေတွင် အရှေ့အလယ်ပိုင်းဒေသသို့ အမေရိကန်သမ္မတ ထရမ့်သွားရောက်လည်ပတ်ခြင်းဖြစ်သည်။ အီရန်နိုင်ငံတွင်လည်း ပင်လယ်ကွေ့နိုင်ငံများနှင့် စေ့စပ်ရေးလိုလားသည့်သဘောထားပျော့ပျောင်းသည့် သမ္မတဟတ်ဆန်ရိုဟာနီ ပြန်လည်ရွေးကောက်ခံထားရသည်။ သို့သော်လည်း ဖြစ်ရပ်များကို ထရမ့်က ရှုပ်ထွေးစေခဲ့သည်။ ဆော်ဒီနိုင်ငံတွင်းရှိ သဘောထားတင်းမာသူများကို ထရမ့်က ထွေးပွေ့လိုက်ခြင်းကြောင့် အီရန်နိုင်ငံတွင်း မည်ကဲ့သို့သော ပြောင်းလဲမှုများ လုပ်ဆောင်သည်ဖြစ်စေ အမေရိကန်အနေနှင့် အီရန်ကို အထီးကျန်အောင် လုပ်ဆောင်ရေးမူဝါဒ မပြောင်းဟု ရှုမြင်ခံလိုက်ရသည်။ ယင်းကဲ့သို့အီရန်ကို ရန်လိုသည့် ရပ်တည်ချက်မျိုးကို ကာတာစော်ဘွားအပါအဝင် GCC အဖွဲ့ဝင်အချို့က ဝေဖန်ခဲ့ကြသည်။ ယင်းသို့ဖြင့် ပင်လယ်ကွေ့အာရပ် မဟာမိတ်အုပ်စုတွင်း မကြုံစဖူး သံတမန်ရေးတင်းမာမှုများ ပေါ်ထွက်လာတော့သည်။

ယနေ့ကာလတွင် GCC မဟာမိတ်များကြား ကွဲပြားမှု လူသိရှင်ကြားဖြစ်လာပြီဖြစ်သည်။ ယခု ရက်သတ္တပတ်တွင်း ဘာရိန်း၊ ဆော်ဒီအာရေးဗီးယား၊ အာရပ်စော်ဘွားများ ပြည်ထောင်စုအပါအဝင် အာရပ်ငါးနိုင်ငံက ကာတာနှင့် သံတမန်ဆက်ဆံရေး ဖြတ်တောက်လိုက်သည်။ 'ဒေသတွင်း မတည်မငြိမ်ဖြစ်စေသည့် ဘာသာရေးအုပ်စုများနှင့် အကြမ်းဖက်အဖွဲ့များစွာကို ထွေးပွေ့လက်ခံမှုကြောင့်' ယင်းသို့ ဖြတ်တောက်ခြင်းဖြစ်သည်ဟု အာရပ်နိုင်ငံများက ပြောကြားထားသည်။ အကြမ်းဖက်ဝါဒကြောင့်သာမက အီရန်ကို ကာတာလိုလားသည်ဟု ရှုမြင်ခံရခြင်းကြောင့်လည်း ယင်းသို့ဆက်ဆံရေးဖြတ်တောက်ခံရခြင်းဖြစ်သည်။ ကာတာလေကြောင်းလိုင်းများ ပျံသန်းခွင့်ကိုရပ်ဆိုင်းမည်၊ နယ်စပ်ဝင်ပေါက်များကို ပိတ်ထားမည်၊ ကာတာသို့သွားရောက်သည့်သင်္ဘောများကို မိမိရေပိုင်နက် ဖြတ်သန်းခွင့်မရှိဟု ဆော်ဒီက ထုတ်ပြန်ထားသည်။ ကာတာအနေနှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ ကြွယ်ဝသော်လည်း စားသောက်ကုန်အများစုကို ဆော်ဒီအာရေးဗီးယားနိုင်ငံမှ တင်သွင်းနေရသည်။ ယင်းကဲ့သို့ပိတ်ပင်ထားခြင်းကို တုံ့ပြန်သည့်အနေနှင့် စားသောက်ကုန်များ တင်သွင်းနိုင်ရေး ကာတာကို မိမိ၏ ဆိပ်ကမ်းသုံးခု အသုံးပြုခွင့်ပေးမည်ဟု အီရန်က ထုတ်ပြန်လိုက်ခြင်းကြောင့် အီရန်နှင့် ကာတာကြား အနီးကပ်ဆက်ဆံရေးရှိသည်ဟူသော ဆော်ဒီနှင့် UAE ၏ ထင်မြင်ချက်ကို အတည်ပြုလိုက်သလို ဖြစ်နေသည်။ ထို့အပြင် ကာတာနိုင်ငံတွင် တည်ဆောက်ထားသည့် ပထမဆုံးသော ပင်လယ်ရပ်ခြား တူရကီစစ်စခန်းသို့ စစ်သားများ စေလွှတ်ရေးကို တူရကီလွှတ်တော်က တင်းမာမှုများ ပေါ်ပေါက်နေချိန်တွင်အတည်ပြုလိုက်သည်။

ယင်းလတ်တလော ဖြစ်စဉ်များအပြင် အခြားသော အကြောင်းရင်းနှစ်ခုကြောင့်လည်း လက်ရှိဖြစ်ရပ်များ ပေါ်ပေါက်လာခြင်းဖြစ်သည်။ "အီရန်အပေါ် အာရပ်များ ရန်လိုနေမှု နောက်ကွယ်တွင် ခိုင်လုံသည့်အကြောင်းရင်းမရှိ" ဟု ကာတာစော်ဘွား ဘင်ဟာမတ် အယ်တာနီပြောကြားသွားကြောင်း ကာတာအစိုးရပိုင်သတင်းအေဂျင်စီတွင် မေလ ၂၄ ရက်နေ့ကထုတ်လွှင့်သွားသည်။ ထို့အပြင် မွတ်ဆလင်ညီနောင်များအဖွဲ့နှင့် ၎င်း၏ ပါလက်စတိုင်းအုပ်စုခွဲဟားမတ်ကိုထောက်ခံသည်ဟုလည်း သတင်းတွင် ထပ်မံဖော်ပြထားသလို အစ္စရေးနှင့် ကောင်းမွန်သည့် ဆက်ဆံရေးရှိသည်ဟုလည်း ဖော်ပြထားသည်။ သို့သော်လည်း ကာတာအစိုးရပိုင် သတင်းအေဂျင်စီကို ဟက်ခ်လုပ်ပြီး သတင်းမှားထုတ်ပြန်ခြင်းဖြစ်သည်ဟု ကာတာက ဖြေရှင်းထားသော်လည်း မှားယွင်းထုတ်လွှင့်သည်ဆိုသော သတင်းကိုသာ ဆော်ဒီနှင့် UAE က သတင်းအမှန်အဖြစ် မှတ်ယူကာ ထပ်တလဲလဲ ထုတ်လွှင့်ခဲ့သည်၊ ယင်းကဲ့သို့ ဟက်ခ်လုပ်မှုကို အီရန်က ကြိုးကိုင်ခြင်းဖြစ်မည်ဟု ယူဆရသည်။ ဇွန်လ ၃ ရက်နေ့တွင်လည်း ဘာရိန်းနိုင်ငံခြားရေးဝန်ကြီး ရှိက်ခါလစ် ဘင်အာမတ် အယ်ခါလီဖာ၏ Twitter ကို နာရီပေါင်းများစွာ ဟက်ခ်လုပ်ခဲ့ပြီး ယင်းနောက်ကွယ်တွင် အီရန်ပါဝင်သည်ဟု တိုက်ရိုက်စွပ်စွဲခြင်းမရှိသော်လည်း ရုရှားအတိုက်အခံများ ပါဝင်လျက်ရှိသည်ဟု ဘာရိန်းအစိုးရကပြောကြားထားသည်။

နောက်အကြောင်းရင်းတစ်ခုသည် ၁၉၉၅ ခုနှစ်တွင် လက်ရှိကာတာစော်ဘွားတာနီ၏ ဖခင် ဟာမတ် ၎င်း၏ဖခင်ကို ရာထူးမှဖယ်ရှား အာဏာသိမ်းခဲ့မှုဖြစ်သည်။ ယင်းမိသားစုတွင်း အာဏာသိမ်းမှုသည် ပင်လယ်ကွေ့အာဏာရ မိသားစုများအတွက် အန္တရာယ်များလှသော ဖြစ်စဉ်ဟု ဆော်ဒီအာရေးဗီးယားနှင့် UAE က သတ်မှတ်ထားပြီး ဟားမတ်ကို လုပ်ကြံသတ်ဖြတ်ကာ ယခင် စော်ဘွားဟောင်းကို ရာထူးပြန်တင်ပေးနိုင်ရန် လူမျိုးစုဝင်ရာပေါင်းများစွာကို စုဖွဲ့ပေးခဲ့သည်။ ယင်းကဲ့သို့လုပ်ကြံမှုကို အကူအညီပေးရန် တိုက်လေယာဉ်များနှင့် တိုက်ခိုက်ရေးရဟတ်ယာဉ်များကိုပင် UAE က အသင့်ပြင်ထားသော်လည်း လူမျိုးစုဝင်တစ်ဦးသစ္စာဖောက်သွားသဖြင့်အစီအစဉ်လက်တွေ့အကောင်အထည်ပေါ်လာခြင်း မရှိပေ။ ယင်းကြောင့်ပင် ဆော်ဒီအာရေးဗီးယားနှင့် ပင်လယ်ကွေ့အာရပ်နိုင်ငံများအပေါ် ထားရှိသည့် လက်ရှိကာတာ စော်ဘွားတာနီ၏ စိုးရိမ်မှုများမှာ အလွန်မဟုတ်ပေ။

ယင်းကဲ့သို့ဆော်ဒီနှင့် UAE ကို သံသယဖြင့်ရှုမြင်နေသည့်ကာတာစော်ဘွားတာနီအုပ်ချုပ်သည့် ကာတာနိုင်ငံတွင် နိုင်ငံသားသုံးသိန်းကျော်သာရှိသော်လည်း တစ်ဦးချင်းဝင်ငွေသည် ကမ္ဘာပေါ်တွင် အမြင့်ဆုံး ဖြစ်ကာ ကမ္ဘာပေါ်တွင် ဒုတိယမြောက် ပမာဏအများဆုံးအရန်သဘာဝဓာတ်ငွေ့သိုက်ကို ပိုင်ဆိုင်ထားသည်။ ထို့အပြင် အာဖဂန်နစ္စတန်နှင့် အီရတ်ရှိ စစ်ပွဲများတွင် ဝင်ရောက်တိုက်ခိုက်လျက်ရှိသည့် အမေရိကန်စစ်လေယာဉ်များ အခြေချရာ al- Udeid လေတပ်စခန်းသည်လည်း ကာတာနိုင်ငံတွင်ရှိနေသည်။ အစ္စလာမ်မစ်နိုင်ငံတော် ချေမှုန်းရေးတိုက်ပွဲစဉ်တွင် အဆိုပါ လေတပ်စခန်းသည် ကွပ်ကဲရေးဌာနအဖြစ်လည်း ရပ်တည်လျက်ရှိသည်။ ကာတာနိုင်ငံ၏ ကြီးမားလှသည့်ပင်လယ်ကမ်းလွန် သဘာဝဓာတ်ငွေ့သိုက်သည် အီရန်နိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်တည်ရှိနေခြင်းကြောင့်လည်း အီရန်နှင့် ကာတာကြား ဆက်ဆံရေးကောင်းမွန်ရန်လိုအပ်သည်။ သို့သော်လည်း အီရန်နှင့် ဆက်ဆံရေးနီးကပ်မှု၊ အစ္စရေးနှင့်လည်း ဆက်ဆံရေးတည်ဆောက်ထားမှု၊ မွတ်ဆလင် ညီနောင်များအဖွဲ့ကို လက်ခံထားမှု၊ ယင်းအမြင်များကို ပြန့်ပွားရေး ကာတာတွင် အခြေစိုက်ထားသည့်အယ်ဂျားဇီးယားရုပ်သံလိုင်းကို အသုံးပြုမှုတို့ကို ဆော်ဒီအာရေးဗီးယား၊ အီဂျစ်၊ UAE စသည့်နိုင်ငံများက လိုလားခြင်းမရှိပေ။ မွတ်ဆလင်ညီနောင်များ အဖွဲ့နှင့်သာမကဘဲ အယ်လ်ကေဒါအုပ်စုနှင့်ပါ ကာတာ ဆက်နွယ်နေမှုကို ဆော်ဒီ၊ အီဂျစ်တို့အပြင် အစ္စရေးနိုင်ငံကလည်း လိုလားမှုမရှိပေ။ အီရန်နိုင်ငံသည် ရှီးယားမွတ်ဆလင် နိုင်ငံဖြစ်သော်လည်း အဆိုပါ ဆွန်နီစစ်သွေးကြွအုပ်စုများ ရှင်သန်ရေး အီရန်နိုင်ငံတွင်းရှိ သဘောထားတင်းမာသူများက ထောက်ပံ့လျက်ရှိသည်ဟု အထက်ဖော်ပြပါနိုင်ငံများက ယူဆထားသည်။

ယင်းသို့ဖြင့် ဆော်ဒီအာရေးဗီးယားနှင့် အီရန် အဓိကအားပြိုင်လျက်ရှိသည့် ပင်လယ်ကွေ့ဒေသတွင်း ပြိုင်ပွဲ၊ အကြမ်းဖက်ဝါဒီစစ်ပွဲ၊ ဆွန်နီနှင့် ရှီးယားမွတ်ဆလင်များကြား အားပြိုင်မှု နောက်ခံအခြေအနေတွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အာရပ်သဘောထားတင်းမာသူများ အားကောင်းလာစေရန် လုပ်ဆောင်ပေးခဲ့ကာ ပင်လယ်ကွေ့ဒေသတွင်းရှိအကွဲအပြဲ အက်ကြောင်း ပိုမိုကျယ်ပြန့်လာစေတော့သည်။ ■

**ကိုးကား-Foreign Affairs, Foreign Policy**

**ချမ်းမြေ့**

## စကော့တလန် VS အင်္ဂလန်

**ထိပ်တိုက်တွေ့ဆုံမှု**

| စကော့တလန်နိုင် | သရေ | အင်္ဂလန်နိုင် | ပေါင်း |
|---|---|---|---|
| ၁ | ၁ | ၇ | ၉ |

**စကော့တလန်အိမ်ကွင်း နောက်ဆုံး(၃)ကြိမ်တွေ့ဆုံမှု**

| | | |
|---|---|---|
| စကော့ တလန် | ၁ - ၃ | အင်္ဂလန် |
| စကော့တလန် | ၀ - ၂ | အင်္ဂလန် |
| စကော့တလန် | ၀ - ၀ | အင်္ဂလန် |

| စကော့ တလန်၏နောက်ဆုံး(၃)ပွဲရလဒ် | | | အင်္ဂလန်၏နောက်ဆုံး(၃)ပွဲရလဒ် | | |
|---|---|---|---|---|---|
| စကော့တလန် | ၁ - ၀ | ဆလိုဗေးနီးယား | ဂျာမနီ | ၁ - ၀ | အင်္ဂလန် |
| စကော့တလန် | ၁ - ၁ | ကနေဒါ | ဆလိုဗေးနီးယား | ၀ - ၀ | အင်္ဂလန် |
| စကော့တလန် | ၁ - ၁ | လစ်သူယေးနီးယား | ဆလိုဗက်ကီးယား | ၀ - ၁ | အင်္ဂလန် |

**ဂိုးခန့်မှန်း**
1-2
အင်တာနက်အကြိုက်
အင်္ဂလန်
The Voice အကြိုက်
အင်္ဂလန်

စကော့တလန်ဟာ ဒီပွဲမှာသာ အရှုံးရလဒ်ကြုံခဲ့ရင် ခြေစစ်ပွဲအောင်မြင်ဖို့အတွက် မျှော်လင့်ချက်ဝေဝါးသွားတော့မှာ ပဲဖြစ်ပါတယ်။ အင်္ဂလန်က နည်းပြဆောက်ဂိတ်ရဲ့ဦးဆောင်မှုအောက်မှာတည်ငြိမ်မှုအပြည့်နဲ့ ပုံစံကောင်းရရှိနေတာကို သတိပြုကြရပါလိမ့်မယ်။ အင်္ဂလန် ကပ်နိုင်သွားပါလိမ့်မယ်။

## လစ်သူယေးနီးယား VS ဆလိုဗက်ကီးယား

**ထိပ်တိုက်တွေ့ဆုံမှု**

| လစ်သူယေးနိုင် | သရေ | ဆလိုဗက်နိုင် | ပေါင်း |
|---|---|---|---|
| ၀ | ၂ | ၃ | ၅ |

**နောက်ဆုံး(၃)ကြိမ်တွေ့ဆုံမှု**

| | | |
|---|---|---|
| လစ်သူယေးနီးယား | ၁ - ၁ | ဆလိုဗက်ကီးယား |
| လစ်သူယေးနီးယား | ၀ - ၁ | ဆလိုဗက်ကီးယား |
| ဆလိုဗက်ကီးယား | ၄ - ၀ | လစ်သူယေးနီးယား |

| လစ်သူယေးနီးယား၏နောက်ဆုံး(၃)ပွဲရလဒ် | | | ဆလိုဗက်ကီးယား၏နောက်ဆုံး(၃)ပွဲရလဒ် | | |
|---|---|---|---|---|---|
| လစ်သူယေးနီးယား | ၂ - ၀ | မော်လ်တာ | မော်လ်တာ | ၁ - ၃ | ဆလိုဗက်ကီးယား |
| လစ်သူယေးနီးယား | ၂ - ၂ | ဆလိုဗေးနီးယား | ဆွီဒင် | ၆ - ၀ | ဆလိုဗက်ကီးယား |
| လစ်သူယေးနီးယား | ၂ - ၀ | အက်စ်တိုးနီးယား | သြစတြီးယား | ၀ - ၀ | ဆလိုဗက်ကီးယား |

**ဂိုးခန့်မှန်း**
1-1
အင်တာနက်အကြိုက်
ဆလိုဗက်ကီးယား
The Voice အကြိုက်
လစ်သူယေးနီးယား

လစ်သူယေးနီးယားကအခုနောက်ပိုင်းနှစ်တွေမှာ ဖျက်မြင်းသဘောမျိုးဖြစ်လာပါတယ်။ အဝေးကွင်းပွဲစဉ်တွေမှာ လစ်သူယေးနီးယားက ရုန်းကန်ရတတ်လေ့ရှိပေမယ့်အိမ်ကွင်းပွဲစဉ်တွေဆိုရင် မာမာထန်ထန်တုံ့ပြန်တတ်လေ့ရှိတဲ့သူတို့အားတက်လာပုံကတကယ့်ကိုကျေနပ်စရာပါပဲ။ လစ်သူယေးနီးယားကိုသဘောကျမိတယ်။

# ဗြိတိန်ဒါဘီပွဲစဉ်မှာ စကော့တလန်ကိုအနိုင်ယူပြီး

# ခြေစစ်ပွဲအောင်မြင်ခွင့်ရနိုင်ဖို့ အင်္ဂလန်ကြိုးပမ်းလိမ့်မယ်

### ၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲများ(ဥရောပဇုန်) ပွဲကြိုသုံးသပ်ချက်



## အိုင်ယာလန် VS သြစတြီးယား

**ထိပ်တိုက်တွေ့ဆုံမှု**

| အိုင်ယာလန်နိုင် | သရေ | သြစတြီးယားနိုင် | ပေါင်း |
|---|---|---|---|
| ၁ | ၁ | ၁ | ၃ |

**နောက်ဆုံး(၃)ကြိမ်တွေ့ဆုံမှု**

| | | |
|---|---|---|
| သြစတြီးယား | ၀ - ၁ | အိုင်ယာလန် |
| သြစတြီးယား | ၁ - ၀ | အိုင်ယာလန် |
| အိုင်ယာလန် | ၂ - ၂ | သြစတြီးယား |

| အိုင်ယာလန်၏နောက်ဆုံး(၃)ပွဲရလဒ် | | | သြစတြီးယားနောက်ဆုံး(၃)ပွဲရလဒ် | | |
|---|---|---|---|---|---|
| အိုင်ယာလန် | ၃ - ၁ | ဥရုဂွေး | ဆားဘီးယား | ၃ - ၂ | သြစတြီးယား |
| အိုင်ယာလန် | ၀ - ၁ | အိုက်စလန် | ဂျော်ဂျီယာ | ၁ - ၂ | သြစတြီးယား |
| အိုင်ယာလန် | ၀ - ၀ | ဝေလ | အိုက်စလန် | ၂ - ၁ | သြစတြီးယား |

**ဂိုးခန့်မှန်း**
2-1
အင်တာနက်အကြိုက်
သြစတြီးယား
The Voice အကြိုက်
အိုင်ယာလန်

အိုင်ယာလန်ဟာ ခြေစစ်ပွဲအောင်မြင်ဖို့အတွက် အရှိန်တစ်ခု ရထားပြီးပါပြီ။ သြစတြီးယားကတော့ ဒီပွဲမှာသာ အနိုင်သုံးမှတ်မရခဲ့ဘူးဆိုရင် မျှော်လင့်ချက်အားလုံး ဝေဝါးသွားတော့မှာပါ။ အိမ်ရှင်အခွင့်အရေးကို ပိုင်ဆိုင်ရရှိထားတာက အိုင်ယာလန်အတွက်တစ်အားပါပဲ။ အိုင်ယာလန် ကပ်နိုင်ပါလိမ့်မယ်။

## ဆားဘီးယား VS ဝေလ

**ထိပ်တိုက်တွေ့ဆုံမှု**

| ဆားဘီးယားနိုင် | သရေ | ဝေလနိုင် | ပေါင်း |
|---|---|---|---|
| ၄ | ၁ | ၀ | ၅ |

**နောက်ဆုံး(၃)ကြိမ်တွေ့ဆုံမှု**

| | | |
|---|---|---|
| ဆားဘီးယား | ၆ - ၁ | ဝေလ |
| ဆားဘီးယား | ၁ - ၀ | ဝေလ |
| ဝေလ | ၁ - ၁ | ဆားဘီးယား |

| ဆားဘီးယား၏နောက်ဆုံး(၃)ပွဲရလဒ် | | | ဝေလ၏နောက်ဆုံး(၃)ပွဲရလဒ် | | |
|---|---|---|---|---|---|
| ဆားဘီးယား | ၃ - ၂ | သြစတြီးယား | အိုင်ယာလန် | ၀ - ၀ | ဝေလ |
| ဆားဘီးယား | ၂ - ၂ | အိုင်ယာလန် | သြစတြီးယား | ၂ - ၂ | ဝေလ |
| ဆားဘီးယား | ၁ - ၁ | ရုရှား | ပေါ်တူဂီ | ၂ - ၀ | ဝေလ |

**ဂိုးခန့်မှန်း**
1-1
အင်တာနက်အကြိုက်
ဝေလ
The Voice အကြိုက်
ဝေလ

ယူရို ၂၀၁၆ ပြိုင်ပွဲတုန်းက ဆီမီးဖိုင်နယ်အဆင့်အထိ တက်လှမ်းရောက်ရှိခဲ့တဲ့ဝေလဟာ ကမ္ဘာ့ဖလားခြေစစ်ပွဲ အောင်မြင်ခွင့်ရနိုင်ရေးအတွက်တော့ခက်ခက်ခဲခဲကြိုးပမ်းနေရပါတယ်။ သရေပွဲတွေ ဆက်တိုက်နီးပါးကြုံဆုံနေ ရခြင်းက ဝေလအတွက် ထိုးနှက်ချက်ပါပဲ။ ဒီပွဲမှာတော့ ဝေလကို အားပေးလိုက်ပါရစေ။

## နော်ဝေ VS ချက်

**ထိပ်တိုက်တွေ့ဆုံမှု**

| နော်ဝေနိုင် | သရေ | ချက်နိုင် | ပေါင်း |
|---|---|---|---|
| ၁ | ၁ | ၃ | ၅ |

**နောက်ဆုံး(၃)ကြိမ်တွေ့ဆုံမှု**

| | | |
|---|---|---|
| နော်ဝေ | ၃ - ၀ | ချက် |
| နော်ဝေ | ၀ - ၁ | ချက် |
| ချက် | ၂ - ၁ | နော်ဝေ |

| နော်ဝေ၏နောက်ဆုံး(၃)ပွဲရလဒ် | | | ချက်၏နောက်ဆုံး(၃)ပွဲရလဒ် | | |
|---|---|---|---|---|---|
| နော်ဝေ | ၄ - ၁ | ဆန်မာရီနို | ဘယ်လ်ဂျီယံ | ၂ - ၁ | ချက် |
| နော်ဝေ | ၀ - ၃ | ဂျာမနီ | ဆန်မာရီနို | ၀ - ၆ | ချက် |
| နော်ဝေ | ၀ - ၁ | ဘီလာရုစ် | ဂျာမနီ | ၃ - ၀ | ချက် |

**ဂိုးခန့်မှန်း**
0-1
အင်တာနက်အကြိုက်
နော်ဝေ
The Voice အကြိုက်
ချက်

ဖလိုဂျွန်ဆင်နဲ့ဆိုးလ်ရှားတို့ခေတ်တုန်းကလိုမျိုး နော်ဝေက အဆိပ်မပြင်းလှတော့ပါဘူး။ ချက်က ခြေစစ်ပွဲအောင်မြင်ဖို့မျှော်လင့်ချက်ကျန်ရှိနေသေးတဲ့အတွက် အားကုန်ရုန်းကန်ကစားလာဖို့ရှိနေပါတယ်။ နော်ဝေဟာ သရေတစ်မှတ်ကိုသာ အမြင့်ဆုံးထားပြီး မျှော်လင့်ရမှာပါ။ ချက်နဲ့စွန့်စားလိုက်ကြရအောင်လား။

## အိုက်စလန် VS ခရိုအေးရှား

**ထိပ်တိုက်တွေ့ဆုံမှု**

| အိုက်စလန်နိုင် | သရေ | ခရိုအေးရှားနိုင် | ပေါင်း |
|---|---|---|---|
| ၀ | ၁ | ၄ | ၅ |

**နောက်ဆုံး(၃)ကြိမ်တွေ့ဆုံမှု**

| | | |
|---|---|---|
| အိုက်စလန် | ၀ - ၀ | ခရိုအေးရှား |
| အိုက်စလန် | ၁ - ၃ | ခရိုအေးရှား |
| ခရိုအေးရှား | ၂ - ၀ | အိုက်စလန် |

| အိုက်စလန်၏နောက်ဆုံး(၃)ပွဲရလဒ် | | | ခရိုအေးရှား၏နောက်ဆုံး(၃)ပွဲရလဒ် | | |
|---|---|---|---|---|---|
| အိုက်စလန် | ၀ - ၁ | ချီလီ | အက်စ်တိုးနီးယား | ၃ - ၀ | ခရိုအေးရှား |
| အိုက်စလန် | ၂ - ၀ | တူရကီ | တရုတ် | ၁ - ၁ | ခရိုအေးရှား |
| အိုက်စလန် | ၃ - ၂ | ဖင်လန် | ချီလီ | ၁ - ၁ | ခရိုအေးရှား |

**ဂိုးခန့်မှန်း**
1-2
အင်တာနက်အကြိုက်
အိုက်စလန်
The Voice အကြိုက်
ခရိုအေးရှား

ခြေစစ်ပွဲအောင်မြင်ခွင့်အတွက် အရမ်းကို အရေးပါတဲ့ပွဲစဉ်ဖြစ်လို့ နှစ်သင်းလုံးက တစ်သင်းနဲ့တစ်သင်းထိန်းပြီး အမှားချောင်းကစားသွားမှာပါ။ အိုက်စလန်ဟာ ယူရို ၂၀၁၆ ပြိုင်ပွဲတုန်းကအတိုင်း ခံစစ်ကို အားပြုလွန်းဆဲပဲ ဖြစ်ပါတယ်။ ခရိုအေးရှား ကပ်နိုင်သွားပါလိမ့်မယ်။

## မော်လ်ဒိုဗာ VS ဂျော်ဂျီယာ

**ထိပ်တိုက်တွေ့ဆုံမှု**

| မော်လ်ဒိုဗာနိုင် | သရေ | ဂျော်ဂျီယာနိုင် | ပေါင်း |
|---|---|---|---|
| ၂ | ၃ | ၁ | ၆ |

**နောက်ဆုံး(၃)ကြိမ်တွေ့ဆုံမှု**

| | | |
|---|---|---|
| မော်လ်ဒိုဗာ | ၀ - ၀ | ဂျော်ဂျီယာ |
| မော်လ်ဒိုဗာ | ၁ - ၀ | ဂျော်ဂျီယာ |
| ဂျော်ဂျီယာ | ၁ - ၁ | မော်လ်ဒိုဗာ |

| မော်လ်ဒိုဗာ၏နောက်ဆုံး(၃)ပွဲရလဒ် | | | ဂျော်ဂျီယာ၏နောက်ဆုံး(၃)ပွဲရလဒ် | | |
|---|---|---|---|---|---|
| မော်လ်ဒိုဗာ | ၁ - ၃ | အိုင်ယာလန် | ဂျော်ဒန် | ၁ - ၀ | ဂျော်ဂျီယာ |
| မော်လ်ဒိုဗာ | ၀ - ၃ | ဆားဘီးယား | ဝေလ | ၁ - ၁ | ဂျော်ဂျီယာ |
| မော်လ်ဒိုဗာ | ၁ - ၂ | ရုရှား | အိုင်ယာလန် | ၁ - ၀ | ဂျော်ဂျီယာ |

**ဂိုးခန့်မှန်း**
1-1
အင်တာနက်အကြိုက်
ဂျော်ဂျီယာ
The Voice အကြိုက်
မော်လ်ဒိုဗာ

နှစ်သင်းလုံးက ခြေစစ်ပွဲအောင်မြင်ခွင့်နဲ့ ဝေးကွာသွားခဲ့ကြပြီဖြစ်လို့ဂုဏ်သိက္ခာဆယ်သဘောမျိုးအဖြစ်လောက်နဲ့ပဲ ကစားသွားတော့မှာပါ။ ဂျော်ဂျီယာဟာ အသင်းလိုက်ကစားအား ကောင်းပေမယ့် အရမ်းကြီးစိတ်ချရလောက်တဲ့ အဆင့်မျိုးတော့ မဟုတ်ပါဘူး။ မော်လ်ဒိုဗာကို အကြိုက်တွေ့မိတယ်။

## အီတလီ VS လီချင်စတိန်း

**ထိပ်တိုက်တွေ့ဆုံမှု**

| အီတလီနိုင် | သရေ | လီချင်စတိန်းနိုင် | ပေါင်း |
|---|---|---|---|
| ၁ | ၀ | ၀ | ၁ |

**နောက်ဆုံးအကြိမ်တွေ့ဆုံမှု**

| | | |
|---|---|---|
| လီချင်စတိန်း | ၀ - ၄ | အီတလီ |

| အီတလီ၏နောက်ဆုံး(၃)ပွဲရလဒ် | | | လီချင်စတိန်း၏နောက်ဆုံး(၃)ပွဲရလဒ် | | |
|---|---|---|---|---|---|
| အီတလီ | ၃ - ၀ | ဥရုဂွေး | ဖင်လန် | ၁ - ၁ | လီချင်စတိန်း |
| အီတလီ | ၈ - ၀ | ဆန်မာရီနို | စပိန် | ၈ - ၀ | လီချင်စတိန်း |
| အီတလီ | ၂ - ၀ | အယ်လ်ဘေးနီးယား | ဒိန်းမတ် | ၅ - ၀ | လီချင်စတိန်း |

**ဂိုးခန့်မှန်း**
3-0
အင်တာနက်အကြိုက်
အီတလီ
The Voice အကြိုက်
လီချင်စတိန်း

လီချင်စတိန်းဟာ အီတလီတိုက်စစ်ကို ခံစစ်သက်သက်နဲ့ပဲ ထိန်းချုပ်ဟန့်တား သွားရပါလိမ့်မယ်။ အီတလီဘက်မှာရပ်ပြီး ပွဲအဖြေက ဘယ်လိုဖြစ်သွားနိုင်မလဲဆိုတာကိုစဉ်းစားကြရမှာပါပဲ။ အီတလီရဲ့အနိုင်ကိုငါးဂိုးအကွာအထိ တောင်းဆိုထားတာက အရမ်းများလွန်းပါတယ်။ လီချင်စတိန်းနဲ့လက်တွဲထားလိုက်ပါ။

## ပိုလန် VS ရိုမေးနီးယား

**ထိပ်တိုက်တွေ့ဆုံမှု**

| ပိုလန်နိုင် | သရေ | ရိုမေးနီးယားနိုင် | ပေါင်း |
|---|---|---|---|
| ၃ | ၃ | ၃ | ၉ |

**ပိုလန်အိမ်ကွင်း နောက်ဆုံး(၃)ကြိမ်တွေ့ဆုံမှု**

| | | |
|---|---|---|
| ပိုလန် | ၀ - ၁ | ရိုမေးနီးယား |
| ပိုလန် | ၁ - ၂ | ရိုမေးနီးယား |
| ပိုလန် | ၂ - ၁ | ရိုမေးနီးယား |

| ပိုလန်၏နောက်ဆုံး(၃)ပွဲရလဒ် | | | ရိုမေးနီးယား၏နောက်ဆုံး(၃)ပွဲရလဒ် | | |
|---|---|---|---|---|---|
| ပိုလန် | ၁ - ၁ | ဆလိုဗေးနီးယား | ရုရှား | ၁ - ၀ | ရိုမေးနီးယား |
| ပိုလန် | ၂ - ၁ | အာမေးနီးယား | ကာဇက်စတန် | ၀ - ၀ | ရိုမေးနီးယား |
| ပိုလန် | ၃ - ၂ | ဒိန်းမတ် | အာမေးနီးယား | ၀ - ၅ | ရိုမေးနီးယား |

**ဂိုးခန့်မှန်း**
3-1
အင်တာနက်အကြိုက်
ပိုလန်
The Voice အကြိုက်
ပိုလန်

ပိုလန်ဟာ ဒီပွဲကို အနိုင်ကစားလိုက်နိုင်ရင် ခြေစစ်ပွဲတိုက်ရိုက်အောင်မြင်ဖို့အတွက် အရမ်းပဲနီးစပ်သွားပါလိမ့်မယ်။ တိုက်စစ်မှာ အဆုံးသတ်သေချာတဲ့ လီဝန်ဒေါ့စကီးလိုကစားသမားတစ်ယောက်ကိုပိုင်ဆိုင်ထားတာက ပိုလန်ရဲ့အကြီးမားဆုံးသော အားသာချက်တစ်ရပ်ပါပဲ။ ပိုလန်နဲ့ပဲ လက်တွဲထားလိုက်ချင်မိတယ်။

## မက်ဆီဒိုးနီးယား VS စပိန်

**ထိပ်တိုက်တွေ့ဆုံမှု**

| မက်ဆီဒိုးနီးယားနိုင် | သရေ | စပိန်နိုင် | ပေါင်း |
|---|---|---|---|
| ၀ | ၀ | ၄ | ၄ |

**နောက်ဆုံး(၃)ကြိမ်တွေ့ဆုံမှု**

| | | |
|---|---|---|
| မက်ဆီဒိုးနီးယား | ၀ - ၁ | စပိန် |
| မက်ဆီဒိုးနီးယား | ၂ - ၃ | စပိန် |
| စပိန် | ၄ - ၀ | မက်ဆီဒိုးနီးယား |

| မက်ဆီဒိုးနီးယား၏နောက်ဆုံး(၃)ပွဲရလဒ် | | | စပိန်၏နောက်ဆုံး(၃)ပွဲရလဒ် | | |
|---|---|---|---|---|---|
| မက်ဆီဒိုးနီးယား | ၀ - ၀ | တူရကီ | ပြင်သစ် | ၀ - ၂ | စပိန် |
| မက်ဆီဒိုးနီးယား | ၃ - ၀ | ဘီလာရုစ် | အင်္ဂလန် | ၂ - ၂ | စပိန် |
| မက်ဆီဒိုးနီးယား | ၂ - ၃ | အိုက်စလန် | အယ်လ်ဘေးနီးယား | ၀ - ၂ | စပိန် |

**ဂိုးခန့်မှန်း**
0-2
အင်တာနက်အကြိုက်
စပိန်
The Voice အကြိုက်
မက်ဆီဒိုးနီးယား

စပိန်ဟာခြေစစ်ပွဲတိုက်ရိုက်အောင်မြင်ဖို့အတွက် အီတလီနဲ့အပြိုင်အမှားမခံစတမ်းကြိုးပမ်းနေရပါတယ်။ မက်ဆီဒိုးနီးယားက စပိန်ရဲ့ပြိုင်ဘက်အဆင့်မျိုး မဟုတ်ပါဘူး။ ဒါပေမဲ့ရုပ်ပျက်ဆင်းပျက်ရှုံးနိမ့်တာမျိုး မဖြစ်ရလေအောင် မက်ဆီဒိုးနီးယားက အားထည့်ရုန်းကန်သွားမှာပါ။ မက်ဆီဒိုးနီးယားကို ရွေးမယ်။

## ဖင်လန် VS ယူကရိန်း

**ထိပ်တိုက်တွေ့ဆုံမှု**

| ဖင်လန်နိုင် | သရေ | ယူကရိန်းနိုင် | ပေါင်း |
|---|---|---|---|
| ၀ | ၀ | ၁ | ၁ |

**နောက်ဆုံး(၂)ကြိမ်တွေ့ဆုံမှု**

| | | |
|---|---|---|
| ယူကရိန်း | ၁ - ၀ | ဖင်လန် |
| ဖင်လန် | ၁ - ၁ | ယူကရိန်း |

| ဖင်လန်၏နောက်ဆုံး(၃)ပွဲရလဒ် | | | ယူကရိန်း၏နောက်ဆုံး(၃)ပွဲရလဒ် | | |
|---|---|---|---|---|---|
| ဖင်လန် | ၀ - ၁ | ခရိုအေးရှား | ခရိုအေးရှား | ၁ - ၀ | ယူကရိန်း |
| ဖင်လန် | ၁ - ၁ | ကိုဆိုဗို | တူရကီ | ၂ - ၂ | ယူကရိန်း |
| ဖင်လန် | ၀ - ၁ | အိုက်စလန် | ပိုလန် | ၁ - ၀ | ယူကရိန်း |

**ဂိုးခန့်မှန်း**
0-1
အင်တာနက်အကြိုက်
ဖင်လန်
The Voice အကြိုက်
ယူကရိန်း

ဖင်လန်ရဲ့ခြေစွမ်းက အိမ်ဖြည့်အဆင့်ထက် မပိုပါဘူး။ ယူကရိန်းက ခြေစစ်ပွဲအောင်မြင်ဖို့အတွက် အပြည့်အဝ မျှော်လင့်ခွင့်ရှိနေဆဲဖြစ်လို့ အဝေးကွင်းဖြစ်နေပေမယ့် အမှားအယွင်းကြီးကြီးမားမား မဖြစ်ရလေအောင် သတိကြီးကြီးထားပြီး ကစားသွားပါလိမ့်မယ်။ ယူကရိန်းကို သဘောကျမိတယ်။

## မွန်တီနီဂရိုး VS အာမေးနီးယား

**ထိပ်တိုက်တွေ့ဆုံမှု**

| မွန်တီနီဂရိုးနိုင် | သရေ | အာမေးနီးယားနိုင် | ပေါင်း |
|---|---|---|---|
| ၀ | ၀ | ၁ | ၁ |

**နောက်ဆုံးအကြိမ်တွေ့ဆုံမှု**

| | | |
|---|---|---|
| အာမေးနီးယား | ၃ - ၂ | မွန်တီနီဂရိုး |

| မွန်တီနီဂရိုး၏နောက်ဆုံး(၃)ပွဲရလဒ် | | | အာမေးနီးယား၏နောက်ဆုံး(၃)ပွဲရလဒ် | | |
|---|---|---|---|---|---|
| မွန်တီနီဂရိုး | ၁ - ၂ | အီရန် | ပိုလန် | ၂ - ၁ | အာမေးနီးယား |
| မွန်တီနီဂရိုး | ၁ - ၂ | ပိုလန် | ဒိန်းမတ် | ၁ - ၀ | အာမေးနီးယား |
| မွန်တီနီဂရိုး | ၅ - ၀ | ကာဇက်စတန် | ချက် | ၃ - ၀ | အာမေးနီးယား |

**ဂိုးခန့်မှန်း**
2-0
အင်တာနက်အကြိုက်
မွန်တီနီဂရိုး
The Voice အကြိုက်
မွန်တီနီဂရိုး

ပထမအကျော့ရှုံးကြွေးကိုပြန်ဆပ်ဖို့အတွက် အိမ်ရှင်အားသာချက်ကိုလက်ကိုင်ပြုပြီး ပွဲစကတည်းက မွန်တီနီဂရိုး တိုက်စစ်ဖွင့်ကစားသွားပါလိမ့်မယ်။ အာမေးနီးယားက အဝေးကွင်းပွဲစဉ်တွေဆိုရင် ခံစစ်ပိတ်ဆို့ပြီးတော့ပဲ အချိန်ကုန်နေတတ်လေ့ရှိတဲ့အသင်းပါ။ မွန်တီနီဂရိုးကို အားပေးလိုက်ကြရအောင်လား။




# ဘောလုံးပွဲတွေ မပြီးသေးဘူး...
# ၂၀၁၇ ကွန်ဖက်ဒရေးရှင်းဖလားပြိုင်ပွဲကြီး လာတော့မယ်

ဥရောပဘောလုံးလောကမှာ ဘောလုံးရာသီတွေ ရပ်နားပြီး ရာသီပိတ်သိမ်းသွားခဲ့ပြီဖြစ်ပေမယ့်ကမ္ဘာ့ဘောလုံးရေစီးကြောင်းကတော့ မရပ်မနား ဆက်လက်စီးဆင်းနေဆဲပါပဲ။ ဒီတစ်ပတ်မှာ ၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲတွေ ယှဉ်ပြိုင်ကစားဖို့ရှိနေသလို ရှေ့လာမယ့်သီတင်းပတ်ကိုရောက်ရင် ၂၀၁၇ ကွန်ဖက်ဒရေးရှင်းဖလားပြိုင်ပွဲ(တိုက်ကြီးများဖလားပြိုင်ပွဲ)က စတင်တော့မှာပါ။ ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ရုရှားနိုင်ငံက ဘယ်လောက်အတိုင်းအတာအထိပြင်ဆင်ထားပြီးပြီလဲဆိုတာကို ဒီပြိုင်ပွဲကြီးကျင်းပပုံနဲ့အတူ အတိုင်းအတာတစ်ရပ်အထိ အကဲဖြတ်နိုင် ဖို့ရှိတယ်ဆိုရင်လည်း မမှားပါဘူး။ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)ဟာ ၂၀၁၇ ကွန်ဖက်ဒရေးရှင်းဖလားပြိုင်ပွဲမှာ ဗီဒီယိုနည်းပညာ အကူအညီနဲ့အဆုံးအဖြတ်ပေးတဲ့စနစ်ကို ထည့်သွင်းမိတ်ဆက်တော့မှာဖြစ်လို့ ဒီစနစ်က ဘယ်လောက်အတိုင်းအတာအထိ အလုပ်ဖြစ်နိုင်စွမ်းရှိတယ်ဆိုတာကို မျက်ဝါးထင်ထင် မြင်တွေ့ခွင့်ရကြတော့မှာပါ။ ရုရှားဟာ ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲအတွက်ပြင်ဆင်ထားတဲ့ဘောလုံးကွင်းကြီး ၁၂ ကွင်းအနက်ကနေပြီး လေးကွင်းမှာ ဒီပြိုင်ပွဲကြီးကို ကျင်းပသွားမှာဖြစ်ပါတယ်။ အဲဒီဘောလုံးကွင်းကြီးလေးကွင်းကတော့ စိန့်ပီတာစဘတ်ဂ်မြို့မှာရှိတဲ့ ပရိသတ် ၆၈,၁၃၄ ယောက်ဆံ့ ကရီစတော့ဗ်စကီး ဘောလုံးကွင်း၊ ကာဇန်မြို့မှာရှိတဲ့ ပရိသတ် ၄၅,၃၇၉ ယောက်ဆံ့ ကာဇန်ဘောလုံးကွင်း၊ မော်စကိုမြို့မှာရှိတဲ့ ပရိသတ် ၄၅,၃၆၀ ယောက်ဆံ့ အော့တ်ကရိုင်တီယီဘောလုံးကွင်းနဲ့ ဆိုချီမြို့မှာရှိတဲ့ ပရိသတ် ၄၇,၆၅၉ ယောက်ဆံ့ ဖစ်ရှ်အိုလံပစ်ဘောလုံးကွင်းတို့ပါပဲ။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)ဟာ ကွန်ဖက်ဒရေးရှင်းဖလားပြိုင်ပွဲကိုအသင်းလေးသင်းစီပါဝင်တဲ့အုပ်စုနှစ်ခုနဲ့ကျင်းပသွားပါလိမ့်မယ်။ အုပ်စု(က)မှာပါဝင်နေတဲ့ အသင်းတွေကတော့ ရုရှား၊ နယူးဇီလန်၊ ပေါ်တူဂီနဲ့ မက္ကဆီကိုတို့ပါပဲ။ အုပ်စု(ခ)မှာက ကင်မရွန်း၊ ချီလီ၊ ဩစတြေးလျနဲ့ ဂျာမနီတို့ တစ်အုပ်စုတည်း ကျရောက်လို့နေပါတယ်။ ဒီတစ်ပတ်မှာ ပြိုင်ပွဲအကြို အုပ်စုမိတ်ဆက်အဖြစ် အုပ်စု(က)မှာပါဝင်တဲ့ အသင်းတွေအကြောင်းနဲ့ ဆီမီးဖိုင်နယ်အဆင့်ဆီ တက်ရောက်ခွင့်ရနိုင်ခြေရှိတဲ့အသင်းတွေအကြောင်းကို သုံးသပ်ပေးသွားမှာပါ။ အိမ်ရှင်ရုရှား၊ သမုဒ္ဒရာပိုင်းဇုန်ချန်ပီယံ နယူးဇီလန်၊ ယူရိုချန်ပီယံ ပေါ်တူဂီနဲ့ ကွန်ကာကပ်ဖ်ရွှေဖလားချန်ပီယံ မက္ကဆီကိုတို့ ထိပ်တိုက်တွေ့နေတဲ့ ဒီအုပ်စုမှာ နယူးဇီလန်ကလွဲရင် ကျန်သုံးသင်းလုံးက အဆိပ်အတောက်တွေ ကိုယ်စီကိုယ်ငရှိကြတာ အမှန်ပါပဲ။

## ရုရှား

၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ အိမ်ရှင်နိုင်ငံ ရုရှားအတွက် အတွေ့အကြုံရှာရမယ့်ပွဲစဉ်ပါပဲ။ ရုရှားဟာ အိမ်ရှင်အခွင့်အရေးနဲ့အတူ တိုက်ရိုက်ခြေစစ်ပွဲအောင်မြင်ထားလို့အခုပြိုင်ပွဲမှာ အားထည့်ကစားပြီး အသင်းရဲ့အားနည်းချက်နဲ့ အားသာချက်တွေကို ချိန်ညှိပါလိမ့်မယ်။ ရုရှားဟာ လက်ရွေးစင်အသင်းသမိုင်းကြောင်းတစ်လျှောက် ကွန်ဖက်ဒရေး ရှင်းပြိုင်ပွဲကို အခုမှပဲ ပထမဆုံးအကြိမ်အဖြစ် နဖူးတွေ့ဒူးတွေ့ယှဉ်ပြိုင်ဖူးတာပါ။ အသင်းနည်းပြ ချာချီဆော့ဗ်ဟာ ကစားသမားဘဝဖြတ်သန်းခဲ့စဉ်တုန်းက ထိပ်တန်းအဆင့်အောင်မြင်မှုအချို့ကိုပိုင်ဆိုင်ရရှိခဲ့ဖူးပေမယ့် နည်းပြဘဝမှာတော့ အားရစရာကောင်းလောက်တဲ့ မှတ်ကျောက်တင်မှုမျိုး သူ့ဆီမှာ မရှိသေးပါဘူး။ ပက်ဗလျူချင်ကိုနဲ့ အာရှာဗင်တို့ခေတ်တုန်းကလိုမျိုး တစ်ပွဲတိုးကစားသမားကောင်းတွေ မရှိတော့တာဟာ ရုရှားအတွက်ကြီးမားလှတဲ့ထိုးနှက်ချက်တစ်ရပ်ပဲဖြစ်ပါတယ်။ အုပ်စုအဆင့်ကနေပြီး ဆီမီးဖိုင်နယ်အဆင့်ဆီ တက်လှမ်းရောက်ရှိနိုင်စေရေးအတွက် ပေါ်တူဂီနဲ့ မက္ကဆီကို နှစ်သင်းအနက်တစ်သင်းကိုအနိုင်ရအောင် ရုရှားကြိုးပမ်းရမှာပါ။ ဘယ်လိုအားနည်းချက်တွေပဲရှိရှိ အိမ်ရှင်အခွင့်အရေးကတော့ ရုရှားကို နောက်တစ်ဆင့်ဆီဆက်လက်တက်လှမ်းနိုင်စေရေးအတွက် အကောင်းဆုံးပံ့ပိုးပေးပါလိမ့်မယ်။ သတိကြီးကြီးထားပြီး ထိန်းထိန်းသိမ်းသိမ်းကစားတတ်မယ်ဆိုရင် ဆီမီးဖိုင်နယ်အဆင့်လောက်တော့ ရုရှားရောက်နိုင်မှာပါ။

## ပေါ်တူဂီ

ပေါ်တူဂီဟာ ယူရို ၂၀၁၆ ပြိုင်ပွဲမှာ ချန်ပီယံဖြစ်ပြီး ဒီပြိုင်ပွဲကို ပါဝင်ကစားခွင့်ရရှိတာဖြစ်ပါတယ်။ စီရော်နယ်ဒိုလို နိုင်ပွဲဆာလောင်စိတ်ပြင်းပြတဲ့ အသင်းခေါင်းဆောင်တစ်ဦးရှိနေတာက ပေါ်တူဂီရဲ့ အားသာချက်ပါပဲ။ ပေါ်တူဂီနဲ့ ရုရှားအကြားမှာ တူညီနေတာတစ်ခုက ပေါ်တူဂီဟာလည်း ကွန်ဖက်ဒရေးရှင်းဖလားပြိုင်ပွဲကို အခုမှပဲ ပထမဆုံးအကြိမ်ပါဝင်ကစားဖူးတာဖြစ်ပါတယ်။ ပေါ်တူဂီဟာ ယူရို ၂၀၁၆ ပြိုင်ပွဲတုန်းက အုပ်စုအဆင့်ပွဲစဉ်သုံးပွဲလုံး သရေကျပြီး နောက်တစ်ဆင့်တက်ခဲ့တာပါ။ ရှုံးထွက်အဆင့်တွေကိုရောက်မှ တစ်ပွဲထက်တစ်ပွဲ ယုံကြည်မှုအားပိုမိုကောင်းမွန်လာပြီး အဆုံးသတ်မှာ ချန်ပီယံဖြစ်သွားခဲ့တာပဲဖြစ်ပါတယ်။ ပေါ်တူဂီရဲ့ အားနည်းချက်က ပြိုင်ပွဲအထ နှေးလွန်းတာပါပဲ။ ဒါကြောင့်လည်း ပြိုင်ပွဲအများစုမှာ ပေါ်တူဂီက အုပ်စုအဆင့်ကနေပြီး လှည့်ပြန်သွားရလေ့ရှိတာပါ။ စီရော်နယ်ဒိုကိုအားကိုးလွန်းတတ်တဲ့အချက်ကလည်း ပေါ်တူဂီကိုပြိုင်ပွဲကြီးအဆင့်တွေမှာ အမြဲတစေ ဒုက္ခပေးလေ့ရှိပါတယ်။ နည်းပြ ဖာနန်ဒိုဆန်းတို့စ်ဟာ ခံစစ်ကို အားပြုပြီး တန်ပြန်တိုက်စစ်တွေကနေတစ်ဆင့် အနိုင်ဂိုးရှာဖွေမယ့်ဗျူဟာမျိုးကိုပဲ အသုံးပြုလာမှာပါ။ ပေါ်တူဂီအတွက် စိန်ခေါ်မှုအပြင်းထန်ဆုံးက အိမ်ရှင်ရုရှားနဲ့ ရင်ဆိုင်ရမယ့်ပွဲစဉ်ဖြစ်ပါလိမ့်မယ်။ အဲဒီပွဲကို အနိုင်ကစားနိုင်ခဲ့ရင်တော့ ပေါ်တူဂီဟာ ဆီမီးဖိုင်နယ်အဆင့်ဆီ တက်လှမ်းခွင့်ရရှိမှာပါ။

## မက္ကဆီကို

၂၀၁၇ ကွန်ဖက်ဒရေးရှင်းဖလားပြိုင်ပွဲဝင်အသင်းရှစ်သင်းအနက်မှာ ပြိုင်ပွဲအတွေ့အကြုံအရင့်ကျက်ဆုံးအသင်း ဖြစ်ပါတယ်။ ၁၉၉၅၊ ၁၉၉၇၊ ၁၉၉၉၊ ၂၀၀၁၊ ၂၀၀၅ နဲ့ ၂၀၁၃ ခုနှစ်တွေမှာ မက္ကဆီကိုက ဒီပြိုင်ပွဲကို ပါဝင်ယှဉ်ပြိုင်ခဲ့ဖူးပြီးသားပါ။ မက္ကဆီကိုဟာ ကမ္ဘာ့ဆင့်ပြိုင်ပွဲကြီးတွေကို ယှဉ်ပြိုင်တဲ့နေရာမှာ အုပ်စုအဆင့်ကို ရဲရဲတင်းတင်းနဲ့ တိုက်စစ်ဖွင့်ပြီး ကစားတတ်လေ့ရှိပါတယ်။ ကစားအားမာကျောပြီး စုစည်းအားလည်းကောင်းတာမို့ ထိပ်သီးအသင်းကြီးတွေတောင် မက္ကဆီကိုနဲ့ဆုံရင် အခက်ကြုံကြရလေ့ရှိတာကို မမေ့သင့်ပါဘူး။ ပေါ်တူဂီနဲ့ နယူးဇီလန်ကို အနိုင်၊ ရုရှားကို သရေလောက် ကစားနိုင်ဖို့ မက္ကဆီကိုပြင်ဆင်ထားလိမ့်မယ် ယူဆမိပါတယ်။ ဥရောပမှာကစားနေတဲ့ဘောလုံးသမားတွေကိုပြည်တွင်းအခြေစိုက်ကလပ်အသင်းတွေမှာ ပါဝင်ကစားနေတဲ့ကစားသမားတွေနဲ့ပေါင်းစည်းပြီး မက္ကဆီကိုနည်းပြ အိုဆိုရီယိုက အသင်းကို ဖွဲ့စည်းထားတာပါ။ ဒေါ့စ်ဆန်းတို့စ်၊ ဂျီမီနက်ဇ်၊ ကိုရိုနာ၊ ဟာနန်ဒက်ဇ်နဲ့ ကားလို့စ်ဗီလာတို့ဟာ မက္ကဆီကိုအတွက် ပွဲအလှည့်အပြောင်းအရပ်ရပ်ကို ဖန်တီးပေးနိုင်စွမ်း ရှိကြသူတွေပဲဖြစ်ပါတယ်။ မက္ကဆီကိုဟာ အနိမ့်ဆုံးအဖြစ် ဆီမီးဖိုင်နယ်အဆင့်လောက်တော့ ရောက်လိမ့်မယ်လို့ ယူဆမိပါတယ်။

### ယခုသီတင်းပတ်အတွင်း ယှဉ်ပြိုင်ကစားမည့် ဘောလုံးပွဲစဉ်များ

| | |
|---|---|
| **၁၀-၇-၂၀၁၇(စနေနေ့)** | |
| **အာရှဖလားခြေစစ်ပွဲ** | |
| ည ၇း၃၀ နာရီ | စင်ကာပူ - ထိုင်ဝမ် |
| **၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲများ(ဥရောပဇုန်)** | |
| ည ၁၀း၃၀ နာရီ | အဇာဘိုင်ဂျန် - မြောက်အိုင်ယာလန် |
| ည ၁၀း၃၀ နာရီ | ကာဇက်စတန် - ဒိန်းမတ် |
| ည ၁၀း၃၀ နာရီ | စကော့တလန် - အင်္ဂလန် |
| ည ၁၀း၃၀ နာရီ | ဆလိုဗေးနီးယား - မော်လ်တာ |
| **၁၁-၇-၂၀၁၇(တနင်္ဂနွေနေ့)** | |
| **၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲများ(ဥရောပဇုန်)** | |
| နံနက် ၁း၁၅ နာရီ | မွန်တီနီဂရိုး - အာမေးနီးယား |
| နံနက် ၁း၁၅ နာရီ | ဂျာမနီ - ဆန်မာရီနို |
| နံနက် ၁း၁၅ နာရီ | နော်ဝေ - ချက် |
| နံနက် ၁း၁၅ နာရီ | ပိုလန် - ရိုမေးနီးယား |
| နံနက် ၁း၁၅ နာရီ | လစ်သူယေးနီးယား - ဆလိုဗက်ကီးယား |
| ည ၁၀း၃၀ နာရီ | ဖင်လန် - ယူကရိန်း |
| ည ၁၀း၃၀ နာရီ | မော်လ်ဒိုဗာ - ဂျော်ဂျီယာ |
| ည ၁၀း၃၀ နာရီ | အိုင်ယာလန် - ဩစတြီးယား |
| **၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲများ(ကွန်ကာကပ်ဖ်ဇုန်)** | |
| နံနက် ၄း၃၀ နာရီ | မက္ကဆီကို - အမေရိကန် |
| **၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲများ(သမုဒ္ဒရာပိုင်းဇုန်)** | |
| မွန်းလွဲ ၁၂း၃၀ နာရီ | နယူးကာလီဒိုးနီးယား - ဖီဂျီ |
| **၁၂-၇-၂၀၁၇(တနင်္လာနေ့)** | |
| **၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲများ(ဥရောပဇုန်)** | |
| နံနက် ၁း၁၅ နာရီ | အိုက်စလန် - ခရိုအေးရှား |
| နံနက် ၁း၁၅ နာရီ | ဆားဘီးယား - ဝေလ |
| နံနက် ၁း၁၅ နာရီ | မက်ဆီဒိုးနီးယား - စပိန် |
| နံနက် ၁း၁၅ နာရီ | အစ္စရေး - အယ်လ်ဘေးနီးယား |
| နံနက် ၁း၁၅ နာရီ | အီတလီ - လီချင်စတိန်း |
| နံနက် ၁း၁၅ နာရီ | ကိုဆိုဗို - တူရကီ |
| **၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲများ(အာရှဇုန်)** | |
| ည ၁၁း၁၅ နာရီ | အီရန် - ဥဇဘက်ကစ္စတန် |
| **နိုင်ငံတကာခြေစမ်းပွဲများ** | |
| ည ၁၀း၃၀ နာရီ | ဘီလာရုစ် - ဥဇဘက်ကစ္စတန် |
| ည ၁၁း၁၅ နာရီ | လတ်ဗီးယား - အက်စ်တိုးနီးယား |
| **၁၃-၇-၂၀၁၇(အင်္ဂါနေ့)** | |
| **၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲများ(ကွန်ကာကပ်ဖ်ဇုန်)** | |
| နံနက် ၄း၃၀ နာရီ | ပနားမား - ဟွန်ဒူးရပ်စ် |
| နံနက် ၄း၃၀ နာရီ | ကော်စတာရီကာ - ထရီနီဒက် |
| **၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲများ(သမုဒ္ဒရာပိုင်းဇုန်)** | |
| မွန်းလွဲ ၁း၃၀ နာရီ | ပါပူအာနယူးဂီနီ - ဆော်လမွန်ကျွန်းစုများ |
| **၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲများ(အာရှဇုန်)** | |
| ည ၆း၃၀ နာရီ | ထိုင်း - ယူအေအီး |
| ည ၆း၅၅ နာရီ | အီရတ် - ဂျပန် |
| ည ၈း၁၅ နာရီ | ဆီးရီးယား - တရုတ် |
| **အာရှဖလားခြေစစ်ပွဲ** | |
| ညနေ ၃း၄၅ နာရီ | နီပေါ - ယီမင် |
| ညနေ ၅း၃၀ နာရီ | ကမ္ဘောဒီးယား - အာဖဂန်နစ္စတန် |
| ည ၆း၀၀ နာရီ | မကာအို - မြန်မာ |
| ည ၆း၃၀ နာရီ | ဟောင်ကောင် - မြောက်ကိုရီးယား |
| ည ၆း၃၀ နာရီ | ဗီယက်နမ် - ဂျော်ဒန် |
| ည ၆း၃၀ နာရီ | ဘူတန် - မော်လ်ဒိုက်ဗ် |
| ည ၇း၃၀ နာရီ | တပ်ခ်ျမင်နစ္စတန် - ဘာရိန်း |
| ည ၈း၀၀ နာရီ | အိန္ဒိယ - ကာဂျစ္စတန် |
| ည ၈း၁၅ နာရီ | မလေးရှား - လက်ဘနွန် |
| ည ၁၀း၃၀ နာရီ | တာဂျစ်ကစ္စတန် - ဖိလစ်ပိုင် |
| **နိုင်ငံတကာခြေစမ်းပွဲ** | |
| ညနေ ၄း၃၅ နာရီ | ဩစတြေးလျ - ဘရာဇီး |
| **၁၄-၇-၂၀၁၇(ဗုဒ္ဓဟူးနေ့)** | |
| **၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲ(အာရှဇုန်)** | |
| နံနက် ၁း၃၀ နာရီ | ကာတာ - တောင်ကိုရီးယား |
| **အာရှဖလားခြေစစ်ပွဲ** | |
| နံနက် ၂း၃၀ နာရီ | ပါလက်စတိုင်း - အိုမန် |

The VOICE Weekly

Vol. 13 / No. 19, Monday, June 12 - 18, 2017

FOREIGN AFFAIRS


Sputniknews

# ပင်လယ်ကွေ့ ပိုကျယ်လာခြင်း

## ကာတာနှင့် ဒေသတွင်း အငြင်းပွားမှုဇာစ်မြစ်

ချမ်းမြေ့

**အမေရိကန်သမ္မတဒေါ်နယ်ထရမ့်၏ ပထမဆုံးသော နိုင်ငံခြားခရီးစဉ်ကို ပြီးခဲ့သည့်လအတွင်း ဆော်ဒီအာရေးဗီးယားနိုင်ငံ ရီးယာဒ်မြို့တော်မှ စတင်ခဲ့သည်။ အရှေ့အလယ်ပိုင်းဒေသတွင်း မတည်မငြိမ်ဖြစ်အောင် အီရန်နိုင်ငံလုပ်ဆောင်လျက်ရှိပြီး အသိတရားရှိသည့် တိုင်းပြည်များ တန်ပြန်ရန်လိုအပ်သည်ဆိုသည့် သတင်းစကားကို အဆိုပါခရီးစဉ်အတွင်း ထရမ့်အုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် ဆော်ဒီအရာရှိများက ရှင်းလင်းစွာပြသခဲ့သည်။**

အမေရိကန်သမ္မတ၏ ခရီးစဉ်ကို အရှေ့အလယ်ပိုင်း ဒေသတွင်းသာမက ဒေသပြင်ပတွင်ပါ ပြင်းပြင်းထန်ထန်ဝေဖန်ခဲ့ကြပြီး ယင်းခရီးစဉ်ကြောင့် ပင်လယ်ကွေ့ အာရပ်နိုင်ငံများကြား အက်ကြောင်းပေါ်လာရသည်ဟု အချို့သော လေ့လာသုံးသပ်သူများက ပြောကြားထားသည်။ သို့သော် ပင်လယ်ကွေ့ အာရပ်များသည် ယခင်ကတည်းက တစ်စုတစ်စည်းတည်းမဟုတ်သဖြင့် ကွဲပြားမှုအတွက် ထရမ့်ကို ပြစ်တင်နိုင်မည်မဟုတ်ပေ။ ထရမ့်ကြောင့်သာ ပင်လယ်ကွေ့ဒေသတွင်းရှိ သဘောထားတင်းမာသူများ အားကောင်းမောင်းသန်ဖြစ်လာခြင်း ဖြစ်သည်။

အီရန်ကို မည်ကဲ့သို့ ကိုင်တွယ်မည်နည်းဆိုသည်မှာ ပင်လယ်ကွေ့ပူးပေါင်းဆောင်ရွက်မှုကောင်စီ (GCC) တွင်း အမြဲပင် ငြင်းခုံနေရသည်။ အုပ်စုတွင်းရှိ နိုင်ငံများအားလုံး အင်အားကြီးမားလှသည့် ၎င်းတို့၏အိမ်နီးချင်းကို ရင်ဆိုင်လိုသော်လည်း မည်ကဲ့သို့ရင်ဆိုင်မည်နည်းဆိုသည့် အချက်တွင် ကွဲပြားလျက်ရှိသည်။ အီရန်နှင့် ကမ္ဘာ့အင်အားကြီးနိုင်ငံများကြား နျူကလီးယား သဘောတူညီချက်ရရှိသွားပြီးသည့်နောက်တွင် ယင်းကွဲပြားမှု ရှေ့တန်းသို့ ရောက်ရှိလာတော့သည်။ ဆော်ဒီအာရေးဗီးယား၏ ဦးဆောင်မှုအောက်တွင် ဘာရိန်းနှင့် UAE (ညီညွတ်သော အာရပ်စော်ဘွားများ ပြည်ထောင်စု)

စာမျက်နှာ ၄၀ သို့



ယခုဆောင်းပါးသည် လေယာဉ်ပျက်ကျမှုနှင့် ပတ်သက်၍ The Voice Weekly တာဝန်ခံအယ်ဒီတာ၏
နှစ်ရက်ကြာ ကွင်းဆင်းလေ့လာရေးသားထားသည့် ဆောင်းပါးဖြစ်သည်။

အယ်ဒီတာ

# မမျှော်လင့်သော ညှော်သည်များ

## နှစ်ရက်တာ လေယာဉ်ပျက်ရှာပုံတော်

ခွန်းသု

**တကယ်တော့ စမ်းလှမ်းကမ်းခြေဆိုသည်မှာ ထားဝယ်ကျွန်းပတ်အလည်ခရီးသွားတို့အတွက် တာထွက်နေရာဖြစ်သည်။**


Photo by -AungThu(DaweiWatch)

မြင်းခွာအော်ကမ်းခြေရှင်မော်ဘုရားတို့သည်လည်း ထားဝယ်လာ ခရီးသွားညှော်သည်တို့အတွက် မျက်စိကျ လူကြိုက်များရာ နေရာများ ဖြစ်သည်။

ယခုတော့ထိုနေရာတို့မှာမမျှော်လင့်သော ခရီးသည်များကိုကြိုဆိုနေရသည့် နေရာများ ဖြစ်သွားတော့သည်။

### (၁)
### ဇွန် ၇ ရက်၊ ၂၀၁၇၊ ပထမနေ့

ထိုနေ့က အဓိကအားဖြင့် ပင်လယ်ကမ်းနားတစ်ဝိုက်သည်းထန်ခဲ့သောထားဝယ်မိုးနှင့်အတူသတင်းစကားတစ်ခုရောက်လာသည်။

မြိတ်မှ ရန်ကုန်သို့ လာသော တပ်မတော်လေယာဉ်တစ်စင်း ထားဝယ်ကျွန်းဆွယ်အနီး ပျောက်သွားသည်။

လေယာဉ်ပျောက်ဆုံးကြောင်း ပထမဆုံး အတည်ပြုနိုင်ချိန် ဖြစ်နိုင်ဖွယ်နေရာမှာမောင်းမကန်ကမ်းလွန်ဖြစ်သည်။

သို့သော်ညနေစွန်းချိန်တွင်မြင်းခွာအော်တွင်ဟု သတင်းထွက်လာသည်။ မြင်းခွာအော်မှာ ရှင်မော်ဘုရားတည်ရှိရာ ထားဝယ်အငူနီးတွင် တည်ရှိပြီး မြင်းခွာပုံသဏ္ဍာန် ပင်လယ်ကမ်းခြေရှိသဖြင့် မြင်းခွာအော်ဟုထင်ရှားသည်။ ထားဝယ်မြို့မှ တောင်ဘက် မိုင် ငါးဆယ်ခန့်ဝေးသည်။

ထားဝယ်မြို့ပေါ်မှ လူနာတင်ယာဉ်များ၊ ရဲတပ်ဖွဲ့ယာဉ်များ၊ မီးသတ်ယာဉ်များ ဥသြဆွဲ၊ အချက်ပြကာ ထိုနေရာသို့ ဆက်တိုက်ဆင်းသွားကြသည်။

ကံကောင်းသည်ဟု ဆိုရမလား မသိ၊ ထိုအချိန်တွင် မိုးတိတ်ပြီး ရာသီဥတု သာယာနေသည်။

နေ့ခင်းလေယာဉ်ပျောက်သွားချိန်က ရာသီဥတု မဟုတ်သလိုပင်။

သို့သော် မြင်းခွာအော်တွင် ည ၈ နာရီခန့်အချိန်၌ လူစုံ၊ ယာဉ်စုံနေပြီ။

ထားဝယ်လေးမြို့နယ်မှ နာရေးကူညီမှုအသင်းယာဉ်များ၊ အရေးပေါ်ကယ်ဆယ်ရေး ယာဉ်များ၊ မီးသတ်ယာဉ်များ၊ ယူနီဖောင်းမျိုးစုံဝတ်ဆင်ထားသော စေတနာ့ဝန်ထမ်းများ၊ ကြက်ခြေနီများ၊ ရပ်ကွက်၊ ကျေးရွာအခြေပြုအမျိုးမျိုးသော လူမှုရေးအသင်းအဖွဲ့များ ယူနီဖောင်းကိုယ်စီဖြင့် ရောက်နေသည်။

ရုတ်တရက်ရောက်သွားပါကတကယ့်အမှုအခင်းတစ်ခုဖြစ်ပွားနေဘိသကဲ့သို့ပင်။

လူနာတင်ယာဉ်၊ ကယ်ဆယ်ရေးယာဉ်တို့က အချက်ပြ အနီရောင်မီးများ ဆက်တိုက်ထွန်းထားသည်။ အရေးပေါ်ကယ်ဆယ်ရေး ယာဉ်တစ်စီးဆိုလျှင် အားကောင်းသောမီးဆလိုက်တစ်ခုပင်လယ်ဘက်သို့ မျက်နှာမူထွန်းထားသည်။

သို့သော်လေယာဉ်ပျက်နှင့်လေယာဉ်ပေါ်ပါသူတို့၏သတင်းအစတော့လုံးဝမရ။

သုံးလေးဆယ်ခန့်သောကယ်ဆယ်ရေးယာဉ်များ၊လူနာတင်ယာဉ်များမှာတစ်ဆင့်စကားဖြင့် လာကြသည်က များသည်။

"ဘာမှမထူးဘူး၊ဘာမှလည်းမတွေ့ပါဘူး၊ ထူးရင်ရအောင် လာစောင့်တာ" ဟု ရဲအရာရှိတစ်ဦးက စေတနာ့ဝန်ထမ်းအမျိုးသမီးတစ်ဦးကို ရှင်းပြနေသည်။

ရာချီသောလူထုတွင်တစ်ဆင့်စကားဖြင့်စိတ်ဝင်စား၍လာကြည့်သူများကလည်း တစ်ပုံတစ်ပင်၊ ဆိုက်ကယ်နှင့် တစ်မျိုး၊ ကားဖြင့် တစ်ဖုံ။ အချို့ဆိုလျှင် ကားစီးလုံးငှားပင်လာကြသည်။

အွန်လိုင်း သတင်းစာမျက်နှာများပေါ်တွင် သတင်းအမျိုးမျိုးထွက်နေသော်လည်း တကယ့်မြေပြင်တွင်မထူးသောအခါ မကြာမီတွင်ပင်အားလုံးလူစုခွဲတော့သည်။ တော်တော်များများယာဉ်တွေပြန်ကုန်သည်။

ထားဝယ်အငူစွန်းရှိ ရှင်ကိုးရှင်သမိုင်းဝင် မြတ်ရှင်မော် ဘုရားသို့ရောက်သောအခါ ဂေါပကအဖွဲ့ခေါင်းဆောင်နှင့် တွေ့မေးမြန်းခွင့်ရခဲ့သည်။

သူ့အဆိုအရ လေယာဉ်ပျောက်သွားသည်ဆိုသောအချိန်က ထိုနားရှိ ပင်လယ်တစ်ကြောတွင်ရာသီဥတုအတော်ဆိုးနေသည်။

"အဲဒီ(လေယာဉ်ပျက်ကျတယ်ဆိုတဲ့) ၂ နာရီခွဲ၊ ၃ နာရီအချိန်က ဒီနားမှာ မိုးတစ်အားရွာ၊လေတအားတိုက်နေတာ" ဟု ဂေါပကအဖွဲ့ဥက္ကဋ္ဌက ဆိုသည်။

ပျက်ကျသည့်တိုင် လေယာဉ်ကိုမြင်ဖို့ မလွယ်သလို၊ အသံလည်းကြားဖို့ မလွယ်ကြောင်းသူက ဆက်ပြောသည်။

"ဒီနေ့ရွာကငါးဖမ်းလှေတွေတောင် မထွက်ဘူး"

သူမှာ ထိုနားတစ်ဝိုက် လေယာဉ်ပျောက်ဆုံးသွားကြောင်း သတင်းထွက်ပြီးကတည်းက အဖွဲ့ပေါင်းစုံ၊ လူပေါင်းစုံ၏ တယ်လီဖုန်းဆက်မေးမြန်းမှုကို ထိုင်ဖြေနေရသူဖြစ်သည်။

သူနှင့် စကားပြောချိန်တွင်တော့ ည ၁၀ နာရီခွဲလုလု၊ တယ်လီဖုန်းလည်း များစွာမလာတော့။

မြင်းခွာအော်တွင်တော့နောက်ထပ် တပ်မတော်သားတစ်စု စခန်းချသည်၊ သူတို့အကြီးအကဲက မနက်ဖြန်အတွက် အားမွေးထားကြရန် လောဆော်ရင်းယခု ညဟင်းမှာ ကြက်သားကာလသားဟင်းဖြစ်ကြောင်း သတင်းပေးနေသည်။

"မင်းတို့ တစ်ယောက်တစ်တုံးစီတော့ ဝေစုရမှာပေါ့"

လက်ရာရှင်ကမြင်းခွာအော်ကမ်းခြေက တစ်ခုတည်းသော စားသောက်ဆိုင်ပိုင်ရှင်၏ ကတော်။

လေယာဉ်ပျောက်ရှာပုံတော်ပထမနေ့ကား ထိုသို့အဆုံးသတ်သွားလေသည်။

မနက်ဖြန်အတွက် ရှာဖို့၊ ဖွေဖို့ အသင့်ပြင်ရင်း အားလုံး ပြန်နားကြသည်။

### (၂)
### ဇွန်လ ၈ ရက်၊ ၂၀၁၇ ခုနှစ်၊ ဒုတိယနေ့။

သတင်းထောက်များနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့မှာ နံနက်စောစော တီဇစ်ကမ်းခြေတွင်သွားစောင့်နေကြသည်။ တီဇစ်ကမ်းခြေမှာ လောင်းလုံးမြို့နှင့်နီးသည်။ ထားဝယ်မှ ဆိုလျှင် ၁၆ မိုင်ခန့်ရှိမည်။

ယမန်နေ့က သွားစောင့်ကြသည့် မြင်းခွာအော်ထက်တော့ များစွာနီးသည်။

သို့သော် နံနက် ၉ နာရီခန့်တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက သတင်းတက်လာသည်။

လေယာဉ်အစိတ်အပိုင်းများ တွေ့ပြီဟူ၏။

တွေ့သည့်နေရာမှာ ကျောက်နီမော်ကျေးရွာ၏အနောက်ဘက် ၂၂ မိုင်အကွာ။ ကျောက်နီမော်ရွာမှာ မြင်းခွာအော်ထက်တော့ နီးသည်။

ထိုသို့ဖြင့် အုပ်ချုပ်ရေးအဖွဲ့များ၊ ဒါဇင်ပေါင်းများစွာသောလူနာတင်ယာဉ်များ၊ စေတနာ့ဝန်ထမ်းများ ကျောက်နီမော်ရွာသို့ ချီတက်ကြပြန်သည်။ ကျောက်နီမော်မှာ သာမန်ကားမောင်းနှုန်းဖြင့် ဆိုပါက နှစ်နာရီခန့်သွားရသည်။

သို့သော် မနက် ၁၁ နာရီခန့်တွင် သတင်းရောက်လာပြန်သည်။

တွေ့ရှိပစ္စည်းနှင့်အလောင်းများကို တကယ်လာသယ်မည့်နေရာမှာ စမ်းလှမ်းကမ်းခြေ။ စမ်းလှမ်းမှာ လောင်းလုံးမြို့နှင့်ကပ်နေသည်။ သို့သော်တောင်ကျော်လမ်း အနည်းငယ်ဆိုးသဖြင့် လောင်းလုံးမှ နာရီဝက်ခရီးခန့်သွားရသည်။

သို့ဖြင့် လူနာတင်ယာဉ်နှင့် အရေးပေါ်ကယ်ဆယ်ရေးယာဉ်များမှာ ဥသြသံတစီစီဖြင့် စမ်းလှမ်းကမ်းခြေသို့ ခရီးဆက်ကြပြန်သည်။

စမ်းလှမ်းက တကယ်တော့ ရွာခပ်သေးသေး၊ လမ်းကျဉ်းကျဉ်း။ ငါးလုပ်ငန်းဖြင့် အဓိကအသက်မွေးသည်၊ ကမ်းခြေဆင်းရန် ငါးသယ်ယာဉ်များအတွက် ခပ်ကျဉ်းကျဉ်းလမ်းတစ်ခုသာ ရှိသည်။

သာမန်လူစီးယာဉ်များကမ်းခြေအထိ မဆင်းဘဲ ရွာဘုန်းကြီးကျောင်းဝင်းအတွင်း ထားရန် ရွာသားအချို့က လောဆော်နေသည်။

နာရေးယာဉ်၊ အရေးပေါ်လူနာတင်ယာဉ်တို့က ရွာအစွန်ရှိ ဆိပ်ကမ်းဘောတံတားအနီးတန်းစီရပ်ထားသည်၊ ဆိပ်ကမ်းဘောတံတားမှာ များစွာမကြီးလှ၊ အဓိကအားဖြင့် ဝါးလတ်ကမ်းဝေးလှေများ ရေခဲတင်ရန်၊ ငါးချရန် သုံးသော ဆိပ်ကမ်းငယ်

စာမျက်နှာ ၃၇ သို့


Info graphic(DaweiWatch)

တစ်ခု ဖြစ်သည်။

ကနဦးသတင်းအရ ဆိပ်ကမ်းဆီအလောင်းလာပို့မည်။ ထိုမှတစ်ဆင့်လူနာတင်ယာဉ်များက အလောင်းသယ်ကာစမ်းလှမ်းရွာတစ်ဖက်ခြမ်း ဘောလုံးကွင်းသို့ပို့မည်။ ထိုမှ တစ်ဆင့် ရဟတ်ယာဉ်ဖြင့်ထားဝယ်မြို့သို့ ပို့မည်။

လေယာဉ်ပျောက်သည့် သတင်းသေချာသည့် ယမန်နေ့ကတည်းက ဟိုကမ်းခြေပြေး၊ ဒီကမ်းခြေလာဖြင့်ထားဝယ်ကျွန်းဆွယ် ကားလမ်းမတစ်လျှောက်လုံး ဉသြဆွဲ အလုပ်များခဲ့ကြသော ယာဉ်များအတွက် နောက်ဆုံးအခြေစိုက်ရာမှာ စမ်းလှမ်းကမ်းခြေဖြစ်သွားပြီ။

"မနက်ကတည်းက ဟိုပြေးလိုက်၊ ဒီပြေးလိုက်နဲ့နောက်ဆုံးဒီမှာ သောင်တင်သွားတော့တာပဲ"ဟု လိမ္မော်ရောင်ကယ်ဆယ်ရေးအင်္ကျီဝတ်အမျိုးသားတစ်ဦးက ပြောလိုက်သည်။

ဤသို့ဖြင့် သတင်းထောက်များက ထိုအခြေအနေကို သတင်းတင်ဆက်ကြတော့သည်။

သို့သော် ဆယ်ယူရရှိထားသည့် အလောင်းမည်မျှကို ကမ်းသို့ မည်သည့်အချိန်ပို့မည်ကိုမည်သူမျှသေချာမပြောနိုင်။ ရဲတပ်ဖွဲ့အကြီးအကဲများကလည်း တပ်ကဦးစီးသဖြင့် သူတို့သေချာမသိဟုဆိုသည်။ တပ်အရာရှိများကလည်းမဖြေ။ သူတို့လည်းအလုပ်ရှုပ်နေသည်။

စမ်းလှမ်းရွာသူရွာသားများ၏ စေတနာကလည်းအငြိမ်မနေ။ လာရောက်သော ပရိသတ်၊ စေတနာ့ဝန်ထမ်းများ၊ တပ်မတော်သားများ စသည့်အားလုံးကို ရေသန့်ဘူး၊ မုန့်၊ ကွမ်းတို့ဖြင့် လိုက်လံ ဧည့်ခံတော့သည်။

အချိန်လင့်လာသောအခါ ထမင်းအိုးကြီးပင်ချက်၍ ထမင်းထုပ်လိုက်ဝေသေးသည်။ ဟင်းကချဉ်ရည်ဟင်းနှင့် လူကြီးလက်နှစ်လုံးအရွယ် ငါးကလေးတစ်ကောင်။

နေ့လယ် ၂ နာရီခွဲခန့် ရှိလာသော အခါအလောင်းများသယ်လာမည့်နေရာမှာ ဆိပ်ကမ်းတံတားမဟုတ်တော့။ ကမ်းခြေဖြစ်လာသည်။

စမ်းလှမ်းကမ်းခြေငယ်တွင် သာမန်အားဖြင့် ဒေသခံတို့ ဘုတ်မလှေဟု ခေါ်သော ကမ်းနီးတစ်နိုင်ငါးဖမ်းလှေငယ်များ ဆိုက်ကပ်ထားလေ့ရှိသည်။

သို့သော်ထိုနေ့က လှေတစ်စီးတလေသာတွေ့ရသည်။

"လှိုင်းထန်လို့လှေတွေ ဒီနားထားလို့မရဘူး"ဟုဒေသခံငါးဖမ်းသမားတစ်ဦးက ရှင်းပြသည်။

မကြာပါ အလောင်းသယ်လာမည်ဆိုသော ကမ်းခြေငယ်တွင် လူစုစုဖြစ်လာသည်။ ကမ်းခြေသဲပြင်ပေါ်တင်နေသော ဘုတ်မလှေတစ်စီးကိုအောက်မှသစ်လုံးများခံ၍ တပ်မတော်သား၊ ဒေသခံတို့ အတူတူ ပင်လယ်အတွင်း တွန်းချတော့သည်။

သေချာပြီ၊ ထိုလှေငယ်ဖြင့်အလောင်းများ သွားသယ်မည်။ ပင်လယ်ပြင်အတွင်းတွင်တော့ဝါးလတ်ငါးဖမ်းလှေကြီးတစ်စင်း ကျောက်ချထားသည်။ ထိုလှေကြီးမှ ခပ်လှမ်းလှမ်းတွင်တော့တပ်မတော်ရေယာဉ်တစ်စင်းရပ်ထားသည်။

လှေငယ်မှာလှိုင်းထန်သောပင်လယ်ပြင်အတွင်း လူးလွန့်ကာထွက်သွားတော့သည်။

ကမ်းခြေငယ်တွင်တော့တပ်မတော်သားများကလမ်းရှင်းသည်။ ဘေးနှစ်ဖက်မှ ရာချီသော ပရိသတ်ကို ဖြူနီကြိုးဖြင့်စည်းထားလိုက်သည်။

ပင်လယ်အတွင်းရပ်ထားသော တပ်မတော်ရေယာဉ်မှအလောင်းများကို လှေငယ်ဖြင့်သယ်ပြီး ကမ်းပြန်ကပ်မည်။

တစ်မနက်လုံး တိတ်နေသောမိုးမှာ စရွာတော့သည်။ သူလည်းဝမ်းနည်းကြောင်းပြ ငိုချင်မည်ထင့်။ တစ်ခါခါ ခပ်ဖွဲဖွဲ၊ တစ်ခါခါသည်းသည်းမဲမဲ။ ပရိသတ်အချို့ အမိုးထဲဝင်ပြေးကြသည်။ တော်တော်များများမှာ မိုးကာ၊ ထီးရိပ်တို့ဖြင့် ဝီရိယကောင်းစွာ စောင့်နေဆဲ။

ညနေ ၃ နာရီ မိနစ် ၂၀ ခန့်တွင် လှေငယ်ကမ်းပြန်ကပ်လာသည်။ လူတွေလှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

သို့သော်မဟုတ်၊ အလောင်းပါမလာသေး။ ပစ္စည်းအချို့လာယူခြင်း ဖြစ်သည်။

ထိုသို့ လှေငယ်သုံးစီး အကြိမ်ကြိမ်လာကမ်းခြေလာကပ်လိုက်၊ လူတွေကလှုပ်လှုပ်ရှားရှားဖြစ်သွားလိုက်ဖြစ်လာသောအခါအချို့ပရိသတ်တွေကစိတ်မရှည်တော့။ အိမ်ပြန်မည်ပြောကြတော့သည်။

"လိုင်းပေါ်မှာ ကြည့်တာ ဒီထက်စုံတယ်၊ လိုင်းပေါ်ကပဲ စောင့်တော့မယ်"ဟုအသက်၄၀အရွယ်အမျိုးသမီးတစ်ဦးက ဆိုလိုက်သည်။ လိုင်းပေါ်ဆိုသည်မှာ ဒေသခံတို့ Facebook ကို ခေါ်သော အခေါ်အဝေါ်ဖြစ်သည်။

နောက်အမျိုးသားတစ်ဦးကလည်း အသံခပ်ကျယ်ကျယ်ထွက်လာသည်။

"ကြည့်လည်း ပလတ်စတစ်အိတ်ပဲမြင်ရမှာ"

ထိုသို့ဖြင့်တစ်ခေါက်တွင်တပ်မတော်သား ငါးဦးကိုလှေငယ်များ လာတင်သွားသည်။ ထိုနောက်များမကြာမီ ပြန်ကပ်လာသည်။ လူတွေက ထင်လိုက်သည် ဒီတစ်ကြိမ်တော့ဖြစ်ရင် သေချာပြီ။ ကမ်းခြေပေါ်မှ အရာရှိတို့ကလည်း ခရာတွတ်လမ်းရှင်းသည်။ သို့သော်လှေက ကမ်းခြေမကပ်မှ လှေပေါ်ပါသူများက လက်ခါပြသည်။ မပါသေး။

"ဒီအချိန်လှေက သင်္ဘောကိုကပ်ဖို့တောင် မလွယ်လောက်ဘူး၊ လှိုင်းအရမ်းကြမ်းနေတာ"ဟု ဒေသခံ ရေလုပ်သားတစ်ဦးက ပြောလိုက်သည်။

မှန်သည်။ လှေငယ်မှ တပ်မတော်တစ်ဦးကလည်း ကမ်းခြေမှအရာရှိကိုထိုသို့ တင်ပြလိုက်သည်။ ခက်ပြီ။

သို့သော်မကြာပါ။ လှေငယ်ပင်လယ်တွင်း ထပ်ထွက်သွားပြန်သည်။

ထိုသို့ဖြင့် နေ့လယ် ၂ နာရီခွဲခန့်ကတည်းကပြင်ဆင်လာခဲ့သောအလောင်းသယ်ရေး အစီအစဉ်သည် ညနေ ၄ နာရီ ၁၅ မိနစ်ခန့်တွင် အောင်သွားတော့သည်။

ထိုအချိန်မှ ညနေ ၅ နာရီအထိ ပလတ်စတစ် အဖြူ၊ အနက်၊ အစိမ်း၊ အပြာတို့ဖြင့် ထုပ်ထားသော အထုပ်သုံးဆယ်ကျော် ကမ်းသို့ပို့လိုက်နိုင်သည်။

မူလက တစ်ဦးနှင့်တစ်ဦး တွတ်ထိုးနေသော လူအုပ်စုကြီးမှာ လှိုင်းသံအကြား ငြိမ်ကျသွားသည်။ စကားပြောသည့်တိုင်ခပ်တိုးတိုး။ အချို့မှာ ပါးစပ်နှင့် နှာခေါင်းကို လက်ဖြင့် အုပ်လျက်။ တွေတွေငေးငေးဖြစ်နေသည်။

ပလတ်စတစ် အဖြူအထုပ်မှာ အများဆုံး၊ အထုပ်များတွင်လည်း နံပါတ်များ တပ်ထားသည်။ နံပါတ်တွေကိုတော့ သေချာမမြင်ရ။

ပရိသတ်များစိတ်ဝင်စားသည်မှာ အထုပ်တော်တော်များများမှာ လူတစ်ဦး၏ အလောင်းသဏ္ဌာန်မဟုတ်ခြင်းဖြစ်သည်။ သုံးလေးခုစသာ လူတစ်ဦး၏ပုံစံတွေ့သည်။

လူတစ်ဦးသဏ္ဌာန်ရှိသော အထုပ်များမှာ တစ်ထုပ်တစ်ထမ်းစင်ဖြစ်သည်။ အချို့အခေါက်များတွင် ထမ်းစင်ပေါ် သုံးထုပ်အထိတင်သည်။ အထုပ်ပုံစံများမှာ အသားတုံးလိုလို၊ အသားစလိုလို အထုပ်များလည်း ရှိသည်။

ထိုအခါ လူအများမှာ ထိုအထုပ်များမှာ အလောင်းများ တစ်ကိုယ်လုံး မပါလာသော အထုပ်များဖြစ်ကြောင်း ကောက်ချက်ဆွဲတော့သည်။ ကနဦးကတည်းက တပ်မတော်နှင့်အတူ ဝိုင်းဝန်းရှာဖွေနေသော ကမ်းဝေးငါးဖမ်းလှေများထံမှရရှိထားသော သတင်းအရ အချို့ရုပ်အလောင်းများမှာ အပိုင်းပိုင်းပြတ်နေသည်ဟုသတင်းများထွက်နေပြီးသား။

အထုပ်များကို လူနာတင်ယာဉ်၊ အရေးပေါ်ကယ်ယာဉ်တို့တွင် မတင်။ အသင့်ဆိုက်ထားသော စစ်ကားနှစ်စီးပေါ် တင်လိုက်သည်။

ထိုသို့ဖြင့် စာရင်းထွက်လာသည်။ အထုပ်စုစုပေါင်း ၃၁ ထုပ်၊ အလောင်း ၂၉ ထုပ်၊ ပစ္စည်းထုပ် နှစ်ထုပ်။ ထမ်းစင်သယ်ရသည့် အခေါက်က ၂၀ ခန့်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး Facebook စာမျက်နှာကလည်း အလောင်းအရေအတွက်ကို ထိုအတိုင်း သတင်းထုတ်ပြန်သည်။ အမျိုးသား ရုပ်အလောင်း တစ်လောင်း၊ အမျိုးသမီးရုပ်အလောင်း ၂၀ လောင်း၊ ကလေးရုပ်အလောင်း ရှစ်လောင်း စုစုပေါင်း ရုပ်အလောင်း ၂၉ လောင်းအား ရှာဖွေတွေ့ရှိခဲ့ကြောင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထူးခြားသည်မှာတွေ့ရှိရုပ်အလောင်းများတွင် အမျိုးသား ရုပ်အလောင်းတစ်ဦးသာပါရှိခြင်း ဖြစ်သည်။

များမကြာပါ လေယာဉ်ဘီးနှစ်ဘီး ထပ်ပို့လာသည်။

လှေငယ်သုံးစီးက စုစုပေါင်း လေးခေါက်ဖြင့် ပို့ပြီးနောက် ညနေ ၅ နာရီထိုးပြီ၊ စစ်ကားတွေလည်းထွက်သွားပြီ၊ သူတို့ဦးတည်ရာမှာ ထားဝယ်မြို့က တပ်မတော် ဆေးရုံ။

လေးငါးဆယ်သော လူနာတင်ယာဉ်များကို မသုံးတော့။

ထိုသို့ဖြင့် လူနာတင်ယာဉ်များလည်း ဥသြသံဖျောက်ကာ တပ်ခေါက်ပြန်တော့သည်။ ရဲတပ်ဖွဲ့ဝင်အချို့က အလောင်းသယ်လမ်းကြောင်းအတွက် ပရိသတ်များကို တားထားသော ဖြူနီကြိုးစည်းများကို ဖြုတ်သိမ်းနေသည်။

အလောင်းသယ်လှေငယ်များလည်း သူတို့ လှေရပ်နားသည့် နေရာပြန်နေပြီ။

ရွာထဲတွင် အလောင်းနှင့် အထုပ်စာရင်းယူပြီးနောက် ကမ်းခြေဆင်းလာသောအခါ လှေငယ်တွင် အကူလိုက်ခဲ့သူ နှစ်ဦးသုံးဦးဖြင့် တိုးသည်။

"သင်္ဘောမှာ လှေကပ်လို့မရတော့ အပေါ်ကနေ ကြိုးနဲ့ဆွဲပြီး လှေထဲချရတယ်"ဟုၚင်းတို့ထဲမှတစ်ဦးကရှင်းပြသည်။

"အပိုင်းတွေပါတယ်"ဟု ရုပ်အလောင်းများကို ၎င်းက ရည်ညွှန်းပြောဆိုသည်။

ထိုသို့ဖြင့် ဒုတိယနေ့ လေယာဉ်ပျက်ရှာအစီအစဉ်ကား ပြီးလေပြီ။

မနက်ဖြန်မည်သို့စမည် မသိသေး။

လေယာဉ်ပျက်ကျရသည့်အကြောင်းရင်းကိုလည်း မသိသေး။

ကာကွယ်ရေးဦးစီးချုပ်ရုံး၏ ထုတ်ပြန်ချက်ကိုသာ စောင့်ပါရန်တနင်္သာရီတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ဇေယျက The Voice သို့ ပြောကြားသည်။

ထားဝယ်မြို့ တပ်မတော်ဆေးရုံသို့ရောက်နေသော အလောင်းများကို စစ်ဆေးနေပြီဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက သတင်းထုတ်သည်။

"အသေးစိတ်ကိုတော့စစ်ဆေးပြီးမှ ထုတ်ပြန်သွားမယ်။ လေယာဉ်မတွေ့သေးတော့ ဘာမှမသိရသေးပါဘူးလေ"ဟု ဗိုလ်မှူးကြီး ကျော်ဇေယျက ဆိုလေသည်။

(၃)

တကယ်တော့ စမ်းလှမ်းကမ်းခြေဆိုသည်မှာ ထားဝယ်ကျွန်းပတ် အလည်ခရီးသွားတို့အတွက် တာထွက်နေရာဖြစ်သည်။

လေယာဉ်ပျက်ကျမှုကြောင့် ရုပ်အလောင်းများတွေ့ရှိရာ အနီးရှိပဲ့စင်ကျွန်း၊ လောင်းလုံးဘုတ်ကျွန်းတို့မှာ ကျွန်းပတ်ခရီးစဉ်များ စတင်ရာနေရာ ဖြစ်သည်။

ယခုတော့ ထားဝယ်ကျွန်းဆွယ်မှ ကမ်းခြေများ၊ ကျွန်းများက မမျှော်လင့်သော ညှော်သည်များကိုပူဆွေးစွာ ညှော်ခံနေရသည်။

မြန်မာ့သမိုင်းဝင်မည့် ဖြစ်ရပ်ဆိုးလူ ၁၂၀ ကျော်ပါလေယာဉ်ပျက်ကျမှုကြီး၏ ဌာနဖြစ်လာရတော့သည်။ ■

**ခွန်းသု**

**ဇွန်လ ၈ ရက်၊ ၂၀၁၇၊**

**ထားဝယ်မြို့**

## လူသေဆုံးခဲ့သည့် စစ်ဘက်အရပ်ဘက် လေယာဉ်ထိခိုက်မှုမှတ်တမ်းအချို့

- Air Bagan လေကြောင်းလိုင်းမှ ဖော်ကာအမျိုးအစား ခရီးသည်တင်လေယာဉ်တစ်စင်းသည် ၂၀၁၂ ခုနှစ်အတွင်း ရန်ကုန်-ဟဲဟိုးခရီးစဉ် ပျံသန်းရာ ဟဲဟိုးလေဆိပ်သို့အဆင်း ပြေးလမ်းလွဲချော်ဆင်းသက်ခဲ့ပြီး ခရီးသည်တစ်ဦး၊ လမ်းမထက်မှ မော်တော်ဆိုင်ကယ် စီးနင်းသူတစ်ဦး ထိခိုက်သေဆုံးခဲ့သည်။
- တပ်မတော်(လေ) မှ MI-35 အမျိုးအစား ရဟတ်ယာဉ်တစ်စင်းသည် ၂၀၁၃ ခုနှစ်တွင် ကချင်ပြည်နယ်အတွင်း ပျက်ကျခဲ့ပြီး အရာရှိစစ်သည် သုံးဦးသေဆုံးခဲ့သည်။ အချို့သတင်းများတွင် နှစ်ဦးဟုဆိုသည်။
- တပ်မတော်(လေ) မှ Beach အမျိုးအစား လေယာဉ်ငယ်တစ်စင်းသည် နေပြည်တော်လေဆိပ် အနီးတွင် ၂၀၁၆ ခုနှစ်က ပျက်ကျခဲ့ရာ အရာရှိစစ်သည်ငါးဦး သေဆုံးခဲ့သည်။
- တပ်မတော်(လေ) မှ MI-2 ရဟတ်ယာဉ်တစ်စင်းသည် ၂၀၁၆ ခုနှစ်အတွင်း မိတ္ထီလာမှ မြိတ်သို့ ပျံသန်းစဉ် ဒိုက်ဦးမြို့နယ်အတွင်းရှိ လျှိုတစ်ခုအတွင်းသို့ပျက်ကျခဲ့ပြီး အရာရှိစစ်သည်သုံးဦး သေဆုံးခဲ့သည်။ ■

# Y-8 အကြောင်း တစေ့တစောင်း

**နော်ကိုကို**

**တပ်မတော် (လေ) မှ သယ်ယူပို့ဆောင်ရေးလေယာဉ်ဖြစ်သည့် Y-8 အမျိုးအစား လေယာဉ်အမှတ် ၅၈၂၀ သည် မြိတ်လေတပ်စခန်းဌာနချုပ်မှ ရန်ကုန်မြို့သို့ ပျံသန်းလာစဉ် ထားဝယ်မြို့အနီး ပင်လယ်ပြင်၌ ပျက်ကျခဲ့ရာ လူဦးရေရာချီ ထိခိုက်သေဆုံးခဲ့ပါသည်။**


ဓာတ်ပုံ-မြင့်မိုးညို

တရုတ်နိုင်ငံမှ ထုတ်လုပ်သော ယင်းလေယာဉ် ပျက်ကျအပြီးနောက် လေယာဉ်၏ ထုတ်လုပ်သည့်နိုင်ငံနှင့် စွမ်းဆောင်ရည်အပေါ် ဝိုင်းဝန်းမေးခွန်းထုတ်သူများ ပေါ်ထွက်လာသည်။ Y-8 လေယာဉ်များကို တရုတ်နိုင်ငံက ၁၉၇၄ ခုနှစ်တွင် စတင်ထုတ်လုပ်ခဲ့သည်။

မြန်မာ့တပ်မတော် (လေ) တွင် Y-8 လေယာဉ် ရှစ်စင်းတိတိရှိပြီး ယင်းတို့အနက်မှ လေးစင်းမှာ သက်တမ်း ၂၅ နှစ်ဝန်းကျင်ရှိပြီဖြစ်သည်၊ အလတ်စား သယ်ယူပို့ဆောင်ရေး လေယာဉ်ဖြစ်၍ ခရီးသည်ပို့ဆောင်ခြင်း၊ လူနာသယ်ဆောင်ခြင်း၊ တပ်ဖွဲ့များရွှေ့ပြောင်းခြင်း၊ ကုန်ပစ္စည်းသယ်ယူပို့ဆောင်ခြင်း၊ ပင်လယ်ပြင်ရှာဖွေကယ်ဆယ်ရေးနှင့် ကင်းထောက်တာဝန်များကို အဓိကဆောင်ရွက်ရသည်။

ယခုပျက်ကျခဲ့သည့် လေယာဉ်မှာ ၂၀၁၆ ခုနှစ် မတ်လတွင် တရုတ်နိုင်ငံမှ တစ်ဆင့် မင်္ဂလာဒုံလေဆိပ်သို့ ရောက်ရှိကာ စတင်အသုံးပြုခဲ့သည်။ လေ့ကျင့်ပျံသန်းမှုများ ပြုလုပ်ပြီးနောက် ၂၀၁၆ ခုနှစ် ဩဂုတ်လ ၂၂ ရက်နေ့တွင် မိတ္ထီလာ လေတပ်စခန်းဌာနချုပ်တွင် တပ်တော်ဝင် အခမ်းအနားကျင်းပ၍ တပ်တော်ဝင်ခဲ့သည့် လေယာဉ်ဖြစ်သည်။

တပ်မတော် (လေ) တွင် တရားဝင် တပ်တော်ဝင်၍ တာဝန်များထမ်းဆောင်သည်မှာ တစ်နှစ်ပင်မပြည့်သေးပါ။ တပ်မ

**အချပ်ပို C သို့**








## TRADEMARK CAUTION

Pro Dairy International B.V. a company incorporated in The Netherlands at Dr. van Deenweg 44, 8025 BB Zwolle, The Netherlands is the Owner and Sole Proprietor of the following Trademark:-



Reg : No.4/3492/2002, Reg : No.4/7213/2014

In respect of : "Dairy products, milk and milk products, milk powder, cheese".

Any fraudulent imitation, passing off or unauthorized use or other infringements of the said Trademark shall be dealt with according to law.

U Myint Lwin, Advocate
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint-ip-law@myanmar.com.mm
myint.advocate@mptmail.net.mm
www.mipadvocate.com

U MYINT LWIN LAW OFFICE
No. 162, 1st Floor, 35th Street
Kyauktada Township, Yangon,
Myanmar.,P.O.Box : 1126
PH : 95 1 371 990, 95 1 372 712
Fax : 95 1 371 990

12 June 2017

အချပ်ပို B | Y-8 အကြောင်း တစေ့တစောင်း မှအဆက် ...

တော်က တရားဝင်ထုတ်ပြန်သည့်မှတ်တမ်းများအရ လေ့ကျင့်ပျံသန်းချိန်အပါအဝင် စုစုပေါင်း ပျံသန်းချိန် ၈၀၉ နာရီ ရှိပြီဖြစ်သည်။


ဓာတ်ပုံ–မြင့်မိုးညို

Y-8 တွင် လေယာဉ်မော်ဒယ်လ် အမျိုးအစား အများအပြားရှိပြီး နောက်ဆုံးရောက်ရှိသည့် လေယာဉ်နှစ်စင်းမှာ Y-8 200 F အမျိုးအစားဖြစ်ကာ အင်ဂျင်လေးလုံးတပ်ဖြစ်သည်။ လေယာဉ်အမှတ် ၅၈၁၉၊ ၅၈၂၀ ဟူ၍ အသီးသီးတပ်တော်ဝင်ခဲ့ကြခြင်းဖြစ်သည်။ တပ်တော်ဝင်အခမ်းအနားသို့ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကိုယ်တိုင်တက်ရောက်ခဲ့သည်။

နိုင်ငံတကာ ကာကွယ်ရေးဆိုင်ရာ အချက်အလက်များအရ Y-8 လေယာဉ်မှာ ခရီးသည် ၈၈ ဦး၊ ကုန်တန်ချိန် ၂၀ အထိ တင်ဆောင်ကာ ခုနစ်နာရီကျော်ဆက်တိုက်ပျံသန်းနိုင်စွမ်းရှိသည်။ ယင်းလေယာဉ်၏ မူလမှာ ဆိုဗီယက်ပြည်ထောင်စုထုတ် Antonov An-12 ဖြစ်သည်။

တရုတ်နိုင်ငံက An-12 လေယာဉ်ကို ဆိုဗီယက်ထံမှဝယ်ယူ၍ ၎င်းတို့ပြည်တွင်း၌ ဒီဇိုင်းပုံတူယူကာ တပ်ဆင်ထုတ်လုပ်အပြီး လေယာဉ်၏ စွမ်းဆောင်ရည်များကို အဆင့်ဆင့်မြှင့်တင် ထုတ်လုပ်ခဲ့သည်။ မြန်မာနိုင်ငံအပြင် တရုတ်၊ ပါကစ္စတန်၊ ဆူဒန်၊ တန်ဇန်းနီးယား၊ ဗင်နီဇွဲလားနိုင်ငံတို့တွင် အသုံးပြုလျက်ရှိသည်။

မှတ်တမ်းများအရ ၂၀၁၀ ပြည့်နှစ်အထိ Y-8 အမျိုးအစား လေယာဉ်ပေါင်း ၁၆၀ ကျော် ထုတ်လုပ်ခဲ့သည်။

နှစ်ပေါင်း သုံးဆယ်ဝန်းကျင်ခန့် သက်တမ်းရှိလာပြီဖြစ်သော Y-8 လေယာဉ်များ၏ နိုင်ငံတကာ မတော်တဆမှုမှတ်တမ်းများတွင် သီရိလင်္ကာ၌သုံးစင်း၊ တရုတ်နိုင်ငံ၌ တစ်စင်းအပျက်အစီးရှိခဲ့သည်။ သီရိလင်္ကာ၌ ထိခိုက်ပျက်စီးခြင်းမှာ ပြည်တွင်းစစ်အတွင်း ဗုံးများသယ်ယူကြဲချချိန် သူပုန်များ ပစ်ချခံခဲ့ရသည်ဟု ဆိုကြသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ၂၀၀၆ ခုနှစ်က Y-8 အုပ်စုဝင် KJ-200 တရုတ်လေတပ် သယ်ယူပို့ဆောင်ရေး လေယာဉ်ပျက်ကျခဲ့ရာ လေယာဉ်ပေါ်ပါ ခရီးသည်အားလုံး သေဆုံးခဲ့သည်။ စုစုပေါင်း လူဦးရေ ၄၀ ဝန်းကျင်ရှိပြီး တရုတ်လေတပ်သမိုင်းတစ်လျှောက် အဆိုးရွားဆုံး လေယာဉ်မတော်တဆမှုလည်းဖြစ်သည်။ ရာသီဥတုဆိုးရွားသဖြင့် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း တရုတ်လေတပ်က နောက်ပိုင်းတွင် ထုတ်ပြန်ခဲ့သည်။

မြန်မာ့တပ်မတော်(လေ)တွင် Y-8 လေယာဉ်များကို နှစ်ကာလရှည်ကြာစွာ အသုံးပြုခဲ့သည့် မှတ်တမ်းရှိပြီး ယခုဖြစ်စဉ်ကဲ့သို့ ထိခိုက်သေဆုံးမှုကြီးကြီးမားမားမရှိခဲ့ပါ။ စစ်ဆင်ရေး၊ သယ်ယူပို့ဆောင်ရေးနှင့် သဘာဝဘေးကူညီကယ်ဆယ်ရေးတာဝန်များကို Y-8 တို့ စွမ်းစွမ်းတမံထမ်းဆောင်ခဲ့ကြသည်။

သို့သော် မြန်မာ့မြေသို့ အသစ်ရောက်လာသည်မှာ တစ်နှစ်သားသာရှိသေးသော Y-8 အသစ်နှစ်စင်းမှ တစ်စင်းသည် အဖိုးတန်လူ့အသက်ပေါင်းများစွာကို ယင်းနှင့်အတူ ခေါ်ဆောင်သွားခဲ့ပြီဖြစ်သည်။ အရာရှိ/စစ်သည် အများအပြားပါဝင်နေသလို တပ်မတော်သား မိသားစုဝင်များ၊ ကလေးသူငယ်များ စုစုပေါင်း လူဦးရေ ၁၂၀ ဝန်းကျင်အထိ ထိခိုက်ပျက်စီးခဲ့ရသည်။

လေယာဉ်မတော်တဆမှု ဖြစ်စဉ်များတွင် လူ၊ စက်၊ ရာသီဥတု ဟူ၍ အဓိကအကြောင်းသုံးခုရှိရာ ယခုဖြစ်စဉ်မှာ မည်သည့်အတွက်ကြောင့် ဖြစ်ရသည်ကို စုံစမ်းစစ်ဆေးကြရဦးမည်ဖြစ်သည်။ Y-8 ပျက်ကျရသည့် အကြောင်းအရင်းကို သေချာစိစစ်လျှင် နောက်ထပ်ကျန်နေသည့် ညီနောင်လေယာဉ် ၅၈၁၉ အတွက် လုံခြုံရေးကို ထည့်သွင်းစဉ်းစားရန် တပ်မတော်သားအချို့က လိုလားလျက်ရှိသည်။

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်အဖြစ် တာဝန်ထမ်းဆောင်သည့် ၂၀၁၁ ခုနှစ်မှစ၍ တပ်မတော်(လေ)တွင် လေယာဉ်၊ ရဟတ်ယာဉ် စုစုပေါင်း ၆၀ ကျော် အသစ်ထပ်မံရောက်ရှိ တပ်တော်ဝင် အသုံးပြုလျက်ရှိသည်။

ယင်းကာလအတွင်း၌ပင်တပ်မတော်(လေ)မှ လေယာဉ်၊ ရဟတ်ယာဉ် မတော်တဆမှုအချို့ ငါးကြိမ်ခန့် ဖြစ်ပွားခဲ့ပြီး လေတပ်အရာရှိစစ်သည် ဆယ်ဂဏန်း ထိခိုက်သေဆုံးခဲ့ကြောင်း မှတ်တမ်းများက ဆိုသည်။ ■



The VOICE Saturday

Vol. 13 / No. 19 | Established in 2004 | ၁၃၇၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၁ ရက် (Saturday, June 10, 2017)

# ရန်ကုန်ရေမလျှံရန် ကမ္ဘာ့ဘဏ်ချေးငွေ ကန်ဒေါ်လာ သန်းတစ်ရာသုံး၍ ရေနုတ်မြောင်းများပြင်ဆင်မည်

**ရန်ကုန်၊ ဇွန် ၉**

ရန်ကုန်မြို့၌ မိုးတွင်းအခါ မကြာခဏကြုံတွေ့နေရသည့်ရေကြီးရေလျှံမှုကိုကန်ဒေါ်လာ သန်းတစ်ရာသုံး၍ ဖြေရှင်းမည်ဟု ဝန်ကြီးချုပ်ဦးဖြိုးမင်းသိန်းက ပြောကြားသည်။

ဇွန်လ ၉ ရက်နေ့က ပြုလုပ်သည့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏တစ်နှစ်တာလုပ်ငန်း ဆောင်ရွက်ချက်များကို မီဒီယာများသို့ အသိပေးရှင်းလင်းပွဲတွင် ဝန်ကြီးချုပ်က အထက်ပါအတိုင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့ဘဏ်ကချေးမည်ဟု သဘောတူညီမှုရရှိထားသည့်အမေရိကန်ဒေါ်လာ ၁၂၅ သန်းအနက် သန်း ၁၀၀ ကို ရန်ကုန်ရှိရေနုတ်မြောင်းများပြုပြင်ရန် သုံးစွဲမည်ဟု ဝန်ကြီးချုပ်ကဆိုသည်။

“လာမယ့်ပွင့်လင်းရာသီမှာ ရေကြီးရေလျှံဖြစ်နေတဲ့ မြောင်းတွေပြင်ဆင်နိုင်ဖို့ သန်းတစ်ရာသုံးမယ့် စီမံချက်

စာ 3

## မြန်မာလက်နက်ကိုင်အဖွဲ့များကို ထောက်ပံ့ခြင်းမရှိဟု ထိုင်းစစ်တပ်အကြီးအကဲပြော

စာ 13

## ကျပ်သုံးသိန်းအောက်ဝင်ငွေရှိသူများ တိုက်ခန်းပိုင်ခွင့်ရရန်စီစဉ်

စာ 3

## တရားသူကြီးကို ဖိနပ်ဖြင့် ပစ်ပေါက်သည့် ရှေ့နေကို အလုပ်နှင့်ထောင်ဒဏ် တစ်နှစ်ခွဲချ

စာ 2

## ပျက်ကျလေယာဉ်ပါ သေဆုံးသူအချို့၏ ရုပ်အလောင်းများ သင်္ဂြိုဟ်

စာ 12



EPA

## ၆၆(ဃ)အပါအဝင် ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်ရန် အစိုးရအဖွဲ့လုပ်ဆောင်နေဟုဆို

**ရန်ကုန်၊ ဇွန် ၉**

သတင်းမီဒီယာလွတ်လပ်ခွင့်အပြင် ပြည်သူများ၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ဟန့်တားသည့်နှယ်ရှိနေသည့် ပုဒ်မ ၆၆(ဃ) အပါအဝင် ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်ရန် လုပ်ဆောင်နေကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနထံမှ သိရသည်။

ဥပဒေတွင်ပါဝင်သည့် ပြစ်မှုနှင့် ပြစ်ဒဏ်အပါအဝင် အာမခံကိစ္စတို့နှင့် ပတ်သက်ပြီး ပြင်ဆင်နိုင်ရန်အတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ပေးပို့တင်ပြထားပြီး ရှေ့နေချုပ်ရုံး၏ သဘောထားမှတ်ချက်ကို ပြန်လည်စောင့်ဆိုင်းနေကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးဆွေက The Voice သို့ ပြောဆိုသည်။

စာ 3

## ‘ကျွန်’ ရုပ်ရှင်ဇာတ်ကား ပုဂံဒေသခံများကန့်ကွက်၊ အစိုးရခွင့်ပြုချက်ဖြင့်ရိုက်သည်ဟု ဒါရိုက်တာဆို

**မန္တလေး၊ ဇွန် ၉**




ဓာတ်ပုံ-မြတ်(ကလေး)

ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေတွင် နေထိုင်သည့် ဒေသခံများ၏ ဂုဏ်သိက္ခာကိုကျဆင်းစေသည်ဟုဆိုသော ‘ကျွန်’ ရုပ်ရှင်ဇာတ်ကားနှင့် သက်ဆိုင်သူများကို ကန့်ကွက်ကြောင်း တိုင်ကြားစာကို ဇွန်လ ၁၀ ရက်နေ့တွင် ရုပ်ရှင်အစည်းအရုံးထံ ပေးပို့မည်ဖြစ်ကြောင်း ညောင်ဦးမြို့အမှတ်(၅) ရပ်ကွက် အုပ်ချုပ်ရေးမှူးဦးစန်းမောင်က ပြောကြားသည်။

အဆိုပါဇာတ်ကားကို ရိုက်ကူးသည့် ဒါရိုက်တာ ညွှန့်မြန်မာညီညီအောင်ကမူ ‘ကျွန်’ ရုပ်ရှင်ဇာတ်လမ်းနှင့် အမည်ကို

စာ 3

# တရားသူကြီးကို ဖိနပ်ဖြင့်ပစ်ပေါက်သည့် ရှေ့နေကို အလုပ်နှင့်ထောင်ဒဏ် တစ်နှစ်ခွဲချ

**မန္တလေး၊ ဇွန် ၉**


ဓာတ်ပုံ-မောင်သန့်

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် တရားသူကြီးကိုဖိနပ်ဖြင့်ပစ်ပေါက်ခဲ့သည့်တရားလွှတ်တော်ရှေ့နေ ဦးဇော်ဝင်းကို ယင်းမြို့နယ်တရားရုံးက လေးနှစ်ကြာစစ်ဆေးနေသည့်အမှုဟောင်းဖြင့် အလုပ်နှင့် ထောင်ဒဏ် တစ်နှစ်ခွဲကျခံစေရန် ဇွန်လ ၉ ရက်နေ့ နံနက်အစောပိုင်းတွင် အမိန့်ချမှတ်ခဲ့ကြောင်း ယင်းတရားရုံးထံမှ သိရသည်။

၂၀၁၂ ခုနှစ် နိုဝင်ဘာလအတွင်းတွင် ဦးဇော်ဝင်းသည် ၎င်းအမှုလိုက်ပေးနေသည့် တောင်သူတစ်ဦးအတွက် ဆေးစာအတုများဖန်တီးကာ အာမခံလျှောက်ထားသဖြင့် ရာဇသတ်ကြီးဥပဒေပုဒ်မ ၄၆၈၊ ၄၇၁ နှင့် ၄၂၀ တို့ဖြင့် တရားစွဲဆိုခံရပြီး အာမခံရကြောင်း မတ္တရာမြို့နယ် တရားသူကြီး ဒေါ်ဝင်းဝင်းထိန်ကပြောကြားသည်။

ယင်းအနက် ပုဒ်မ ၄၆၈ နှင့် ၄၇၁ တို့အတွက် အပြီးသတ်လွှတ်ပေးခဲ့သော်လည်း ပုဒ်မ ၄၂၀ အမှုကိုမူ အလုပ်နှင့်ထောင်ဒဏ်ကျခံရန် ချမှတ်လိုက်ခြင်းဖြစ်ကြောင်း ၎င်းကပြောဆိုသည်။

ဦးဇော်ဝင်းသည် ဆေးစာအတုပြုလုပ်ကာ ၎င်းကိုရှေ့နေပါဝါပေးထားသည့် တောင်သူအတွက် အာမခံလျှောက်ထားခဲ့ရာ တရားရင်ဆိုင်နေရသည့်အမှုများအတွက် ရုံးချိန်းများစွာ တက်ရောက်ခဲ့ရသည်။

မေလ ၃၀ ရက်နေ့က တရားရုံးက ခေါ်ယူစစ်ဆေးချိန်တွင် ၎င်းကိုပေးထားသည့်အာမခံကို တရားရုံးက ရုပ်သိမ်းကြောင်း အမိန့်ချသဖြင့် တရားသူကြီးကို ဖိနပ်ဖြင့် ပစ်ပေါက်ခဲ့ရာ ရာဇသတ်ကြီးဥပဒေပုဒ်မသုံးခုဖြင့် ထပ်မံ အမှုဖွင့်ခံထားရသည်။

"ဖိနပ်နှင့်ပစ်ပေါက်တဲ့ကိစ္စကိုတော့ ကျွန်မကိုယ်တိုင် ဖြစ်တဲ့နေ့ကပဲ မတ္တရာမြို့မရဲစခန်းမှာ တရားလိုလုပ်ပြီး အမှုဖွင့်တိုင်ကြားထားပါတယ်။ ခုချိန်အထိတော့ တရားရုံးကို စွဲဆိုလာခြင်းမရှိသေးပါဘူး။ လာမယ့်တစ်ပတ်ထဲမှာတော့ တရားရုံးစွဲတင်လာမယ်လို့ ရဲတပ်ဖွဲ့ကပြောထားတာပါတယ်" ဟုဒေါ်ဝင်းဝင်းထိန်က ရှင်းပြသည်။

တရားစွဲဆိုခံထားရသည့်ဦးဇော်ဝင်းသည် စုစုပေါင်းချိန်းဆိုခဲ့သည့် ရုံးချိန်းများတွင် ၁၆ အကြိမ်အထိ ခွင့်ယူပျက်ကွက်ခဲ့သည့်အပြင် ခွင့်မဲ့ပျက်ကွက်မှုလည်း နှစ်ကြိမ်ရှိခဲ့သည့်အတွက် ပေးထားသည့် အာမခံကို ရုပ်သိမ်းခဲ့ခြင်းဖြစ်ကြောင်း ၎င်းကပြောဆိုသည်။

ယင်းကဲ့သို့ မြို့နယ်တရားသူကြီးအမှုစစ်ဆေးနေသည့် တရားခွင်တွင် တရားသူကြီးကိုဖိနပ်ဖြင့်ပစ်ပေါက်ခဲ့သဖြင့် ဦးဇော်ဝင်းကို မတ္တရာမြို့မရဲစခန်း၌ ရာဇသတ်ကြီးဥပဒေပုဒ်မ ၂၂၈၊ ၃၅၃၊ ၂၉၄ တို့ဖြင့် အမှုဖွင့်ထားသည်။

တိုင်းတရားရုံးက ပေးထားသည့် အာမခံကိုမြို့နယ်တရားရုံးက ရုပ်သိမ်းခြင်းဖြစ်ပြီး မြို့နယ်တရားသူကြီး၏ သဘောဆန္ဒဖြင့် အာမခံကို ပြန်လည်ရုပ်သိမ်း၍မရကြောင်း၊ ရုံးချိန်းပျက်ကွက်မှုအတွက် ခွင့်စာတင်ပြသည်ကို လက်မခံဘဲ အာမခံကို ရုပ်သိမ်းခဲ့ခြင်းဖြစ်ကြောင်း ရှေ့နေ ဦးဇော်ဝင်းက ပြောဆိုသည်။

"ဒါဟာ အဓမ္မလုပ်တာ။ ဒီအမှုဟာ ဥပဒေနဲ့မညီဘူး။ တရာမျှတမှု မရှိဘူးလို့ ပြောချင်တယ်" ဟု ၎င်းက ပြောဆိုခဲ့သည်။

၎င်းမှာ အဂတိလိုက်စားမှုကို တိုက်ဖျက်နေသူဖြစ်ပြီး တရားရုံးတွင် အဂတိလိုက်စားမှုကို ပြုလုပ်၍မရသဖြင့် အာမခံရုပ်သိမ်းကာ ထောင်ထဲသို့ ထည့်ခြင်းဖြစ်ကြောင်း ဦးဇော်ဝင်းက ပြောဆိုထားသည်။ ■

# တပ်မတော်လေယာဉ်ပျက်ကျမှု ပြည်ထောင်စုလွှတ်တော် ဝမ်းနည်းစကားဆို

**နေပြည်တော်၊ ဇွန် ၉**

တပ်မတော်(လေ) မှ သယ်ယူပို့ဆောင်ရေးလေယာဉ် Y-8 ပျက်ကျ၍ လေယာဉ်အမှုထမ်း အရာရှိစစ်သည်များနှင့် လိုက်ပါလာသော တပ်မတော်သားမိသားစုဝင်များ ထိခိုက်သေဆုံးမှုကို ပြည်ထောင်စုလွှတ်တော်က ဇွန်လ ၉ ရက်နေ့တွင် ဝမ်းနည်းစကားဆိုလိုက်သည်။

လေယာဉ်မတော်တဆ ဖြစ်စဉ်တွင် သေဆုံးသွားသူများနှင့် ပျောက်ဆုံးနေသူများ၏ မိသားစုဝင်များ၊ ဆွေမျိုးများ၊ မိတ်ဆွေသူငယ်ချင်းများနှင့်အတူ ထပ်တူထပ်မျှ ပူဆွေးဝမ်းနည်းကြေကွဲရပါကြောင်း ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကျော်စိုးလင်းက ပြည်ထောင်စုလွှတ်တော်သို့ အဆိုတင်သွင်းခဲ့သည်။

နေပြည်တော်တွင် ဇွန်လ ၉ ရက်နေ့က ကျင်းပသည့် အဆိုပါပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် လွှတ်တော်ကိုယ်စားလှယ်အားလုံး အစည်းအဝေးခန်းမတွင် နှစ်မိနစ်ငြိမ်သက်ကာ ဆုတောင်းမေတ္တာ ပို့သခဲ့ကြသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါဝင်တီ လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးလင်း၏ဝမ်းနည်းကြေကွဲကြောင်း အဆိုကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မြင့်က ထောက်ခံခဲ့ပြီး လွှတ်တော်က ကန့်ကွက်သူမရှိ အတည်ပြုခဲ့သည်။ ■

# ရန်ကုန်တိရစ္ဆာန်ဥယျာဉ်အနီးရှိ Morning Star စားသောက်ဆိုင်ကို အင်အားသုံးဖယ်ရှားမည်

**ရန်ကုန်၊ ဇွန် ၉**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် အထက်ပန်းဆိုးတန်းလမ်းနှင့် ဗိုလ်မင်းခေါင်လမ်းထောင့်ရှိ သစ်တောဦးစီးဌာနပိုင်မြေတွင် ငှားရမ်းထားသည့် Morning Star စားသောက်ဆိုင်ကို ဇွန်လ ၁၁ ရက်နေ့တွင် အင်အားသုံး ဖယ်ရှားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းမော်က ပြောကြားသည်။

Morning Star စားသောက်ဆိုင်ကိုဇွန်လ ၁၁ ရက်နေ့ နောက်ဆုံးထားဖယ်ရှားပေးရန် အကြောင်းကြားထားကြောင်း ၎င်းကဆိုသည်။

"အဲဟာကဘေးမှာ Rose Garden ဟိုတယ်ရှိတယ်လေ။ ကျွန်တော်တို့က အဲဒီနေရာကိုရပေမယ့် ကျွန်တော်တို့ဌာနသုံးမှာမဟုတ်ဘူး။ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနကို လွှဲပေးရမှာပါ" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

သစ်တောဦးစီးဌာနပိုင်မြေ သုညဒသမ ၄၁၄ ဧကတွင် Morning Star စားသောက်ဆိုင်ကို ၂၀၀၂ ခုနှစ်အောက်တိုဘာ ၁၆ ရက်မှ ၂၀၁၁ ခုနှစ်အောက်တိုဘာ ၃၁ ရက်အထိ နှစ်ချုပ်စာချုပ်ဖြင့် ငှားရမ်းခဲ့ပြီး ၂၀၁၁ ခုနှစ် နိုဝင်ဘာလ မှ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလ ကာလအတွင်း အချိန်မရွေးဖယ်ရှားနိုင်စေရန် စာချုပ်အသစ်မချုပ်ဆိုဘဲ တစ်လချင်းသာ ငှားရမ်းထားကြောင်း သစ်တောဦးစီးဌာနထံမှ သိရသည်။

"အဲဒီကိစ္စတွေကြားလို့ ကျွန်တော်နေပြည်တော်ကနေ ပြန်လာနေပါတယ်။ လမ်းမှာပါ။ ဟုတ်ပါတယ် ။ ၁၁ ရက်နေ့ နောက်ဆုံးဖယ်ပေးရမယ်လို့ ပြောတယ်" ဟု Morning Star စားသောက်ဆိုင် ပိုင်ရှင် ဦးကျော်စိုးမိုးက ပြောကြားသည်။

အဆိုပါမြေနေရာကို ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနထံ လွှဲပြောင်းရမည်ဖြစ်သောကြောင့် ၂၀၁၃ ခုနှစ်မတ်လမှစ၍ ဆိုင်ခန်းငှားရမ်းခမယူဘဲ လက်ရှိအချိန်အထိ ဖွင့်လှစ်ခွင့်ပြုခဲ့ကြောင်း သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသိန်းတိုးက ဆိုသည်။

၁၉၅၅ ခုနှစ် အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း)၊ အက်ဥပဒေပုဒ်မ(၈) အရ ဇွန်လ ၁၁ ရက်နေ့တွင်သစ်တောဦးစီးဌာန၊ မီးသတ်တပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များမှ ဖယ်ရှားသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး၊ သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းမော်က ပြောကြားသည်။

ယင်းဆိုင်နေရာမှ ဖယ်ရှားပေးရန် ၂၀၁၃ ခုနှစ်တွင် နှစ်ကြိမ်၊ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလပိုင်းတွင် တစ်ကြိမ် အသိပေးခဲ့ပြီး ယခုဇွန်လ ၁၁ ရက်နေ့တွင် ဖယ်ရှားရန် အသိပေးခြင်းသည်နောက်ဆုံးအကြိမ်ဖြစ်သည်။ ■

# တရားခံပြေးအောင်ဝင်းခိုင်အမှု မင်နီသက်သေများကို စတင်စစ်ဆေး

**ရန်ကုန်၊ ဇွန် ၉**

တရားလွှတ်တော်ရှေ့နေ ဦးကိုနီကို လုပ်ကြံရန်စေခိုင်းသူ အောင်ဝင်းခိုင် တရားခံပြေးအမှုမှ မင်နီသက်သေများကို ယနေ့စတင်စစ်ဆေးကြောင်း တရားလိုဘက်မှတရားလွှတ်တော်ရှေ့နေ ဦးနေလထံမှ သိရသည်။

ဥပဒေရုံးက တရားခံပြေးအမှုတွင် ပါဝင်သည့် မင်နီသက်သေခြောက်ဦးကို တရားရုံးထံတင်ပြထားကာ ဇွန်လ ၉ ရက်နေ့တွင် သက်သေတစ်ဦးကိုစတင်စစ်ဆေးခြင်းဖြစ်ပြီး ကျန်ရှိနေသည့်သက်သေများကို လာမည့်တစ်ပတ် တရားရုံးချိန်းတွင် ဆက်လက်စစ်ဆေးမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

မင်နီသက်သေဆိုသည်မှာက ဝရမ်းအတည်ပြုသူ၏ ရဲအရာရှိနှင့် အစိုးရဝန်ထမ်းသက်သေများကို စစ်ဆေးခြင်းဖြစ်သည့်အတွက် ယခင်ကစစ်ဆေးထားသည့် ရဲအရာရှိများကို ပြန်လည်စစ်ဆေးမည်ဖြစ်သည်။

ယင်းအမှုတွဲတွင်ပါဝင်သည့် အောင်ဝင်းခိုင်သည် တပ်မတော်၌ဒုတိယဗိုလ်မှူးကြီးအဆင့် တာဝန်ထမ်းဆောင်ခဲ့ဖူးသူဖြစ်ပြီး လက်ရှိချိန်အထိ တိမ်းရှောင်ထွက်ပြေးလွတ်မြောက်နေသည်။

စွပ်စွဲခံရသူများထဲမှ ကြည်လင်း၊ အောင်ဝင်းဇော်၊ အောင်ထွန်းထွန်း၊ ဇေယျာဖြိုးတို့ကို လူသတ်မှုရာဇသတ်ကြီးဥပဒေပုဒ်မ ၃၀၂၊ ပြစ်မှုမြောက်ရန် အကြံတစ်ခုကို ပူးပေါင်းကြံစည်ခြင်း ရာဇသတ်ကြီးပုဒ်မ ၃၄၊ ပြစ်မှုကျူးလွန်ကြောင်းသိလျက်နှင့် လက်ခံထားသူရာဇသတ်ကြီးပုဒ်မ ၂၁၂၊ လက်နက် ဥပဒေပုဒ်မ ၁၉(ဃ)၊ ၁၉ (စ) တို့ဖြင့် စွဲဆိုထားခြင်းဖြစ်သည်။

အဆိုပါအမှု နောက်ထပ်တရားရုံးချိန်းမှာ ဇွန်လ ၁၆ ရက်နေ့ဖြစ်ပြီး အင်းစိန်မြောက်ပိုင်းခရိုင်တရားရုံးတွင် စစ်ဆေးမည်ဖြစ်သည်။ ■

**မျက်နှာဖုံး – ‘ကျွန်’ ရုပ်ရှင်ဇာတ်ကား ပုဂံဒေသခံများကန့်ကွက်၊ အစိုးရ ခွင့်ပြုချက်ဖြင့် ရိုက်သည်ဟု ဒါရိုက်တာဆို မှအဆက်...**

ပြန်ကြားရေးဝန်ကြီးဌာန ခွင့်ပြုချက်ဖြင့် ရိုက်ကူးခြင်းဖြစ်ကြောင်း ပြောကြားသည်။

အမှတ် (၅) ရပ်ကွက်ရှိ မင်္ဂလာသာစည်ရပ်ကွက်ကို အခြေတည်၍ရိုက်ကူးထားသည့်ယင်းဇာတ်ကားမှာ လူတန်းစားခွဲထားမှုကို သရုပ်ဖော်ခြင်း၊ ဆင်းရဲနွမ်းပါးသော ဒေသခံအဖြစ် သရုပ်ဆောင်သည့်ဇာတ်ကောင်များ၏စရိုက်တွင် သမိုင်းတိကျမှုမရှိသော ဘုရားကျွန်နှင့်မျိုးရိုးများ၊ ဇာတ်နိမ့်ကျသူများ၊ နူနာရောဂါသည်များ၊ ဆင်းရဲနိမ့်ပါးသော အိမ်ဖော်များအဖြစ် ဒေသနေပြည်သူအချို့ကို သရုပ်ဖော်ခဲ့ခြင်းကြောင့်ဒေသခံတို့၏ ဂုဏ်သိက္ခာကျဆင်းစေခဲ့ကြောင်း ဦးစန်းမောင်က ပြောဆိုသည်။

ဇာတ်လမ်းကျောရိုးနှင့် အမည်ကို ပြန်ကြားရေးဝန်ကြီးဌာနကို ဦးစွာတင်ပြကာ ယင်းဌာန၏ ခွင့်ပြုချက်ဖြင့် ရုပ်ရှင်အစည်းအရုံးထံသို့ ရိုက်ကူးခွင့် တင်ပြရကြောင်း၊ အဆိုပါအစည်းအရုံးက ရိုက်ကူးခွင့်ပြုမှသာ ခရီးထွက်ရကြောင်း ဒါရိုက်တာ ညွှန့်မြန်မာညီညီအောင်ကဆိုသည်။

ယင်းအပြင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ) သို့ ထပ်မံအကြောင်းကြားရကာ ယင်းဌာနက ခွင့်ပြုချက်ရမှ ရိုက်ကူးရကြောင်း ၎င်းကပြောဆိုသည်။

“ပုဂံရှေးဟောင်းက နေပြည်တော်ယဉ်ကျေးမှုကို တင်ပြတယ်။ အဲဒီကခွင့်ပြုချက်နဲ့ ရိုက်တာပါ။ ရိုက်တာကလည်း လူ ၈၀ နီးပါးလောက်နဲ့ရိုက်တာ။ ခိုးကြောင်ခိုးဝှက်နဲ့ ရိုက်တာမဟုတ်ပါဘူး” ဟု ၎င်းက ပြောကြားသည်။

အဆိုပါ ကျွန်ဇာတ်ကားနှင့်ပတ်သက်၍ ဆင်ဆာအဖွဲ့ကို ပုဂံဒေသခံများက တိုင်ကြားခြင်းမရှိသေးကြောင်း၊ ယင်းဇာတ်ကားသည် ခွင့်ပြုချက်ဖြင့်ရိုက်ကူးခြင်းဖြစ်ကြောင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုပ်ရှင်ဆင်ဆာဌာနခွဲ ညွှန်ကြားရေးမှူး ဦးသိန်းနိုင်က ပြောကြားသည်။

ပုဂံဒေသသို့ ဒါရိုက်တာညွှန့်မြန်မာညီညီအောင်ရိုက်ကူးမည့် ‘အမှောင်တွေရှာချတဲ့ မိုးတိမ်’ ဇာတ်ကားကို ခွင့်ပြုချက်ပေးရန် ၂၀၁၅ ခုနှစ် ဇူလိုင်လ ၂ ရက်နေ့တွင် ဟိန်းမင်းဆိုသူ၏အမည်ဖြင့်ရှေးဟောင်းသို့ လာရောက်တင်ပြသည်ကို တွေ့ရှိရပြီး ဇာတ်လမ်းထွက်ရှိလာချိန်တွင် ‘ကျွန်’ ဟူသည့်အမည် ပြောင်းလဲခဲ့သည်ဟု ယူဆကြောင်း အမှတ် ၅ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစန်းမောင်က ပြောဆိုသည်။

ပုဂံခေတ်တွင် ဗုဒ္ဓဘာသာကိုသက်ဝင်ယုံကြည်သဖြင့် မိမိကိုယ်ကိုယ် ဘုရားတွင် ဝေယျာဝစ္စလုပ်ငန်းများ လုပ်ကိုင်ရန် လှူဒါန်းကြကြောင်း၊ ဘုရားကျွန်များသည် လိုက်လံတောင်းစားသည်ဟု သမိုင်းကျောက်စာများတွင် မတွေ့ရှိရဖူးကြောင်း ညောင်ဦးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဖြစ်ခဲ့ဖူးသည့် ဦးအောင်ကြိုင်က မှတ်ချက်ပြုသည်။

ကျွန်ရုပ်ရှင်ကား ရုံတင်ပြသမှု ချက်ချင်းရပ်ဆိုင်းပေးရန်၊ အင်္ဂလိပ်စာတမ်းထိုး၍ နိုင်ငံခြားတွင် ပြသခြင်းမပြုရန်၊ ဗီဒီယိုဇာတ်ကားအဖြစ် လုံးဝဆက်လက်မထုတ်ရန်နှင့် ခိုးကူးခွေများ ပေါ်မလာရေးကြပ်မတ်ပေးရန်၊ နိုင်ငံတကာရုပ်ရှင်ပွဲတော်များတွင် ပြသခြင်း၊ ပြိုင်ပွဲဝင်ခြင်းများမပြုရန်နှင့် ရုပ်ရှင်ထူးချွန်ဆုပေးပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရန် စသည့် အချက်များကိုတောင်းဆိုရန်အတွက်ဒေသခံတို့၏ ဆန္ဒသဘောထားကောက်ယူမှုကို ဇွန်လ ၇ ရက်နေ့က ညောင်ဦးမြို့မင်္ဂလာသာစည်ရပ်ကွက်တွင် ပြုလုပ်ခဲ့သည်။

‘ကျွန်’ ရုပ်ရှင်ဇာတ်ကားကိုဇာတ်လမ်းဖန်တီးသူ ကနုတ်မေ၏ ဇာတ်လမ်းကို ဒါရိုက်တာ ညွှန့်မြန်မာညီညီအောင် ရိုက်ကူးခဲ့ပြီး နေတိုး၊ မြင့်မြတ်၊ ဝတ်မှုံရွှေရည်တို့က သရုပ်ဆောင်ထားကြသည်။ အောင်တိုင်းကျော်ရုပ်ရှင် ထုတ်လုပ်ရေးက ထုတ်လုပ်ခဲ့သည်။ ■

**မျက်နှာဖုံး – ၆၆(ဃ)အပါအဝင် ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်ရန် အစိုးရအဖွဲ့လုပ်ဆောင်နေဟုဆို မှအဆက်...**

“ထောင်ဒဏ်သုံးနှစ်ဆိုတော့ တရားသူကြီးက သူပေးချင်မှ ပေးလို့ရတဲ့ အာမခံမျိုးဖြစ်နေတော့ ကျွန်တော်တို့က ပေးလို့ရအောင်ပေါ့ဗျာ။ ကျွန်တော်တို့က မှတ်ချက်နဲ့ ဥပမာ - ဒီဥပဒေ၊ ဒီပုဒ်မမှာ တရားစွဲမယ်ဆိုရင် အချုပ်လွတ်ထုချေအာမခံပေးရမယ်ဆိုတဲ့ဟာမျိုး အဓိကထည့်နိုင်အောင်တော့ လုပ်နေတာပေါ့” ဟု ၎င်းကဆိုသည်။

ဆက်သွယ်ရေးဥပဒေကို ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလအတွင်းက ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပြီး ယင်းဥပဒေတွင်ပါဝင်သည့် ပုဒ်မ ၆၆ (ဃ) နှင့်ပတ်သက်ပြီး ပြည်သူလူထုအတွင်း အငြင်းပွားဝေဖန်ပြစ်တင်မှုများ မြင့်တက်လျက်ရှိသည်။

အဆိုပါပုဒ်မဖြင့် တရားစွဲဆိုခံရပါက အနိမ့်ဆုံး ထောင်ဒဏ်ခြောက်လမှ အမြင့်ဆုံး ထောင်ဒဏ်သုံးနှစ်အထိ ချမှတ်နိုင်ပြီး ရဲအရေးပိုင်သည့် ပြစ်မှုအဖြစ် လည်း အကျုံးဝင်သည်။

ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ သဘောထားမှတ်ချက်နှင့် အကြံပြုချက်များရရှိပါက ပြည်ထောင်စုအစိုးရအဖွဲ့တွင် ပြန်လည်ဆွေးနွေးကာ ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်သို့ ပေးပို့သွားမည်ဖြစ်ကြောင်း ဦးမျိုးဆွေက ဆိုသည်။

ယခုနှစ်ပိုင်းအတွင်း ပုဒ်မ ၆၆(ဃ) ဖြင့် အမှုဖွင့်တိုင်တန်းသည့် ဖြစ်ရပ်များ ဆက်တိုက်ပေါ်ပေါက်ခဲ့ပြီး စုစုပေါင်း အမှုပေါင်း ၇၀ နီးပါးအထိရှိလာနေပြီဖြစ်သည်။

အမှုများအနက် အစိုးရအဖွဲ့တာဝန်ရှိသူများ၊ တပ်မတော်အသိုင်းအဝိုင်းနှင့် လက်ရှိအာဏာရပါတီဝင်များက တိုင်တန်းမှုများပါဝင်ပြီး သတင်းမီဒီယာများအပေါ် တိုင်တန်းမှုများလည်း ပါဝင်သည်။

ပြည်တွင်းနိုင်ငံရေးသုတေသနဂျာနယ်တစ်စောင်၏ စာရင်းအရ ၆၆(ဃ) ဖြင့်တရားရင်ဆိုင်နေရသည့်သတင်းသမား ၁၄ ဦးရှိသည်။

လတ်တလောတွင် The Voice Weekly နှင့် Daily တို့၏ အယ်ဒီတာချုပ်နှင့် သရော်စာဆောင်းပါးရှင် ဗြိတိသျှကိုကိုမောင် (ကျော်စွာနိုင်) တို့ကိုလည်း တပ်မတော်က အမှုဖွင့်ထားသည့် ၆၆(ဃ) ဖြင့် ဖမ်းဆီးထိန်းသိမ်းထားပြီး အာမခံလျှောက်ထားမှုကိုလည်း တရားရုံးက ပယ်ချထားသည်။

ဆက်သွယ်ရေးဥပဒေကိုပြင်ဆင်မှုများ မကြာခင်စတင်တော့မည်ဖြစ်ကြောင်း ပြန်ကြားရေးဝန်ကြီးဌာနတာဝန်ရှိသူများကလည်း နိုင်ငံတကာသတင်းသမားများ ကာကွယ်စောင့်ရှောက်ရေးကော်မတီ (Committee to Protect Journalists-CPJ) နှင့် ဇွန်လ ၈ ရက်နေ့က တွေ့ဆုံစဉ်တွင် ပြောဆိုထားပြီး ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ကလည်း လွှတ်တော်သို့ တင်ပြထားပြီးဖြစ်သည်။

သတင်းမီဒီယာသမားများအနေနှင့် မိမိအလုပ် မိမိလုပ်ဆောင်ခြင်းအပေါ် ရာဇဝတ်ပုဒ်မများဖြင့် ဖမ်းဆီးထိန်းသိမ်းနေခြင်းအပေါ် CPJ က ကန့်ကွက်လိုက်ပြီး ဥပဒေပြင်ဆင်ရန်လုပ်ဆောင်မှုကို ကြိုဆိုကြောင်း CPJ ၏ ဥက္ကဋ္ဌ Kathleen Carroll က ဆိုသည်။

“သတင်းမီဒီယာသမားတွေ ကိုယ့်အလုပ်ကိုယ်လုပ်လို့ ဖမ်းဆီးထိန်းသိမ်းခံရတယ်ဆိုတာ မဖြစ်သင့်ပါဘူး” ဟု ၎င်းက ဆိုသည်။

ဆက်သွယ်ရေးဥပဒေပြင်ဆင်ရေး၊ ပုဒ်မ ၆၆(ဃ) ဖျက်သိမ်းရေးနှင့်ပတ်သက်ပြီး ပြည်တွင်းသတင်းမီဒီယာများကလည်း မြန်မာသတင်းသမားများ ကာကွယ်စောင့်ရှောက်ရေးကော်မတီကိုဖွဲ့စည်းကာ သတင်းလွတ်လပ်ခွင့်ရရှိရေး အဖြူရောင်လက်ပတ်လှုပ်ရှားမှုကိုလုပ်ဆောင်နေသလို ပြည်တွင်းမီဒီယာအစုအဖွဲ့များဖြစ်သည့် PEN MYANMAR, မြန်မာဂျာနယ်လစ်ကွန်ရက် (MJN) တို့အပါအဝင် အင်တာနက်နည်းပညာနှင့် လုံခြုံရေးဆိုင်ရာပညာရှင်များ၊ အရပ်ဘက်လူမှု အဖွဲ့အစည်းများစသည့် အဖွဲ့အစည်း ၂၀ ဝန်းကျင်ကလည်း ပူးပေါင်းလုပ်ဆောင်လျက်ရှိသည်။

သတင်းမီဒီယာလွတ်လပ်ခွင့်၊ သတင်းသမားများ၏ အခွင့်အရေးနှင့် ရပိုင်ခွင့်များကို အကာကွယ်ပေးရန် ပြောဆိုခဲ့သည့် ဒေါ်အောင်ဆန်းစုကြည်၏ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီ အာဏာရရှိလာပြီးနောက်ပိုင်းတွင် ၆၆(ဃ) နှင့် အရေးယူမှုများ ပိုမိုပြားလာခြင်းအပေါ် ဝေဖန်ထောက်ပြမှုများလည်း ကျယ်ပြန့်လာနေသည်။

ဆက်သွယ်ရေးဥပဒေအပြင် ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၅(ခ)၊ ပုံနှိပ်နှင့် ထုတ်ဝေရေးဆိုင်ရာဥပဒေ၊ အင်တာနက်ဆက်သွယ်ရေးဆိုင်ရာဥပဒေ စသည့် သတင်းလွတ်လပ်ခွင့်ကို ဖိနှိပ်ကန့်သတ်သောဥပဒေများကို ပြင်ဆင်ရန် CPJ က ထောက်ပြထားသည်။ ■

# ကျပ်သုံးသိန်းအောက် ဝင်ငွေရှိသူများ တိုက်ခန်း ပိုင်ဆိုင်ခွင့်ရရန်စီစဉ်

**ရန်ကုန်၊ ဇွန် ၉**

တစ်လလျှင် ကျပ်သုံးသိန်းအောက် ဝင်ငွေရှိသည့် မိသားစုများကို နေအိမ်၊ တိုက်ခန်းပိုင်ဆိုင်ခွင့်ရရန် စီစဉ်နေကြောင်း ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ် (CHDB)၊ အိမ်ရာချေးငွေဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှမျိုးတင့်က ပြောကြားသည်။

CHDB ဘဏ်၏ အိမ်ရာစုဆောင်းငွေစာရင်းတွင် အိမ်တန်ဖိုး ၃၀ ရာခိုင်နှုန်းပြည့်မီသူများကို မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက ဖော်ထုတ်သောတိုက်ခန်းများ ဝယ်ယူခွင့်ရရန် ဆောင်ရွက်ပေးနေပြီး ဝင်ငွေနည်းမိသားစုများ အထူးသဖြင့် ကျပ်သုံးသိန်းအောက် ဝင်ငွေရှိသူများကို အိမ်ပိုင်ဆိုင်ခွင့်လက်လှမ်းမီရန် စီစဉ်နေသည်ဟု ၎င်းကဆိုသည်။

“သုံးသိန်းအောက် ဝင်ငွေရှိသူတွေအတွက် ဘယ်လိုစဉ်းစားမလဲဆိုတဲ့အချက်ကို တာဝန်ရှိသူတွေ၊ ဘဏ်တွေက စဉ်းစားနေတယ်။ ဝင်ငွေသုံးသိန်းအောက် Level တွေကို ထိရောက်အောင်လုပ်ပေးမှသာ ဝင်ငွေနည်းပြည်သူတွေအတွက် ထိရောက်မှုရှိတဲ့ အစီအစဉ်ဖြစ်မှာပါ” ဟု ၎င်းက ဆိုသည်။

ယင်းကဲ့သို့ဆောင်ရွက်ရန် နိုင်ငံတော်ချေးငွေနှင့် နိုင်ငံတကာငွေရေးကြေးရေးအဖွဲ့အစည်းများထံမှ ချေးငွေများရရန် ညှိနှိုင်းနေပြီး ယင်းလုပ်ငန်းစဉ်များ အဆင်ပြေလျှင် ကျပ်သုံးသိန်းအောက်ဝင်ငွေရှိသူများကိုပါ ချေးငွေပေးနိုင်မည်ဖြစ်သည်။

CHDB ဘဏ်သည် အိမ်ရာ၊ တိုက်ခန်းများဝယ်ခွင့်ရရန် ယင်းဘဏ်တွင် အိမ်ရာစုဆောင်းငွေစာရင်း ဖွင့်ထားသူများကို နှစ်ရှည်ချေးငွေထုတ်ပြီး ယင်းချေးငွေကို ဆယ်နှစ်အတွင်း လစဉ်အရစ်ကျပေးဆပ်ရသည်။ ကျပ်သိန်း ၁၀၀ တန် တိုက်ခန်းဝယ်ယူလျှင် (စုဆောင်းငွေ ၃၀ ရာခိုင်နှုန်း) ကျပ်သိန်းသုံးဆယ်ကို ဘဏ်တွင်စုဆောင်းထားသဖြင့် ကျန်ကျပ်သိန်း ၇၀ ကို ဘဏ်က ချေးပေးထားသည်။ အရစ်ကျပေးချေးမှုသည် တစ်လလျှင် တစ်သိန်းနှုန်း ဆယ်နှစ်ခန့်ဖြစ်သည်။

ထို့ကြောင့် တစ်လလျှင် ကျပ်သုံးသိန်းဝင်ငွေရှိသူများသာ လက်လှမ်းမီသည့်သဘောဖြစ်ပြီး ယင်းဝင်ငွေအောက်လျော့နည်းသော မိသားစုများအတွက် စုဆောင်းငွေ ၂၀ ရာခိုင်နှုန်း၊ ချေးငွေပြန်ဆပ်ကာလနှစ် ၂၀ အထိတိုးမြှင့် ရန်စီစဉ်နေကြောင်း CHDB ဘဏ်ထံမှ သိရသည်။

သို့ဆိုလျှင် စုဆောင်းငွေ သိန်းနှစ်ဆယ်၊ အရစ်ကျပေးဆပ်ငွေ တစ်လလျှင် ၆ သောင်း သို့မဟုတ် ၇ သောင်းပေးသွင်းလျှင် တိုက်ခန်းဝယ်နိုင်သည်။

လက်ရှိတွင် လူဦးရေ ၁၄၀၀ ကို မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက ဖော်ထုတ်သော တိုက်ခန်းများဝယ်ယူခွင့်ရရန် ချေးငွေထုတ်ပေးထားပြီး စုစုပေါင်း ကျပ် ၁၀ ဘီလီယံခန့်ရှိသည်။

ယင်းဘဏ်တွင် အိမ်ရာစုဆောင်းငွေစာရင်း ဖွင့်လှစ်ထားသူစုစုပေါင်း ၁၇၀၀၀ ကျော်ရှိသည်။ အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသည် လမည့်နှစ်အတွင်း နေအိမ်ပေါင်း ၈၀၀၀ ကျော်ဖော်ထုတ်ရန် စီစဉ်ထားသည်။ ■

**မျက်နှာဖုံး – ရန်ကုန်ရေမလျှံရန် ကမ္ဘာ့ဘဏ်ချေးငွေ ကန်ဒေါ်လာသန်းတစ်ရာသုံး၍ ရေနုတ်မြောင်းများပြင်ဆင်မည် မှအဆက်...**

ရေးဆွဲထားပြီးဖြစ်ပါတယ်” ဟု ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောကြားသည်။

အဆိုပါချေးငွေရရှိရန် ပြီးခဲ့သည့်နှစ်ကတည်းကပင် ကြိုးစားခဲ့ရကြောင်း တိုင်းအစိုးရအဖွဲ့ထံမှ သိရသည်။

ကိုလိုနီခေတ်ကတည်းကတည်ဆောက်ခဲ့သော ရန်ကုန်တွင် မြို့နေလူဦးရေတိုးပွားလာသည်နှင့်အမျှ ရေသုံးစွဲမှုနှင့် စွန့်ပစ်မှုမှာ ရေနုတ်မြောင်းများ၏ ခံနိုင်ဝန်နှင့်မမျှ၍ ရေကြီးမှုများကြုံနေရခြင်းဖြစ်ကြောင်း ၎င်းကဆိုသည်။

ရေနုတ်မြောင်းပြင်မည့်စီမံချက်နှင့် အတူပလက်ဖောင်းများကိုလည်း တစ်ဆက်တည်းပြုပြင်သွားမည်ဖြစ်ပြီး ဘတ်စ်ကားမှတ်တိုင် ၅၀၀ ကိုလည်း ပုဂ္ဂလိကကုမ္ပဏီတစ်ခု သို့တင်ဒါပေး၍ တည်ဆောက်သွားမည်ဟု ဝန်ကြီးချုပ်ကဆိုသည်။

ကျန်ရှိသည့် ကားမှတ်တိုင်များကိုမူ ရန်ကုန်မြို့တော်စည်ပင်သာယာက တာဝန်ယူတည်ဆောက်သွားမည်ဟု ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် ဝန်ကြီးချုပ်ဦးဖြိုးမင်းသိန်း စတင်တာဝန်ယူပြီးနောက် ရေနုတ်မြောင်းများ ပြုပြင်ရန်အတွက် ကျပ်တစ်ဘီလီယံသုံးခဲ့သည်။ ■

**သတင်းကိစ္စ ဆက်သွယ်လိုပါက...**
ဖုန်း - ၂၄၂၄၂၄၊ ၃၈၉၂၀၆၊ ၃၈၉၂၀၇၊ ၀၉ ၉၇၇၂၀၄၂၄၈

# သမ္မတဦးထင်ကျော် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့သော ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၃၀ ကျော် နေရပ်ပြန်




**ရန်ကုန်၊ ဇွန် ၉**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - ၂၁ ရာစုပင်လုံကို ကြိုဆိုသောအားဖြင့် နိုင်ငံတော်သမ္မတ ဦးထင်ကျော်က ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့သော နိုင်ငံခြားသား အကျဉ်းသားများတွင် ပါဝင်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၃၃ ဦးကို အသုတ်လိုက်ခွဲ၍ နေရပ်ပြန်ပို့နေပြီဖြစ်သည်။

တနင်္သာရီအကျဉ်းထောင်မှ လွတ်မြောက်လာသော ဘင်္ဂလားဒေ့ရှ်နိုင်ငံသားအကျဉ်းသားငါးဦးကို ဇွန်လ ၇ ရက်နေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပြန်လည်ပို့ဆောင်ခဲ့သည်။ သံတွဲအကျဉ်းထောင်မှ လွတ်မြောက်လာမည့် အကျဉ်းသားကိုးဦးကိုလည်း ရန်ကုန်မှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်သို့ ဇွန်လ ၁၂ ရက်နေ့တွင် ပြန်ပို့ရန် စီစဉ်လျက်ရှိသည်။

အခြားအကျဉ်းသား ၁၉ ဦးကို မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်တွင်ရှိသော တောင်ပြိုလက်ဝဲဂိတ်မှတစ်ဆင့် ဇွန်လ ၁၅ ရက်နေ့တွင် ပြန်ပို့မည်ဖြစ်ကြောင်း မြန်မာနိုင်ငံရှိဘင်္ဂလားဒေ့ရှ်သံရုံးကိုကိုးကားကာ ဘင်္ဂလားဒေ့ရှ်သတင်းဌာနတွင် ဖော်ပြထားသည်။

အဆိုပါ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား အကျဉ်းသားများမှာ မြန်မာပိုင်နက်အတွင်းသို့ ကျူးကျော်ဝင်ရောက်ကာ ငါးဖမ်းခြင်းကြောင့် ဖမ်းဆီးခံရသူ အများစုဖြစ်ပြီး အကျဉ်းသားအချို့မှာ ပြစ်ဒဏ်ကျခံရသည့် ကာလ လပိုင်းသာရှိသေးသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - ၂၁ရာစုပင်လုံကို ကြိုဆိုသောအားဖြင့်လည်းကောင်း၊ နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ဆက်ဆံရေးကိုရှေးရှုသောအားဖြင့်လည်းကောင်း အကျဉ်းထောင်အသီးသီးမှ နိုင်ငံခြားသားအကျဉ်းသား ၇၃ ဦးကို မေလ ၂၃ ရက်နေ့တွင် သမ္မတဦးထင်ကျော်က ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့သည်။ ■

## ရခိုင်ပြည်နယ်တွင် သွေးလွန်တုပ်ကွေး ဖြစ်ပွားသူ ခြောက်ရာကျော်တွင် သေဆုံးသူ ၁၀ ဦးရှိ

**ရန်ကုန်၊ ဇွန် ၈**

ရခိုင်ပြည်နယ်တွင် သွေးလွန်တုပ်ကွေး ဖြစ်ပွားသူ ၆၃၀ ဦးတွင် သေဆုံးသူ ၁၀ ဦး ရှိကြောင်း ရခိုင်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (ရပကန) ဒေါက်တာစံကျော့ခိုင်က ပြောကြားသည်။

သွေးလွန်တုပ်ကွေးဖြစ်ပွားမှုမှာ ရခိုင်ပြည်နယ်တွင် မေလ ၂၀ ရက်နေ့အထိ ရောဂါဖြစ်ပွားသူ ၁၅၀ ကျော်နှင့် သေဆုံးသူ တစ်ဦးသာရှိခဲ့သော်လည်း မေလလယ်ခန့်မှစ၍ ရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုများလာခြင်းဖြစ်ကြောင်း ၎င်းက ဖြည့်စွက်ပြောကြားသည်။

"မိုးရွာတာကြောင့် ခြင်ပေါက်လာတာကြောင့် ဖြစ်ပွားမှုနှုန်းပိုတက်လာတာတွေ့ရတယ်။ တစ်နေရာထဲမှာ အများကြီးဖြစ်တာမဟုတ်ဘဲ ရွာတွေမှာ အများကြီး ဖြန့်ဖြစ်တယ်" ဟု ဒေါက်တာစံကျော့ခိုင်က ဆိုသည်။

သွေးလွန်တုပ်ကွေးဖြစ်ပွားမှု ပျံ့နှံ့မှုအနေနှင့် ရခိုင်ပြည်နယ် မြို့ပေါ်ရှိ ဘော်ဒါဆောင်နေသူတွင် ရောဂါဖြစ်ပွားနေသည်ကို ရွာကိုပြန်လွှတ်ခဲ့သဖြင့် ရွာကိုပါ သွေးလွန်တုပ်ကွေးပျံ့နှံ့ခဲ့သည်ကိုလည်း တွေ့ရကြောင်း ၎င်းကပြောကြားသည်။

သွေးလွန်တုပ်ကွေးဖြစ်ပွားမှုနှင့် သေဆုံးမှုများကို ထိန်းချုပ်ရန် လတ်တလောတွင် ကျန်းမာရေးပညာပေးခြင်း၊ ခြင်လောက်လန်းနှိမ်နင်းခြင်း၊ လောက်လန်းသေဆေး အဘိတ်ခပ်ခြင်း၊ ရောဂါဖြစ်ပွားသည့်နေရာကို ခြင်ဆေးမှုတ်ခြင်းတို့ ဆောင်ရွက်နေကြောင်း ရခိုင်ပြည်နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနထံမှ သိရသည်။

နေအိမ်ရှိ မိုးရေလှောင်ကန်များကို ကျန်းမာရေးဝန်ထမ်းများက လောက်လန်းမပေါက်စေရန် အဘိတ်ခပ်ပေးသော်လည်း အဘိတ်မှာ အနံ့ရှိသဖြင့် ယင်းအနံ့ကိုမနှစ်သက်၍ ကျန်းမာရေးဝန်ထမ်းများ ပြန်သွားသည်နှင့် ယင်းအဘိတ်ခပ်ထားသည့် ရေကို သွန်ပစ်တတ်ကြကြောင်း ကျန်းမာရေးဝန်ထမ်းများထံမှ သိရသည်။ ■

## မြန်မာရွှေ့ပြောင်းလုပ်သားများအတွက် ထိုင်းအစိုးရအိမ်ရာဖွင့်

**ရန်ကုန်၊ ဇွန် ၉**

ထိုင်းနိုင်ငံတွင် သွားရောက်လုပ်ကိုင်နေသူ မြန်မာရွှေ့ပြောင်းလုပ်သားများ နေထိုင်ရန် ရည်ရွယ်ဆောက်လုပ်သည့် ထိုင်းအစိုးရအိမ်ရာကို ဇွန်လ ၉ ရက်နေ့က ထိုင်းဒုတိယဝန်ကြီးချုပ် Narong Pipatanasai နှင့် အစိုးရဝန်ကြီးအချို့ ကိုယ်တိုင်တက်ရောက်ဖွင့်လှစ်ပေးလိုက်သည်။

မြန်မာရွှေ့ပြောင်းလုပ်သား အများအပြားနေထိုင်ရာ နာမည်ကျော် စမွတ်စခွန်ခရိုင်တွင် အဆိုပါအိမ်ရာကို ဖွင့်လှစ်လိုက်ခြင်းဖြစ်ပြီး လေးထပ်အဆောက်အအုံ ၅၆ လုံးတွင် အခန်းစုစုပေါင်း ၂၆၀၀ ကျော် ပါဝင်မည်ဖြစ်သည်။

ယင်းအခန်းများအနက်မှ အခန်းပေါင်း ၁၄၀၀ နီးပါးကို ရွှေ့ပြောင်းလုပ်သားများအတွက် ငှားရမ်းမည်ဖြစ်ပြီး ကျန်အခန်း ၁၃၀၀ ခန့်ကို ထိုင်းနိုင်ငံသားများအတွက် ရည်ရွယ်ကြောင်း ဘန်ကောက်ပို့စ် သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ကျန်းမာရေးနှင့်ပညာရေး ဝန်ဆောင်မှုများပါ တွဲဖက်ပါဝင်သော အဆိုပါအိမ်ရာသစ်က ရွှေ့ပြောင်းလုပ်သားများ၏ နေထိုင်ရေးအခက်အခဲကို ဖြေရှင်းပေးမည်ဖြစ်ပြီး လူနေသိပ်သည်းမှုကြောင့် ဖြစ်ပေါ်နေသော ကျန်းမာရေးပြဿနာများကိုလည်း ပြေလည်စေမည်ဖြစ်ကြောင်း ထိုင်းအမျိုးသား အိမ်ရာအာဏာပိုင်အဖွဲ့ကိုကိုးကား၍ ဘန်ကောက်ပို့စ်က ဆိုထားသည်။

ယခုဖွင့်လှစ်သည့် အိမ်ရာမှာ ရွှေ့ပြောင်းလုပ်သား ငါးထောင်ခန့် နေထိုင်ရန်အတွက် ရည်ရွယ်ကြောင်း၊ ရွှေ့ပြောင်းလုပ်သား အများအပြားနေထိုင်သည့်နေရာများကို ဇုန်များသတ်မှတ်၍ အိမ်ရာများ ဆောက်လုပ်သွားမည်ဖြစ်ကြောင်း ထိုင်းအလုပ်သမားဝန်ကြီးက ဆိုသည်။

ဘန်ကောက်မြို့တော်နှင့် မလှမ်းမကမ်းတွင် တည်ရှိသော စမွတ်စခွန်ခရိုင်တွင် ရွှေ့ပြောင်းလုပ်သား ၂၆၀,၀၀၀ ကျော်ရှိပြီး ယင်းစာရင်းတွင် မြန်မာလုပ်သားမှာ ၂၀၀,၀၀၀ ကျော်အထိရှိကြောင်း ထိုင်းအလုပ်သမားဝန်ကြီးက ထပ်လောင်းပြောဆိုထားသည်။ ■

## မြန်မာတွင် အိမ်အကူစာရင်းကောက်မည်

**ရန်ကုန်၊ ဇွန် ၉**

အိမ်အကူများ အကြမ်းဖက်ခံရမှု မကြာခဏဖြစ်ပွားလေ့ရှိသည့်မြန်မာနိုင်ငံတွင် အလုပ်လုပ်ကိုင်နေသည့် အိမ်အကူများစာရင်းကိုကောက်ယူမည်ဖြစ်ကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ပြောကြားသည်။

လတ်တလောတွင် စီမံချက်ရေးဆွဲနေဆဲကာလဖြစ်သည့်အတွက် အိမ်အကူစာရင်း စတင်ကောက်ယူနိုင်မည့် အချိန်ကာလကို မပြောဆိုနိုင်သေးကြောင်း ၎င်းက ပြောဆိုသည်။

မြန်မာနိုင်ငံတွင် အိမ်အကူ အလုပ်ခိုင်းစေမှုနှင့်ပတ်သက်၍ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ မရှိသဖြင့် ကိုင်တွယ်ရခက်ခဲနေကြောင်း၊ အိမ်အကူများမှာ ပွဲစားသို့မဟုတ် မိသားစု၊ မိတ်ဆွေအဆက်အသွယ်များဖြင့်လုပ်ကိုင်နေကြပြီး စစ်ဆေးရန် ခက်ခဲကြောင်း ဦးသိန်းဆွေကဆိုသည်။

"သူများနိုင်ငံတွေလို အိမ်အကူကို မှတ်ပုံတင်တာမရှိဘူး။ အေဂျင်စီတွေလည်းမရှိတော့ ကိုင်တွယ်ဖို့ အကန့်အသတ်ရှိနေတယ်။ ဒါတွေ စနစ်တကျဖြစ်အောင် ဆောင်ရွက်ဖို့ စီစဉ်နေတယ်" ဟု ၎င်းကရှင်းပြသည်။

အိမ်အကူအရေးကိစ္စကိုလွှတ်တော်ကိုယ်စားလှယ်များကလည်း စိတ်ဝင်စားကြောင်း၊ ဇွန်လ ၁၆ ရက်နေ့တွင် ရန်ကုန်မြို့တော်ရှိ တောဝင်နှင်းဆီခန်းမတွင် အိမ်အကူအလုပ်သမားများ အရေးဆွေးနွေးကြမည်ဖြစ်ပြီး ယင်းဆွေးနွေးမှုမှလည်းအကြံဉာဏ်များရနိုင်ကြောင်း ဦးသိန်းဆွေက ပြောဆိုသည်။

မြန်မာအစိုးရက ပြည်ပသို့အိမ်အကူစေလွှတ်ခွင့်ကို ရပ်ဆိုင်းထားသော်လည်း တရားမဝင် သွားရောက်လုပ်ကိုင်နေကြပြီး အိမ်အကူများ၏ အခွင့်အရေး ချိုးဖောက်ခံနေရသဖြင့် ၎င်းတို့ကို အကာအကွယ်ပေးနိုင်ရန် တရားဝင်စနစ်တကျစေလွှတ်ခွင့်ပြုသင့်ကြောင်း ပြည်ပအလုပ်အကိုင် ရှာဖွေရေးအေဂျင်စီများထံမှ သိရသည်။ ■

# မြန်မာသို့ ကားလမ်းဖောက်ရန် ဒေါ်လာသန်း ၂၀၀ ကျော် အိန္ဒိယသုံးမည်

**ရန်ကုန်၊ ဇွန် ၉**

ရခိုင်ပြည်နယ်တွင် တည်ဆောက်မည့် ကုလားတန်ဘက်စုံ စီမံကိန်း၏ အစိတ်အပိုင်းအဖြစ် မြန်မာနိုင်ငံသို့ ကားလမ်းဖောက်ရန် အမေရိကန်ဒေါ်လာ သန်း ၂၀၀ ကျော်အသုံးပြုမည်ဖြစ်ကြောင်း အိန္ဒိယအစိုးရက ဆုံးဖြတ်လိုက်သည်။

ပလက်ဝဆိပ်ကမ်းမှ အိန္ဒိယနယ်စပ် မီဇိုရမ်ဂိတ်အထိ စုစုပေါင်း မိုင် ၇၀ ခန့် ရှည်လျားမည့် ကားလမ်းဖောက်လုပ်ရန် ကုမ္ပဏီကို အိန္ဒိယအစိုးရက ရွေးချယ်လိုက်ပြီဖြစ်ပြီး မိုးရာသီအကုန် အောက်တိုဘာတွင် လုပ်ငန်းစတင်မည်ဖြစ်သည်။

လေးလမ်းသွားကားလမ်းအတွက် စုစုပေါင်းကုန်ကျငွေမှာ အိန္ဒိယရူပီးငွေ ၁၆ ဘီလီယံဖြစ်ပြီး အမေရိကန်ဒေါ်လာဖြင့် တွက်ချက်ပါက ၂၄၈ ဒသမ ၈ သန်းကျော် ရှိမည်ဖြစ်သည်။ ကုလားတန်စီမံကိန်းတွင် ပါဝင်သည့် စစ်တွေဆိပ်ကမ်းကို အိန္ဒိယက တည်ဆောက်ပြီးစီးထားပြီဖြစ်သည်။

ကုလားတန်ဘက်စုံစီမံကိန်းကို မြန်မာနှင့် အိန္ဒိယအစိုးရတို့အကြား ၂၀၀၈ ခုနှစ်ကတည်းက သဘောတူစာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်ပြီး ၂၀၁၀ ပြည့်နှစ်တွင် စီမံကိန်းလုပ်ငန်းများ စတင်ခဲ့သည်။ စီမံကိန်းပြီးစီးရမည့်အချိန်ကို ၂၀၁၅ ခုနှစ်ဟု သတ်မှတ်ထားသော်လည်း ဘဏ္ဍာရေး အခက်အခဲကြောင့် သတ်မှတ်ချိန်အတိုင်း မပြီးစီးခဲ့ကြောင်း အိန္ဒိယအစိုးရက ဆိုသည်။

လမ်းဖောက်လုပ်ရေးအတွက် ဒေလီအခြေစိုက် ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုကို အိန္ဒိယအစိုးရက တာဝန်ပေးအပ်ခဲ့ပြီး အဆိုပါကုမ္ပဏီသည် စစ်တွေ၊ ပလက်ဝနှင့် ရန်ကုန်တို့တွင် ရုံးခွဲများဖွင့်လှစ်၍ လမ်းတည်ဆောက်ရေး အစီအစဉ်များကို မိုးအကုန်တွင် စတင်မည်ဖြစ်ကြောင်း အိန္ဒိယသတင်းဌာနများတွင် ဖော်ပြထားသည်။ ■

# မလေးရှားသို့ မြန်မာလုပ်သား ယခုလအတွင်း ပြန်ပို့ခွင့်ပြုမည်

**ရန်ကုန်၊ ဇွန် ၂**

မလေးရှားနိုင်ငံသို့ မြန်မာအလုပ်သမားများ ပြန်လည်စေလွှတ်မည်ဖြစ်ပြီး အလုပ်ခေါ်စာရထားသူများကို ဇွန်လအတွင်း စတင်စေလွှတ်ခွင့်ပြုနိုင်အောင် လုပ်ဆောင်နေကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ပြောကြားသည်။

အလုပ်ခေါ်စာ (Calling Visa) ရထားသူ ရှစ်ထောင်ခန့်ရှိပြီး ၎င်းတို့ကို မလေးရှားနိုင်ငံသို့ စေလွှတ်ခွင့်ပြုရန် မြန်မာပြည်ပအလုပ်အကိုင် ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ် (MOEAF)၏ တောင်းဆိုစာကို မေလ ၃၁ ရက်နေ့က အဆိုပါ ပြည်ထောင်စုဝန်ကြီးထံသို့ ပေးပို့ခဲ့သည်။

“နိုင်ငံခြားရေးဝန်ကြီးဌာနက ဟိုမှာ အခြေအနေလေးတွေ မကောင်းသေးလို့ မလွှတ်ပါနဲ့ဆိုလို့ရပ်ထားတာ။ အခုပြန်လွှတ်ဖို့ရှိပါတယ်။ ခေါ်စာရထားတဲ့သူတွေကို အမြန်ဆုံးလွှတ်နိုင်အောင် ကြိုးစားနေတယ်။ ဒီလထဲမှာပဲ ဖြစ်နိုင်မယ်လို့ထင်တယ်” ဟု ဦးသိန်းဆွေက ပြောဆိုသည်။

မြန်မာအလုပ်သမား ပြန်လည်စေလွှတ်ရေးနှင့်ပတ်သက်၍ မလေးရှားနိုင်ငံရှိ မြန်မာသံရုံးနှင့် အလုပ်သမား သံအရာရှိတို့၏ သဘောထားများကိုလည်း တောင်းခံထားကြောင်း ၎င်းကဆိုသည်။

စေလွှတ်သည့် အလုပ်သမား တစ်စုံတစ်ရာ အခက်အခဲဖြစ်လျှင် MOEAF က ပြေလည်သည်အထိ တာဝန်ယူဖြေရှင်းပေးမည်ဖြစ်၍ စေလွှတ်ခွင့်ပြုရန် တောင်းဆိုထားကြောင်း MOEAF ထံမှ သိရသည်။

အလုပ်ခေါ်စာ သက်တမ်းမှာ လေးလဖြစ်ပြီး လေးလသက်တမ်းတိုးနိုင်သော်လည်း အလုပ်သမားစေလွှတ်ခွင့် ရပ်ဆိုင်းထားမှုမှာ ခြောက်လကျော်ကြာမြင့်လာပြီဖြစ်ကြောင်း၊ မလေးရှားပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပေးသည့် နိုင်ငံခြားသားခေါ်ယူခွင့်အမိန့်မှာ အကန့်အသတ်ရှိသဖြင့် Calling Visa သက်တမ်းတိုးရန် အခက်အခဲရှိကြောင်း MOEAF ထံမှ သိရသည်။

ရခိုင်ပြည်နယ် အရေးနှင့်ပတ်သက်၍ မလေးရှားဝန်ကြီးချုပ် နာဂျစ်ရာဇတ်နှင့် အာဏာရပါတီ UMNO တို့ ဦးဆောင်ကာ ပြီးခဲ့သည့် ဒီဇင်ဘာလ ၄ ရက်နေ့က ဆန္ဒပြခဲ့ပြီးနောက် ဒီဇင်ဘာလ ၆ ရက်နေ့မှ စတင်ကာ အလုပ်သမားစေလွှတ်ခွင့်ကို မြန်မာအစိုးရက ရပ်ဆိုင်းခဲ့ခြင်းဖြစ်သည်။ ■

# အကျလွယ် အတက်ခက် စတော့အိတ်ချိန်း

## စတော့အနှစ်ချုပ် (ဇွန်လ ၅ ရက်နေ့မှ ၉ ရက်နေ့အထိ)

စတော့ရှယ်ယာအရောင်းအဝယ်မှာ တစ်လထက်တစ်လ ပိုမိုကျဆင်းလာနေပြီး ယခုသီတင်းပတ် အရောင်းအဝယ်မှာလည်း ယခင်တစ်ပတ်ထက် လေးပုံတစ်ပုံ လျော့ကျသွားသည်။

ယခုနှစ်၏ ပထမသုံးလပတ် (ဇန်နဝါရီ၊ ဖေဖော်ဝါရီနှင့် မတ်) တွင် စတော့ရှယ်ယာအရောင်းအဝယ် ကျပ်သန်းပေါင်း ၉၃၀၀ ကျော် ရှိခဲ့သော်လည်း ဧပြီနှင့်မေ နှစ်လပေါင်း အရောင်းအဝယ်မှာ ကျပ်သန်းပေါင်း ၂၇၀၀ ခန့်သာ ရှိနေသည်။

ယခုသီတင်းပတ်တွင် ရှယ်ယာအစုပေါင်း ၄၆,၀၀၀ ကျော်၊ တန်ဖိုး ကျပ်သန်း ၃၀၀ နီးပါး အရောင်းအဝယ် ဖြစ်ခဲ့သည်။

ယခုသီတင်းပတ်တွင်စတော့အညွှန်းကိန်းမှာ အမြင့်ဆုံး ၅၆၇ ဒသမ ၆၉ နှင့် အနိမ့်ဆုံး ၅၅၆ ဒသမ ၁၉ အတွင်း ရှိခဲ့ပြီး စတော့အိတ်ချိန်း အညွှန်းကိန်းမှာ ဖေဖော်ဝါရီလ ၁၃ ရက် နောက်ပိုင်းတွင် ပထမဆုံးအကြိမ် အနိမ့်ဆုံးသို့ ရောက်ခဲ့ခြင်းဖြစ်သည်။

### FMI ရှယ်ယာ

ယခင်သီတင်းပတ်ထက် ရှယ်ယာအရောင်းအဝယ် ထပ်မံကျဆင်းခဲ့ပြီး ယခုသီတင်းပတ်တွင် ရှယ်ယာအစု ၃၆၀၀ ခန့်၊ တန်ဖိုး ကျပ် ၅၅ သန်းခန့် အရောင်းအဝယ် ဖြစ်ခဲ့သည်။

ယခုသီတင်းပတ် ရှယ်ယာအဖွင့်ဈေး ၁၅,၅၀၀ ကျပ်၊ အမြင့်ဆုံး ၁၅,၅၀၀ ကျပ်၊ အနိမ့်ဆုံး ၁၅,၀၀၀ ကျပ်နှင့် အပိတ်ဈေး ၁၅,၅၀၀ ကျပ်ဖြင့် ဈေးပိတ်ခဲ့သည်။

သုံးလကျော်ကာလအတွင်းရှယ်ယာဈေး ကျပ် ၁၅,၀၀၀ သို့ အနိမ့်ဆုံးကျဆင်းခဲ့ပြီး ရှယ်ယာအရောင်းအဝယ်ဖြစ်မှုမှာလည်း MTSH နှင့် FPB ကုမ္ပဏီတို့ထက် လျော့နည်းလျက်ရှိသည်။

### MTSH ရှယ်ယာ

ယခင်သီတင်းပတ်ထက် ရှယ်ယာအရောင်းအဝယ် ထက်ဝက်နီးပါး ကျဆင်းသွားပြီး ယခုသီတင်းပတ်တွင် ရှယ်ယာအစု ၃၇,၀၀၀ ကျော်၊ တန်ဖိုး ကျပ်သန်း ၁၄၀ ခန့် အရောင်းအဝယ် ဖြစ်ခဲ့သည်။

ယခုသီတင်းပတ် ရှယ်ယာအဖွင့်ဈေး ၃၇၅၀ ကျပ်၊ အမြင့်ဆုံး ၃၈၀၀ ကျပ်၊ အနိမ့်ဆုံး ၃၇၀၀ ကျပ်နှင့် အပိတ်ဈေး ၃၈၀၀ ကျပ်ဖြင့် ဈေးပိတ်ခဲ့သည်။

ယခုသီတင်းပတ်တွင် MTSH ရှယ်ယာကို စတော့အိတ်ချိန်းတွင် ရောင်းဝယ်မှုထက် Block Trading ဖြင့် ရောင်းဝယ်မှုမှာ ကျပ်သန်း ၂၀၀ ခန့် ပိုများခဲ့သည်။

### MCB ရှယ်ယာ

ကုမ္ပဏီဒါရိုက်တာအဖြစ် တစ်ဦးချင်းဖြစ်စေ၊ ကုမ္ပဏီလုပ်ငန်းဖြစ်စေ ဝင်ရောက်ရွေးချယ်ခံနိုင်ကြောင်း သတင်းထုတ်ပြန်ပြီးနောက်တွင် ရှယ်ယာအရောင်းအဝယ် ပြန်မြင့်တက်ခဲ့သည်။

ယခုသီတင်းပတ်တွင် ရှယ်ယာအစု ၂၂၀၀ ခန့်၊ ကျပ်သန်း ၂၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယင်းပမာဏမှာ သီတင်းပတ် ၁၂ ပတ်အတွင်း အများဆုံးဖြစ်သည်။

ရှယ်ယာအဖွင့်ဈေး ၉၁၀၀ ကျပ်၊ အမြင့်ဆုံး ၉၂၀၀ ကျပ်၊ အနိမ့်ဆုံး ၉၁၀၀ ကျပ်နှင့် အပိတ်ဈေး ၉၂၀၀ ကျပ်ဖြင့် ဈေးပိတ်ခဲ့သည်။

### FPB ရှယ်ယာ

ယခင်သီတင်းပတ်ထက် အရောင်းအဝယ် ၁၂ ရာခိုင်နှုန်းနီးပါး ပိုများခဲ့ပြီး သုံးပတ်ဆက်တိုက် အရောင်းအဝယ် မြင့်တက်လာခြင်းဖြစ်သည်။

သီတင်းပတ် ခြောက်ပတ်အတွင်း ရှယ်ယာအရေအတွက် အများဆုံးရောင်းဝယ်နိုင်သည့် သီတင်းပတ်ဖြစ်ခဲ့ပြီး ယခုသီတင်းပတ်တွင် ရှယ်ယာအစု ၃၀၃၇ စု၊ တန်ဖိုး ကျပ်သန်း ၈၀ ခန့် အရောင်းအဝယ် ဖြစ်ခဲ့သည်။

ရှယ်ယာအဖွင့်ဈေး ၂၇,၀၀၀ ကျပ်၊ အမြင့်ဆုံး ၂၇,၅၀၀ ကျပ်၊ အနိမ့်ဆုံး ၂၆,၀၀၀ ကျပ်နှင့် အပိတ်ဈေး ၂၆,၀၀၀ ကျပ်ဖြင့် ဈေးပိတ်ခဲ့သည်။

ရှယ်ယာအရောင်းအဝယ်စတင်ချိန်မှ လေးလခွဲအတွင်း ရှယ်ယာဈေး ၂၃ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းသွားသည်။

### Block Trading (ရှယ်ယာ အပြောက်အများဝယ်ယူမှု)

ယခုသီတင်းပတ်တွင် MTSH ရှယ်ယာကို ကျပ် ၃၇၀၀ ဖြင့် အစုပေါင်း ၁၀၀,၀၀၀၊ ကျပ်သန်း ၃၇၀ ကို Block Trading ဖြင့် အရောင်းအဝယ်လုပ်ခဲ့ပြီး ထိုပမာဏမှာ ယခုသီတင်းပတ် စတော့အိတ်ချိန်းတွင် အရောင်းအဝယ်ဖြစ်ခဲ့သော ပမာဏစုစုပေါင်းထက်ပင် ပိုများခဲ့ပြီး ၁၂၅ ရာခိုင်နှုန်းခန့် ရှိသည်။ ■




**သတင်းကိစ္စ ဆက်သွယ်လိုပါက...**
ဖုန်း - ၂၄၂၄၂၄၊ ၃၉၉၂၀၆၊ ၃၉၉၂၀၇၊ ၀၉ ၉၇၇၂၀၄၂၄၈

# ရန်ကုန်တွင်ယခင်နှစ်ထက် သွေးလွန်တုပ်ကွေး ငါးဆကျော်ပိုဖြစ်ပွား၊ မိန်းကလေးအများဆုံးသေဆုံး

**ရန်ကုန်၊ ဇွန် ၉**

ရန်ကုန်တိုင်းဒေသကြီးတွင်သွေးလွန်တုပ်ကွေးရောဂါမှာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အများဆုံးဖြစ်ပွားနေသည့်အပြင် ယခင်နှစ် ဖြစ်ပွားနှုန်းထက် ငါးဆကျော်ပိုမိုဖြစ်ပွားနေပြီး မိန်းကလေးအများဆုံးသေဆုံးနေကြောင်း ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနအချက်အလက်များအရ သိရှိရသည်။

ရန်ကုန်တိုင်းတွင် ၂၀၁၆ ခုနှစ် နှစ်စမှ မေလအထိ သွေးလွန်တုပ်ကွေးဖြစ်ပွားသူ ၂၈၀ ဦးရှိပြီး သေဆုံးသူ လေးဦးရှိခဲ့သော်လည်း ၂၀၁၇ ခုနှစ်အဆိုပါကာလတွင်မူ ရောဂါဖြစ်ပွားသူ ၁၄၇၇ ဦးရှိကာ သေဆုံးသူ ရှစ်ဦးရှိကြောင်း၊ ဇွန်လ ၈ ရက်နေ့အထိ မူ ဖြစ်ပွားသူမှာ ၁၅၂၀ ဦးရှိပြီဖြစ်ကြောင်း၊ ယခုနှစ်သေဆုံးသူ ရှစ်ဦးတွင် ခုနစ်ဦးမှာ မိန်းကလေးများဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာနထံမှ သိရသည်။

"ဖြစ်ပွားမှုနှုန်းက ယောကျာ်းလေးရော မိန်းကလေးရော အတူတူပဲ။ သေဆုံးမှုမှာ မိန်းကလေးတွေ သေဆုံးမှုများတာတွေ့ရတယ်။ အသက် ကိုးနှစ်ကနေ ၁၅ နှစ်ကြား အသေများပေမယ့် ဒီဇွန်လထဲမှာတင် ၁၅ နှစ်ကျော်တစ်ယောက်သေတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာအေးမွန်မွန်ကျော်က ပြောကြားသည်။

ခြင်ကျားကိုက်ခံရခြင်းမှ ဖြစ်ပွားသည့် သွေးလွန်တုပ်ကွေးရောဂါမှာ အသက်ကိုးနှစ်မှ ၁၅ နှစ်ကြားအရွယ်တွင် အဖြစ်များပြီး အသက်အရွယ်မရွေး ရောဂါဖြစ်ပွားနိုင်ကြောင်း၊ ဆေးခန်းများတွင်လည်း အသက် ၈၀၊ ၉၀ အရွယ်များ သွေးလွန်တုပ်ကွေး ဖြစ်နေသည်ကိုတွေ့ရကြောင်း ၎င်းက ဖြည့်စွက်ပြောကြားသည်။


ဓာတ်ပုံ-မြင့်မိုးညို

ကျောင်းဖွင့်ရာသီဖြစ်သည့်အတွက် မိဘများအနေနှင့် ကလေးများ ခြင်ကိုက်မခံရရန် အင်္ကျီလက်ရှည်၊ ဘောင်းဘီရှည် ဝတ်ဆင်ပေးရန် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဝင်းလွင်က တိုက်တွန်းပြောကြားသည်။

၂၀၁၆ ခုနှစ်က ရန်ကုန်တိုင်းဒေသကြီးတွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၂၁၈၅ ဦးတွင် သေဆုံးသူ ၁၉ ဦးရှိခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး ဦးစီးဌာနထံက သိရသည်။

၂၀၁၇ ခုနှစ် နှစ်စမှ မေလ ၂၀ ထိ တစ်နိုင်ငံလုံးတွင် သွေးလွန်တုပ်ကွေး ဖြစ်ပွားသူ ၂၅၅၈ ဦးရှိပြီး သေဆုံးသူ ၁၀ ဦးရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ သွေးလွန်တုပ်ကွေး၊ ဆင်ခြေထောက်၊ ဂျပန်ဦးနှောက်ရောင်ရောဂါ စီမံချက်ထံမှ သိရသည်။ ■


## ပင်ရင်းမှ နုတ်ယူပေးသွင်းသည့် ဝင်ငွေခွန်နုတ်ယူပေးသွင်းရေးနှင့်စပ်လျဉ်းသည့် အသိပေး ကြေညာချက်

၁။ ဝင်ငွေခွန်ဥပဒေအရ ပေးချေငွေတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ငွေထုတ်ပေးချိန်တွင် ငွေထုတ်ပေးသူက ပင်ရင်းမှနုတ်ယူ၍ သက်ဆိုင်ရာအခွန်ဦးစီးဌာနမှုးရုံးသို့ ပေးသွင်းရန်တာဝန်ရှိပါသည်။

၂။ အဆိုပါပင်ရင်းမှ နုတ်ယူပေးသွင်းငွေနှင့်စပ်လျဉ်း၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် အမိန့်ကြော်ငြာစာအမှတ်၊ ၂/၂၀၁၇ နှင့်အမိန့်ကြော်ငြာစာအမှတ်၊ ၃၇/၂၀၁၇ တို့ကိုထုတ်ပြန်ခဲ့ပါသည်။

၃။ သို့သော်လည်း အခွန်ထမ်းပြည်သူများအနေဖြင့် အဆိုပါအမိန့်ကြော်ငြာစာများအရ အခွန်ဆိုင်ရာတာဝန်များကို လိုက်နာဆောင်ရွက်ရန်အခက်အခဲအချို့ပေါ်ပေါက်လျက်ရှိကြောင်း သိရှိရသည့်အတွက် ပြန်လည်ပြင်ဆင်ထားသည့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာအမှတ်၊ ၅၁/၂၀၁၇ကို ၂၂-၅-၂၀၁၇ ရက်နေ့တွင်ထပ်မံထုတ်ပြန် ထားရှိခဲ့ပြီးဖြစ်ပါသည်။

၄။ အဆိုပါ အမိန့်ကြော်ငြာစာ ၅၁/၂၀၁၇ ဖြင့် ယခင်ထုတ်ပြန်ထားရှိခဲ့သော အမိန့်ကြော်ငြာစာများကို လွှမ်းမိုးပယ်ဖျက်လိုက်သော်လည်း အခွန်နှုန်းထားများနှင့် အခွန်ပေးသွင်းရမည့်အခြေအနေများ၊ အကျိုးသက်ရောက်သည့် ကာလများမှာ မပြောင်းလဲကြောင်း အသိပေးအပ်ပါသည်။

၅။ ထိုသို့ အမိန့်ကြော်ငြာစာအသစ်ထုတ်ပြန်ခြင်းကြောင့် အခွန်ထမ်းပြည်သူများအနေဖြင့် ဆောင်ရွက်မှုတစ်ရပ်တည်းအတွက် အခွန်နှစ်ထပ် မကျသင့်စေရန် လည်းကောင်း၊ တည်ဆဲဥပဒေ၊ နည်းဥပဒေနှင့် အမိန့်ကြော်ငြာစာတစ်ရပ်ရပ်အရ ဝင်ငွေခွန်ကင်းလွတ်ခွင့်ရထားပါလျက် ဝင်ငွေခွန် နုတ်ယူပေးသွင်းခြင်းမပြုစေရန်လည်းကောင်း၊ နုတ်ယူခြင်းခံရမည့်သူက သက်ဆိုင်ရာအခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများ၊ တိုင်းဒေသကြီး / ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံးများနှင့် ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူးရုံးတို့ထံ လျှောက်ထားလိုပါက စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၆။ ထိုသို့ လျှောက်ထားလာလျှင် သက်ဆိုင်ရာအခွန်ဦးစီးဌာနမှူးရုံးက ငွေထုတ်ပေးသူထံ ဝင်ငွေခွန်နုတ်ယူပေးသွင်းခြင်းမပြုရန် (သို့မဟုတ်) ခုနှိမ်ပေး၍ နုတ်ယူရန် အကြောင်းကြားစာထုတ်ပေးမည်ဖြစ်ပါသည်။

၇။ ထို့အပြင် ပေးချေငွေနှင့်စပ်လျဉ်း၍ အခွန်ထမ်းကိုယ်တိုင်စည်းကြပ်သည့်စနစ်တွင် အခွန်တာဝန်ထမ်းဆောင်ကြသည့် အခွန်ထမ်းများ၏ ငွေထုတ်ပေးရန်တာဝန်ရှိသူက အခွန်နုတ်ယူ၍ ပေးသွင်းခြင်းဖြစ်ပါက တစ်ကြိမ်လျှင် ကျပ် ၁၅ သိန်းထက် မကျော်လွန်လျှင်သော်လည်းကောင်း၊ အခြားလုပ်ငန်းများဖြစ်လျှင် တစ်ကြိမ်လျှင် ကျပ် ၅ သိန်းထက် မကျော်လွန်လျှင်သော်လည်းကောင်း နုတ်ယူပေးသွင်းရန်မလိုအပ်ကြောင်းကိုလည်း ထပ်မံ အသိပေးအပ်ပါသည်။

၈။ ယင်းအပြင် လယ်ယာထွက်ကုန်သီးနှံများအရောင်းအဝယ်ပြုလုပ်ရာ၌ တစ်ဦးချင်း ပုဂ္ဂိုလ်များသို့ ပေးချေငွေအပေါ်တွင် ပင်ရင်းမှနုတ်ယူပေးသွင်းသည့် ဝင်ငွေခွန် ၂ ရာခိုင်နှုန်းအား နုတ်ယူပေးသွင်းရန်မလိုအပ်ဘဲ အပြည့်အဝပေးချေရမည်ဖြစ်ပါသည်။

၉။ အသေးစိတ်သိရှိလိုပါက အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများ၊ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများ၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံးများနှင့်ပြည်တွင်းအခွန်များဦးစီးဌာန၊ နေပြည်တော်ရှိအောက်ဖော်ပြပါ တယ်လီဖုန်းအမှတ်များသို့ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

ဖုန်း - ၀၆၇-၄၃၀၀၀၅၊ ၀၆၇-၄၃၀၀၀၉၊

ပြည်တွင်းအခွန်များဦးစီးဌာန




# Wonder Woman

ဒီတစ်ပတ်တော့ DC Comics ရဲ့ နာမည်ကျော် ဆူပါဟီးရိုးဇာတ်ကောင်တစ်ခုဖြစ်တဲ့ Wonder Woman အကြောင်း ရိုက်ကူးထားတဲ့ ဇာတ်ကားပါ။

နတ်ဘုရားအားလုံးရဲ့ အရှင်သခင် Zeus နတ်မင်းကြီးနဲ့ Queen Hippolyta တို့ရဲ့သမီးဖြစ်သူ ဒိုင်ယာနာတစ်ဖြစ်လဲ Wonder Woman ဟာ လူတစ်ပိုင်း၊ နတ်တစ်ပိုင်းဖြစ်တာကြောင့် သာမန်လူတို့ထက် ထူးကဲစွမ်းအားတွေကို ပိုင်ဆိုင်ထားတယ်။ သူဟာ လှပတယ်၊ ကြံ့ခိုင်သန်စွမ်းတယ်၊ သာမန်လူတွေထက် ထူးကဲသာလွန်တဲ့ စွမ်းအားကို ပိုင်ဆိုင်တယ်၊ ပျံသန်းနိုင်တယ်၊ တိုက်ခိုက်ရေးစွမ်းရည် ကျွမ်းကျင်ပိုင်နိုင်တယ်၊ အကြမ်းပတမ်းခံနိုင်တယ်။ လူ၊ နတ်တစ်ပိုင်းဖြစ်တာကြောင့် သာမန်လူတွေထက် နှစ်ကာလထောင်နဲ့ချီပြီး အသက်ပိုရှည်တယ်။ သူ့မှာ ဘယ်လိုမှ ဖျက်ဆီးလို့မရတဲ့ လက်ကောက်၊ ဓားနဲ့ ဒိုင်းဆိုတဲ့ လက်နက်တွေလည်း ရှိတယ်။ သူဟာ သူ့မိခင်၊ သူ့အဒေါ်တို့နဲ့အတူ သီးခြားဖြစ်တည်နေတဲ့ Themyscira ကျွန်းမှာ နေထိုင်ကြတယ်။ ပထမ ကမ္ဘာစစ်ကြီးဖြစ်နေချိန်ကာလမှာ သူတို့ရဲ့ ကျွန်းပေါ်ကို မဟာမိတ်တပ်ဖွဲ့က လေယာဉ်တစ်စင်း ပျက်ကျလာခဲ့တယ်။ ပျက်ကျလေယာဉ်ရဲ့ လေယာဉ်မှူး စတိဗ်နောက်ကို ဂျာမန်စစ်သားတွေ လိုက်လံသတ်ဖြတ်ချိန်မှာ Themyscira ကျွန်းပေါ်မှာ ရှိနေတဲ့ Amazonian တွေက ဂျာမန်စစ်သားတွေကို ချေမှုန်းလိုက်တယ်။ (Amazonian ဆိုတာ DC Comic မှာ ဖန်တီးထားတဲ့ လူမျိုးတစ်မျိုးဖြစ်ပါတယ်) ဒီလိုနဲ့ စတိဗ်ဟာ ပထမကမ္ဘာစစ်ကြီးအကြောင်း ဒိုင်ယာနာကို ပြောပြပြီး သူဟာ မဟာမိတ်သူလျှိုတစ်ယောက်ဖြစ်ကြောင်း သူ့ရဲ့လုပ်ငန်းစဉ်တွေကို ရှင်းပြတယ်။ ဂျာမန်ဓာတုဗေဒပညာရှင် ဒေါက်တာ မာရူးနဲ့ ဂျာမန်စစ်ဗိုလ်ချုပ် လုဒန်ဒေ့ါတို့ရဲ့ အန္တရာယ်ကြီးမားလှတဲ့ အဆိပ်ဓာတ်ငွေ့အကြောင်းကို ဒိုင်ယာနာသိလိုက်ရချိန်မှာ ဒါဟာနတ်ဘုရားတွေကို တိုက်ခိုက်သတ်ဖြတ်ခဲ့တဲ့ အေရီးနတ်ဘုရားလက်ချက်လို့ တထစ်ချ ယုံကြည်လိုက်တယ်။ ဒီနောက်မှာတော့ ဒိုင်ယာနာဟာ စတိဗ်နဲ့အတူ လန်ဒန်ကို လိုက်သွားပြီး ဒီကမ္ဘာစစ်ကြီး ရပ်တန့်ဖို့၊ လူသားတွေကို ကယ်တင်ဖို့ အေရီးနတ်ဘုရားရဲ့ အဖျက်လုပ်ရပ်တွေကို တားဆီးဖို့ ကြိုးစားပုံတွေကို စိတ်ဝင်စားဖွယ် ဆက်လက်ကြည့်ရှုရမှာ ဖြစ်ပါတယ်။ ■

## တစ်ပတ်အတွင်း ရုံတင်ပြသမည့် ရုပ်ရှင်ဇာတ်ကားများ

| ဇာတ်ကားအမည်နှင့် ဒါရိုက်တာ | ပါဝင်သည့် သရုပ်ဆောင်များ | ပြသမည့်ရုံ၊ ဖုန်းနံပါတ် |
|---|---|---|
| **ကျွန်**<br>**ဒါရိုက်တာ**<br>**ညွန့်မြန်မာ**<br>**ညီညီအောင်** | နေတိုး၊ မြင့်မြတ်၊<br>ဝတ်မှုံရွှေရည် | သမ္မတ - ၀၁ ၂၄၆၉၆၂၊ ၀၁ ၂၄၆၉၆၃<br>Mingalar Cineplex - မင်္ဂလာ ဂမုန်းပွင့်(လှည်းတန်း စံရိပ်ငြိမ်)<br>၀၉ ၇၇၉၀၅၄၆၇၁၊ ၇၇၉၀၅၄၆၇၂<br>Top Royal (စိန်ဂေဟာပါရမီ) -<br>၀၉ ၄၂၀၁၈၆ ၂၉၁၊ ၀၉ ၄၂၀၁၈၆ ၂၉၂<br>မြို့မ (မန္တလေး) - ၀၂ ၃၉၁၃၆၊ ၀၂ ၃၉၁၃၇<br>မင်္ဂလာ (၁) သိမ်ကြီးဈေး - ၂၄၃၀၅၇၊ ၂၄၃၀၅၈ |
| **Priates Of The Caribbean Dead Men Tell No Tales**<br>**Gore Verbinski** | Johnny Deep<br>Geoffery Rush<br>Kevin McNally | နေပြည်တော် (၁) - ၀၁ ၂၅၁၂၇၇၊ ၀၁ ၂၅၁၂၈၈<br>မင်္ဂလာဒဂုံစင်တာ (၂) မြေနီကုန်း-<br>၀၉ ၇၃၂၅၄၀၉၁၊ ၀၉ ၇၃၂၅၄၀၉၂<br>(လှည်းတန်း စံရိပ်ငြိမ်) ၀၉ ၇၇၉၀၅၄၆၇၁၊ ၇၇၉၀၅၄၆၇၂ |
| **Wonder Woman**<br>**Patty Jenkins** | Gal Gadot<br>Chris Pine<br>Robin Wright | နေပြည်တော် (၃) - ၀၁ ၂၅၁၂၇၇၊ ၀၁ ၂၅၁၂၈၈<br>ရွှေဆောင် (၁) - ၀၁ ၂၅၂၁၁၃၊ ၀၁ ၃၈၈၀၃၄<br>မင်္ဂလာ ဂမုန်းပွင့် (လှည်းတန်းစံရိပ်ငြိမ်) -<br>၀၉ ၇၇၉၀၅၄၆၇၁၊ ၇၇၉၀၅၄၆၇၂ |
| **နေဝင်အိပ်တန်းတက်**<br>**ဒါရိုက်တာ ဝိုင်း** | ပြေတီဦး၊ ထွန်းအိန္ဒြာဗို၊<br>ပိုင်ဖြိုးသု | ရွှေဆောင် (၂)၊ (၃) -၀၁ ၂၅၂၁၁၃၊ ၀၁ ၃၈၈၀၃၄<br>မင်္ဂလာဂမုန်းပွင့် (လှည်းတန်းစံရိပ်ငြိမ်)<br>၀၉ ၇၇၉၀၅၄၆၇၁၊ ၇၇၉၀၅၄၆၇၂ |
| **King Arthur : Legend of the Sworld**<br>**Guy Ritchie** | Charlie Hunnam<br>Astrid Berges-Frisbey<br>Djimon Hounsou | နေပြည်တော် (၂) - ၀၁ ၂၅၁၂၇၇၊ ၀၁ ၂၅၁၂၈၈<br>မင်္ဂလာဂမုန်းပွင့် (လှည်းတန်းစံရိပ်ငြိမ်)<br>၀၉ ၇၇၉၀၅၄၆၇၁၊ ၇၇၉၀၅၄၆၇၂ |

# Event Guide

## တေးသံရှင် ဇွန်ဝေယံရဲ့အရုပ်တေးအယ်ဘမ်လ် ပရိုမိုးရှင်းပွဲ



X-Factor ပြိုင်ပွဲကနေ ပရိသတ်အားပေးမှုရခဲ့တဲ့ တေးသံရှင် ဇွန်ဝေယံရဲ့အရုပ်တေးအယ်လ်ဘမ် ပရိုမိုးရှင်းပွဲကို ဇွန် ၁၁ ရက်နေ့၊ ညနေ ၃ နာရီကနေ ၆ နာရီအထိ၊ လှည်းတန်းစင်တာမှာ ပြုလုပ်သွားမှာဖြစ်ပါတယ်။ ဒီပွဲမှာ တေးသံရှင် ဇွန်ဝေယံနဲ့အတူ အနုပညာရှင်တွေက အမှတ်တရ လက်မှတ်ရေးထိုးပေးသွားမှာဖြစ်ပြီး မွေးနေ့အမှတ်တရအနေနဲ့ ပရိသတ်တွေနဲ့အတူ မွေးနေ့ကိတ်ခွဲအစီအစဉ်နဲ့ ဂိမ်းအစီအစဉ်တွေ ပြုလုပ်သွားမှာဖြစ်ပါတယ်။



## တေးသံရှင် Y Zet ရဲ့ ၉ ပရိုမိုးရှင်းပွဲ

တေးသံရှင် Y Zet ရဲ့ ၉ ပရိုမိုးရှင်းပွဲကို ဇွန်လ ၁၀ ရက်နေ့၊ ညနေ ၄ နာရီကနေ ည ၈ နာရီအထိ၊ မင်္ဂလာမန္တလေး၊ မန္တလေးမြို့မှာ ပြုလုပ်သွားမှာ ဖြစ်ပါတယ်။ ဒီပွဲမှာ တေးသံရှင် Y Zet နဲ့ အတူအနုပညာရှင်တွေက အမှတ်တရ လက်မှတ်ရေးထိုးပေးသွားမှာဖြစ်ပြီး ဖျော်ဖြေရေးအစီအစဉ်တွေ ပါဝင်မှာ ဖြစ်ပါတယ်။

## အလှကုန်နှင့် ကျန်းမာရေးအထူးဈေးရောင်းပွဲတော်

မန္တလေးမြို့မှာ ပထမဆုံးအကြိမ်ပြုလုပ်မယ့် အလှကုန်နှင့် ကျန်းမာရေး အထူးဈေးရောင်းပွဲတော်ကို ဇွန်လ ၉ ရက်နေ့ ကနေ ၁၂ ရက်နေ့၊ နံနက် ၉ နာရီကနေ ည ၉နာရီအထိ၊ မန္တလေးမြို့ မြို့တော်ခန်းမမှာ ပြုလုပ်သွားမှာ ဖြစ်ပါတယ်။ ဒီပွဲမှာ အလှကုန်ပစ္စည်းသုံးစွဲပုံတွေကအစ အသေးစိတ်ရှင်းလင်း ပြောကြားပေးမှာဖြစ်ပြီး အခမဲ့စမ်းသပ်နိုင်မယ့်စက်တွေလည်း ထားပေးထားမှာဖြစ်ပါတယ်။ အလှကုန်ပစ္စည်းတွေကတော့ Catrice၊ bsc၊ SAI၊ Now How၊ Coreana၊ DABO၊ Touch in SOL စတဲ့ နာမည်ကြီး တံဆိပ်တော်တော်များများ ရောင်းချပေးမှာဖြစ်ပါတယ်။ အလှကုန်ပစ္စည်းတွေ တစ်သောင်းကျပ်နဲ့အထက် ဝယ်ယူသူတိုင်းကို ညနေ ၆ နာရီကနေ ၉ နာရီအထိ ကံစမ်းမဲဖောက်ပေးသွားမှာဖြစ်ပြီး ၇၀ ရာခိုင်နှုန်းအထိ အထူးလျှော့ဈေးတွေနဲ့ ရောင်းချပေးမယ့် အစီအစဉ်တွေလည်း ပါဝင်မှာဖြစ်ပါတယ်။

## ပန်းချီဆရာ Oliver KoLay's ရဲ့ တစ်ကိုယ်တော်ပြပွဲ

ပန်းချီဝါသနာပါတဲ့သူတွေအတွက် ပန်းချီဆရာ Oliver KoLay's ရဲ့တစ်ကိုယ်တော်ပြပွဲကို ဇွန် ၁၀ ရက်နေ့၊ နံနက် ၁၀ နာရီကနေ ညနေ ၅ နာရီ အထိ၊ The Gallery Café ၊ အမှတ် ၉၈(စီ)၊ အင်ယားလမ်းမှာ ပြုလုပ်သွား မှာဖြစ်ပါတယ်။ ဒီပွဲမှာ ပန်းချီဆရာ Oliver KoLay's ရဲ့ လက်ရာမြောက်တဲ့ ပန်းချီကားချပ်တွေကို ကြည့်ရှုခံစားရမှာ ဖြစ်ပါတယ်။

## ကာတွန်းဘီသိုရဲ့ တစ်ကိုယ်တော်ကယ်ရီကေးချားနဲ့ ပန်းချီပြပွဲ

နောက်ထပ်ပွဲတစ်ခုကတော့ ကာတွန်းဘီသိုရဲ့တစ်ကိုယ်တော်ကယ်ရီကေးချားနဲ့ ပန်းချီပြပွဲကို ဇွန်လ ၁၀ ရက်နေ့ကနေ ၁၁ ရက်နေ့၊ နံနက် ၁၀ နာရီ ကနေ ညနေ ၅ နာရီအထိ၊ Cloud 31 Gallery၊ ၃၁ လမ်း (အောက် ဘလောက်)၊ ပန်းဘဲတန်းမြို့နယ်မှာ ပြုလုပ်သွားမှာ ဖြစ်ပါတယ်။ ဒီပွဲမှာ ကယ်ရီကေးချားပုံတွေနဲ့ ပန်းချီကားချပ်တွေကို ကြည့်ရှုခံစားရမှာဖြစ်ပါတယ်။

## ရောဝတီဘဏ်ရဲ့ AYA Visa Credit Card ပွဲ

ရောဝတီဘဏ်ရဲ့ AYA Visa Credit Card ပွဲကို ဇွန် ၁၀ ရက်နေ့ ကနေ ၁၁ ရက်နေ့၊ နံနက် ၁၀ နာရီကနေ ည ၈ နာရီအထိ၊ Junction Ciry မှာ ပြုလုပ်သွားမှာဖြစ်ပါတယ်။ ဒီပွဲမှာ AYA Visa Credit Card လျှောက်ထားပါက ပထမနှစ် နှစ်စဉ်ကြေးကင်းလွတ်ခွင့်ရရှိမှာဖြစ်ပြီး စာရွက် စာတမ်းအပြည့်အစုံနဲ့လျှောက်ထားပါက Lucky Draw အစီအစဉ်တွေလည်း ပါဝင်မှာဖြစ်ပါတယ်။ ဒါ့အပြင် အနုပညာရှင်တွေရဲ့ဖျော်ဖြေရေးအစီအစဉ်တွေနဲ့ ဂိမ်းအစီအစဉ်တွေလည်း ပါဝင်မှာဖြစ်ပါတယ်။

# PHOTO SOCIAL




တပ်မတော်က ပုဒ်မ ၆၆ ဃ အသုံးပြုကာ တရားစွဲဆိုထားသည့် The Voice အယ်ဒီတာချုပ်နှင့် သရော်စာဆောင်းပါးရှင်တို့ကို ဇွန်လ ၈ ရက်နေ့က ဗဟန်းမြို့နယ်တရားရုံးက အာမခံပယ်ချခဲ့သည့်အတွက် သတင်းမီဒီယာသမားများက The Voice သတင်းစာတိုက်ရှေ့တွင် သတင်းလွတ်လပ်ခွင့်ကို တောင်းဆိုခဲ့ကြသည်။




Food & Hotel Myanmar 2017 ပြပွဲတွင် Sithar Coffee မှ ကော်ဖီဖျော်နည်းများ မိတ်ဆက်ပြသမှုကို ဇွန်လ ၇ ရက်နေ့က MCC ခန်းမတွင် ပြသခဲ့စဉ်။




မင်္ဂလာပါ လေပေါ်ပျံဘောလုံးဖွင့်ပွဲအခမ်းအနားကို ဇွန်လ ၉ ရက်နေ့က ကန်တော်ကြီးပတ်လမ်းရှိ ကံကော်ပင်ကျွန်း၌ ပြုလုပ်ခဲ့စဉ်။




သတင်းမီဒီယာများအပေါ် ဆယ်သွယ်ရေးဥပဒေပုဒ်မ ၆၆ဃ ဖြင့် တရားစွဲဆိုဖမ်းဆီးမှုများအပေါ် စိတ်တူကိုယ်တူ သတင်းသမားများ ညီညွတ်မှုဖြင့် ပြန်လည်တုံ့ပြန်ရန်အတွက် ဆွေးနွေးပွဲကို ဇွန်လ ၆ ရက်နေ့က Orchid Hotel ၌ ပြုလုပ်ခဲ့စဉ်။




Food & Hotel Myanmar 2017 ပြပွဲ ဖွင့်လှစ်ခြင်းအခမ်းအနားကို ဇွန်လ ၇ ရက်နေ့က မြန်မာကွန်ဗင်းရှင်းစင်တာ (MCC) ၌ ပြုလုပ်ခဲ့စဉ်။




K.A.E International Condo Marketing Agency နှင့် ဘန်ကောက်အခြေစိုက် APT Real Estate တို့ ပူးပေါင်းကာ ဘန်ကောက်မြို့ရှိ မြန်မာနိုင်ငံသားများအတွက် သင့်တော်မည့် Project များ ရောင်းချသွားမည့်အကြောင်း သဘောတူလက်မှတ်ထိုး သတင်းစာရှင်းလင်းပွဲကို ဇွန်လ ၇ ရက်နေ့က Meila Hotel ၌ ပြုလုပ်ခဲ့စဉ်။




ထိုင်းနိုင်ငံ ပို့ကုန်သွင်းကုန်ဘဏ် (EXIM Thailand) ၏ ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံကိုယ်စားလှယ်ရုံးဖွင့်ပွဲ အခမ်းအနားကို ဇွန်လ ၉ ရက်နေ့တွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပခဲ့စဉ်။




သမဝါယမဘဏ်နှင့် Junction Centre တို့ပူးပေါင်း၍ CB Bank ကတ်ကိုင်ဆောင်သူများအတွက် Junction V-aap အသုံးပြုခြင်းဖြင့် သီးသန့်အခွင့်အရေးရရှိမည့် Program အသစ် စတင်အသုံးပြုခြင်း သတင်းစာရှင်းလင်းပွဲကို ဇွန်လ ၉ ရက်နေ့က Junction City (Promotion Area) ၌ ပြုလုပ်ခဲ့စဉ်။

# မိုးရာသီရုံးပိတ်ရက်မှာ မွန်ပြည်နယ်အနှံ့ နေ့ချင်းပြန်သွားနိုင်မယ့်ခရီးစဉ်

**ဘုရားစေတီပေါများတဲ့ မွန်ပြည်နယ်ကို မိုးရာသီရဲ့ ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက် စနေ၊ တနင်္ဂနွေမှာ နေ့ချင်းပြန်သွားနိုင်မယ့် ခရီးစဉ်ကို ညွှန်ပေးချင်ပါတယ်။**


Travels

မိုးရာသီ မွန်ပြည်နယ် နေ့ချင်းပြန်ခရီးစဉ်ကို ဇွန်လအတွက် အပတ်စဉ် စနေနေ့ညထွက်ပြီး တနင်္ဂနွေနေ့ည ပြန်ရောက်မည့် နေ့ချင်းပြန်ခရီးစဉ်ကို ခရီးသွားကြယ်ပွင့် Travels က စီစဉ်ပေးနေတာ ဖြစ်ပါတယ်။

ခရီးစဉ်အတွင်း မွန်ပြည်နယ်မှာရှိတဲ့ ကမ္ဘာမှာအကြီးဆုံးလျောင်းတော်မူဘုရားကြီးတည်ရှိရာ မုဒုံမြို့က ဝင်းစိန်တောရကျောင်းနဲ့ ဝင်းစိန်ဆရာတော်ဘုရားကြီးရဲ့ ရုပ်ကလာပ်တော်တည်ရှိရာ စံကျောင်းဆောင်၊ မျောလေးမျော သမိုင်းဝင်ထင်ရှားကျော်ကြားလှတဲ့ ကျိုက္ခမီရေလယ်ဘုရား၊ မော်လမြိုင်မြို့ရဲ့ ကျက်သရေဆောင် ကျိုက်သလွံစေတီနဲ့ ရှင်ဦးဇိနစေတီတော်တို့ကို ဖူးမြော်ရမှာဖြစ်ပါတယ်။


Travels


Travels

ဒါ့အပြင် သံဖြူဇရပ်က မဟာမိတ်စစ်သင်္ချိုင်း၊ သမိုင်းဝင် သေမင်းတမန်ရထားလမ်းနဲ့ ပြတိုက်၊ မွန်ပြည်နယ် View Point၊ ရေကစားနိုင်ပြီး အလွန်လှတဲ့ ဇင်းကျိုက်ရေတံခွန်၊ အိမ်ပြန်လက်ဆောင်သစ်သီးဝယ်ဖို့ ကျိုက္ကော်သစ်သီးတန်း စတာတွေကိုလည်း ပို့ပေးမှာဖြစ်ပါတယ်။

ဒီခရီးစဉ်ကို တစ်ဦးလျှင် ကျပ်သုံးသောင်းခွဲနဲ့ အသွားအပြန် ကားခ၊ နံနက်စာ၊ နေ့လယ်စာ၊ ညစာအပါအဝင် ရေသန့်၊ သေမင်းတမန်ရထားလမ်းပြတိုက် ဝင်ကြေးစတာတွေအတွက် စရိတ်ငြိမ်း ဖြစ်ပါတယ်။

ခရီးစဉ်နဲ့ပတ်သက်ပြီး အသေးစိတ်ကို ခရီးသွားကြယ်ပွင့် Travels အမှတ် ၁၁၇၊ ပထမထပ်၊ ကျွန်းတောလမ်း၊ စမ်းချောင်း၊ ရန်ကုန် ဖုန်း ၀၉၉၇၅၇၆၇၄၁၆၊ ၀၉၇၆၇၂၂၀၇၁၀၊ ၀၉၇၉၀၅၇၀၇၅၁ တို့ကို ဆက်သွယ်မေးမြန်းနိုင်ပါတယ်။ ■

## ခရီးသွားစဉ် Passport ကို ဘယ်လိုလုံခြုံအောင်သိမ်းမလဲ

**နိုင်ငံရပ်ခြားကိုခရီးသွားတဲ့အခါ နိုင်ငံကူးဖို့ Passport က အရေးကြီးပါတယ်။ အရေးကြီးတဲ့ပစ္စည်းဖြစ်တာကြောင့်လည်း မကြာခဏပျောက်တာ၊ အခိုးခံရတာတွေ ဖြစ်တတ်ပါတယ်။ ဒါကြောင့် ခရီးသွားစဉ် Passport ကို ဘယ်လိုလုံခြုံအောင်သိမ်းမလဲဆိုတာကို ဖော်ပြပေးလိုက်ပါတယ်။**

### စလွယ်သိုင်းလွယ်တဲ့အိတ်ထဲထည့်ပါ

ခရီးဆောင်အိတ်ကြီးထဲမှာ Passport ကိုမထည့်ဘဲ ကိုယ်လွယ်တဲ့ စလွယ်သိုင်းအိတ်ထဲမှာ ထည့်ပါ။ လေယာဉ်စီးတဲ့အခါမှာ အိတ်ကို ကိုယ့်ထိုင်ခုံရှေ့ကလူရဲ့ ထိုင်ခုံအောက်ကို ထည့်ထားပါ။ ဒါမှမဟုတ် အလွယ်တကူယူဖို့ အဆင်ပြေချင်ရင်တော့ ကိုယ့်အင်္ကျီကုတ်အင်္ကျီရဲ့ အတွင်းအိတ်ထဲမှာလည်း လိုရမယ်ရ ထည့်ထားနိုင်ပါတယ်။

### ခရီးဆောင် ကျောပိုးအိတ်အသေးဆောင်ပါ

ခရီးသွားတဲ့အခါ ကိုယ့်ပစ္စည်းအစုံအလင်ထည့်ထားတဲ့ အိတ်ကြီးအပြင် တစ်ကိုယ်ရေတစ်ကာယ အရေးပေါ်လိုမယ့်ပစ္စည်းတွေ၊ ပိုက်ဆံအိတ်၊ Passport တို့ကိုထည့်ဖို့ ကျောပိုးအိတ် အသေးတစ်လုံးနဲ့ ထည့်လွယ်ထားပါ။ ပျောက်ရှလို့မဖြစ်တဲ့အရေးကြီးစာရွက်စာတမ်း၊ ပိုက်ဆံအိတ်စတာတွေ ထည့်ထားမှာ ဖြစ်တာကြောင့် ကိုယ်နဲ့မကွာ လွယ်ထားဖို့တော့ အရေးကြီးပါတယ်။

### ဘောင်းဘီအတွင်းအိတ်ထဲမှာထည့်ပါ

ခရီးသွားရင်း မီးရထား၊ ကျည်ဆန်ရထားတို့စီးတဲ့အခါမှာတော့ Passport ပြစရာမလိုအပ်ဘူးဆိုပေမယ့် ကိုယ်နဲ့မကွာဆောင်ထားဖို့ဆိုရင် အထက်ကပြောခဲ့သလို ထည့်လွယ်တာမျိုးလည်း လုပ်နိုင်ပါတယ်။ သူခိုးပေါတယ်၊ ခိုးဝှက် သူရှိတယ်ဆိုတဲ့နေရာဆိုရင်တော့ အကောင်းဆုံးက အတွင်းခံဘောင်းဘီအိတ်ထဲမှာ ထည့်သိမ်းဖို့ တိုက်တွန်းချင်ပါတယ်။ ခရီးသွားတဲ့အခါ အတွင်းခံအနေနဲ့ ယောကျ်ားလေးတွေဝတ်တတ်တဲ့ ဘောင်းဘီတိုပုံစံမျိုး အိတ်ပါတဲ့ဘောင်းဘီကို အထဲခံဝတ်သင့်ပါတယ်။ အတွင်းဘောင်းဘီအိတ်ထဲမှာ Passport ၊ Credit ကတ်စတာတွေကို သိမ်းဆည်းနိုင်ပါတယ်။

### ခါးပတ်အိတ်လွယ်ပါ

Passport အပါအဝင် အရေးကြီးစာရွက်စာတမ်းတွေကို ကိုယ်နဲ့မကွာထားဖို့ အိတ်ပါတဲ့ အတွင်းဘောင်းဘီမျိုးနဲ့အဆင်မပြေရင် ပစ္စည်းသိမ်းနိုင်တဲ့ နောက်နည်းတစ်နည်းရှိပါတယ်။ အဲဒါက ခါးမှာပတ်လွယ်ရတဲ့ ခါးပတ်ပိုက်ဆံအိတ်ပဲ ဖြစ်ပါတယ်။ ဘာကြောင့် ဒီလိုတွေ ကိုယ်နဲ့မကွာရှိရမယ်လို့ ပြောရတာလဲဆိုတော့ လေယာဉ်စီးတဲ့အခါဖြစ်စေ၊ ရထားစီးတဲ့အခါဖြစ်စေ ကိုယ်သွားတဲ့ အရပ်ဒေသကိုရောက်လို့ လေယာဉ်၊ ရထားတို့ပေါ်ကနေဆင်းတာနဲ့ ခရီးဆောင်အိတ်တွေ ပျောက်လေ့ပျောက်ထရှိတာကြောင့်ပဲဖြစ်ပါတယ်။

### တည်းခိုတဲ့နေရာမှာသိမ်းခဲ့ပါ

နိုင်ငံရပ်ခြားကိုခရီးသွားပြီဆိုတာနဲ့ ရောက်တဲ့ဒေသက ပွဲတော်တွေ၊ ညဈေးတန်းတွေလို လူစည်ကားတဲ့နေရာကို သွားကိုသွားကြမှာပါ။ ဒီလိုအခြေအနေမှာ ကိုယ်နဲ့မကွာ Passport ကိုဆောင်ထားတာထက် တည်းခိုတဲ့ ဟိုတယ်၊ တည်းခိုခန်းမှာ သိမ်းခဲ့တာအကောင်းဆုံးပါပဲ။ ဟိုတယ်တွေဆိုတာကလည်း ပစ္စည်းပျောက်တယ်ဆိုပြီး မကောင်းသောနာမည်ကြီးခြင်းမျိုးကို မလိုချင်ကြသလို လုံခြုံရေးလည်းရှိတာကြောင့် သူခိုးအလွယ်တကူမခိုးနိုင်တဲ့ နေရာလို့ပဲ ပြောရမှာပါ။ ■

**Ref: http://travelfashiongirl.com**

# မောင်တောတွင် အရပ်သားတစ်ဦးကို မျက်နှာဖုံးစွပ်လူအုပ်က ဖမ်းခေါ်

**ရန်ကုန်၊ ဇွန် ၉**

အရပ်သားများ ဆက်တိုက်သတ်ဖြတ်ခံနေရသည့်ရခိုင်ပြည်နယ် မောင်တောမြို့နယ်တွင် အရပ်သားတစ်ဦးကို မျက်နှာဖုံးစွပ်ထားသည့် လူ ၂၅ ဦးခန့်က ဖမ်းဆီးခေါ်ဆောင်သွားကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေး ကော်မတီက ဇွန်လ ၈ ရက်နေ့က ထုတ်ပြန်ထားသည်။

မောင်တောမြို့အမှတ်(၂) ရပ်ကွက်မှ အီဘရာဟင်းဆိုသူ အပါအဝင် လေးဦးသည် ဇွန်လ ၅ ရက်နေ့က သလူချောင်း ကျေးရွာ တောင်ဘက် တစ်မိုင်ခန့်အကွာရှိ ပုစွန်ကန်အား စောင့်ကြပ်နေစဉ် မင်္ဂလာကြီးချောင်းမှ လောင်းလှေနှစ်စီးဖြင့် မျက်နှာဖုံးစွပ်ထားသူ လူ ၂၅ ဦးခန့်ရောက်ရှိလာကြောင်း ယင်းထုတ်ပြန်ချက်တွင် ပါရှိသည်။

ယင်းအဖွဲ့သည် အီဘရာဟင်းဆိုသူကို ဖမ်းဆီးခေါ်ဆောင်သွားပြီး ကျန်သုံးဦးကို မျက်နှာကို အဝတ်ဖြင့်ချည်နှောင်ကာ လက်ပြန်ကြိုးတုပ်ပြီး ပုစွန်ကန်တဲတိုင်များတွင် ချည်နှောင်ရိုက်နှက်ခဲ့သဖြင့် သတိလစ်ခဲ့၍ ဇွန်လ ၆ ရက်နေ့မှ သတိရကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

မောင်တောခရိုင်တွင် နယ်ခြားစောင့်ရဲစခန်းများ တိုက်ခိုက်ခံရသည့် ၂၀၁၆ ခုနှစ် အောက်တိုဘာလမှ ယခုနှစ် ဇွန်လ ၄ ရက်နေ့အထိ အရပ်သား ၃၄ ဦး အသတ်ခံရပြီး ၁၉ ဦး ပျောက်ဆုံးနေကြောင်း အဆိုပါကော်မတီမှ သိရသည်။■

# ကျပ်သိန်း ၁၆၀ ကျော်တန်ဖိုးရှိ စိတ်ကြွဆေးပြားများ ဘုန်းကြီးကျောင်းအနီး စွန့်ပစ်

**မန္တလေး၊ ဇွန် ၉**

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ ဘုန်းကြီးကျောင်းအနီးတွင် မုန့်ပုံးဖြင့်ထည့်ထားသည့် ကျပ်သိန်း ၁၆၀ ကျော်တန်ဖိုးရှိစိတ်ကြွဆေးပြားများကို ဇွန်လ ၈ ရက်နေ့က စွန့်ပစ်ထားသည်ကိုတွေ့ရှိရကြောင်း တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ သိရှိရသည်။

ချမ်းအေးသာစံမြို့နယ် ပြည်ကြီးပျော်ဘွယ်အရှေ့ရပ်ကွက်ရှိ ရတနာပုဂံကျောင်းတိုက်အနီးတွင် အဖီဆွဲနေထိုင်ကာ ဗေဒင်ဟောသည့် မဖြူဖြူမိုး (ခ) နဂါးမလေး၏ အခန်းအပြင်ဘက်တွင် ခြင်းတောင်းဖြင့် အုပ်ထားသည့် မုန့်ပုံးကို ကျောင်းဝင်းအတွင်းနေထိုင်သူဆန်းမင်းအောင်ဆိုသူက တွေ့ရှိကြောင်း ရဲတပ်ဖွဲ့မှတ်တမ်းအရ သိရသည်။

ယင်းကျောင်းတိုက်တွင် သီတင်းသုံးသည့် ဆရာတော်တစ်ပါးက ဆေးပြားများတွေ့ရှိကြောင်း ရဲတပ်ဖွဲ့သို့ အကြောင်းကြားခဲ့သဖြင့် စစ်ဆေးရာ ဆေးပြား ၃၃၀၀ ပြား (ကာလတန်ဖိုး ဆေးပြားတစ်ပြားလျှင် ငါးထောင်ကျပ်နှုန်းဖြင့် ၁၆,၅၀၀,၀၀၀ ကျပ်ဖိုး) ကိုတွေ့ရှိခဲ့ကြောင်း အမှတ် (၆) ရဲတပ်ဖွဲ့ထံမှ သိရသည်။ ■



Salai Isaac Khen

# ကွင်းဆင်းစစ်ဆေးသူများကို ကျွဲ၊ နွားများသတ်ဖြတ်၍ မညှော်ခံရန် ချင်းပြည်နယ်အစိုးရထုတ်ပြန်

**မန္တလေး၊ ဇွန် ၉**

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေးရန် လာရောက်သည့် သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များကိုဒေသခံပြည်သူများအနေနှင့် ကျွဲ၊ နွား၊ နွားနောက်၊ ဝက် စသည်တို့ကိုသတ်ဖြတ်၍ ညှော်ခံခြင်းမပြုရန် ချင်းပြည်နယ်အစိုးရအဖွဲ့က ဇွန်လ ၂ရက်နေ့စွဲဖြင့် ထုတ်ပြန်လိုက်သည်။

ယင်းကဲ့သို့ ကျွေးမွေးညှော်ခံခြင်းသည် ဓလေ့ထုံးတမ်းအစဉ်အလာသဖွယ်ဖြစ်နေပြီး ညှော်ခံစရိတ်ပိုမိုကုန်ကျကာ ဒေသခံများကို ဝန်ထုပ်ဝန်ပိုးဖြစ်စေသည့်အပြင် ပြည်သူများအကြား မလိုလားအပ်သည့် အထင်အမြင် လွဲမှားမှုများဖြစ်ပေါ်လာနိုင်ကြောင်း အစိုးရအဖွဲ့က ထုတ်ပြန်သည်။

“ရပ်ကျေးအုပ်ချုပ်ရေးမှူးတွေအထိ ရှင်းလင်းချပြသွားဖို့ ကျွန်တော်တို့ အကြောင်းကြားထားပါတယ်” ဟုပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးဝီကောက ပြောဆိုသည်။

ကျေးလက်တောရွာများတွင် လူကြီး (သက်ဆိုင်ရာတာဝန်ရှိ ပုဂ္ဂိုလ်များ) လာလျှင် ညှော်ခံရန်အတွက်ဟုဆိုကာ ကြက်၊ ဝက်စသည်တို့ကို မွေးမြူထားတတ်ကြကြောင်း၊ ယင်းမှာ မဖွံ့ဖြိုးသေးသည့် ယခင်ခေတ်က လက်ခံနိုင်သော်လည်း လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာပြီး ဖွံ့ဖြိုးလာသည့် ယနေ့ခေတ်တွင် မရှိသင့်တော့ကြောင်း ဟားခါးဒေသခံတစ်ဦးက ပြောဆိုသည်။ ■

# မွန်တွင် မြေအကွက်ရိုက်ရောင်းသည့် ကျေးရွာအုပ်ချုပ်ရေးမှူး ၁၀ ဦးကျော်ကို အရေးယူ

**မော်လမြိုင်၊ ဇွန် ၉**

မွန်ပြည်နယ်အတွင်း မြေယာများကို အကွက်ရိုက်ရောင်းချခဲ့သည့် ကျေးရွာအုပ်ချုပ်ရေးမှူး ၁၅ ဦးခန့်ထိ အရေးယူထားပြီးဖြစ်ကြောင်း မွန်ပြည်နယ်ဝန်ကြီးချုပ်က ပြောကြားသည်။

ဇွန်လ ၇ ရက်နေ့တွင် ကျင်းပသည့် မွန်ပြည်နယ်လွှတ်တော် အစည်းအဝေးတွင် မြေကွက်ရိုက်ရောင်းချနေမှုနှင့် ပတ်သက်ပြီး မွန်ပြည်နယ်အစိုးရအဖွဲ့က မည်သို့အရေးယူဆောင်ရွက်နေသည်နှင့် ပတ်သက်ပြီး ပေါင်မြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဇော်ထူး၏ မေးမြန်းမှုကို မွန်ပြည်နယ်ဝန်ကြီးချုပ်က ထိုကဲ့သို့ ပြန်လည်ဖြေကြားခဲ့ခြင်း ဖြစ်သည်။

“မွန်ပြည်နယ်မှာ မြေအကွက်ရိုက်ရောင်းချနေမှုဟာ ကျေးရွာ ၅၀ နီးပါးမှာ ဖြစ်နေပါတယ်။ ကျွန်တော်တို့အနေနဲ့ သေသေချာချာ လေ့လာဆုံးဖြတ်ပြီးအရေးယူ ကိုင်တွယ်ထားတဲ့အမှုတွေ အများကြီးရှိပါတယ်” ဟု မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက ပြောဆိုသည်။

မြေကွက်ရိုက်ရောင်းချသည့်ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့များကို ၂၀၁၂ လယ်ယာမြေဥပဒေ နည်းဥပဒေနှင့်အညီ စိစစ်ဆောင်ရွက်လျက်ရှိပြီး ကျူးလွန်ကြောင်း စစ်ဆေးတွေ့ရှိသူများကို တာဝန်မှ ရပ်စဲအရေးယူထားကြောင်း ဝန်ကြီးချုပ်က ပြောကြားသည်။

ရပ်ကွက်ကျေးရွာအတွင်း မြေယာအရောင်းအဝယ်ကိစ္စများနှင့် ပတ်သက်ပြီး ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများက အသိသက်သေအဖြစ် လက်မှတ်ရေးထိုးခြင်း လုံးဝမပြုလုပ်ရန်ကိုလည်း အကြောင်းကြားထားသည်ဟု ၎င်းကဆက်လက်ပြောကြားသည်။

ထို့အပြင် လုပ်ပိုင်ခွင့်ထက်ကျော်လွန်ပြီး လုပ်ကိုင်နေကြသည့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ပါဝင်ပတ်သက်နေသူများ၊ ဌာနဆိုင်ရာများ ရပ်တန့်ကြရန်နှင့် မရပ်တန့်ပါက ဥပဒေအတိုင်း ဆောင်ရွက်မည်ဖြစ်ကြောင်း ဇွန်လပထမပတ်က ကျင်းပခဲ့သည့် လူထုတွေ့ဆုံပွဲတွင်လည်း ဝန်ကြီးချုပ်က သတိပေးပြောဆိုထားသည်။

မြေအကွက်ရိုက်ရောင်းချခြင်းနှင့် ပတ်သက်ပြီး လွှတ်တော်သို့လည်း တိုင်ကြားစာများ ရောက်ရှိနေကာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ထိ တင်ပြရသည့်အမှုလည်းရှိသည်ဟု မွန်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်အိကပြောကြားထားသည်။

လယ်မြေများကို အကွက်ရိုက်မရောင်းချရန် ဖေဖော်ဝါရီလခန့်က ရပ်/ကျေး အုပ်စုအုပ်ချုပ်ရေးမှူးတစ်ဦးချင်းကို ဝန်ခံကတိပြု လက်မှတ်ရေးထိုးထားခိုင်းသည်ဟု မွန်ပြည်နယ် စိုက်ပျိုး မွေးမြူရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး ဦးထွန်းဌေးက ပြောဆိုသည်။ ■

**Dawei Watch**

ကြော်ငြာကိစ္စဆက်သွယ်လိုပါက
ဖုန်း - ၀၉၅၁၀၇၆၈၃၅၊ ၀၉၄၂၁၀၀၇၇၇၀

## News in Brief

### မြန်မာစွန့်ဦးတီထွင်ပွဲတော် ကျင်းပမည်

မြန်မာနိုင်ငံလူငယ် စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းက ဦးစီး၍ မြန်မာစွန့်ဦးတီထွင်ပွဲတော်ကိုဇွန်လ ၁၆ ရက်နေ့မှ ၁၈ ရက်နေ့အထိ တပ်မတော်ခန်းမတွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီတိုင် ကျင်းပသွားမည်ဖြစ်ကြောင်း ပွဲတော်ကျင်းပရေး တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါပွဲတွင် စီးပွားရေးလုပ်ငန်းစုကြီးများနှင့် အသေးစား၊ အလတ်စားလုပ်ငန်းများမှ လုပ်ငန်းရှင်များ၏ Panel Discussion များ၊ ဟောပြောပို့ချမှုများ၊ ရင်းနှီးမြှုပ်နှံမည့်သူများနှင့် နည်းပညာအထောက်အကူ တွေ့ဆုံချိတ်ဆက်ပွဲများ၊ အချိန်တိုသင်တန်းများ၊ ပြခန်းများ ပါဝင်ပြသသွားမည်ဖြစ်ပြီး စိတ်ပါဝင်စားသူများ လာရောက်ကြည့်ရှုလေ့လာနိုင်မည်ဖြစ်သည်။ ■

# ရန်ကုန်၌ လာမည့်နှစ်မှစ၍ လမ်းအသုံးပြုခကောက်ခံမှု ရပ်ဆိုင်းမည်

**ရန်ကုန်၊ ဇွန် ၉**

ရန်ကုန်တိုင်းဒေသကြီးအတွင်း လာမည့်နှစ် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်မှစ၍ လမ်းအသုံးပြုခများ ကောက်ခံတော့မည်မဟုတ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှု၊ လက်မှုနှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဒေါ်နီလာကျော်က ပြောကြားသည်။

ဇွန်လ ၉ ရက်နေ့က ရန်ကုန်တိုင်းဒေသကြီးအစိုးရရုံးတွင်ပြုလုပ်သည့်ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ တစ်နှစ်တာလုပ်ငန်းများကိုမီဒီယာများသို့ရှင်းလင်းစဉ် ဝန်ကြီးက အထက်ပါအတိုင်းပြောကြားခဲ့ခြင်းဖြစ်သည်။

"လာမယ့်နှစ်ပေါ့နော်၊ ၂၀၁၈ - ၂၀၁၉ ဘတ်ဂျက်မှာတော့ လမ်းအသုံးပြုခတွေကိုလည်း ကောက်ခံတော့မှာမဟုတ်ပါဘူး" ဟု ဝန်ကြီးဒေါ်နီလာကျော်က ဆိုသည်။

တိုင်းအစိုးရအဖွဲ့သည် ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ပြီး ရက်မှတံတားကြေးကောက်ခံမှုများကို ရပ်ဆိုင်းပေးခဲ့သေးသည်။

တံတားခံနိုင်ဝန်ကိုထိခိုက်စေသည့် တန်ပိုယာဉ်များဖြတ်သန်းမှုကို ကန့်သတ်ရန်အတွက် တံတားကောက်ခံခများကို ရပ်ဆိုင်းခဲ့ခြင်းဖြစ်ကြောင်း ဝန်ကြီးက ဆိုသည်။

ပြီးခဲ့သည့်နှစ်များကမူ တံတားဖြတ်သန်းခကောက်ခံသည့်လေလံအောင်ကုမ္ပဏီများသည် တန်ပိုယာဉ်များထံမှ ဒဏ်ကြေးရယူပြီး ဖြတ်သန်းခွင့်ပြုသောကြောင့် နိုင်ငံတော်ကနစ်နာခဲ့ရသည်ဟု ဝန်ကြီးဒေါ်နီလာကျော်က ဆိုသည်။

"ဘာပဲပြောပြော စရိတ်စက လျော့နည်းတဲ့အပိုင်းမို့ ကြိုဆိုပါတယ်။ အရင် တံတားအသုံးပြုခတွေလည်း ထိန်းချုပ်ပြီး မကောက်တော့ဘူးဆိုတော့ ကြိုဆိုပါတယ်" ဟု မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးရဲမင်းအောင်က ဆိုသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လှည်းကူး၊ တိုက်ကြီး၊ မှော်ဘီ၊ ခရမ်း၊ သုံးခွ၊ တွံတေး၊ ဒလ၊ ကော့မှူး၊ ကွမ်းခြံကုန်း စသည့်ဒေသများတွင်ကျေးရွာချင်းဆက်လမ်းများကို ပိုမိုဖောက်လုပ်၍ ကုန်စည်စီးဆင်းမှုမြန်ဆန်ရေး လုပ်ဆောင်ပေးရန်လည်း ၎င်းကတိုက်တွန်းပြောကြားသည်။ ■

# မြန်မာနိုင်ငံတစ်ဝန်း မိုးထစ်ချုန်းရွာမည်

**ရန်ကုန်၊ ဇွန် ၉**

ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေကာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေသောကြောင့် မြန်မာနိုင်ငံတစ်ဝန်း မိုးထစ်ချုန်းရွာရာမည်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနထံမှ သိရသည်။

မိုးထစ်ချုန်းရွာသွန်းနိုင်သည့်ဒေသများတွင် လေပြင်းတိုက်ခြင်း၊ မိုးကြိုး ပစ်ခြင်း၊ မိုးခြိမ်းခြင်းများ ဖြစ်ပေါ်နိုင်သည်။

လာမည့်နှစ်ရက်အတွင်း ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ် တို့တွင် မိုးကြီးမည်ဖြစ်ပြီး ရှမ်းပြည်နယ် (အရှေ့ပိုင်း၊ တောင်ပိုင်း) နှင့် ကယားပြည်နယ်တို့တွင် မိုးထစ်ချုန်း ရွာသွန်းမည်ဖြစ်သည်။

ထို့အပြင် ပဲခူးတိုင်းဒေသကြီး၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) နှင့် ချင်းပြည်နယ်နေရာအချို့တွင် မိုးထစ်ချုန်းရွာသွန်းမည်ဖြစ်သည်။

မိုးထစ်ချုန်းရွာသွန်းချိန်တွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်နိုင်ကာ လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်ကြောင်း၊ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်ပြီး လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်တွင် ခြောက်ပေမှ ၁၀ ပေခန့်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ ■

# သဗ္ဗညုဘုရားပြင်ဆင်ရန် တရုတ်ပညာရှင်များ အကြံပြုချက် ဇွန်လကုန်တွင်တင်ပြမည်

**မန္တလေး၊ ဇွန် ၉**

ပုဂံဒေသရှိ ရှေးဟောင်းစေတီပုထိုးများထဲတွင် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် သဗ္ဗညုဘုရား၏ ထိခိုက်မှုများကို ပြင်ဆင်နိုင်ရန် တရုတ်ပညာရှင်များက ကွင်းဆင်းဆောင်ရွက်နေပြီး ၎င်းတို့၏ အကြံပြုချက်ကို ဇွန်လကုန်တွင် တရုတ်အစိုးရထံ တင်ပြသွားမည်ဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန (ပုဂံဌာနခွဲ) ထံမှ သိရှိရသည်။

ဘုရားကို ပြုပြင်ရန်အတွက် မူအားဖြင့်သဘောတူညီထားပြီး တရုတ်ပညာရှင်တို့၏ တင်ပြချက်များကို တရုတ်အစိုးရက သဘောတူခွင့်ပြုလျှင် ပြင်ဆင်သွားမည်ဖြစ်ကြောင်း အဆိုပါဌာန တာဝန်ရှိသူတစ်ဦးက ဆိုသည်။

"စတင်ပြင်ဆင်နိုင်ဖို့အတွက် ၂၀၁၈ ခုနှစ်လောက် ခန့်မှန်းထားတယ်။ ဘယ်လောက်ကုန်ကျမယ်၊ ဘယ်လိုပြင်ဆင်မယ်ဆိုတာကိုတော့ အခုမှလေ့လာတွက်ချက်နေကြတုန်းပါ။ တရုတ်ပညာရှင်တွေပြင်ဆင်မယ်ဆိုပေမယ့် မြန်မာဘက်က ပညာရှင်တွေလည်း ပူးပေါင်းပါဝင်သွားမှာပါ" ဟု ၎င်းကပြောဆိုသည်။

၂၀၁၆ ခုနှစ် ဩဂုတ်လ ၂၄ ရက်နေ့က ချောက်မြို့ကို ဗဟိုပြု၍ လှုပ်ခတ်ခဲ့သည့်အင်အား ၆ ဒသမ ၈ ရစ်ခ်ျတာစကေးအဆင့်ရှိ ငလျင်ကြောင့် ပုဂံဒေသရှိစေတီပုထိုးပေါင်း ၃၉၇ ဆူ ပျက်စီးခဲ့ရသည်။

သဗ္ဗညုပုထိုးတော်ကြီးမှာ ပဲ့ခြင်း၊ ပြိုကျခြင်းမရှိသော်လည်း ပညာရှင်များ စမ်းသပ်လေ့လာရာ အတွင်းသားများမှ ပဲ့တင်သံများ ထွက်ပေါ်လာခြင်းမရှိသဖြင့် အတွင်းဒဏ်ရာများရရှိနေပြီဟု ကောက်ချက်ချ၍ရကြောင်း မေလ ၆ ရက်နေ့က ပုဂံတွင်ပြုလုပ်သည့်သတင်းစာရှင်းလင်းပွဲတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ပြောဆိုခဲ့သည်။

သဗ္ဗညုပုထိုးတော်ကြီးသည် ထုထည်အားဖြင့်ကြီးမားခြင်း၊ ဉာဏ်တော်မြင့်မားခြင်း၊ အနုလက်ရာများစွာရှိခြင်းတို့ကြောင့်မြန်မာဗိသုကာပညာရှင်တို့တာဝန်ယူနိုင်ရန် အခက်အခဲရှိနေပြီး မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးနှင့် ဆွေးနွေးမှုများအရ တရုတ်ပညာရှင်များက မူလအတိုင်းဖြစ်စေရန် နည်းပညာနှင့် ငွေကြေးတို့ကိုပါ တာဝန်ယူကူညီမည်ဟုဆိုခဲ့ကြောင်း ၎င်းကပြောကြားသည်။

တရုတ်နိုင်ငံတွင် နှစ်ပေါင်းထောင်ချီတည်တံ့နေသည့် ရှေးဟောင်းလက်ရာများ တည်ရှိနေပြီး၊ ကမ္ဘောဒီးယားနိုင်ငံ အန်ကောဝပ် ကျောင်းတော်ကြီးကိုလည်း တရုတ်အင်ဂျင်နီယာတို့က အချိန်ပြည့် စောင့်ရှောက်နေသဖြင့် မိမိတို့အတွက် အထောက်အကူဖြစ်မည်ဖြစ်ကြောင်း သူရဦးအောင်ကိုက ပြောဆိုထားသည်။

သဗ္ဗညုပုထိုးတော်ကြီးသည် ပုဂံမြို့ဟောင်း၏ အရှေ့တောင်ထောင့်တွင် တည်ရှိပြီး ဉာဏ်တော်အမြင့်ပေ ၂၀၀ ခန့်ရှိ ဂူဘုရားတစ်ဆူဖြစ်ကာ အလောင်းစည်သူမင်း၏ကောင်းမှုဖြစ်သည်။ ရှေးခေတ်သံဃာတော်များ ပရိယတ္တိစာပေလေ့လာရန်နှင့် ပိဋကတ်တိုက်သဖွယ် အသုံးပြုခဲ့ကြောင်း သမိုင်းများတွင်ဖော်ပြထားသည်။ ■



ဓာတ်ပုံ-ထွန်းထွန်းမြင့်

# ရန်ကုန်မြင်ကွင်းကို ကြည့်နိုင်မည့် မင်္ဂလာပါဘောလုံး ဇွန်လလယ်စီးနိုင်မည်

**ရန်ကုန်၊ ဇွန် ၉**

ကောင်းကင်မှနေ၍ မြေပြင်ရှုခင်းကြည့်ခြင်းကို ပုဂံနှင့်အင်းလေးတွင်သာမက ရန်ကုန်မြို့ပြတွင်ပါ ကြည့်နိုင်ရန် ရန်ကုန်မြို့ ကန်တော်ကြီးပန်းခြံအတွင်း မင်္ဂလာပါဘောလုံးအမည်ဖြင့် ဟီလီယမ်ဓာတ်ငွေ့မိုးပျံပူပေါင်းကို ဇွန်လလယ်တွင် စတင်မည်ဖြစ်ကြောင်း Culture Attractions ၏ စီမံကိန်းဒါရိုက်တာ ဦးသက်လွင်တိုးက ပြောကြားသည်။

မင်္ဂလာပါဘောလုံးကို ခရီးသွားရာသီကာလတွင် တစ်နေ့လျှင်အခေါက်ရေ ၃၀ ပျံသန်းပေးမည်ဖြစ်သော်လည်း လတ်တလောတွင် ရာသီဥတုအခြေအနေပေါ်မူတည်၍ အခေါက်ရေလျော့ ပျံသန်းမည်ဟု ၎င်းက ဖြည့်စွက်ပြောကြားသည်။

မိုးပျံပူပေါင်းပျံသန်းနိုင်ရေးအတွက် စက်မှုပိုင်းဆိုင်ရာ စစ်ဆေးခြင်း၊ လေကြောင်းအရ အန္တရာယ်ကင်းခြင်းတို့အပြင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနတို့၏ ခွင့်ပြုချက်ရထားပြီးဖြစ်ကြောင်း၊ လာမည့်အပတ်တွင် မြန်မာ့အာမခံနှင့် စာချုပ်ချုပ်ဆိုပြီးသည်နှင့် အများပြည်သူများ မိုးပျံပူပေါင်းစီးနင်းနိုင်ရန် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ၎င်းကထပ်လောင်းပြောကြားသည်။

"ပူပေါင်းစီးနင်းရင်း တစ်စုံတစ်ခုဖြစ်ရင် ကူညီနိုင်ဖို့ ဝန်ထမ်းတွေကို ရှေးဦးပြုစုနည်းသင်တန်း ပေးထားတယ်။ မလိုလားအပ်တဲ့ပြဿနာတွေမဖြစ်အောင်လည်း အထုပ်ကြီးကြီး၊ အိတ်အကြီးပါတာတွေကို သေချာစစ်ဆေးမယ်" ဟု ၎င်းက ဆိုသည်။

မင်္ဂလာပါဘောလုံးကိုလူကြီးတစ်ဦး တစ်သောင်းကျပ်၊ ကလေးငါးထောင်ကျပ်နှင့် နိုင်ငံခြားသားတစ်ဦးလျှင် ၂၅ ဒေါ်လာသတ်မှတ်ထားကြောင်း အဆိုပါလုပ်ငန်းထံမှ သိရသည်။

မင်္ဂလာဘောလုံးသည်ကန်တော်ကြီးရှိ ကံ့ကော်ပင်ကျွန်းမှ ကောင်းကင်သို့ ပေ ၄၀၀ အမြင့်အထိ ပျံတက်ပြီး ရန်ကုန်မြင်ကွင်းကို မြင်နိုင်ရန် သံမဏိကြိုးဖြင့် ထိန်း၍ အမြင့်ကို ပျံပေးခြင်းဖြစ်သည်။

ယင်းသို့ပျံသန်းရာတွင် ရာသီဥတုနှင့် လေတိုက်နှုန်းပေါ်မူတည်၍ အမြင့်ကို အတိုးအလျှော့လုပ် ပျံသန်းပေးမည်ဟု Culture Attractions ထံမှသိရသည်။

Culture Attractions သည် အမေရိကန်-မြန်မာ ဖက်စပ်လုပ်ကိုင်သည့် ခရီးသွားကုမ္ပဏီဖြစ်သည်။ ■

# ကျိုင်းတုံဒေသဖွံ့ဖြိုးရေး မီဒီယာနှင့် တပ်မတော်သားများထံမှ အကြံပြုချက်ယူမည်

**ကျိုင်းတုံ၊ ဇွန် ၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင်အတွင်းရှိ မြို့နယ်များတွင် ဒေသဖွံ့ဖြိုးရေးလုပ်ရာတွင် မီဒီယာနှင့် တပ်မတော်သားများထံမှလည်း အကြံပြုချက်ယူမည်ဖြစ်ကြောင်း ကျိုင်းတုံခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးနေဦးက ပြောကြားသည်။

ဒေသဖွံ့ဖြိုးရေး စီမံကိန်းများရေးဆွဲရာတွင် ပိုမိုထိရောက်ပြီး အမှန်တကယ်လိုအပ်နေသည့် နေရာများအတွက်လုပ်ဆောင်နိုင်ရန် ဒေသခံများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် လွှတ်တော်ကိုယ်စားလှယ်များထံမှ အကြံပြုချက်ယူမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

"သတင်းမီဒီယာသမားတွေဆိုလည်း ကွန်ရက်ကျယ်ပြန့်သလိုတပ်မတော်သားတွေဆိုလည်း ရှေ့တန်းထွက်ချိန်မှာ ကျွန်တော်တို့တွေ မရောက်နိုင်တဲ့နေရာတွေအထိ သွားလာနေရတော့ ဘယ်နေရာမှာ တံတားနဲ့လမ်းစတာတွေ လိုအပ်နေတယ်ဆိုတာသိနေကြတယ်" ဟု ခရိုင်စီမံကိန်း ရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌလည်းဖြစ်သူ ၎င်းက ပြောဆိုသည်။

ပြည်နယ်အဆင့်ဌာနဆိုင်ရာ အဖွဲ့အစည်းများရုံးစိုက်ရာ ကျိုင်းတုံမြို့နယ်အပါအဝင် အခြားမြို့နယ်များတွင် နှစ်စဉ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲပြီး လုပ်ငန်းများဆောင်ရွက်ရာ၌ ရပ်/ကျေးအုပ်ချုပ်ရေးပိုင်း တာဝန်ရှိသူများသည် အမှန်တကယ်လိုအပ်သည့် ကျေးရွာများကို ဦးစားပေးထည့်သွင်းရေးဆွဲခြင်းမပြုဘဲ ယင်းတို့နှင့် ဆွေမျိုးတော်စပ်သူများနှင့် ဘာသာဝင်များ နေထိုင်ရာကျေးရွာများကိုသာ လုပ်ဆောင်ပေးနေကြောင်း အဆိုပါဒေသခံများက ပြောကြားသည်။

ကျိုင်းတုံခရိုင်ရှိ ကျိုင်းတုံ၊ မိုင်းခတ်၊ မိုင်းယန်း၊ မိုင်းပျဉ်းနှင့် မိုင်းလားမြို့နယ်တို့တွင် ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်တွင် ဒေသဖွံ့ဖြိုးရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့ရန်ပုံငွေမှ ကျပ်သန်း ၁၇,၀၀၀ ကျော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရန်ပုံငွေမှ ကျပ်သန်း ၈ ၂၀၀ ကျော်နှင့် လွှတ်တော်ရန်ပုံငွေမှ သိန်း ၁၀၀၀ အသုံးပြုခဲ့ပြီး လက်ရှိ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကျပ်သန်းနှစ်သောင်းကျော် အသုံးပြုမည်ဖြစ်သည်။ ■

# မန္တလေးဖွံ့ဖြိုးရေးလုပ်ငန်းများအကြောင်း တရုတ်ဖိုရမ်တွင် ရှင်းလင်းမည်

**မန္တလေး၊ ဇွန် ၉**

မန္တလေးမြို့တော် ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်နေသည့် လုပ်ငန်းများအကြောင်းကို တရုတ်နိုင်ငံတွင်ပြုလုပ်မည့် Urbanization for Developing Countries ဖိုရမ်တွင် ရှင်းလင်းပြောကြားမည်ဖြစ်ကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ ကော်မတီဝင် ဦးကျော်ဇေယျက ပြောကြားသည်။

၂၀၁၀ ပြည့်နှစ်မှစ၍ နှစ် ၃၀ စီမံကိန်းအဖြစ် ဆောင်ရွက်နေမှုများကို ရှင်းလင်းမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ မန္တလေးအပြင် ရန်ကုန်နှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့မှ တာဝန်ရှိသူများ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်တစ်ဦး စုစုပေါင်း လေးဦးသွားရောက်ကြမည်ဖြစ်ကြောင်း အဆိုပါအဖွဲ့ထံမှ သိရသည်။

"မန္တလေးမှာ တိုးတက်လာတဲ့ အဆောက်အအုံတွေ၊ စီမံကိန်းတွေ အကြောင်းကိုရှင်းပြမှာပါ။ အဲဒီအတွက် အသေးစိတ်ပြင်ဆင်နေပါတယ်။ ကျွန်တော့်လိုပဲ ရန်ကုန်၊ နေပြည်တော်နဲ့ ဆောက်လုပ်ရေးက တာဝန်ရှိသူတွေကလည်း သက်ဆိုင်ရာအလိုက် ရှင်းပြကြမှာ" ဟု အဆိုပါအဖွဲ့ခေါင်းဆောင်လည်းဖြစ်သည့်ဦးကျော်ဇေယျက ပြောဆိုသည်။

အဆိုပါဖိုရမ်ကို ဇူလိုင်လ ၃၀ ရက်နေ့တွင် စတင်မည်ဖြစ်ပြီးကမ္ဘာ့နိုင်ငံအသီးသီးရှိ ဖွံ့ဖြိုးပြီးနိုင်ငံများအကြောင်းကို သက်ဆိုင်ရာနိုင်ငံအလိုက် ဆွေးနွေးသွားကြမည်ဖြစ်သည်။

"ကမ္ဘာ့ဖွံ့ဖြိုးပြီးတဲ့ နိုင်ငံတွေရဲ့ လက်ရှိလုပ်ဆောင်နေတဲ့ စီမံကိန်းတွေအကြောင်းကို သိရမယ်ဆိုတော့ ကိုယ့်နိုင်ငံအတွက်အကျိုးရှိမယ့်၊ ကိုက်ညီမယ့် စီမံကိန်းများတွေရှိရင် ပြန်အသုံးချနိုင်မယ်" ဟု ဦးကျော်ဇေယျက မှတ်ချက်ပြုသည်။

တစ်မြို့လျှင် သုံးရက်ခန့်ကြာပြုလုပ်မည့်ယင်းဖိုရမ်သည် တရုတ်နိုင်ငံရှိ မြို့များသို့ လှည့်လည်ဆွေးနွေးကြမည်ဖြစ်ပြီး သုံးပတ်(၂၁ ရက်) ကြာမြင့်မည်ဖြစ်ကြောင်း အဆိုပါဖိုရမ်တက်ရောက်မည့်သူများထံမှ သိရှိရသည်။ ■

# ပျက်ကျလေယာဉ်ပါ သေဆုံးသူအချို့၏ ရုပ်အလောင်းများ သင်္ဂြိုဟ်

**ထားဝယ်၊ ဇွန် ၉**

ပျက်ကျခဲ့သည့် တပ်မတော် လေယာဉ်တွင် လိုက်ပါခဲ့သူများအနက် ဇွန်လ ၈ ရက်နေ့တွင် ရုပ်အလောင်း ၃၁ လောင်းကို ဆယ်ယူရရှိပြီး ယင်းအနက် ရုပ်အလောင်း ၁၄ လောင်းကို ဇွန်လ ၉ ရက်နေ့တွင် ထားဝယ်မြို့ ဇေယျာသုသာန်တွင် သင်္ဂြိုဟ်ခဲ့သည်။

မိသားစုဝင်များ ရောက်လာသည့် အလောင်းများကို ဦးစားပေးသင်္ဂြိုဟ်နေပြီး ကျန်ရုပ်အလောင်းများကို ၎င်းတို့၏ မိသားစုဝင်များ ရောက်လာချိန်ကို စောင့်ကာ ဇွန်လ ၁၀ ရက်တွင် သင်္ဂြိုဟ်မည်ဖြစ်ကြောင်း ထားဝယ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"အပြင်မှာ မျက်နှာမပျက်ပေမယ့် စိတ်ထဲမှာဝမ်းနည်းနေတယ်။ (နာ/ကူ အသင်း) လုပ်လာတာ လေးနှစ်လောက်ရှိပြီ။ အခုလိုမျိုး အလောင်းတွေအများကြီးကို သင်္ဂြိုဟ်ရတာမျိုး မကြုံဖူးဘူး" ဟု နာရေးကူညီမှု အသင်း (ထားဝယ်) မှ အဖွဲ့ဝင်တစ်ဦးက ပြောဆိုသည်။

ဇွန်လ ၇ ရက်နေ့မွန်းလွဲပိုင်းက ပျက်ကျခဲ့သည့် အဆိုပါလေယာဉ်၏ အပိုင်းအစအချို့နှင့် ရုပ်အလောင်း ၃၁ လောင်း ( အမျိုးသမီး ၂၁၊ အမျိုးသား ၂၊ ကလေး ၈) ကို ရှာဖွေတွေ့ရှိခဲ့သည်။ ■

**Dawei Watch**

# မှုးယစ်ရှာခွေး ဗန်ဒိန်းအတွက် FOR BRAVE DOG အဖွဲ့ လစဉ်ထောက်ပံ့

**ကော့သောင်း၊ ဇွန် ၉**

ထိုင်းနိုင်ငံနှင့် ထိစပ်နေသည့် နယ်စပ်မြို့ကော့သောင်းတွင် တာဝန်ထမ်းဆောင်နေသည့် မူးယစ်ရှာခွေး ဗန်ဒိန်းအတွက် FOR BRAVE DOG ပရဟိတအဖွဲ့က လစဉ်ထောက်ပံ့ကြေးပေးထားကြောင်း ကော့သောင်းမြို့နယ် မူးယစ်တပ်ဖွဲ့စုမှ ဒုတိယရဲမှူး မြင့်ထွန်းကပြောကြားသည်။

ဗန်ဒိန်း၏ အစားအစာ၊ ကျန်းမာရေးနှင့် အခြားလိုအပ်သည့် ကိစ္စများအတွက် မေလမှစပြီး လစဉ်ကျပ်သုံးသောင်းထောက်ပံ့လျက်ရှိကြောင်း ၎င်းကပြောဆိုသည်။

FOR BRAVE DOG ပရဟိတအဖွဲ့သည် မြန်မာနိုင်ငံအတွင်းရှိ မိုင်းရှာခွေး၊ မူးယစ်ဆေးဝါး ရှာဖွေသည့်ခွေးများကို အဓိကထားကူညီထောက်ပံ့ရန် ဖွဲ့စည်းထားသည့် အဖွဲ့အစည်းတစ်ခုဖြစ်သည်။ ■

**Dawei Watch**

# မိုးစပါးစိုက်ရန် နောက်ကျသည့်ကိစ္စဖြင့် ညီအစ်ကိုချင်း ဓားဖြင့်ခုတ်သတ်

**တောင်ငူ၊ ဇွန် ၉**

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ် မိုးကောင်းကျေးရွာအုပ်စု မာလာကုန်းကျေးရွာတွင် မိုးစပါးစိုက်ပျိုးရန် နောက်ကျသည့်ကိစ္စနှင့် ပတ်သက်ပြီး ဇွန်လ ၈ ရက်နေ့က ညီအစ်ကိုချင်းစကားများရန်ဖြစ်ရာမှ အစ်ကိုဖြစ်သူက ညီဖြစ်သူကို ဓားဖြင့် ခုတ်သတ်ခဲ့ကြောင်း ဇရပ်ကြီး နယ်မြေ ရဲစခန်းထံမှ သိရသည်။

တစ်အိမ်တည်းအတူနေသည့် ညီအစ်ကိုနှစ်ဦးသည် အရက်သောက်စားနေချိန်တွင် မိုးစပါးစိုက်ပျိုးရန် နောက်ကျသည့်ကိစ္စဖြင့်စကားများရန်ဖြစ်ရာမှအစ်ကိုဖြစ်သူက အနီးတွင်ရှိသည့် ဓားဖြင့်ခုတ်သတ်ခဲ့ခြင်းဖြစ်ကြောင်း အဆိုပါစခန်းမှ စခန်းမှူး ရဲအုပ်သောင်းကြည်ကပြောကြားသည်။

ညီဖြစ်သူ၏ လည်ပင်းတွင် ပြတ်ရှဒဏ်ရာ၊ ဦးခေါင်းနောက်စေ့ ပြတ်ရှဒဏ်ရာများဖြင့် သေဆုံးခဲ့ကြောင်း၊ အစ်ကိုဖြစ်သူကို အခင်းဖြစ်ပွားပြီး ခြောက်နာရီခန့်အကြာတွင် ဖမ်းမိခဲ့ပြီး ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၀၂ (လူသတ်မှု) ဖြင့် အမှုဖွင့်အရေးယူနေကြောင်း အဆိုပါစခန်းထံမှ သိရသည်။ ■

# မန္တလေးလေဆိပ်တွင် တရုတ်နိုင်ငံသူထံမှ ကျောက်စိမ်းလိပ် နဂါးရုပ်တုများတွေ့

**မန္တလေး၊ ဇွန် ၉**

တရုတ်နိုင်ငံ ကူမင်းမြို့မှ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဇွန်လ ၈ ရက်နေ့က ရောက်ရှိလာသည့် တရုတ်နိုင်ငံသူတစ်ဦး သယ်ဆောင်လာသည့် ကျောက်စိမ်း လိပ်နဂါးရုပ်တုခုနစ်ခုကို တွေ့ရှိသဖြင့် သိမ်းဆည်းခဲ့ကြောင်းမန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးထံမှ သိရှိရသည်။

အဆိုပါတရုတ်နိုင်ငံသူ၏ ခရီးဆောင်အိတ်အတွင်းမှ အလေးချိန် ၁၀ ဒသမ ၃ကီလိုဂရမ်ရှိ ကျောက်စိမ်းလိပ်နဂါးရုပ်တုကို လေဆိပ် X-Rays စက်တွင် ရှာဖွေတွေ့ရှိခဲ့ပြီး လေဆိပ်အကောက်ခွန်ဦးစီးဌာနက သိမ်းဆည်းခဲ့ကြောင်း အဆိုပါရုံးထံမှ သိရသည်။

အဆိုပါရုပ်တုများကို လက်ဆောင်အဖြစ်ပေးရန် သယ်ဆောင်လာခဲ့ခြင်းဖြစ်နိုင်ကြောင်း၊ လက်ရှိတွင် လေဆိပ်တွင် သိမ်းဆည်းထားပြီး အဆိုပါတရုတ်နိုင်ငံသူ ပြန်လည်ထွက်ခွာလျှင် ပေးအပ်သွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး အကြီးတန်းအရာရှိတစ်ဦးက ပြောကြားသည်။ ■

# ခန္တီးရုန်းရင်းဆန်ခတ်မှု အစီရင်ခံစာ တိုင်းအစိုးရထံတင်ပြ

**မန္တလေး၊ ဇွန် ၉**

ခန္တီးရတနာနယ်မြေ နန်စီပွန်ဒေသတွင် လုံခြုံရေးရဲတပ်ဖွဲ့ဝင်များနှင့် ရေမဆေးကျောက် ရှာဖွေသူများအကြား ရုန်းရင်းဆန်ခတ်ဖြစ်မှုနှင့် ပတ်သက်သည့် အစီရင်ခံစာကို စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ထံ ဇွန်လ ၇ ရက်နေ့က တင်ပြထားပြီးဖြစ်ကြောင်း စုံစမ်းစစ်ဆေးရေးကော်မရှင်ထံမှ သိရသည်။

ဒေသခံ ရေမဆေးသမားများ၊ ရုန်းရင်းဆန်ခတ်ဖြစ်ရာတွင် ဒဏ်ရာရရှိခဲ့သည့် ရေမဆေးသမားသုံးဦး၊ ရဲတပ်ဖွဲ့ဝင်ကိုးဦးနှင့် တပ်မတော်သားအချို့ကို တွေ့ဆုံမေးမြန်းခဲ့ကြောင်း အဆိုပါကော်မရှင်မှ အဖွဲ့ဝင်၊ ခန္တီးမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမောင်တေးက The Voice သို့ ပြောကြားသည်။

“ဒေသခံတွေကို မေးမြန်းရတဲ့အခါမှာတော့ အမှန်ကိုပြောဖို့အတွက် အခက်အခဲ ရှိကြပါတယ်။ ဘာလို့လဲဆိုတော့ ဖြစ်ပွားတဲ့ နယ်မြေက တရားဥပဒေစိုးမိုးမှုအားနည်းမှုတွေရှိတော့ အမှန်ကို ဖြေဆိုဖို့ ကြောက်ရွံ့မှုတွေ ရှိကြပါတယ်” ဟု ၎င်းကပြောဆိုသည်။

သို့သော်လည်း အစီအရင်ခံစာတွင် ပါရှိသည့်အချက်ကို လတ်တလောတွင် ထုတ်ဖော်ပြောဆို၍ မရသေးကြောင်း ၎င်းကဆိုသည်။

လုံခြုံရေး ရဲတပ်ဖွဲ့ဝင်များနှင့် ရေမဆေးကျောက် ရှာဖွေသူများအကြား မေလ ၁၇ ရက်နေ့က ဖြစ်ပွားခဲ့သည့် ရုန်းရင်းဆန်ခတ်မှုကြောင့် ရေမဆေးသမားသုံးဦးသေဆုံးကာ အချို့မှာ ထိခိုက်ဒဏ်ရာများရရှိခဲ့သဖြင့် ယင်းကိစ္စကို စုံစမ်းစစ်ဆေးရန် စုံစမ်းစစ်ဆေးရေးကော်မရှင်ကို မေလ ၁၉ ရက်နေ့တွင် တိုင်းအစိုးရအဖွဲ့က ဖွဲ့စည်းခဲ့သည်။

ယင်းကော်မရှင်ကို စစ်ကိုင်းတိုင်း ဒုတိယတိုင်းရဲတပ်ဖွဲ့မှူးက ဥက္ကဋ္ဌအဖြစ် ဦးဆောင်ပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှစ်ဦးအပါအဝင် သက်ဆိုင်ရာဌာနများမှ လူပုဂ္ဂိုလ်စုစုပေါင်းရှစ်ဦးဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

ယင်းကော်မရှင် စုံစမ်းစစ်ဆေးတွေ့ရှိချက်များကို မူလက မေလ ၃၀ နေ့တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ တင်ပြရမည်ဖြစ်သော်လည်း စုံစမ်းစစ်ဆေးရေးအဖွဲ့ဥက္ကဋ္ဌမှာ အခြားလုပ်ငန်းတာဝန်များ များပြားနေ၍ ကော်မရှင်လုပ်ငန်းများကို နောက်ကျပြီးမှ ဆောက်ရွက်ရမည်ဖြစ်၍ ဇွန်လ ၁၀ ရက်နေ့သို့ ပြောင်းလဲသတ်မှတ်ခဲ့သည်။

နန်စီပွန်ဒေသ၊ မကျန်ခကျောက်စိမ်း လုပ်ကွက် မြန်မာအင်ပီရီရယ်ဂျိတ်ကုမ္ပဏီတွင် မေလ ၁၇ ရက်နေ့ နံနက်ပိုင်းကဖြစ်ပွားခဲ့သော ရုန်းရင်းဆန်ခတ်မှုကြောင့် ရေမဆေးကျောက်ရှာသမားသုံးဦး သေဆုံးပြီး ရဲတပ်ဖွဲ့ဝင်ကိုးဦးနှင့် ရေမဆေးကျောက်ရှာသမားငါးဦး စုစုပေါင်း ၁၄ ဦး ဒဏ်ရာရရှိခဲ့ကြောင်း တိုင်းအစိုးရအဖွဲ့က ထုတ်ပြန်ထားသည်။

ယင်းအပြင် မြန်မာ့အင်ပီရီရယ်ဂျိတ်ကုမ္ပဏီ၏ ဂါလန် ၁၃၀၀ ဆံ့ဆီလှောင်ကန် ၃၈ လုံး မီးရှို့ဖျက်ဆီးခံခဲ့ရကြောင်း ယင်းထုတ်ပြန်ချက်တွင် ပါရှိသည်။ ■

# မြန်မာလက်နက်ကိုင်အဖွဲ့များကို ထောက်ပံ့ခြင်းမရှိဟု ထိုင်းစစ်တပ်အကြီးအကဲပြော

**ရန်ကုန်၊ ဇွန် ၈**

ထိုင်းစစ်တပ်အတွင်းမှ လက်နက်များကို ခိုးထုတ်ကာ မှောင်ခိုရောင်းဝယ်မှုနှစ်ခု ဆက်တိုက်ဖြစ်ပွားပြီး နောက်ပိုင်း ထိုင်း-မြန်မာနယ်စပ်ရှိ လက်နက်ကိုင်များကို ထောက်ပံ့ခြင်းမရှိကြောင်း ထိုင်းစစ်တပ် အကြီးအကဲ ဗိုလ်ချုပ်ကြီး ချာလမ်ချိုင်းစစ်တီဆတ်က ပြောဆိုလိုက်သည်။

ထိုင်းစစ်တပ်မှ လက်နက်များကို ထိုင်းစစ်သားအချို့နှင့် လက်နက်မှောင်ခိုများက ခိုးယူရောင်းချမှုနှစ်ခု သောကြာနှင့် စနေနေ့မတိုင်မီ ဆက်တိုက်ဖမ်းဆီးရမိပြီးနောက်ပိုင်း မြန်မာနိုင်ငံမှ လက်နက်ကိုင်များကို ထိုင်းစစ်တပ်က ထောက်ခံအားပေးသည့်မူဝါဒမရှိကြောင်း ဗိုလ်ချုပ်ကြီး ချာလမ်ချိုင်းက ငြင်းဆိုခြင်းဖြစ်သည်။

သို့သော် ထိုင်းနိုင်ငံအရှေ့ပိုင်း နယ်စပ်ဒေသမှ လက်နက်များကို မှောင်ခိုဝယ်ယူ၍ ထိုင်းနိုင်ငံအနောက်ပိုင်း နယ်စပ်ရှိမြန်မာလက်နက်ကိုင်အဖွဲ့များကိုရောင်းချနေသည်မှာ နှစ်ကာလကြာမြင့်ပြီဖြစ်ကြောင်း ထိုင်းစစ်တပ်အကြီးအကဲက ဝန်ခံခဲ့သည်။

တရားမဝင် မှောင်ခိုရောင်းချနေသည့် လက်နက်အများအပြားကို ဖမ်းဆီးရမိပြီးနောက် ထိုင်းစစ်သားသုံးဦးနှင့် အရပ်သား ၁၅ ဦးကို လက်နက်မှောင်ခိုမှုဖြင့် ထိုင်းရဲက ဖမ်းဆီးစစ်ဆေးလျက်ရှိသည်။ ယင်းအပြင် ပြီးခဲ့သည့် တစ်ပတ်ကလည်း ထိုင်းစစ်သားတစ်ဦးမောင်းနှင်လာသော မော်တော်ယာဉ်တိမ်းမှောက်ခဲ့ရာ မှောင်ခိုရောင်းချမည့် လက်နက်ခဲယမ်းများ သိမ်းဆည်းရမိခဲ့သည်။

လက်နက်မှောင်ခိုမှုတွင် ထိုင်းစစ်သားအချို့က စစ်တပ်လက်နက်တိုက်အတွင်းမှ လက်နက်ခဲယမ်းများ ခိုးထုတ်ကာ နိုင်ငံအနှံ့အပြားသို့ ရောင်းချကြောင်း ကနဦးစိစစ်တွေ့ရှိထားသည်။ မြန်မာ-ထိုင်း နယ်စပ်တစ်လျှောက်တွင် မြန်မာတိုင်းရင်းသား လက်နက်ကိုင်အများအပြား အခြေပြုပြီး ယနေ့အထိ လက်နက်ခဲယမ်း အလွယ်တကူ ဝယ်ယူနိုင်သည့် ဈေးကွက်တည်ရှိရာအဖြစ် ထင်ရှားသည်။ ■

# ကချင်ဒေသစစ်ပွဲများ အမြန်ရပ်ပေးရန် စစ်ဘေးရှောင်ခြောက်နှစ်ပြည့်နေ့တွင် တောင်းဆို

**မြစ်ကြီးနား၊ ဇွန် ၉**

ကချင်ပြည်နယ်အတွင်း ဖြစ်ပွားနေသော စစ်ပွဲများကို အမြန်ဆုံးရပ်ပေးကြရန် ဇွန်လ ၉ ရက်နေ့က မြစ်ကြီးနားမြို့ရှိ မနောကွင်းတွင်ပြုလုပ်သည့်စစ်ဘေးရှောင် ၆ နှစ်ပြည့်အခမ်းအနားတွင် ဒေသခံများနှင့် စစ်ဘေးရှောင်ဒေသခံများက တောင်းဆိုလိုက်သည်။

နိုင်ငံရေးပြဿနာကို စစ်ရေးဖြင့် ဖြေရှင်းခြင်းမပြုဘဲ နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန်လည်း တောင်းဆိုခဲ့ကြသည်။

လက်ရှိအစိုးရသစ်လက်ထက်တွင် ကချင်ဒေသအတွင်း တိုက်ပွဲများပိုမိုဖြစ်ပွားနေသဖြင့် စစ်ဘေးရှောင်ဒုက္ခသည်များအနေနှင့် နေရပ်ပြန်နေနိုင်ရန် ခက်ခဲနေ၍ စစ်ပွဲများဖြစ်ပွားနေမှုကို ရပ်တန့်ပေးရန်တောင်းဆိုကြောင်း ယင်းဆုတောင်းပွဲဖြစ်မြောက်ရေး ကော်မတီအတွင်းရေးမှူး ဦးဇော်ဂျတ်က ပြောသည်။

“အခုချိန်ဒေသမှာ တိုက်ပွဲတွေ ပိုမိုပြင်းထန်လာတယ်။ ဒီလို နှစ်ရှည်ဖြစ်နေတဲ့ တိုက်ပွဲတွေကို ငြိမ်းချမ်းစေချင်ပြီ” ဟု ၎င်းကပြောဆိုသည်။

ထိုးစစ်ဆင်မှုများကို ရပ်တန့်ပြီး မြေမြှုပ်မိုင်းထောင်မှုများကိုလည်း ရှင်းလင်းပေးရန်၊ စစ်ရှောင်ဒုက္ခသည်များ မိမိနေရပ်တွင် ပြန်နေနိုင်အောင် အစိုးရအနေနှင့် လုပ်ဆောင်ပေးစေလိုကြောင်း ယင်းဆုတောင်းပွဲသို့လာရောက်ပါဝင်သူ မြစ်ကြီးနားမြို့ရှိ တပ်ကုန်းစစ်ရှောင်စခန်းတွင် နေထိုင်သူ ဒေါ်ဂျာအောင်က ပြောဆိုသည်။

“တိုက်ပွဲတွေကို မဖြစ်စေချင်ဘူး။ စခန်းမှာနေလာတာလည်း ခြောက်နှစ်ပြည့်ပြီ။ အဆင်မပြေဘူး။ ကိုယ့်ဒေသကိုပဲ ပြန်နေချင်တယ်” ဟု ၎င်းကဆိုသည်။

နိုင်ငံတော်သမ္မတနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့၏ နှစ်သစ်ကူးမိန့်ခွန်းတွင် ၂၀၁၇ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ်ဆောင်ရွက်ရန် ပြောကြားသည့်အတိုင်း လက်တွေ့အကောင်အထည်ဖော်ရန်၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့်ပြည်ထောင်စု ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်ရန်၊ ၂၀၀၈ အခြေခံဥပဒေကို ပြင်ဆင်ပြီး ၁၉၄၇ ပင်လုံစာချုပ်ကို အခြေခံသော စစ်မှန်သည့် ဖက်ဒရယ်ပြည်ထောင်စု အခြေခံဥပဒေအသစ် ပေါ်ထွန်းလာရေး အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ရန်လည်း အဆိုပါအခမ်းအနားတွင် တောင်းဆိုခဲ့ကြသည်။

ကချင်ပြည်နယ်အတွင်း ၂၀၁၁ ခုနှစ် ဇွန်လ ၉ ရက်နေ့မှ စတင်၍ တပ်မတော်နှင့် KIA/KIO တို့အကြား တစ်ကျော့ပြန်ဖြစ်ပွားသည့် စစ်ပွဲများကြောင့် ကချင်ပြည်နယ်တွင် စစ်ရှောင်စခန်းများ၌နေထိုင်သူ စစ်ဘေးရှောင်ဒုက္ခသည် တစ်သိန်းကျော်ရှိကြောင်း ၎င်းတို့ အရေးဆောင်ရွက်သူများထံမှ သိရသည်။

လက်တလောတွင် ကချင်ပြည်နယ် တနိုင်းဒေသရှိတရားမဝင် ပယင်းမှော်များနှင့် ရွှေမှော်များကို တပ်မတော်က နယ်မြေရှင်းလင်းမည်ဟုဆိုကာ ဇွန်လ ၁၅ ရက်နေ့ နောက်ဆုံးထား ပြောင်းရွှေ့ရန် သတိပေးစာပို့ခဲ့ခြင်းကြောင့် ယင်းမှော်အတွင်းလုပ်ကိုင်သူများ နေရပ်သို့ နေ့စဉ်စွန့်ခွာထွက်ပြေးနေရသည်။ ■

## News in Brief

### ခရီးသည်တင်ယာဉ်နှင့် ဆိုင်ကယ်မျက်နှာချင်းဆိုင်တိုက် နှစ်ဦးသေဆုံး

**တောင်ငူ၊ ဇွန် ၉**

နေပြည်တော်ကောင်စီ ရေဆင်းကျေးရွာအနီး တပ်ကုန်း-ပျဉ်းမနားလမ်းပေါ်တွင် ကောင်းကင်ယံခရီးသည်တင် ယာဉ်လိုင်းပိုင် Express ယာဉ်နှင့် ဆိုင်ကယ်တစ်စီး မျက်နှာချင်းဆိုင်တိုက်မိရာမှ ဆိုင်ကယ်မောင်းနှင်သူနှင့် နောက်က လိုက်ပါလာသူတို့ သေဆုံးခဲ့ကြောင်း ဇေယျာသီရိမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးထံမှ သိရသည်။

ဇွန်လ ၈ ရက်နေ့ ညနေခရီခန့်က မိုင်တိုင် ၂၅၁ အနီးတွင် ခရီးသည်တင်ယာဉ်က ရှေ့ယာဉ်ကိုကျော်တက်ရာ မျက်နှာချင်းဆိုင် မောင်းနှင်လာသည့် ဆိုင်ကယ်ကို တိုက်မိခြင်းဖြစ်ကြောင်း ရေဆင်းနယ်မြေရဲစခန်းတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ခရီးသည်တင်ယာဉ်၏ ယာဉ်မောင်းကိုရာဇသတ်ကြီးဥပဒေပုဒ်မ ၃၀၄-က (ပေါ့လျော့ခြင်းဖြင့် သေစေမှု) ဖြင့် ဖမ်းဆီးအမှုဖွင့်အရေးယူထားကြောင်း အဆိုပါရဲစခန်းမှ သိရသည်။ ■

# ဗိုလ်ချုပ်ရုပ်တု မန္တလေးမြို့တွင်း လှည့်လည်ပြသမည်

**မန္တလေး၊ ဇွန် ၉**

မန္တလေးမြို့တော် မန္တလာတံခွန်ပန်းခြံတွင်ထားရှိမည့် ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်တုကို ဇွန်လ ၁၀ ရက်နေ့နှင့် ၁၂ ရက်နေ့တို့တွင် မန္တလေးမြို့တွင်း လှည့်လည်ပြသမည်ဖြစ်ကြောင်း ဗိုလ်ချုပ်ကြေးရုပ်နှင့် ရင်ပြင်ဖြစ်မြောက်ရေးကော်မတီထံမှ သိရသည်။

မန္တလေးမြို့တွင်း လှည့်လည်သည့်အခါတွင် မန္တလေးမြို့မှ အပျော်တမ်းအသင်ကြီးက လိုက်ပါဖျော်ဖြေမည်ဖြစ်ပြီး ဇွန် ၁၀ ရက်နေ့တွင် မြို့မြောက်ဘက်ပိုင်း၊ ၁၂ ရက်နေ့တွင် မြို့တောင်ဘက်ပိုင်း၌ လှည့်လည်မည်ဖြစ်ကြောင်း ယင်းကော်မတီထံမှ သိရသည်။

ယင်းကြေးရုပ်တုဖွင့်ပွဲကိုဇွန်လ ၁၇ ရက်နေ့ နံနက်ပိုင်းတွင် ဖွင့်လှစ်မည်ဖြစ်ပြီး ပြည်ထောင်စုအဆင့် အကြီးအကဲများ တက်ရောက်မည်ဖြစ်သည်။

ယင်းဗိုလ်ချုပ်အောင်ဆန်း ရုပ်တုထားရှိမည့် ပန်းခြံအတွင်း တည်ဆောက်ရေးလုပ်ငန်းများကို မေလ ပထမပတ်အတွင်းမှ စတင်ကာ ဆောင်ရွက်နေပြီး ယခုအခါ လုပ်ငန်းများရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ကြောင်း ယင်းကော်မတီထံမှ သိရသည်။ ■

ယခုတစ်ပတ်ထုတ် The Voice Weekly ၏ Special Report စာမျက်နှာ B တွင် ဖော်ပြထားသော ‘Y-8 အကြောင်း တစေ့တစောင်း’ ဆောင်းပါးတွင် ‘တပ်မတော် (လေ) တွင် Y-8 လေယာဉ် ရှစ်စင်းတိတိရှိပြီး’ ဟူသည့် စာသားအစား ‘ခြောက်စင်းတိတိရှိကြောင်း’ ပြင်ဆင်ဖတ်ရှုပေးပါရန်။

**အယ်ဒီတာ**



ပြီးခဲ့သည့်နှစ်များအတွင်း ပဲရစ်မြို့တော်တွင် လေထုညစ်ညမ်းမှုနှုန်း တိုးပွားလာလျက်ရှိသည်

# လေထုညစ်ညမ်းမှုကြောင့် ပြင်သစ်နိုင်ငံတော်ကို ပဲရစ်မြို့ခံအမျိုးသမီးတစ်ဦး တရားစွဲ

**ပဲရစ်၊ ဇွန် ၉**

လေထုညစ်ညမ်းမှုမှ ပေါ်ထွက်လာသည့် ကျန်းမာရေးဆိုးကျိုးများမှ ကာကွယ်ပေးရန် ပျက်ကွက်ခြင်းအတွက် ပြင်သစ်နိုင်ငံတော်ကို ပဲရစ်မြို့ခံ အမျိုးသမီးတစ်ဦးက တရားစွဲဆိုထားကြောင်း BBC သတင်းတွင် ဖော်ပြထားသည်။

ပဲရစ်မြို့တော်တွင် နှစ်ပေါင်း ၃၀ ကျော်ကြာနေထိုင်ခဲ့ပြီးဖြစ်သော်လည်း သူမ၏ ကျန်းမာရေးအခြေအနေမှာ ဆိုးရွားလာပုံရကြောင်း အသက် ၅၆ နှစ်အရွယ် ပြင်သစ်အမျိုးသမီး ကလိုတီနွမ်ဇက်က ပြောကြားသွားသည်။

အကာသမားတစ်ဦးအဖြစ် ဦးစွာရပ်တည်ခဲ့ပြီး နောက်ပိုင်းတွင် ယောဂဆရာမအဖြစ် လုပ်ကိုင်ခဲ့သော်လည်း အသက်ရှူလမ်းကြောင်းဆိုင်ရာ ပြဿနာများကိုတိုး၍ တိုး၍ ခံစားနေရကြောင်း နွမ်ဇက်ပြောကြားထားသည်။

ပြီးခဲ့သည့် ဒီဇင်ဘာလတွင်း ပဲရစ်မြို့တော်၏ လေထုညစ်ညမ်းမှုသည် ဆယ်စုနှစ်တစ်ခုတွင်း အနိမ့်ဆုံးအဆင့်သို့ရောက်ရှိသွားကာ လေထုညစ်ညမ်းမှုကြောင့် နှစ်စဉ်လူပေါင်း ၄၈,၀၀၀ ဦး သေဆုံးလျက်ရှိသည်ဟု နွမ်ဇက်၏ရှေ့နေက မှတ်ချက်ပြုထားသည်။

"လေထုညစ်ညမ်းမှုကို အရေးယူဆောင်ရွက်ဖို့အာဏာပိုင်တွေ ပျက်ကွက်ခဲ့တာမို့ ညစ်ညမ်းမှုကြောင့် ပေါ်လာတဲ့ ကျန်းမာရေးပြဿနာတွေကို ခံစားနေရတာပါ။ အဲဒါကြောင့် နိုင်ငံတော်ကို တာဝန်ယူစေဖို့လုပ်ဆောင်တာပါ" ဟု ရှေ့နေ ဖရန်စစ်လက်ဖော်က လီမွန်ဒီ သတင်းစာကို ဖြေကြားထားသည်။

မြူခိုးဖုံးကွယ်မှု များပြားခြင်းကို တန်ပြန်နိုင်ရန် ပဲရစ်မြို့တော်သည် နှစ်ပေါင်းများစွာ ကြိုးပမ်းနေရပြီး ကာဗွန်ထုတ်လွှင့်မှု စတစ်ကာ 'CritAir' မကပ်သည့် မော်တော်ယာဉ်များကို အာဏာပိုင်များက ဒဏ်ငွေချမှတ်လျက် ရှိသည်။

မြို့တော်တွင်းရှိ လမ်းမများစွာတွင် မော်တော်ယာဉ်အသုံးပြုမှု ကန့်သတ်ထားသလို Seine မြစ်ညာဘက် ကမ်း ၃ ကီလိုမီတာ ရှည်လျားသည့်နေရာသည် လမ်းလျှောက်သူများ သီးသန့်အသုံးပြုရန် နေရာဖြစ်လာသည်။

လက်ရှိ ပဲရစ်မြို့တော်တွင်သာမက လာမည့်ရက်သတ္တပတ်များအတွင်း လိုင်ယွန်၊ လီလီ၊ အခြားသော ဒေသများတွင်ပါ လေထုညစ်ညမ်းမှုအတွက် ပြင်သစ် နိုင်ငံတော်ကို တရားစွဲဆိုရန် စီစဉ်လျက်ရှိသည်။ ■

# လူအစုလိုက်အပြုံလိုက်သတ်ဖြတ်ခဲ့သူ ဗရိုင်ဗစ်၏အယူခံ နော်ဝေတရားရုံးချုပ် လက်မခံ

**အော့စလို၊ ဇွန် ၉**

အကျဉ်းထောင်တွင်း အခြေအနေများကို လက်မခံဘဲ အယူခံတင်သွင်းသည့် လူအစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့သူ ဘီရင်းဗရိုင်ဗစ်၏အယူခံကို နော်ဝေတရားရုံးချုပ်က လက်ခံမည်မဟုတ်ကြောင်း Reuters သတင်းတွင် ဖော်ပြထားသည်။

နော်ဝေနိုင်ငံ၌ ငြိမ်းချမ်းချိန်ကာလအတွင်း အဆိုးရွားဆုံးသော သတ်ဖြတ်မှုအဖြစ် လူပေါင်း ၇၇ ဦး ကို ၂၀၁၁ ခုနှစ် ဇူလိုင်လတွင် မွတ်ဆလင်ဆန့်ကျင်ရေး လက်ယာအစွန်းရောက် ဗရိုင်ဗစ်က သတ်ဖြတ်ခဲ့သည်။

အော်စလိုမြို့တွင် လူရှစ်ဦးကို ဗုံးခွဲသတ်ဖြတ်ခဲ့ပြီး ယင်းကာလ အာဏာရ လေဘာပါတီဝင်လူငယ်များ စုဝေးရာ အစည်းအဝေးတွင် ဆယ်ကျော်သက်အရွယ် လူပေါင်း ၆၉ ဦးကို သေနတ်ဖြင့် ပစ်သတ်ခဲ့သည်။

အကျဉ်းထောင်တွင်း မည်သူနှင့်မျှ လုံးဝနီးပါး ထိတွေ့ရခြင်းမရှိသည့် အခြေအနေတွင် သုံးလတာနေထိုင်ခဲ့ရမှုသည် လူ့အခွင့်အရေးကို လေးစားလိုက်နာမှုရှိသည်ဟု နော်ဝေအယူခံတရားရုံးတစ်ခုက မတ်လတွင်းဆုံးဖြတ်ခဲ့ခြင်းကိုပြန်လည် ပယ်ဖျက်နိုင်ရန် ဗရိုင်ဗစ်က ကြိုးပမ်းလျက်ရှိသည်။

ထို့အပြင် ကော်ဖီအေးနှင့်မိုက်ခရိုဝေ့ဖ် အစားအသောက်များနှင့် ပတ်သက်ပြီး ဗရိုင်ဗစ်က အယူခံဝင်ခဲ့ခြင်းဖြစ်ကာ ယင်းအယူခံကို နော်ဝေတရားရုံးချုပ်က တစ်ညီတစ်ညွတ်တည်း ပယ်ချခဲ့သည်။

အယူခံဝင်မှုများသည် ဥရောပသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ သဘောတူညီချက်အပေါ် အဓိပ္ပာယ်ပြန်ဆိုမှုနှင့် ပတ်သက်ပြီးလည်း ပြန်လည်သုံးသပ်ရန် အကြောင်းရင်းမရှိဟု တရားရုံးချုပ်က ဖြည့်စွက်ပြောကြားထားသည်။

အဆိုပါဆုံးဖြတ်ချက်နှင့် ပတ်သက်ပြီး ဗရိုင်ဗစ်ကို ၎င်း၏ရှေ့နေတစ်ဦးက အသိပေးပြီးဖြစ်သော်လည်း ဗရိုင်ဗစ်မည်ကဲ့သို့တုံ့ပြန်သည်ကို ရှေ့နေများက ပြောကြားခြင်းမရှိပေ။

တရားရုံးချုပ်ဆုံးဖြတ်ချက်ကို ဗရိုင်ဗစ်ကြောင့် သေဆုံးခဲ့ရသူများ၏ ဆွေမျိုးများ၊ ပစ်ခတ်မှုမှ ရှင်သန်ကျန်နေ ရစ်သူများက ကြိုဆိုခဲ့ကြသည်။

"ကျွန်မ အရမ်းကိုပျော်ရွှင်ပါတယ်။ ဒါက သတင်းကောင်းပါ။ ကျွန်မတို့တရားရေးစနစ် ကောင်းမွန်စွာ လည်ပတ်နေတာကို ဒီဆုံးဖြတ်ချက်က ပြသနေပါတယ်" ဟု သတ်ဖြတ်မှုတွင်း ၁၈ နှစ်အရွယ်သမီး ဆုံးရှုံးခဲ့သူ ခရစ်စတင်းရိုဃီလန်က မှတ်ချက်ပြုသွားသည်။

သို့သော်လည်း ဗရိုင်ဗစ်၏အမှုနှင့် ပတ်သက်၍ ဥရောပသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ အယူခံရုံးတွင် ဆက်လက်အယူခံသွားမည်ဟု ဗရိုင်ဗစ်၏ရှေ့နေ စတော်ဗစ်က ပြောကြားသွားသည်။ ■



လူပေါင်း ၇၇ ဦး သတ်ဖြတ်ခဲ့သူ မွတ်ဆလင်ဆန့်ကျင်ရေးဝါဒီ လက်ယာအစွန်းရောက် ဗရိုင်ဗစ်

# နိုင်ဂျီးရီးယား မြို့တစ်မြို့ကို ဘိုကိုဟာရမ် တိုက်ခိုက်၊ ၁၄ ဦး သေဆုံး

**လားဂို့စ်၊ ဇွန် ၉**



ဘိုကိုဟာရမ် စစ်သွေးကြွများ

နိုင်ဂျီးရီးယား နိုင်ငံမြောက်ပိုင်းရှိမိုင်ဒူဂူရီမြို့ကိုဘိုကိုဟာရမ်ဂျီဟတ်စစ်သွေးကြွများ ဝင်ရောက်တိုက်ခိုက်သွားသဖြင့် လူ ၁၄ ဦး သေဆုံးပြီး ၂၄ ဦး ဒဏ်ရာရရှိသွားကြောင်း Reuters သတင်းတွင် ဖော်ပြထားသည်။

နိုင်ဂျီးရီးယားနိုင်ငံ မြောက်ပိုင်းတွင် အစ္စလာမ်မစ်နိုင်ငံတစ်ရပ် ထူထောင်နိုင်ရန် ဘိုကိုဟာရမ်စစ်သွေးကြွများက ရှစ်နှစ်ကြာတိုက်ပွဲဝင်လျက်ရှိပြီး တိုက်ပွဲများ၏ ဗဟိုချက်သည် ဘော်နိုပြည်နယ်၏ မြို့တော် မိုင်ဒူဂူရီမြို့ဖြစ်သည်။

ဗုဒ္ဓဟူးနေ့ညပိုင်းတွင် မိုင်ဒူဂူရီမြို့စွန် ဒေသများကို ဘိုကိုဟာရမ်များက လေယာဉ်ပစ်စက်သေနတ်များ၊ အသေခံဗုံးခွဲသမားများ အသုံးပြုတိုက်ခိုက်ခဲ့ကြောင်း ဘော်နိုပြည်နယ် ရဲတပ်ဖွဲ့အကြီးအကဲ ဂျူဝူက ပြောကြားသွားသည်။

"ပေါက်ကွဲမှုများစွာအတွင်း လူ ၁၃ ဦး သေဆုံးခဲ့ပြီး ၂၄ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပါတယ်။ ပစ်ခတ်မှုတွင်း လူတစ်ဦး သေဆုံးခဲ့ပါတယ်" ဟု၎င်းက ပြောကြားထားသည်။

မြို့တွင်းရှိအဆောက်အအုံများစွာကို စစ်သွေးကြွများက မီးရှို့ခဲ့သော်လည်း တိုက်ပွဲစတင်ပြီး တစ်နာရီအကြာတွင် စစ်သွေးကြွများကို ပြန်လည်မောင်းထုတ်နိုင်ခဲ့သည်။

တိုက်ခိုက်မှုအပြီးတွင် အရပ်သားထောင်ပေါင်းများစွာ မြို့ကိုစွန့်ခွာထွက်ပြေးခဲ့ကြသည်။

စစ်ရေးတိုက်ပွဲစဉ်အတွင်း ဘိုကိုဟာရမ်များကိုလက်တွေ့အားဖြင့် ကန်မရွန်းနယ်စပ်ရှိ ဝေးကွာလှသော ဆန့်ဘီဆာတောတွင်းသို့ မောင်းထုတ်နိုင်လိုက်ပြီဟု နိုင်ဂျီးရီးယားသမ္မတ ဘူဟာရီက ထုတ်ပြန်လိုက်ပြီး ခြောက်လအကြာတွင် ပြည်နယ်အဆင့်မြို့တော် တိုက်ခိုက်ခံရခြင်းဖြစ်သည်။

ချက်ရေအိုင်ဒေသတွင် အစ္စလာမ်မစ်နိုင်ငံတော်တည်ထောင်ရန် ဘိုကိုဟာရမ်များက တိုက်ခိုက်ခဲ့သဖြင့် လူပေါင်း ၂၀,၀၀၀ ကျော် သတ်ဖြတ်ခံလိုက်ရကာ ၂ ဒသမ ၇ သန်းကျော် နေရပ်စွန့်ခွာ ထွက်ပြေးခဲ့ရပြီး ကမ္ဘာ့အဆိုးရွားဆုံးသော လူသားချင်းစာနာထောက်ထားမှု အရေးပေါ်အခြေအနေအဖြစ် ပေါ်ထွန်းလာခဲ့သည်။

မြို့များ၊ ရွာများကို နိုင်ဂျီးရီးယားစစ်တပ် သိမ်းပိုက်နိုင်ခဲ့သော်လည်း ဘိုကိုဟာရမ်စစ်သွေးကြွများ အစွန်အဖျားဒေသများတွင် ဆက်လက်တည်ရှိနေခြင်းကြောင့် စားနပ်ရိက္ခာပြတ်လပ်မှုနီးပါးဖြစ်နေသည့် ဒေသခံပေါင်း ၁ ဒသမ ၅ သန်းဆီ ကူညီထောက်ပံ့မှု ပစ္စည်းများပေးပို့ရေးတွင် နှောင့်နှေးမှုများ ပေါ်ပေါက်လျက်ရှိသည်။ ■

# FBI ညွှန်ကြားရေးမှူးဟောင်း၏ စွပ်စွဲမှုများကို အမေရိကန်သမ္မတ၏ ပုဂ္ဂလိကရေးရှေ့နေငြင်းဆို

**ဝါရှင်တန်၊ ဇွန် ၉**

အမေရိကန်ရွေးကောက်ပွဲတွင် ရုရှား ဝင်ရောက်စွက်ဖက်မှုနှင့် ပတ်သက်ပြီး ပြည်တွင်းထောက်လှမ်းရေး FBI ညွှန်ကြားရေးမှူးဟောင်း ဂျိန်းကိုမေ၏ စွပ်စွဲပြောကြားမှုများကိုအမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ ပုဂ္ဂလိကရေးရှေ့နေ မတ်ကဆိုဝစ်က ငြင်းဆိုလိုက်ကြောင်း BBC သတင်းတွင် ဖော်ပြထားသည်။

၂၀၁၆ သမ္မတရွေးကောက်ပွဲကို ရုရှားဝင်ရောက်စွက်ဖက်သည့်အရေး စုံစမ်းရာတွင် ဒေါ်နယ်ထရမ့်ဝင်ရောက်နှောင့်ယှက်ခဲ့သည်ဟု အထက်လွှတ်တော်၌ ကြားနာရာတွင် FBI ညွှန်ကြားရေးမှူးဟောင်း ဂျိန်းကိုမေက ထွက်ဆိုခဲ့သည်။

သို့သော်လည်း ယင်းကဲ့သို့သော စွက်ဖက်မှုမရှိကြောင်း၊ ကိုမေထံမှတစ်ဆင့် ပေါက်ကြားမှုမျိုးကိုသာ စစ်ဆေးသင့်ကြောင်း အမေရိကန်သမ္မတ၏ ပုဂ္ဂလိကရေးရှေ့နေ မတ်ကဆိုဝစ်က တုံ့ပြန်သွားသည်။

ရုရှားအရေး စုံစမ်းမှုများစွာအနက် တစ်ခုကို ကိုမေဦးဆောင်လျက်ရှိပြီး ပြီးခဲ့သည့်လအတွင်း အမေရိကန်သမ္မတက ၎င်းကို ရာထူးမှဖယ်ရှားခဲ့သည်။

အထက်လွှတ်တော်၌ ထွက်ဆိုရာတွင် အမေရိကန်ရွေးကောက်ပွဲသို့ရုရှား ဝင်ရောက်စွက်ဖက်ခဲ့ကြောင်း၊ ရုရှားနှင့် ဆက်နွှယ်မှုကြောင့် ဖိအားပေးရာထူးမှ နုတ်ထွက်ခံခဲ့ရသည့် အမျိုးသားလုံခြုံရေး အကြံပေး မိုက်ကယ်ဖလင့်အရေး စုံစမ်းမှုများရပ်တန့်ရန် ထရမ့်က တောင်းဆိုခဲ့ကြောင်း၊ FBI ကို ညံ့ဖျင်းစွာဦးဆောင်လျက်ရှိသည်ဟုစွပ်စွဲပြီး သမ္မတက မိမိကိုယ်ကိုယ် ကာကွယ်ခဲ့ကြောင်း၊ ရုရှားအရေး စုံစမ်းမှုများကို မပြောင်းလဲပါက ရာထူးမှ ဖယ်ရှားခံရနိုင်သည်ဟု ထရမ့်က သတိပေးခဲ့ကြောင်း FBI ညွှန်ကြားရေးမှူးက ထွက်ဆိုသွားသည်။

လွှတ်တော်၌ သုံးနာရီကြာ ထွက်ဆိုရာတွင် FBI ညွှန်ကြားရေးမှူးဟောင်းသည် အများအားဖြင့် တည်တည်ငြိမ်ငြိမ်ရှိခဲ့သော်လည်း ထွက်ဆိုချက်အဖွင့်မှတ်ချက်အဖြစ် “FBI ဟာ ရိုးသားတယ်။ FBI ဟာ ခိုင်မာတယ်။ FBI ဟာ လွတ်လပ်တယ်” ဟု ပြောကြားရာတွင် အနည်းငယ်မတည်မငြိမ်ဖြစ်ခဲ့သည်။

ကိုမေ၏ ထွက်ဆိုချက်များမှာ အမှန်တရားများ ဟုတ် မဟုတ် လွှတ်တော်၌ ထွက်ဆိုပြီးချိန်တွင် သတင်းထောက်များက အမေရိကန်သမ္မတ ထရမ့်ကို မေးမြန်းရာတွင် ပါးစပ်ကို တင်းတင်းစေ့ပြီး ပြုံးပြခဲ့သည်။

ယင်းဖြစ်ရပ်များကြောင့် ထရမ့် ရွေးကောက်ပွဲ မဲဆွယ်အဖွဲ့နှင့် ရုရှား ကရင်မလင် နန်းတော်အကြားဆက်နွှယ်နိုင်မှုကိုစုံစမ်းနိုင်ရန် အထူးရှေ့နေတစ်ဦးကို ခန့်အပ်ထားသည်။ ■



FBI ညွှန်ကြားရေးမှူးဟောင်း ဂျိန်းကိုမေ

# ပါကစ္စတန်ရှိ တရုတ်ကျောင်းဆရာနှစ်ဦးကို IS သတ်ဖြတ်

**အစ္စလာမ်မာဘတ်၊ ဇွန် ၉**

ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်း ဘလူချီစတန်ပြည်နယ်မှ ပြီးခဲ့သည့်လအတွင်း ပြန်ပေးဆွဲထားသည့် တရုတ်နိုင်ငံသား ကျောင်းဆရာနှစ်ဦးကို အစ္စလာမ်မစ်နိုင်ငံတော် စစ်သွေးကြွ (IS) က သတ်ဖြတ်လိုက်သဖြင့် တရုတ်အလုပ်သမားများကို ကာကွယ်ပေးရေး ကြိုးပမ်းလျက်ရှိသည့် အစ္စလာမ်မာဘတ်အတွက် ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်ကြောင်း Reuters သတင်းတွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံသားနှစ်ဦး သတ်ဖြတ်ခံရသည်ဆိုသည့် သတင်းအတွက် လွန်စွာစိုးရိမ်ကြောင်း၊ အဆိုပါ သတင်းအချက်အလက်ကို အတည်ပြုနိုင်ရေး လုပ်ဆောင်လျက်ရှိကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသွားသည်။

ရဲများအဖြစ် အယောင်ဆောင်ထားသည့် လက်နက်ကိုင်များက ဘလူချီစတန်မြို့တော် ကွက်တာရှိတရုတ်ဘာသာစကားသင် ကျောင်းဆရာနှစ်ဦးကိုမေလ ၂၄ ရက်နေ့တွင် ပြန်ပေးဆွဲခဲ့ခြင်းဖြစ်သည်။

တရုတ်နိုင်ငံ၏ လမ်းကြောင်းတစ်ခု၊ လမ်းမတစ်ခုအစီအစဉ်အရ ဒေါ်လာ ၅၇ ဘီလီယံ ရင်းနှီးမြှုပ်နှံရန် ကတိပြုထားသည့် ပါကစ္စတန်နိုင်ငံတွင် တရုတ်နိုင်ငံသားများ ပါဝင်ပတ်သက်လျက်ရှိသည့် လုံခြုံရေးဆိုင်ရာဖြစ်ရပ်များ ဖြစ်လေ့ဖြစ်ထမရှိသော်လည်း လက်ရှိတွင် တရုတ်ကျောင်းဆရာ နှစ်ဦးသတ်ဖြတ်ခံလိုက်ရပြီဖြစ်သည်။

“ပါကစ္စတန် အနောက်တောင်ပိုင်း ဘလူချီစတန်ပြည်နယ်မှာ ထိန်းသိမ်းထားတဲ့ တရုတ်နှစ်ဦးကို အစ္စလာမ်မစ် နိုင်ငံတော် တိုက်ခိုက်ရေးသမားတွေက သတ်ဖြတ်လိုက်ပါပြီ” ဟု IS အဖွဲ့၏ Amaq သတင်းတွင် ဖော်ပြထားသည်။

ပြန်ပေးဆွဲခံထားရသည့် တရုတ်နိုင်ငံသားများ ပြန်လည်လွတ်မြောက်ရေး ပြီးခဲ့သည့် ရက်ပိုင်းအတွင်း ကြိုးပမ်းခဲ့ကြောင်း၊ အရပ်သားများကို ပြန်ပေးဆွဲမှု၊ အကြမ်းဖက်ဝါဒနှင့် အစွန်းရောက်အကြမ်းဖက်မှုများကိုဆန့်ကျင်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

ပါကစ္စတန်နိုင်ငံ၏ အိမ်နီးချင်း အာဖဂန်နစ္စတန်နိုင်ငံတွင် အစ္စလာမ်မစ်နိုင်ငံတော် ထိန်းချုပ်နယ်မြေ အနည်းငယ်ရှိသော်လည်း ပါကစ္စတန်နိုင်ငံတွင်း ရပ်တည်နိုင်ရန် IS အဖွဲ့ကြိုးပမ်းလျက်ရှိကာ လူအသေအပျောက်များသည့် အကြမ်းဖက် တိုက်ခိုက်မှုများကိုသာ လုပ်ဆောင်နိုင်သေးသည်။

ဘလူချီစတန်မြို့တော် ကွက်တာမှ မနီးမဝေးတွင်ရှိသည့် ဂူတစ်ခုကို စစ်သားများ ဝင်ရောက်စီးနင်းခဲ့ပြီး အမာခံအကြမ်းဖက်သမား ၁၂ ဦးကို သတ်ဖြတ်နိုင်ခဲ့ကာ ဘလူချီစတန် ဒေသတွင်း IS များ ခြေချရန် ကြိုးပမ်းမှုကို ကာကွယ်နိုင်လိုက်ကြောင်း ကြာသပတေးနေ့အစောပိုင်းတွင် ပါကစ္စတန်စစ်တပ်က ထုတ်ပြန်ထားသည်။

တရုတ်နိုင်ငံ အနောက်ပိုင်းဒေသများနှင့်အာရေးဗီးယားပင်လယ် ဆက်သွယ်နိုင်ရန် ဘလူဂျီစတန်ပြည်နယ်တွင် ဆိပ်ကမ်းတစ်ခုနှင့် လမ်းမများကို ဘေဂျင်းကတည်ဆောက်လျက်ရှိပြီး အဆိုပါဒေသတွင်း လုံခြုံရေးအခြေအနေ တိုးမြှင့်နိုင်ရေးအတွက် ပါကစ္စတန်ကို မကြာခဏတိုက်တွန်းလျက်ရှိသည်။ ■

GRAPH



ကာတာနိုင်ငံအနီးရှိ လေကြောင်းနယ်နိမိတ်များကို ပုံတွင်ဖော်ပြထားသည်။ အဖြူရောင်သည်ကာတာ ဝေဟင်ပိုင်နက်ဖြစ်ပြီး အပြာရောင်သည် ဘာရိန်းပိုင်နက်ဖြစ်ကာ ပန်းရောင်သည် အီရန်ပိုင်နက်ဖြစ်သည်။ ကာတာလေကြောင်းလိုင်းလေယာဉ်များ ဖြတ်ကျော်ပျံသန်းခွင့်ကို ဆော်ဒီအာရေးဗီးယား၊ ဘာရိန်းနှင့် UAE နိုင်ငံတို့ ပိတ်ပင်ထားသည်။



ဘလူချီစတန်ရှိ စစ်သွေးကြွများ

The VOICE Saturday FOREIGN AFFAIRS

Vol. 13 / No.19, Saturday, June 10, 2017

# ကုလကမ်းလှမ်းသော်လည်း အာရပ်များကြားအငြင်းပွားမှု ပြင်ပအကူအညီမယူဘဲ ဖြေရှင်းမည်ဟု ဆော်ဒီနိုင်ငံခြားရေးဝန်ကြီးပြောကြား

**ရီးယာ့ဒ်၊ ဇွန် ၉**

ကာတာနိုင်ငံနှင့် အိမ်နီးချင်း ပင်လယ်ကွေ့နိုင်ငံများကြား တင်းမာမှုများ ပေါ်ပေါက်နေခြင်းကို သက်ဆိုင်ရာနိုင်ငံများလိုလားပါက ဖြေရှင်းပေးလိုသည်ဟု ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရတ်က ကမ်းလှမ်းထားသော်လည်း အာရပ်အချင်းချင်းကြားဖြစ်ပွားသည့်အငြင်းပွားမှုကိုပြင်ပကမ္ဘာ အကူအညီမယူဘဲ ဖြေရှင်းမည်ဟု ဆော်ဒီအာရေဗီးယားနိုင်ငံခြားရေးဝန်ကြီး အဒဲအယ်ဂျူဘီယာက ပြောကြားသွားကြောင်း Reuters သတင်းတွင် ဖော်ပြထားသည်။



ဆော်ဒီအာရေဗီးယား နိုင်ငံခြားရေးဝန်ကြီး အဒဲအယ်ဂျူဘီယာ

အကြမ်းဖက်ဝါဒကို ထောက်ပံ့သည်၊ ဒေသတွင်း မတည်မငြိမ်ဖြစ်အောင် လုပ်ဆောင်သည်ဟုစွပ်စွဲပြီး ကာတာနိုင်ငံကိုဆော်ဒီအာရေဗီးယား၊ အီဂျစ်၊ ဘာရိန်း၊ UAE နှင့် အခြားသောအာရပ်နိုင်ငံများက သံတမန်ရေးဖြတ်တောက်ထားပြီး၊ လေကြောင်းပျံသန်းခွင့်၊ သင်္ဘောများသွားလာခွင့်၊ နယ်စပ်ဖြတ်ကျော်ခွင့်များကို ပိတ်ပင်ထားသည်။

သက်ဆိုင်ရာနိုင်ငံများ လိုလားပါက ယင်းကဲ့သို့သော တင်းမာမှုများကိုဝင်ရောက်ဖြေရှင်းပေးလိုသည်ဟု ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးက ပြောကြားထားသော်လည်း ဆော်ဒီအာရေဗီးယား နိုင်ငံခြားရေးဝန်ကြီး ဂျူဘီယာက လက်ခံခြင်း မရှိပေ။

ထို့အပြင် ပဋိပက္ခဖြေရှင်းပေးအကူအညီပေးလို၍ အိမ်ဖြူတော်သို့ လာရောက်ဆွေးနွေးရန် ကာတာစော်ဘွားရိုက်တာမင် ဘင်ဟမတ်အယ်တာနီကို အမေရိကန်သမ္မတအိမ်ဖြူတော်က ကမ်းလှမ်းထားသော်လည်း တိုင်းပြည်ဝန်းရံပိတ်ဆို့ခံနေရချိန်တွင် မည်သည့်နေရာသို့ စော်ဘွားသွားရောက်မည်မဟုတ်ဟု ကာတာအရာရှိတစ်ဦးက တုံ့ပြန်ထားသည်။

“ဒါက ဘာလင်ပိတ်ဆို့မှုလိုမျိုး ပိတ်ဆို့မှုပါ။ စစ်ကြေညာမှုပါ။ နိုင်ငံရေး၊ စီးပွားရေးနဲ့ လူမှုရေးရန်လိုမှုပါ။ ရန်စသူတွေကို ကမ္ဘာက ဝေဖန်ပြစ်တင်ရပါမယ်” ဟု ကာတာသံတမန်တစ်ဦးက တောင်းဆိုထားသည်။

လူဦးရေ နှစ်သန်းကျော် နေထိုင်ပြီး နိုင်ငံသား နှစ်သိန်းခွဲကျော်သာရှိသည့် ကာတာနိုင်ငံသည် ရေနံနှင့် သဘာဝဓာတ်ငွေ့ကြွယ်ဝသော်လည်း စားသောက်ကုန်အများစုကို နိုင်ငံခြားမှ တင်သွင်းနေရသဖြင့် အိမ်နီးချင်းနိုင်ငံများ ပိတ်ဆို့မှုကြောင့် အခြေခံစားသောက်ကုန်များ ပြတ်လပ်မည်ကို စိုးရိမ်နေရသည်။

သို့သော်လည်း ကာတာနိုင်ငံ၏ အိမ်နီးချင်း အီရန်နိုင်ငံနှင့် တူရကီနိုင်ငံတို့က စားနပ်ရိက္ခာကူညီပေးရန် စီစဉ်လျက်ရှိကာ ကာတာနိုင်ငံရှိ တူရကီစစ်စခန်းသို့ စစ်သားများစေလွှတ်မည်ဟု တူရကီလွှတ်တော်က အတည်ပြုထားသည်။

အာရပ်မဟုတ်သည့် နိုင်ငံနှစ်ခုထံမှ နိုင်ငံရေးရာအကာအကွယ်နှင့် စစ်ရေးစောင့်ရှောက်မှုရယူရန် ကာတာလုပ်ဆောင်မှုသည် ပဋိပက္ခ ပိုမိုဆိုးရွားအောင် လုပ်ဆောင်မှုဖြစ်သည်ဟု UAE အကြီးတန်းအရာရှိတစ်ဦးက ဝေဖန်လိုက်သည်။

ကာတာအရေးတွင် ဆော်ဒီဦးဆောင်အုပ်စုကို အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် ကနဦးတွင် ထောက်ခံသည့်ပုံပေါ်ခဲ့သော်လည်း အမေရိကန် အဓိကစစ်စခန်းတစ်ခုကိုအခြေစိုက်ခွင့်ပြုထားသည့်ကာတာ၏စစ်ရေးအရ အရေးပါမှုကို အမေရိကန်အရာရှိများ ချီးကျူးပြောကြားလိုက်ပြီးနောက် ကာတာအရေးကို ပိုမိုမျှတသည့်ပုံစံဖြင့် ထရမ့်ချဉ်းကပ်လာခဲ့သည်။ ■

# ဗြိတိန်ဝန်ကြီးချုပ်၏ပါတီ အမတ်နေရာအများစု အနိုင်မရ၊ အိုင်ယာလန်ပါတီ ထောက်ခံမှုဖြင့် အစိုးရဖွဲ့စည်းမည်

**လန်ဒန်၊ ဇွန် ၉**

ဗြိတိန်ပါလီမန်ရွေးကောက်ပွဲ မဲနေရာ ၆၅၀ အနက် ၆၄၉ နေရာ၏ ရလဒ်များ ထုတ်ပြန်ပြီးချိန်တွင် ဝန်ကြီးချုပ် ထရီစာမေ၏ ကွန်ဆာဗေးတစ်ပါတီမှာ အမတ်နေရာအများစု အနိုင်မရသဖြင့် မြောက်အိုင်ယာလန် ဒီမိုကရက်တစ်သမဂ္ဂပါတီ၏ ထောက်ပံ့မှုဖြင့် ယိုင်နဲ့နဲ့ အစိုးရတစ်ရပ် ဖွဲ့စည်းမည်ဖြစ်ကြောင်း Reuters သတင်းတွင် ဖော်ပြထားသည်။

ရွေးကောက်ပွဲနေရာ ၆၄၉ ခု၏ ရလဒ်များ ထုတ်ပြန်ပြီးချိန်တွင် ကွန်ဆာဗေးတစ်ပါတီက နေရာ ၃၁၈ ခု၊ လေဘာပါတီက ၂၆၁ ခု နှင့် လွတ်လပ်ရေးလိုလားသည့် စကော့တလန်အမျိုးသားပါတီက ၃၄ ခု၊ မြောက်အိုင်ယာလန်ဒီမိုကရက်တစ်သမဂ္ဂ ပါတီက ၁၀ ခု အနိုင်ရရှိထားသည်။

ကွန်ဆာဗေးတစ်ပါတီသည် လူများစုအသာစီးရရန် လိုအပ်သည့်အမတ်နေရာဖြစ်သည့် ၃၂၆ နေရာ အနိုင်ရရှိခြင်းမရှိသဖြင့် နေရာ ၁၀ ခုသာ အနိုင်ရထားသည့် အိုင်ယာလန် ပါတီနှင့် ပူးပေါင်းပြီး အစိုးရဖွဲ့ရမည်ဖြစ်သည်။

“ပါတီနှစ်ရပ်ကြား နှစ်ပေါင်းများစွာခိုင်မာတဲ့ ဆက်ဆံရေးရှိတဲ့အတွက် ဗြိတိန်တစ်နိုင်ငံလုံးအတွက် အကျိုးရှိမယ့်အရေးတွေကို ပူးပေါင်းလုပ်ဆောင်နိုင်လိမ့်မယ်လို့ယုံကြည်ပါတယ်” ဟုမေကရွေးကောက်ပွဲရလဒ်အပြီးတွင် ပြောကြားလိုက်သည်။

ယင်းသို့သော ရလဒ်ပေါ်ထွက်လာသဖြင့် လာမည့် ၁၀ ရက်အတွင်း စတင်ရတော့မည်ဖြစ်သည့် ဥရောပသမဂ္ဂမှ ဗြိတိန် နုတ်ထွက်ရေး ဆွေးနွေးရာတွင် လန်ဒန်တွင် ခိုင်မာသည့် အစိုးရတစ်ရပ် ဖွဲ့စည်းနိုင် မည်မဟုတ်ဘဲ မသေချာမှုများ ကြီးစိုးနေမည်ဖြစ်သည်။

ဗြိတိန်ပါလီမန် ရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ်မတိုင်ခင်ထိ ကျင်းပရန် မလိုအပ်သော်လည်း ဥရောပသမဂ္ဂမှ နုတ်ထွက်ရာတွင် ခိုင်မာသည့် အစိုးရတစ်ရပ်ဖွဲ့စည်းရန် လိုလားသည့် ဝန်ကြီးချုပ်မေက ကြားဖြတ်ရွေးကောက်ပွဲတစ်ရပ် ကျင်းပရန် ပြီးခဲ့သည့် ရက်သတ္တပတ်ခုနစ်ပတ်တွင်း ရုတ်တရက်ကြေညာလိုက်သည်။



ဗြိတိန်ဝန်ကြီးချုပ် မေ

ယင်းသို့ဖြင့် ဒေါင်းနင်းလမ်း အမှတ် ၁၀ သို့ရောက်ရှိပြီးနောက် ၁၁ လ အကြာတွင် ရွေးကောက်ပွဲကျင်းပရန် တောင်းဆိုလိုက်သဖြင့်ရာစုနှစ်တစ်ခုအတွင်း သက်တမ်းအတိုဆုံး ဝန်ကြီးချုပ်အဖြစ် မှတ်တမ်းဝင်နိုင်ခြေကို ဝန်ကြီးချုပ်မေ အလောင်းအစား လုပ်ခဲ့သည်။

ရွေးကောက်ပွဲမဲဆွယ်ရာတွင် လေဘာခေါင်းဆောင် ကော်ဘီသည် အားနည်းသည့်ခေါင်းဆောင်ဖြစ်ကာ ဗြိတိန်စီးပွားရေးနှင့် ဥရောပသမဂ္ဂမှ ဗြိတိန်ထွက်ခွာရေးကို ပျက်စီးအောင်လုပ်ဆောင်လိမ့်မည်ဟု မေက ဝေဖန်မဲဆွယ်ခဲ့ပြီး ၎င်းကိုယ်တိုင်ကမူ ခိုင်မာသည့်ခေါင်းဆောင်မှုနှင့် ဥရောပသမဂ္ဂမှ ခွဲထွက်ရာတွင်ကောင်းမွန်သည့် သဘောတူညီချက်ရရှိအောင် လုပ်ဆောင်နိုင်မည်ဟု ပြောကြားခဲ့သည်။

လေဘာခေါင်းဆောင်ကော်ဘီက ရေးရိုး ဆိုရှယ်လစ်အစီအမံများဖြင့် ရွေးကောက်ပွဲမဲဆွယ်နေချိန်တွင် သက်ကြီးရွယ်အိုများစောင့်ရှောက်ရေးတွင် အဓိကနောက်ကြောင်းပြန်လှည့်သည့် ရပ်တည်ချက် ချမှတ်လိုက်ပြီးသည့်နောက်တွင် ကွန်ဆာဗေးတစ်များအပေါ် ထောက်ခံမှု ကျဆင်းသွားသည်။

ထို့အပြင် ဗြိတိန်နိုင်ငံ၏ အချမ်းသာဆုံးသူများအပေါ် အခွန်ကောက်ခံမှု ၅ ရာခိုင်နှုန်းတိုးမြှင့်မည်၊ တက္ကသိုလ်ကျောင်းလခပေးအပ်နေရခြင်း ဖျက်သိမ်းမည်၊ အခြေခံအဆောက်အဦအတွက် ပေါင်ငွေ ၂၅၀ ဘီလီယံအသုံးပြုမည်၊ မီးရထားလုပ်ငန်းနှင့် စာပို့လုပ်ငန်းကို နိုင်ငံပိုင်ပြန်လည်လုပ်ဆောင်မည်ဟု လေဘာများက မဲဆွယ်ခဲ့သည်။

ဥရောပသမဂ္ဂမှ ထွက်ခွာရေးလိုလားသည့် UK လွတ်လပ်ရေးပါတီ (UKIP) ကိုထောက်ခံသည့်မဲများသည် ခန့်မှန်းထားသည့်အတိုင်း ကွန်ဆာဗေးတစ်များကို မဲပေးခြင်းမရှိဘဲ လေဘာနှင့် ကွန်ဆာဗေးတစ်ပါတီ နှစ်ရပ်လုံးကို ခွဲ၍မဲပေးခဲ့ခြင်းကြောင့်လည်း မမျှော်လင့်သည့် ရလဒ်ပေါ်ပေါက်လာခြင်းဖြစ်သည်။ ■